www.burmeseclassic.com

# မိန်းကလေး

လရောင်ဖြင့်ချွဲသည်



www.burmeseclassic.com

DESIGN THEIN ... KYI

www.burmeseclassic.com

BURMESE CLASSIC .com

# မိန်းကလေး

လရောင်ဖြင့်ခြယ်သည်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဟင်"

ပန်းနှင်းဆီ မယုံနိုင်အောင်ဖြစ်ကာ ခြေလှမ်းလေး တန့်လို့သွားသည်။ ထို့ပြင် မျက်တောင်လေးပါ ခတ်ဖို့မေ့ကာ။

မြင်လွှာမှာ အတိုင်းသားတွေ့ရတဲ့ လှုပ်ရှားမှုတွေကို ပြုံးကြောင်လေး ရပ်ကြည့်မိသွားတာ အတန်ကြာ။

ကြည့်စမ်း၊ ဥမ္မာလင်းနဲ့ နေဝန်း။

ခြံထောင့်ရှိ နှင်းဆီပန်းတန်းတွေရဲ့အလွန်မှာရှိနေတဲ့ လွှဲပုခက်ပေါ် ထိုင်ကာ နေဝန်းရဲ့ပခုံးကို ဥမ္မာလင်းက ကြင်နာစွာ ဖက်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေဝန်းကလည်း ဥမ္မာလင်းပခုံးထက် ခေါင်းလေးမှေးတင်ကာ တွတ်တီးတွတ်တာ ပြောဆိုနေသည်။ ဒီပုံစံက ရှိသားပါပဲဟယ်လို့ ဘယ်လို အမြင်မျိုးနဲ့ ပြောရမှာလဲ။

ဥမ္မာလင်းဆိုတာက ဒယ်ဒီရဲ့ ဒုတိယဇနီး။ ပန်းနှင်းဆီရဲ့ မိထွေး။ နေဝန်းဆိုတာက ဥမ္မာလင်းရဲ့မွေးစားမောင်လို့သာ သိထား၏။

သွေးမတော် သားမစပ်တဲ့ မိန်းမနဲ့ယောက်ျားလေး ဒီလိုနေပုံ ထိုင်ပုံက ဘယ်လိုကြည့်ကြည့် အမြင်ရိုင်းစေသည်။

ဒါကို ထိုနှစ်ယောက် အရေးမစိုက်တာလား၊ ဘာလားတော့ မသိပါ။

မြင်ရသူရင်မှာ မနှစ်မြို့တဲ့ခံစားမှုတွေ ဖြစ်စေတာအမှန်။ ဒယ်ဒီ သာတွေ့ရင်။

ပန်းနှင်းဆီ ဆက်မတွေးရဲတော့ပါ။

ဒီလို မဖွယ်မရာတွေ မြင်မြင်နေရတာ နေ့စဉ်ရက်ဆက်ရယ်။ ဒယ်ဒီ့ကို ဖွင့်ပြောလိုက်ရင်လို့ ပန်းနှင်းဆီ တွေးမိပါတယ်။

တွေးမိတဲ့အတိုင်း ဒယ်ဒီ့ကိုပြောဖို့ စကားစဖို့ ပါးစပ်ဟရုံရှိသေး

"သမီး ဘာပြဿနာ ရှာဦးမှာလဲ"

"ရှင်"

ပန်းနှင်းဆီကို ပြဿနာကောင်မလေးလို့ ဒယ်ဒီမြင်နေတာလား။ ဘုရားရေ။





ပန်းနှင်းဆီ ရင်ဘတ်ဖိမတတ် အံ့သြကာ မျက်လုံးပြူးလျက်နဲ့ ဒယ်ဒီ့ကို စိုက်ကြည့်မိသွားသည်။

ဒယ်ဒီက မီးညှိထားတဲ့ စီးကရက်ကို ဖိမ်ခံဖွာရှိုက်ကာ မီးခိုးငွေ့ တွေကို မှုတ်ထုတ်ရင်း ပန်းနှင်းဆီကို ပြန်ကြည့်လျက် –

"သမီးကို ဒယ်ဒီပြောမယ်၊ သမီးဟာ ဒယ်ဒီ့သမီး၊ ဒယ်ဒီ ထားသလို, ဒယ်ဒီ စီမံခန့်ခွဲသလို သမီးနေရမယ်"

ဒယ်ဒီ့စကားနောက်မှာ ပန်းနှင်းဆီ ဝမ်းနည်းလာကာ မျက် တောင်လေး ခတ်မိချေသည်။

သမီးအငယ်ဆုံးလေးရယ်လို့ အလိုလိုက်ရကောင်းမှန်း မသိရင် တောင် သမီးငယ်လေး ဘာပြောမလဲဆိုတာ တစ်ဆိတ် နားဆင်သင့် တယ်လို့ ပန်းနှင်းဆီထင်ပါတယ်။

ခုတော့ ပြောနေတာတွေက ဖခင်တစ်ယောက်ရဲ့ ပါဝါအပြည့်နဲ့။

"သမီး ဒယ်ဒီ့ကို လေးစားသလို, ချစ်ခင်ရိုသေသလို ဥမ္မာ့ကို လည်း ထပ်တူရိုသေရမယ်၊ မိထွေးဆိုတဲ့အမြင်မျိုးနဲ့ကြည့်ပြီး ဘာမဆို အပြစ်မမြင်စေနဲ့၊ ဥမ္မာ့စိတ်, ဥမ္မာ့သဘောထား ဘာလဲဆိုတာ ဒယ်ဒီ သိတယ်၊ အေး တစ်ခုပဲရှိတယ်၊ သမီးက ဥမ္မာ့ကို ဘာလို့ မျက်မုန်းကျိုးနေ ရလဲဆိုတာပဲ သမီး"

"ဒယ်ဒီရယ်"

လို့ ပန်းနှင်းဆီ မရေရွတ်ချင်တော့ပါ။ ပန်းနှင်းဆီထက် ဒယ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



နှစ်သာကြီးသော၊ မမပန်းစံပယ်ထက် ငါးနှစ်သာသာကြီးရုံမက ကိုကိုကြီး မျိုးမင်းထွန်းနဲ့ ရွယ်တူမျှသာဖြစ်သော မိထွေးတော် ဥမ္မာလင်းဘက် လုံးလုံးလျားလျား ပျော်ဝင်နေသော ဒယ်ဒီ။

ပန်းနှင်းဆီ ဘာတတ်နိုင်မှာလဲကွယ်။

သမီးငယ်တစ်ယောက်ရဲ့ ပြောရေးဆိုခွင့်ဆိုတာ နှမ်းတစ်လုံးစာမျှ မရတဲ့ ပန်းနှင်းဆီဘဝ။

ဝမ်းနည်းရာမှ စိတ်ထိခိုက်စွာ မျက်ရည်တို့ ဝေါခနဲ ပြိုဆင်းလာတဲ့အဖြစ်။ ထိုမျက်ရည်ကြောင့် ပန်းနှင်းဆီရဲ့အမြင်အာရုံ ဝေဝါးသွားသည်။

ဒယ်ဒီ့ပုံရိပ်ကိုပင် ပန်းနှင်းဆီ မသဲကွဲတော့ပါ။

"သမီးကို ဒယ်ဒီ နောက်ဆုံးအကြိမ် သတိပေးမယ်၊ ဥမ္မာ့အပေါ် မျက်မုန်းကျိုးနေတဲ့ သမီးရဲ့အတ္တစိတ်ကို သမီး ဖယ်ထုတ်ပစ်ဖို့ ကြိုးစားစမ်းပါ၊ သမီးမျက်လုံးထဲမှာ ဥမ္မာ့ကို မကြည်လင်သရွေ့ သမီးနဲ့ ဒယ်ဒီကြားမှာ စိတ်ထိခိုက်စရာတွေ ဆက်ဖြစ်နေဦးမယ်၊ သမီးကြောင့် ဒယ်ဒီရော၊ ဥမ္မာနဲ့ နေဝန်းရော စိတ်မချမ်းမသာဖြစ်အောင် သမီးနောက်ထပ် ဘာမှမလုပ်ပါနဲ့၊ ကဲ သွားတော့၊ ဒယ်ဒီလည်း နားချင်ပြီ၊ ဥမ္မာရေ"

ဒယ်ဒီ့စကားတွေက မာတင်းကာ အမိန့်ပေးနေသလား အောက်မေ့ရသည်။





စကားအဆုံးမှာ မယားငယ်ကို ခေါ်လိုက်တဲ့အသံက ချိုချွဲကာ ညှုတုတုရယ်။

ဥမ္မာဆိုတဲ့မိန်းမကလည်း ဥမ္မာရေလို့ ဒယ်ဒီခေါ်လိုက်ရင် ရေသာမက အချိုရည်ပါ အသင့်ဆိုတဲ့ အစားထဲက အောက်မေ့ရလောက်သည်။

"လာပြီ ကိုကို"

ဟု အသံစာစာလေးပေးကာ လူလုံးပြ ထွက်လာချေပြီ။

ပန်းနှင်းဆီရင်ထဲမှာ ထိခိုက်လှစွာ မျက်ရည်များနဲ့ ဝေဝါးနေတဲ့မျက်ဝန်းက ကန်းသွားသလားထင်ရအောင် ဘာမှမမြင် ဖြစ်နေလေသည်။

ဒါပေမဲ့ ထိုနှစ်ယောက်ကြားမှာ ပန်းနှင်းဆီ ဆက်နေဖို့ ခွန်အားမရှိတော့ပါ။

ဒယ်ဒီကိုယ်တိုင်က ပန်းနှင်းဆီကို သွားတော့လို့ မကြင်မနာနှင်ပြီး မယားငယ်နဲ့ ကြည်တော်မူဖို့ စိတ်ဇောထနေတဲ့အဖြစ်။

ပန်းနှင်းဆီ မျက်ရည်တွေမသုတ်နိုင်ဘဲ ပြေးထွက်ခဲ့မိသည်။ အခန်းထဲရောက်တော့ မွေ့ရာပေါ် ကိုယ်ကို ဝုန်းခနဲပစ်ချကာ ဟီးခနဲ ငိုချလေသည်။

မာမီရယ် –

ဒယ်ဒီ့ရဲ့ အကြင်နာမဲ့မှုနဲ့ သမီးအပေါ် ဥပေက္ခာပြုနေတဲ့ ဒယ်ဒီ့



www.burmeseclassic.com

www.burmeseclassic.com



ကို လာကြည့်လှည့်ပါ။

ပြီးတော့ ဒယ်ဒီနဲ့ မယားငယ်အဖြစ်သနစ်လေ။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿



## အခန်း (၂)

ဒေါ်ယဉ်ယဉ်ဝေ

အသက် (၅၆) နှစ်

၁-၁-၂၀၁၁ နေ့က ကွယ်လွန်သည်။

မြူးပြာရောင် အုတ်ဂူလေးထက် မာဗီကြိုက်တဲ့ ရောင်စုံနှင်းဆီပန်းစည်းကြီးကို တင်ရင်း။ ကမ္ပည်းစာသားကို ဝမ်းနည်းစွာ ပြန်ကြည့်မိသည်။

မာမီက ဒယ်ဒီ့လို ရုပ်ရည်သန့်ပြန့်ပြီး မြင်သူငေးလောက်အောင် ချောမောခန့်ညားသူ မဟုတ်ပါ။

သင့်တင့်သော ရုပ်ရည်နဲ့ အသားအရေဖြူသော်လည်း ခြောက်



www.burmeseclassic.com

www.burmeseclassic.com



သွေ့သွေ့ရယ်။ အထူးသဖြင့် အစာအိမ်ကင်ဆာ လက္ခဏာပေါ်လာပြီးတဲ့နောက် ပို၍ပင် အကျည်းတန်သောဝေဒနာသည် ဖြစ်လို့သွားလျှင် မာမို့အပေါ် ဒယ်ဒီ ပို၍ပင် ရှောင်ရှားစပြုလေသည်။

ဒယ်ဒီက မာမို့ထက် ဆယ်နှစ်နီးပါးကြီးသော်လည်း နုပျိုလျက်။ ဝေဒနာသည်မယားကို ဂရုစိုက်ဖို့ထက် လုပ်ငန်းကိစ္စ အကြောင်းပြပြီး ရှောင်ရှားနေသည်သာများသည်။

အစကတည်းက ဒယ်ဒီ့အလိုကျ နေလာတဲ့ ဇနီးမယားပီပီ ဒယ်ဒီ့အပေါ် နည်းနည်းလေးမှ မာမီ အပြစ်မဆို။ ပန်းနှင်းဆီက မာမို့ကို အနီးကပ်ပြုစုရသည်မို့ ဒယ်ဒီရှောင်ရှားတဲ့အပေါ် ပန်းနှင်းဆီမှာ မကြည်လင်။

ပန်းနှင်းဆီ သိတတ်စကတည်းက မာမို့အပေါ် ဒယ်ဒီ ခပ်စိမ်းစိမ်းနိုင်လှတယ်လို့ ထင်တယ်။ မာမီကသာ ဒယ်ဒီ့အပေါ် အရိပ်တကြည့်ကြည့်နဲ့ နေထိုင်မကောင်းတဲ့ကြားက ပြုစုယုယမပျက်၊ မယားဝတ္တရား ကျေခဲ့သူ။

"သမီးဒယ်ဒီက မာမီတို့ သမီးတို့ ပြည့်ပြည့်စုံစုံ နေနိုင်ထိုင်ဖို့ ကြိုးစားပေးတာ သမီးရယ်၊ သမီးဒယ်ဒီ ရှာနိုင် ဖွေနိုင်လို့ မာမီတို့မိသားစု စည်းစိမ်ချမ်းသာနဲ့ နေရတာပါကွယ်"

"နေရတာကို သမီးပြောတာ မဟုတ်ဘူး၊ မာမို့အတွက်တော့ အချိန်ပေးသင့်တာပေါ့၊ မာမီ နေထိုင်မကောင်းဘူးဆိုတာ ဒယ်ဒီသိနေတာ





ပဲ၊ အလုပ်ကိစ္စပြီးရင် မြန်မြန်ပြန်လာပြီး မာမို့အနားမှာ နေသင့်တယ်လေ"

"ဘာလဲ သမီးလေးက မာမို့ကို အနီးကပ်ပြုစုရလို့ ငြီးငြင်နေတာလား"

မာမီက ထိုသို့ရယ်ပါ။ ဒယ်ဒီ့ကို ပန်းနှင်းဆီ မကျေမနပ်ဖြစ်လို့ စကားစမိတာနဲ့ မာမီက ထိုသို့ပြောတတ်ပေသည်။

"မဟုတ်တာဘဲ မာမီ၊ မာမို့ကို သမီး မငြီးငြင်ရက်ဘူး၊ ပိုပြီးတောင် သနားတယ်၊ သားသမီး ခင်ပွန်း အစုံအလင်ရှိပေမယ့် မာမို့မှာ နွေးနွေးထွေးထွေး ပိုင်ပိုင်ဝန်းပြုစုတာ ခံရတာမဟုတ်ဘူး၊ အဲဒီအတွက် သမီး ခံပြင်းတယ်၊ ကိုကြီးနဲ့မမကိုရောပေါ့"

ပန်းနှင်းဆီထင်မြင်တဲ့အတိုင်း ဒိုးဒိုးဒေါက်ဒေါက် ပြောချလေသည်။ ထိုအခါ မာမို့မျက်နှာလေး မှိုင်းကျသွားကာ –

သမီးငယ် ပြောရင်လည်း ပြောစရာလို့ မျက်ဝန်းထဲမှာ မြင်ယောင်လာဟန်တူသည်။

"သားကြီးနဲ့သမီးက အိမ်ထောင်ကိုယ်စီနဲ့ မဟုတ်လား သမီးရယ်"

လို့ မာမီ မပွင့်တပွင့် ပြောပြန်သည်။

"ဘာနဲ့ဖြစ်ဖြစ်ပေါ့၊ မာမို့ကို တစ်နေ့တစ်ခါတော့ လာကြည့်သင့်တယ်၊ နွေးနွေးထွေးထွေးနဲ့ စုစုရုံးရုံးလာနေရင် မာမို့စိတ်က ပိုပြီး ကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com



လာမယ်၊ ပြီးတော့ ရောဂါလည်း သက်သာတဲ့သဘော ရှိမှာပေါ့၊ မဟုတ်ဘူးလား။ ခုတော့ ကိုကြီးလာရင်လည်း ဖုတ်ပူမီးတိုက်၊ မာမီ နေကောင်းတယ်နော်၊ ဘာညာနဲ့ တစ်ခွန်းနှစ်ခွန်း ပြောမယ်၊ အရေးကြီးရင် ဖုန်းဆက်နော်ညီမငယ် လို့မှာပြီး လစ်ထွက်သွားမယ်၊ မမကရော ဘာထူးလဲ"

ဒေါ်ယဉ်ယဉ်ဝေ မျက်ရည်လေးများ ဝေ့ချင်ချင် ဖြစ်လာသည်။ သားကြီးက အိမ်ထောင်ကျတာ မကြာသေးသလို သူ့ဒယ်ဒီ၏ ကားလုပ်ငန်းတစ်ခုလုံး လွှဲပေးလိုက်တော့ သားကြီးခမျာလည်း အလုပ်ကများရှာတယ်ပေါ့။ ဒီတော့လည်း မမအေကို အချိန်မပေးနိုင်ဖြစ်လျက်။

သမီးကလည်း ထို့အတူပင်။

အိမ်ထောင်ချပေးပြီးကတည်း သမီးက သူဝါသနာပါတဲ့ ဖက်ရှင်ဆိုင်ကြီးဖွင့်ကာ လုပ်ငန်းထဲ နစ်နေသည်မဟုတ်လား။

မာမီရယ်လို့ သတိတရရှိပါသေးတာ ကံကောင်းရဲ့လို့ စိတ်ထဲမှာတွေးပြီး နှစ်သိမ့်နေမိတဲ့အဖြစ်။ သမီးက ခံပြင်းစွာ ထုတ်ပြောလာတော့ မျက်ရည်မဝေ့ဘဲ မနေနိုင်။

"ဒီတစ်ခါ မမ,လာရင် သမီးပြောမယ်၊ သမီးတို့နဲ့ လာပြောင်းနေလို့၊ ဒါမှ မာမီ့သမီးမျက်နှာ မာမီမြင်ရမယ်"

ဒေါ်ယဉ်ယဉ်ဝေ မျက်ရည်လေး စိမ့်ထွက်လာတာကို လက်ချောင်းလေးတွေနဲ့ မသိမသာ တို့သုတ်မိပြီး –

"သမီးရယ်၊ သူတို့က အိမ်ထောင်ကိုယ်စီ, အလုပ်ကိုယ်စီနဲ့





မဟုတ်လား၊ မာမီ့ရောဂါအတွက် ဆေးဝါးနဲ့ ဆရာဝန် အပြည့်အစုံ ဖန်တီးပေးထားသားပဲ၊ ပြီးတော့ မာမီက မထူနိုင်, မထနိုင်နဲ့ အိပ်ရာထဲ ဘုန်းဘုန်းလဲနေတဲ့သူမှမဟုတ်တာ"

"ဘာပဲဖြစ်ဖြစ်လေ၊ ဘုန်းဘုန်းကျမှ လူနာလို့ခေါ်တာ မဟုတ်ဘူး၊ လာပါစေ၊ ဒယ်ဒီ့ကိုလည်း သမီးပြောမယ်၊ မာမီ့အတွက် အချိန်ပေးဖို့"

"တော်ပါတော့ သမီးရယ်"

မာမီက ပန်းနှင်းဆီရဲ့ ခံပြင်းနေတဲ့ နှုတ်ခမ်းလေးကို လက်ညှိုးနဲ့ပိတ်ကာ မပြောရဘူးလို့ တားလေသည်။

"မာမီရယ်၊ မာမီ့ကြောင့် သမီး ပိုခံစားရတယ်"

သည်းခံမျိုသိပ်နိုင်တဲ့ မာမီကြောင့် ပန်းနှင်းဆီ ကြေကွဲလာကာ မျက်ရည်လေးများ ကျရှာသည်။ ဒေါ်ယဉ်ယဉ်ဝေက အနားမှာရှိတဲ့ သမီးငယ်ကိုပဲ အားကိုးတကြီး ဖက်တွယ်ကာ သမီးငယ်ကျေနပ်စေဖို့ နှစ်သိမ့်စကားလုံးလေးတွေ ရွေးပြောတဲ့အဖြစ်။

"သမီးငယ်ရယ်၊ သမီးလေး ငယ်ပါသေးတယ်၊ အိမ်ထောင်တစ်ခုရဲ့ အတွင်းရေးကို သမီး နားမလည်ပါဘူးကွယ်၊ သမီးဒယ်ဒီ, သမီးကိုကြီးနဲ့ သမီးမမအပေါ်မှာ ဖြစ်နေတဲ့ ခံပြင်းတာတွေကို ဖြေဖျောက်လိုက်ပါနော်၊ အရေးကြီးတာက မာမီ့ဝေဒနာ ပြင်းပြင်းထန်ထန် မခံစားရစေဖို့ ဆေးကောင်းဝါးကောင်းတွေနဲ့ ဝါရင့်ဆရာဝန် အဆင့်သင့်ရနေတာ



www.burmeseclassic.com

www.burmeseclassic.com



က မာမို့ဝေဒနာအတွက် ကံကောင်းတယ်ပေါ့၊ မဟုတ်လား။ မာမို့ဝေဒနာ သက်သာအောင် သမီးဒယ်ဒီတို့ အပြည့်အဝ ဖြည့်ပေးထားတာက မာမို့အပေါ် သမီးဒယ်ဒီ ဂရုစိုက်လို့ပေါ့ကွယ်၊ သမီးကိုကြီးနဲ့ မမလည်း အချိန်ရရင် မာမို့ဆီ လာသားပဲ၊ မလာရင်တောင် ဖုန်းတော့ ဆက်သေးတယ်လေ"

မာမိ အားတင်းပြီး ဖြေသိမ့်ပြောနေမှန်း သိသာနေတော့ မာမို့ကို အသနားပိုမိတဲ့ ပန်းနှင်းဆီပဲ ငိုချချင်လာသည်။

"ဒါကြောင့် မာမို့ကို သနားရင် သမီးဒယ်ဒီတို့ကို သမီး ဘာမှ မပြောပါနဲ့ကွယ်၊ နော် သမီးလေး"

မာမိက ပန်းနှင်းဆီကို ပြန်ချော့နေပြန်သည်။

နောက်ဆုံး ပန်းနှင်းဆီပဲ ခံပြင်းနေတဲ့စိတ်ကို ပြန်မျိုချရတဲ့ အဖြစ်။ ဒီလိုနဲ့ မာမိဟာ သိပ်မကြာခင်မှာဘဲ ပန်းနှင်းဆီလက်ပေါ်မှာ ဆုံးသွားရှာတယ်။

မာမိဆုံးတဲ့အချိန်မှာ အနားမှာ ပါရဂူဦးဝင်းမောင်၊ နာစ့်မလေးနဲ့ ပန်းနှင်းဆီသာ အနားမှာရှိသည်။

ဒယ်ဒီ, ကိုကြီးနဲ့ မမကို ပန်းနှင်းဆီ ငိုယိုပြီး ဖုန်းဆက်လိုက်မှ အူယားဖားယား ပြေးလာသည်။

မမက မာမို့အလောင်းကိုဖက်ပြီး တက်မတတ် ချက်မတတ် ငိုသည်။ ကိုကြီးက အံတကြိတ်ကြိတ်နဲ့ ယူကျုံးမရဖြစ်သလို ဝမ်းနည်းပြီး





မျက်ရည်ကျပြလျက်။

ဒယ်ဒီက အေးစက်နေတဲ့ မာမို့လက်ဖဝါးလေးကို ဆုပ်ထွေးကိုင်ထားကာ နှုတ်ခမ်းနဲ့ ဖိကပ်ပြီး နောက်ဆုံးအကြိမ် နမ်းရှိုက်လေသည်။

ထိုမြင်ကွင်းက ပန်းနှင်းဆီ နှလုံးသားကို ဒဏ်ရာရစေသည်။ တကယ်ဆို မာမိမဆုံးခင် မိသားစုဝင်တွေအားလုံး မာမို့ကို ဖေးမဆက်ဆံသင့်သည်၊ ကြင်ကြင်နာနာ ပြုစုပေးသင့်သည် မဟုတ်လား။

မသေခင် မပြုစု၊ စိတ်ဝင်စားခြင်းမရှိဘာ ဘာကြောင့်လဲကွယ်။ လျစ်လျူရှုသလို ပစ်ထားကြပြီးမှ လူမြင်ကောင်းအောင် လာခံစားပြနေတဲ့ ဒယ်ဒီ၊ မမနဲ့ ကိုကြီးကို ပန်းနှင်းဆီ မြင်ပြင်းကတ်လာသည်။

ဒါကြောင့် အသက်မဲ့နေပြီးဖြစ်သော မာမိရှိရာ အခန်းထဲက ရှောင်ထွက်ခဲ့မိကာ တစ်ယောက်တည်း ငိုကြွေးမိလေသည်။

မာမိရယ်၊ သမီးရဲ့ကောင်းကင်ကြီး ပြိုကျသွားပြီ မာမိရဲ့။

နဂိုကတည်းက ကိုကြီးနဲ့မမအပေါ် အမြင်မကြည်လို့ အစေးမကပ်တဲ့ ပန်းနှင်းဆီ။

ဒယ်ဒီနဲ့လည်း မျက်နှာချင်းမဆိုင်ဘဲ ဘာသိဘာသာ ရှောင်နေခဲ့ရတဲ့အဖြစ်။ ပန်းနှင်းဆီ ဘယ်နည်းနဲ့မှ နေရတာ မပျော်ပိုက်တော့ပါ။

မာမိ ရက်လည်ပြီးတော့ ကျောင်းပြန်တက်ပေမယ့် စိတ်ကမပါ။ ခံစားမှုတို့ကင်းမဲ့နေသည်။ သူငယ်ချင်းတွေနဲ့လည်း မရော။ တစ်ယောက်တည်း သီးခြားခွဲထွက်ကာ ခြေဦးတည့်ရာ လျှောက်သွားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်ရင် အိမ်ပြန်။ ခြောက်ကပ်နေတဲ့ ထမင်းစားပွဲမှာ တစ်ကိုယ်တည်း။

ဒယ်ဒီကတော့ လွတ်လပ်ရေးရသွားပြီထင့်။

ရောဂါသည် ဖန်းမယားဆုံးသွားတာ သောကဝန်ထုပ်ကြီး ပေါ့သွားသလို ပို၍ပင် လန်းဆန်းတက်ကြွနေခဲ့သည်။

နောက်ပြီး ဘာမှမကြာလိုက်ပါ။

တိတိကျကျပြောရရင် မာမီဆုံးပြီး ငါးလတင်းတင်းပြည့်တဲ့နေ့။

✿ ✿ ✿



## အခန်း (၃)

"သမီး"

ပန်းနှင်းဆီ ကျောင်းသွားမလို့ အပေါ်ထပ်က ဆင်းလာပြီး ညွှန်းခန်းထဲ ခြေလှမ်းသွင်းရုံ ရှိသေးတယ်။ ဒယ်ဒီရဲ့ ဩရှရှသောခေါ်သံက ဆီးကြိုလာသည်။

မာမီဆုံးပြီးကတည်းက ဒယ်ဒီနဲ့ပန်းနှင်းဆီ မျက်နှာချင်း ထိပ်တိုက်မဆိုင်ဖြစ်တာ များလာသည်။ အခုမှ ဒယ်ဒီ ဦးစွာခေါ်သည်မို့ မျက်နှာချင်းဆိုင်ဖို့ ဖြစ်လာကာ –

"ပြောပါ ဒယ်ဒီ"

လို့ ပုံမှန်လေသံလေးနဲ့ ပန်းနှင်းဆီ စကားဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီက ပေါ့ပါးစွာ ပြောသည်။

"သမီးနဲ့ မိတ်ဆက်ပေးစရာရှိလို့၊ ဒယ်ဒီ့နား လာပါဦး"

ပန်းနှင်းဆီ မျက်မှောင်လေးကြုတ်၏။ မိတ်ဆက်ပေးစရာရှိလို့တဲ့။ ဘယ်သူနဲ့ မိတ်ဆက်ပေးမှာလဲ။

မာမီရှိစဉ်ကတည်းက ပန်းနှင်းဆီကို ချွေးမ,တော်ခွင့်ပေးပါလို့ ဒေါ်ဒေစီကျော် တောင်းဆိုထားတဲ့ကိစ္စရှိနေတာ ပန်းနှင်းဆီသိသည်။ ဒါပေမဲ့ ဒေါ်ဒေစီကျော့်သားဆိုသူကို ပန်းနှင်းဆီ မမြင်ဖူးပါ။

အခု မိတ်ဆက်ပေးမယ်လို့ ဒယ်ဒီဆိုလာတာ ဒေါ်ဒေစီကျော်သားနဲ့လား။ ဟုတ်တယ်ဆိုရင်တော့ ပန်းနှင်းဆီ ငြင်းရလိမ့်မယ်။ ခုချိန်မှာ ဒီကိစ္စတွေ ပန်းနှင်းဆီခေါင်းထဲ မထည့်နိုင်အားပါ။

မာမီ့အတွက် ခံစားရတဲ့ ကြေကွဲမှုက ရှိနေသေးတယ်။ ပြီးတော့ မာမီ့အပေါ် စိမ်းသက်လှတဲ့ ဒယ်ဒီ့စရိုက်ကို အနီးကပ်မြင်တွေ့ရကတည်းက ဒယ်ဒီတို့ ယောကျ်ားတွေရဲ့စိတ်ကို ပန်းနှင်းဆီ မနှစ်မြို့စွာ ခံစားနေရတယ် မဟုတ်လား။

ဒါကြောင့် ဒယ်ဒီဘက်က အတင်းအကျပ် စီစဉ်လာရင် ပန်းနှင်းဆီ ငြင်းမယ်လို့ စိတ်ထဲမှာ တေးမှတ်ကာ။

ဒယ်ဒီဦးဆောင်ဝင်သွားတဲ့ သီးသန့်ညှိခန်းက ဒယ်ဒီမာမီတို့ရဲ့ အရေးပါပုဂ္ဂိုလ်တွေ၊ ကိုယ်ရေးကိစ္စနဲ့ သက်ဆိုင်တဲ့ ညှိသည်မျိုးအတွက် သီးသန့်ဖွဲ့ထားတဲ့ ညှိခန်းလေးပါ။





စိမ်းနုသော လိုက်ကာစအိအိလေးကို သိမ်းဖယ်ရင်း သီးသန့်ညှိခန်းထဲကို ပန်းနှင်းဆီ ဝင်လိုက်သည်နှင့် မွေးမြူထုံအီသော မိတ်ကပ်ရနံ့တို့ ပွေ့စက်ကြိုဆိုလေသည်။

မိတ်ကပ်ရနံ့ရကတည်းက ဒယ်ဒီ မိတ်ဆက်ပေးမယ်ဆိုတာ ပန်းနှင်းဆီထင်သလို အန်တီဒေစီကျော့်သား မဖြစ်နိုင်တော့ပါ။

"လာ သမီး၊ ဒယ်ဒီ့နား လာထိုင်ဦး"

ဒယ်ဒီက လက်ကမ်းပေးရင်း မျက်နှာလို မျက်နှာရ ခေါ်သည်။ ဒယ်ဒီ့မျက်လုံးက ပန်းနှင်းဆီကို ကျော်ပေးထိုင်နေတဲ့ မိတ်ကပ်ရနံ့ မွှေးကြူနေတဲ့ အမျိုးသမီးဆီမှာ။

ပန်းနှင်းဆီ ခြေလှမ်းရှေ့တိုးလေတော့ ဒယ်ဒီဆိုသည်။

"ဒီမှာလေ သမီး၊ ဒယ်ဒီလက်ထပ်မယ့် အမျိုးသမီး၊ ဥမ္မာလင်းတဲ့"

ဘုရားရေ။

ပန်းနှင်းဆီ အသက်ရှူရပ်မတတ်ဖြစ်ကာ ဒယ်ဒီ့အလိုကျ အပြုံးချိုချိုနဲ့ ကြည့်လာတဲ့ ဒေါ်ဥမ္မာလင်းကို တအံ့တသြ စိုက်ကြည့်မိ၏။

မျက်နှာဝိုင်းဝိုင်းလေးပေါ်က နှုတ်ခမ်းနဲ့နှာခေါင်းက ပုံကျလှပနေတဲ့ ဒေါ်ဥမ္မာလင်း။ ပြုံးပြလိုက်သည်က နှစ်လိုဖွယ်ကောင်းလှစွာ။

ဒါပေမဲ့ ပန်းနှင်းဆီမျက်ဝန်းက အစိမ်းရောင်ရင့်သွားသည်။ နှုတ်ခမ်းအစုံပါ တွန့်တွန့်လေးမဲ့ကာ ချာခနဲလှည့်ထွက်ခဲ့တဲ့ ခြေလှမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ မျက်ရည်တို့ ခိုတွဲနေသည်။

"သမီး"

ဒယ်ဒီက အလိုမကျစွာ ချက်ချင်းခေါ်ပြီး ထလိုက်လာသည်။ ထိုအမျိုးသမီးအပြုံးတွေ ဘယ်လိုပြောင်းလဲသွားမလဲ၊ ဒါတော့ ပန်းနှင်းဆီ မသိပါ။

ပန်းနှင်းဆီသိတာက လုံးဝ လက်မခံနိုင်စွာ။

"ဒယ်ဒီ လက်ထပ်မယ်ဆိုတာ သမီး လုံးဝသဘောမတူဘူး ဒယ်ဒီ၊ မာမီ့အတွက် သမီး ငိုလို့မဝသေးဘူး ဒယ်ဒီ၊ မာမီ့နေရာမှာ တခြားမိန်းမတစ်ယောက်ကို အစားထိုးဖို့ အဆင်သင့်ဖြစ်နေတဲ့ ဒယ်ဒီ့စိတ်ကို သမီး အံ့သြတယ်၊ ဒယ်ဒီ့ကို သမီးမုန်းမိလိမ့်မယ်၊ ဒီအကြောင်း ဒယ်ဒီ နောက်ထပ်မပြောပါနဲ့၊ ဟီး ဟီး ဟီး"

"သမီး"

ရှင်းပြဖို့ ကြိုးစားလာတဲ့ ဒယ်ဒီ့ခေါ်သံကို ပန်းနှင်းဆီ နားမလည်တော့ပါ။ လှည့်မကြည့်တမ်း ပြေးထွက်လာခဲ့သည်က ခြံပြင်ရောက်သွားရုံမက ခြေဦးတည့်ရာ လမ်းမှန်သမျှ လျှောက်သွားမိသည်လေ။

ဦးနှောက်နဲ့ရော နှလုံးသားနဲ့ ဘယ်နည်းနဲ့မှ လျှော့ပေါ့စဉ်းစားပေးလို့ မရနိုင်ပါ။ မာမီဆုံးပြီးကာတည်းက သမီးငယ်လေး ဘယ်လိုကြေကွဲနေလဲ တစ်ခွန်းတစ်ပါဒမှ မမေးဘဲ ဥပေက္ခာပြုနေတဲ့ ဒယ်ဒီ။ ခုတော့ နောက်ထပ်မိန်းမတစ်ယောက်နဲ့ လက်ထပ်တော့မယ်ဆိုပြီး တခုတ်တရ





မိတ်ဆက်ပေးနေတာ။ ပန်းနှင်းဆီ နှလုံးသားလေး တကယ် မခံစားနိုင်တော့ပါကွယ်။

"ဟင့် ဟင့် ဟင့်"

"ကျွီ"

ရှိုက်ငိုရင်း ဦးတည်ရာမဲ့နေတဲ့ ပန်းနှင်းဆီခြေလှမ်းတွေနောက်မှာ အသံတရားတို့ ကင်းမဲ့နေသလို နားထဲမှာ ကားဘရိတ်ဆွဲသံကြီး ကျယ်လောင်စွာ ကြားရလေသည်။ ထိုအခါ ပန်းနှင်းဆီ အသိဝင်လာသည်။

မျက်ရည်တွေ သုတ်ရင်း ဘေးဘီကြည့်မိတော့ –

ဘုရားရေ။

ဘရိတ်ဆွဲရပ်ထားတဲ့ ခဲပုပ်ရောင်ပါရာဒိုကားကြီးရဲ့ရှေ့မှာ သီသီလေး ကပ်နေတဲ့ ပန်းနှင်းဆီ။

"ဟော့ သေချင်လို့လား"

ကားရှေ့ခန်းတံခါး ဖျတ်ခနဲ ပွင့်လာသလို ခေါင်းတစ်လုံး ရှေ့ထွက်လာပြီး ဒေါသတကြီးမေးတဲ့ ယောကျ်ားတစ်ဦး။ ဒယ်ဒီနဲ့ကိုကြီးတို့ကို ခံပြင်းနေတဲ့ ပန်းနှင်းဆီစိတ်က မြင်မြင်သမျှ ယောကျ်ားတွေကို ရန်လိုနေပါသည်။ ကားပေါ်ကလူ ဒေါသနဲ့မေးသလို ပန်းနှင်းဆီလည်း ဒေါသနဲ့ ပြောဖြစ်။

"သေချင်တယ် ရှင့်၊ သေချင်တယ်၊ တိုက်သတ်လိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်၊ မှင်းသေချင်ပေမယ့် ကိုယ် ပြဿနာအတက်မခံနိုင်ဘူးကွ၊ ဘေးဖယ်၊ တောက်"

ထိုသူကလည်း ဒေါသနဲ့ တောက်တွေ ဘာတွေ ခတ်ကာ။

"မဖယ်ဘူး၊ တိုက်သတ်လိုက် ဒါပဲ"

ပန်းနှင်းဆီ စိတ်လိုက်မာန်ပါ ပြော၏။ ကိုယ့်ကိုလည်း တောင့်မတ်ထားကာ မျက်လုံးစုံမှိတ်ပြီး ငြိမ်သက်နေလိုက်သည်။

ဖြစ်ချင်ရာ ဖြစ်စေတော့။ ဘာပဲဖြစ်ဖြစ် သေပဲသေသေ။ ခုချိန်မှာ ပန်းနှင်းဆီ ကြေကွဲနေတာပဲ သိတယ်။ ခံပြင်းတဲ့စိတ်နဲ့ ဒေါသဖြစ်ကာ ရန်လိုပေါက်ကွဲစိတ်နဲ့ ဘာမဆို မိုက်မိုက်မဲမဲ ရင်ဆိုင်ပစ်ဖို့ ဝန်မလေးပေ။

"ကျွတ်"

တစ်ဖက်က စိတ်ရှုပ်ထွေးကာ ကျွတ်ခနဲ စုတ်သပ်လိုက်သံကြားရသည်။ ထို့နောက် ကားကို နောက်ဆုတ်ကာ သူမကို ရှောင်ကွင်းပြီး ဝေါခနဲ မောင်းထွက်သွားလေသည်။

ထိုအခါ လမ်းပေါ်မှာ တောင့်တောင့်ကြီးရပ်နေတဲ့ ပန်းနှင်းဆီအဖြစ်။

တခြားကားတွေရဲ့ ဟွန်းတီးသံတွေ ညံစီလျက်။ ဒါလည်း ပန်းနှင်းဆီ အရေးမထားတော့ပါ။

နောက်ဆုံး ယာဉ်ထိန်းရဲမေရောက်လာပြီး ပန်းနှင်းဆီကို လာဆွဲကာ ခေါ်ဆောင်သွားလေသည်။





"ဟီး"

ပန်းနှင်းဆီ ဟီးခနဲ ငိုချရင်း ရင်ထဲ နာကျင်စွာ ရေရွတ်၏။ မုန်းတယ်။ အားလုံးကို မုန်းတယ်လို့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ညီမငယ် မိုက်တယ်ကွာ"

"ဘာရယ် ကိုကြီး"

"ညီမငယ် လုပ်နေတာ တစ်ခုမှ လမ်းမတည့်ဘူး၊ အားလုံး မိုက်မိုက်ကန်းကန်းချည်းပဲ"

"အဟွန့်"

ပန်းနှင်းဆီ မျက်နှာလွှဲပစ်ကာ ထိုင်ရာမှ ဝုန်းဆို ထလိုက်ပြီး–

"ညီမက ငယ်လို့ မိုက်တယ်ဆိုရင် ကြီးတဲ့လူတွေ ပိုမိုက်တယ် လို့ပြောရင် ကိုကြီး ဘာပြောမလဲ"

"ဘာကွ"





ကိုယ့်ထက် ဆယ်နှစ်ငယ်တဲ့ညီမအငယ်ဆုံးက ထိုသို့ပြောလာတော့ မင်းမျိုးထွန်း သည်းမခံနိုင်တော့ပါ။ ထိုင်ရာမှ ထပြီး ညီမငယ်နဲ့ မျက်နှာချင်းဆိုင်သည်။

"နေဦး ကိုကြီး၊ စံပယ်ပြောမယ်"

အခြေအနေကို လက်ပိုက်ကြည့်နေတဲ့ ပန်းစံပယ် ရှေ့တိုးလာတာမို့ မင်းမျိုးထွန်း ကိုယ်ရှိန်သတ်လေသည်။ မျက်နှာလွှဲနေတဲ့ညီမကို မေးဖျားမှဆွဲယူပြီး ပန်းစံပယ် ရင်ဆိုင်သည်။

"ညီမငယ်နှင်း၊ နှင်းက ဘာကို မကျေမနပ် ဖြစ်နေတာလဲ၊ ညီမထက် ကြီးတဲ့လူတွေအပေါ် ဘာကြောင့် ရန်လိုနေတာလဲ၊ ညီမ ရန်လိုနေတဲ့သူတွေက သူစိမ်းတွေလား၊ ဒယ်ဒီဆို ညီမကြောင့် ဘယ်လောက် စိတ်ထိခိုက်ရတယ် ထင်လဲ"

"နှင်းကြောင့်၊ ဟုတ်လားမမ"

မမလက်ကိုပုတ်ချရင်း ပန်းနှင်းဆီ အသံကျယ်ကျယ်မေးလေသည်။ ပန်းစံပယ်က အသိခေါက်ခ[illegible]လှတဲ့ ညီမဖြစ်သူကို အားမလို အားမရ ဖြစ်၏။

"ကဲ ထိုင်ဦး မမပြောမယ်"

ဟု ဆိုပြီး ပန်းနှင်းဆီလက်မောင်းကို အတင်းဆွဲကာ ဆိုဖာခုံမှာ ထိုင်စေသည်။ ပန်းနှင်းဆီ မထိုင်ချင်ပါ။ မမ ဇွတ်အတင်း ထိုင်စေတာကြောင့် ထိုင်ရခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးနဲ့မမလည်း ပန်းနှင်းဆီနဲ့ မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။ ပန်းစံပယ်က ကိုကြီးမျက်နှာ တစ်ချက်ငဲ့ကြည့်လျှင် ကိုကြီးက–

"နှင်း နားလည်အောင် သေချာပြော"

ဟု အသံတိတ်ဆိုလေသည်။ ပန်းစံပယ်လည်း သဘောပေါက်တာမို့ ညီမငယ်ဘက် ပြန်လှည့်သည်။

ဆူပွပုတ်ဖောင်းနေတဲ့ ပန်းနှင်းဆီကို တည့်တည့်ကြည့်ပြီး–

"ဒယ်ဒီ မဉ္ဇူမှာနဲ့ယူမှာကို နှင်းက ဘာလို့ လက်မခံချင်ရတာလဲ"

"မာမီဆုံးတာ ငါးလပဲ ရှိသေးတယ်လေ၊ နောက်မိန်းမဖို့ အဆင်သင့်ဖြစ်နေတဲ့ ဒယ်ဒီ့စိတ်က ဘာလဲ၊ မမ"

"ဟဲ့"

မမ အထိတ်တလန့်ကြီး ဟန့်လေသည်။ ကိုကြီးက တစ်ခုခုပြောဖို့ ပြင်ပြီးမှ စိတ်ပျက်စွာ ခေါင်းယမ်း၏။

"မတားနဲ့ မမ"

"အို ပြောလေကဲလေပါလား နှင်းလေးရယ်၊ ဒယ်ဒီ မဉ္ဇူမှာကို ယူမယ့်ကိစ္စ မမနဲ့ကိုကြီး လက်ခံပြီးသား"

"ဘာရယ်"

မေးသံလေးနောက်မှာ ပန်းနှင်းဆီမျက်ဝန်းအိမ်မှာ မျက်ရည်တို့ပြည့်လျှံသွားလေသည်။ ကိုကြီးက သွေးအေးအေး ဝင်ပြော၏။





"ဟုတ်တယ် နှင်းလေး၊ မာမီဆုံးသွားလို့ ဒယ်ဒီ နောက်အိမ်ထောင်ပြုတာလေ၊ ဒါကြောင့် ကိုကြီးတို့ ကျေနပ်ပေးတာ၊ အဲဒီအတွက် နှင်းလေး ဘာမှစိတ်ထိခိုက်နေဖို့ မလိုပါဘူး။ ဒယ်ဒီ မဉ္ဇူမှာကို ယူလိုက်လို့လည်း ညီမလေးက ဒယ်ဒီ့သမီး အငယ်ဆုံးလေးပဲ၊ ဘာမှ မပြောင်းလဲပါဘူး"

"ဘာ ဘာလို့မပြောင်းလဲမှာလဲ ကိုကြီး၊ အဲဒီမိန်းမ ဒီတိုက်ပေါ်ရောက်လာပြီး မာမီ့နေရာ ဝင်ယူတော့မှာလေ၊ မာမီ့ပိုင်တဲ့ပစ္စည်းတွေကို ခြယ်လှယ်ပြီး နှင်းကို နည်းအမျိုးမျိုးနဲ့ ကလားဖန်ထိုးပြီး နှိပ်စက်မှာ၊ ဒါတွေကို နည်းနည်းမှ မစဉ်းစားမိအောင် ဒယ်ဒီ့စိတ်က ဘာကိုမှုန်နေတာလဲ"

"ဟာ နှင်း"

မမ အသံကျယ်ကျယ်နဲ့ ဟန့်၏။ ကိုကြီးက တကယ်စိတ်ပျက်သွားဟန်နှင့် –

"စိတ်ကူးယဉ်ပြီး ဆူပွက်မနေပါနဲ့ ညီမငယ်ရယ်"

"စိတ်ကူးယဉ်ပြီး ပြောနေတာ မဟုတ်ဘူး ကိုကြီး၊ မကြာခင်ဖြစ်လာတော့မှာကို နှင်းမြင်တယ်"

"ကျွတ်၊ မိနှင်း တော်စမ်း"

ပန်းစံပယ် မျက်နှာထားနဲ့ အစ်မပီပီ ဟန့်တားလိုက်သည်။ ချော့မော့ဖျောင်းဖျလို့မရမှန်း သိသာနေတာမို့ ပန်းစံပယ်စိတ်ကို မာန်



www.burmeseclassic.com

www.burmeseclassic.com



အပြည့် တင်လျှင် ပန်းနှင်းဆီ နာကျင်စွာ အံကြိတ်၏။

"ဒီမှာ ညီမငယ်၊ ကိုကြီးပြောမယ်၊ သေချာနားထောင်၊ ဒီကိစ္စ ဒယ်ဒီ့ဘက်က အားလုံးကြိုတင်ပြင်ဆင်ပြီးသား၊ မာမီရှိစဉ်ကလို ညီမငယ် စိတ်တိုင်းကျနေလို့ရတယ်၊ မဥမ္မာကို ဒယ်ဒီယူတာ မာမီ့နေရာမှာ အစားထိုးတာ မဟုတ်ဘူး၊ ခြယ်လှယ်ပိုင်ခွင့်လည်း မရှိဘူး"

"ဒါဆို ဘာဖြစ်လို့ ယူမှာလဲ"

"နှင်း"

ပန်းစံပယ် ဟန့်တားပြန်သည်။ ပန်းနှင်းဆီ မျိုသိပ်မနေနိုင်တော့ပါ။

"ပြောလေ မမ၊ ဒယ်ဒီ နောက်မိန်းမ,မယူဘဲ နေလို့မရဘူးလား"

ပန်းနှင်းဆီ စွပ်ခနဲ မေးလျှင် ပန်းစံပယ်နဲ့မင်းမျိုးထွန်း မျက်နှာအရောင်တွေ ပြာသွားသည်။

မယူဘဲနေလို့ မရဘူးလားတဲ့။

ထိုမေးခွန်းက ဖြေရခက်လှချေသည်။ ဘယ်လိုဖြေရမှန်းမသိတော့ပါ။ အကြီးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း သက်မကိုယ်စီ ချလေသည်။

ပန်းနှင်းဆီ ဝမ်းနည်းတာ၊ ခံပြင်းတာတွေ ရောထွေးကာ ရင်ထဲက ဖြစ်လာတဲ့အတိုင်း မေးချ မြန်းချလေသည်။





"ညီမငယ်ရယ်၊ နှင်းလေးနားလည်အောင် မမ ဘယ်လိုပြောပြရမလဲကွယ်"

ပန်းစံပယ် အခက်တွေ့သွားဟန်လေးနဲ့ ပန်းနှင်းဆီအပေါ်း ပြောင်းထိုင်ရင်း ပြော၏။ မင်းမျိုးထွန်းက ညီမငယ် နားလည်သဘောပေါက်စေမယ့် စကားလုံးတွေ ရွေးချယ်လျက် ညီမငယ်ဘေး ရွှေ့ထိုင်ပြန်သည်။

အကြီးနှစ်ယောက် တစ်ဖက်တစ်ချက် ထိုင်ကြသည်က ပန်းနှင်းဆီ နားလည်စွာ လက်ခံသွားစေဖို့ရယ်ပါ။

"ဒီလိုရှိတယ် နှင်းလေးရဲ့၊ မယူဘဲ နေလို့မရဘူးလား မေးရင် ရတယ်လို့ ဖြေလို့ရသလို မရဘူးလို့လည်း ပြောလို့ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒယ်ဒီ့အရွယ်က တစ်ယောက်တည်းနေလို့ မတင့်တယ်ဘူး ညီမငယ်လေးရယ်၊ ပြီးတော့ ဒယ်ဒီရဲ့ ဝေယျာဝစ္စတွေ လုပ်ပေးကိုင်ပေးဖို့ လူလိုတယ်လေ"

"မလိုပါဘူး။ ဒယ်ဒီကို နှင်းလုပ်ပေးနိုင်တယ်၊ ပြုစုနိုင်တယ်၊ မာမီ့တုန်းကတောင် မာမီသေတဲ့အထိ နှင်း ပြုစုပေးခဲ့တာပဲ၊ ဒယ်ဒီ့ အလှည့်ကျရင်လည်း နှင်းပြုစုဖို့ ဝန်မလေးပါဘူး၊ ဒယ်ဒီ့အတွက် နှင်းတစ်ယောက်လုံး ရှိတယ်၊ မာမီ့လိုပဲ နှင်းကိုယ်တိုင် ချက်ပြုတ်ကျွေးမွေးမယ်၊ ဒယ်ဒီ့အလုပ်တွေ ဝိုင်းကူပေးမယ်၊ ဒယ်ဒီ နေထိုင်မကောင်းရင် ပြုစုမယ်၊ အစစအရာရာ မငြိုမငြင်ဘဲ နှင်း လုပ်ပေးမှာပေါ့၊ ကဲ ဘာ



www.burmeseclassic.com

www.burmeseclassic.com



သေးလဲ"

ကလေးအတွေးနဲ့ တစ်ဖွတ်ထိုးပြောနေရှာတဲ့ ညီမငယ်ကိုလည်း အပြစ်မပြောပါ။ ဒယ်ဒီ့အတွက်က သမီးငယ်တစ်ယောက်အနေနဲ့ အစစ အရာရာ လုပ်ကိုင်ပေးလို့ရပေမယ့် ဒယ်ဒီရဲ့ အခြားလိုအပ်ချက်တွေ ရှိနေသေးတယ်ဆိုတာ ဘယ်လိုရှင်းပြရမှန်းမသိအောင် ဖြစ်ရလေသည်။

ကိုကြီးနဲ့ ပန်းစံပယ်က အိမ်ထောင်ကိုယ်စီနဲ့မို့ ဒီကိစ္စ ဒယ်ဒီ ဖွင့်ပြောတုန်းက သိပ်ပြီး ဆွေးနွေးရတာမရှိပါ။

နားလည်စွာ ခွင့်ပြုကြတာ မောင်နှမနှစ်ယောက် တိုင်ပင်စရာ တောင် မလိုခဲ့ပါ။

"ဦးမွှားမှာက မောင်တစ်ယောက်ရှိတယ်၊ ဒီကောင်လေးကြောင့် ဒယ်ဒီ ဘာမှ တာဝန်မပိုပါဘူး၊ ကောင်လေးက နားလည်တယ်၊ ဦးမွှာက ဒယ်ဒီ့သဘောအတိုင်း နေပေးမယ်လို့ ကတိပေးပြီးသား၊ သားတို့ သမီးတို့နဲ့ပတ်သက်ပြီး ဘာမှဝင်စွက်ခွင့်၊ ပြောခွင့်မရှိဘူးဆိုတာ ဒယ်ဒီ အထူးတလည်ပြောတာကို ဦးမွှာ လက်ခံတယ်၊ ဒါကြောင့် သားနဲ့သမီးကို ဒယ်ဒီ အရင်ဖွင့်ပြောတာ"

လို့ ပွင့်ပွင့်လင်းလင်း ထုတ်ပြောခဲ့တယ် မဟုတ်လား။

ကိုကြီးနဲ့ပန်းစံပယ် ထွေထွေထူးထူး စဉ်းစားစရာမလိုပါ။ ဒယ်ဒီ့ အတွက် ဘာလိုအပ်လဲဆိုတာ အိမ်ထောင်သည်တွေမို့ ကိုယ်စီ သိနှင့်ကြသည်။





ကျန်းမာရေးချို့တဲ့ကတည်းက အိမ်ထောင်သည်ယောကျ်ား တစ်ယောက်ရဲ့ လိုအင်တွေဖြည့်မပေးနိုင်တဲ့ မာမီ့အပေါ် ဒယ်ဒီ သစ္စာမပျက်ခဲ့တာ သူတို့မောင်နှမ သိနှင့်နေသည်။

မာမီမရှိတော့တဲ့နောက် ဒယ်ဒီတစ်ယောက်တည်း နေလို့မရတဲ့ အကြောင်းတွေလည်းရှိတာမို့ မောင်နှမနှစ်ယောက် စောဒကမတက်ခဲ့ပါ။ မဦးမွှာကို ဆွေးနွေးကြည့်တယ်။ ဒယ်ဒီ ထားရာနေ စေရာသွားရမယ့် ဇနီးတစ်ယောက်လို နေပေါ့မယ်ဆိုတာတွေလည်း ထည့်ပြောသည်။

အဓိက သူတို့မောင်နှမနှစ်ယောက် အေးအေးချမ်းချမ်း နေရဖို့ပဲ အရေးကြီးသတဲ့။ ဒါကြောင့် ဒယ်ဒီ့ကိုလက်ခံတာလို့ ဆိုတယ်မဟုတ်လား။

နှင်းလေးနဲ့ပတ်သက်ရင်လည်း နှင်းလေးအလိုအတိုင်း လိုက်လိုက်လျောလျော ဆက်ဆံပါ့မယ်တဲ့။ ကဲ ဘာလိုသေးလဲ။

ဒယ်ဒီ့လိုအပ်ချက်ကို ဇနီးကောင်းပီသစွာ ဖြည့်ပေးမယ့် အမျိုးသမီး။

သူတို့က အကြောင်းကြောင်းကြောင့် လက်ခံတာကို ညီမငယ်က ကလေးဆန်နေတယ် မဟုတ်လား။ တကယ်လည်း ညီမလေးက ကလေးသာသာရယ်။ ခုမှ တတိယနှစ်တက်နေတဲ့ ကျောင်းသူပျိုလေး မဟုတ်လား။

"ညီမငယ်ရယ် ဘာလို့လဲဆိုတော့ ဒယ်ဒီ့အတွက် လိုတာပေါ့ကွယ်၊ ဒါတွေကို ညီမလေး နားမလည်သေးပါဘူး။ ဒါကြောင့် နှင်းလေး



www.burmeseclassic.com

www.burmeseclassic.com



စိတ်လိုက်မာန်ပါ အပြောပါနဲ့ကွယ်၊ ဒယ်ဒီ စိတ်ထိခိုက်လိမ့်မယ်၊ ပြီးတော့ ဒယ်ဒီနဲ့ဦးမှာ ဒီနေ့ပဲ တရားရုံးမှာ လက်ထပ်ပြီးပြီ"

"ဘာ ဘာရယ်"

ပန်းနှင်းဆီ မယုံနိုင်လောက်အောင် ဖြစ်ရချေသည်။

"ဟုတ်တယ် ညီမငယ်၊ ကိုကြီးပဲ အားလုံးစီစဉ်ပေးလိုက်တယ်၊ အစကတော့ ဒီတိုက်မှာပဲ ညစ်ခံပွဲလေး အကျဉ်းရုံးလုပ်ပြီး လက်ထပ်စာချုပ် ချုပ်ဖို့ပါ၊ ညီမငယ်က ဆူပွက်နေတော့ –

"တော်တော့၊ ဘာမှ ဆက်မပြောကြနဲ့တော့၊ ဟီး ဟီး ဟီး"

ပန်းနှင်းဆီ ငိုချကာ မမနဲ့ကိုကြီးကြားက ဝုန်းဆို ထထွက်ခဲ့လေသည်။

နောက်ဆုံးတော့ ဒယ်ဒီက လုပ်ချင်ရာလုပ်သည်။ ကိုကြီးနဲ့မမက ဒယ်ဒီရဲ့ပါရမီဖြည့်ဖက်။

နှင်းကပဲ မာရ်နတ်ဆိုးမလေး ဖြစ်နေရတဲ့အဖြစ်။

နှင်း လုံးဝ မကျေနပ်ဘူး ဒယ်ဒီ၊

နှင်း ရင်နာတယ်။ အားလုံး အားလုံးကို နာတယ်ရှင့်။

✿ ✿ ✿



## အခန်း (၅)

"နှင်းလေး"

"ဘာ၊ နှင်းလေး ဟုတ်လား၊ ဘာနှင်းလေးမှ လာမခေါ်နေနဲ့ ဒေါ်ဥမ္မာ၊ ရှင့်မျက်နှာလည်း ကျွန်မ မမြင်ချင်ဘူး၊ သွား သွား ထွက်သွား"

ပန်းနှင်းဆီ ပေါက်ကွဲစွာ အော်ဟစ်နှင်ထုတ်၏။ မွေ့ရာပေါ်က ခေါင်းအုံးတွေနဲ့လည်း ပစ်ပေါက်ကာ ခေါင်းအုံးထိမှန်သွားတဲ့ ဒေါ်ဥမ္မာလင်း မျက်နှာကို လက်နဲ့အုပ်ရင်း နောက်ပြန်လှည့်သွားသည်။

သမီးနဲ့ ဖေးအသစ်လေး ပြေလည်ပါစေဆိုပြီး လွှတ်ထားပေးတာပါ။ ထင်သလို ဖြစ်မလာတော့ ဦးဇော်လင်းထွန်း ရင်မှာ တင်းချင်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသည်။ ဒါပေမဲ့ ဘာမှတော့ မပြောတော့ပါ။

အချိန်တန်ရင် သမီးလေး စိတ်ပြေလာမှာပဲလို့ တွေးကာ ဦးမွှာကိုသာ ချော့မော့နှစ်သိမ့်ပေးရတဲ့အဖြစ်။ သမီးကတော့ ထင်တိုင်း ပေါက်ကွဲနေဆဲ။

"သွား သွားကြ၊ ဘယ်သူမှ လာမခေါ်နဲ့၊ နှင်းတစ်ယောက်တည်း နေမယ်"

ပန်းနှင်းဆီ အသံလေးအဆုံးမှာ ဒယ်ဒီက သူ့မိန်းမသူ ကြင်ကြင်နာနာနဲ့ ပခုံးလေးဖက်ပြီး ခေါ်ထုတ်သွားလျှင် နှင်း မျက်လုံးထဲမှာ ခါးသီးနေ၏။

. မာမီ နေမကောင်းတုန်းက ဒီလိုကြင်နာမှုပေးဖို့ မသိတဲ့ ဒယ်ဒီ။ ခုတော့ ပန်းနှင်းဆီစိတ်ကို လာဆွသည်နှင့် တူနေသည်။

ဒါပေမဲ့ ဒယ်ဒီက မမတို့ပြောတာနဲ့ ဆန့်ကျင်ဘက်ဆီ ပြောင်းလဲလို့ နေသည်။

ဦးမွှာလင်းနဲ့ယူပြီး လပင်မခြား ဒီတိုက်ပေါ်မှာ ဦးမွှာလင်း ခြေ ဦးမွှာလင်းလက် ဖြစ်လာသည်။

ကားသော့ကအစ မီးခံသေတ္တာအဆုံး ဦးမွှာလင်းလက်ထဲမှာ။

"မောင်လေးက ကားဝယ်ရောင်းလုပ်ချင်လို့တဲ့ ကိုကို၊ အဲဒါနဲ့ ဦးမွှာက ကားတစ်စီးစာ ငွေထုတ်ပေးလိုက်တယ်၊ ကိုကို့ငွေတွေ လျော့နေတယ်ဆိုပြီး ဦးမွှာကို မဆူရဘူးနော် ကိုကို"





လက်မောင်းလေးကို ဆုပ်ဖက်ကာ ဒယ်ဒီ့ပခုံးထက် ခေါင်းလေး မှေးတင်ပြီး ချိုချိုသာသာလေး ဒေါ်ဦးမွှာလင်း ပြောလိုက်သည်နှင့် ဒယ်ဒီ ပါးစပ်ထပ်မဟတော့ပါ။

မျက်လုံးနဲ့ နှုတ်ခမ်းက ဖနီးအလိုကျ ချိုပြုံးသွားတာ ဘာကြောင့်လဲ ဒယ်ဒီ။

တကယ်ဆို ဒယ်ဒီ့ကို ဒီကိစ္စ ကြိုပြောရမယ်မဟုတ်လား။ ဒယ်ဒီခွင့်ပြုမှ ငွေထုတ်ပေးရမှာလေ။

ခုတော့ ဒါမျိုးမဟုတ်ပါ။ သူ့မောင်အလိုကျ ကားတစ်စီးစာ ငွေထုတ်ပေးပြီးမှ အသိပေးသံလို ပြောသည်။

မာမီ့ဆို ဘယ်တုန်းကမှ စည်းကျော်ပြီး မလုပ်ခဲ့ပါ။ ဒယ်ဒီကို အလေးထားပြောဆိုပြီးမှ လုပ်လေ့လုပ်ထရှိသည်။ ဒယ်ဒီ့ကိုလည်း ကျော်ပြီးလုပ်ရင် ဒယ်ဒီ ဘယ်တုန်းကမှ သည်းခံလေ့မရှိပါ။ မာမီ့ကို ဆူဟယ် ပြောဟယ်နဲ့ လုပ်လေ့ရှိ၏။

နှင်း မှတ်မိသေးသည်။

နှင်း ကျောင်းတက်ရတော့မှာမို့ ကားတစ်စီး သီးသန့်လိုချင်ခဲ့သည်။ မာမီ့ကိုဖွင့်ပြောတော့ မာမီက ဒယ်ဒီ့ကိုဖွင့်ပြောဖို့ စိတ်ကူးပါသည်။ အဲဒီအချိန်မှာ ဒယ်ဒီ စက်ရုံမှာ ပြဿနာပေါ်နေတာမို့ ဒယ်ဒီ ခေါင်းစားနေတာပေါ့။

တိုက်တိုက်ဆိုင်ဆိုင် မာမီ့မောင် အနန်ကယ်မြင့် အလုပ်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတယ်။

မာမိက –

"မောင်မြင့်ရေ၊ မင်း တူမက ကားသစ်လိုချင်သတဲ့ကွယ်"

လို့ ဘာရယ်မဟုတ် ပြောရင်းဆိုရင်း ထိုသို့ ပြောမိသွားပါသည်။

အန်ကယ်မြင့်က –

"ဟုတ်လား၊ ဒါဆို ကျွန်တော့်အသိကားပွဲစား လွှတ်ပေးမယ်၊ သမီး ဘာကားလိုချင်တာလဲ"

"ပြိုင်ကား အနီရောင်တောက်တောက်လေးပေါ့ အန်ကယ်မြင့်"

"အေး ရမယ်၊ သမီးလေးစိတ်တိုင်းကျကား ရစေရမယ်၊ အန်ကယ် လွှတ်ပေးလိုက်မယ်၊ သိလား"

အန်ကယ်မြင့်ပြောတဲ့အတိုင်း ပွဲစားတွေ ချက်ချင်းရောက်လာပြီး ကားလာပြသည်။ နှင်းက မြင်တာနဲ့ ပြိုင်ကားရဲရဲလေးကို သဘောကျလေသည်။

အန်ကယ်မြင့်က ဈေး... ကား ဘာညာပြောကာ ဈေးတည့်သွားတော့ မာမိက ငွေချေမလို့ ဒယ်ဒီ့ကို အကျိုးအကြောင်းပြောပြီး ဖုန်းဆက်ခေါ်လိုက်သည်။

ဒယ်ဒီရောက်လာရင် နှင်းတော့ ကားသစ်လေးရတော့မှာပဲလို့ တွေးရင်း ပျော်နေတာပေါ့။ လက်တွေ့မှာတော့ –

"ယဉ်ယဉ်၊ ကားအကြောင်း ယဉ် ဘယ်လောက်သိလို့လဲ၊





ပြောစမ်းပါ။ လိုချင်တာတစ်ခုတည်းနဲ့ လင်ထက် ခြေတစ်လှမ်းကျော်ချင်တာ ဘာသဘောလဲ၊ သမီးလိုချင်တယ်ဆိုတိုင်း ယဉ် ချက်ချင်းဝယ်ပေးဖို့ လုပ်နေတာ၊ ဒါ ကလေးကစားစရာ မဟုတ်ဘူး။ ကားကွကား။ သိန်းတစ်ရာကျော် နှစ်ရာကျော်မက ချီတဲ့ပစ္စည်း ဝယ်နေတာလေ၊ ယဉ့်မှာ ဦးနှောက်မရှိဘူးလား"

ကားပွဲစားတွေနဲ့ အန်ကယ်မြင့်ရှေ့မှာတင် မာမီ့ကို ဆူပြောပြောတဲ့အခါ မာမီ့ခမျာ မျက်နှာလေးမသာ။

"ယဉ်ကလေ"

"တော်တော့ ယဉ်၊ ဘာမှ မပြောနဲ့၊ ခင်ဗျားတို့လည်း အားနာတယ်၊ နောက်မှ ကိုယ်ဆက်သွယ်မယ် ဒါပဲ"

လို့ အပြတ်ပြော၏။

အန်ကယ်မြင့်က ပွဲစားတွေရှေ့မှာမို့ ရှက်ကာ ဒေါသနဲ့ လှည့်ပြန်သွားသည်။ ပွဲစားတွေလည်း မျက်နှာပျက်ကာ နှင်းကြိုက်တဲ့ကားလေးကို ပြန်ယူသွား၏။

မာမီ့မှာတော့ ဒယ်ဒီ့ကို ဘာမှစောဒကမတက်ရဲဘူး။ နောက်ဆုံးတော့ နှင်းလိုချင်တဲ့ကားသစ်လေး မရလိုက်တဲ့အဖြစ်။

ခုတော့ မယားငယ်မပြောခင်ကတည်းက ပြီးနေတဲ့ ဒယ်ဒီစိတ်၊ ဒယ်ဒီ့ပါးစပ်ကို မယားငယ် ဘာနဲ့ဆို့ပိတ်ထားလို့ မာမီတုန်းကလို ပေါက်ကွဲတဲ့စကားလုံးတွေ ဒယ်ဒီ့နှုတ်က ထွက်မလာရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်းပါ ဒယ်ဒီ။

ဒါတင်မကာ နေဝန်းဆိုတဲ့ ဒေါ်ဥမ္မာမောင်က မြောက်ကြွမြောက်ကြွရယ်။

နှင်းကိုဆို ငယ်ပေါင်းလိုလို၊ မောင်နှမလိုလိုနဲ့ မျက်နှာ စပ်ဖြဲဖြဲနဲ့ ပိုင်စိုးပိုင်နင်း ချဉ်းကပ်တာတွေ ရှိသေးတယ်။

"ပန်းနှင်းဆီ၊ အပြင်ထွက်ဖို့ မဟုတ်လား။ ကိုယ်လိုက်ပို့ပေးမယ်"

"အောင်မာ၊ ရှင့်ကို ဘယ်သူပို့ခိုင်းလို့လဲ"

"မမ"

"ဘာရယ် နင့်အစ်မ"

"ဟုတ်တယ်"

နေဝန်းက လေကလေးတစ်ချွန်လျက် မြူးမြူးလေး ဆိုချေသည်။ ဒေါ်ဥမ္မာတဲ့။ နှင်း ဒေါသ ခေါင်းပြူထွက်လာပါ၏။

"နင့်အစ်မ ဘာမို့လဲ နှင်းကို လိုက်ပို့ခိုင်းတာ"

"ဟာ ဘာမို့ရမှာလဲ၊ ဦးဇော်လင်းထွန်းရဲ့မိန်းမမို့လေ"

"တောက်"

နှင်း သည်းမခံနိုင်တော့ပါ။ လက်ထဲ ဆွဲကိုင်ထားတဲ့ လက်ကိုင်အိတ်လှလှလေးနဲ့ နေဝန်းမျက်နှာတည့်တည့် ပစ်ပေါက်လိုက်၏။

"ပြောဦး၊ ဦးဇော်လင်းထွန်း မိန်းမလို့"





"ဟာ ပန်းနှင်းဆီ"

မထင်မှတ်ဘဲ မျက်နှာတည့်တည့် ဝင်လာတဲ့လက်ကိုင်အိတ်။ နေဝန်း ရှောင်ချိန်မရလိုက်ပါ။ ဒေါ်ဥမ္မာလင်း လိုက်ကာစလေး နောက်ကမသိမသာ ကြည့်နေရာမှ မနေသာတော့။ ရှေ့ထွက်လာပြီး –

"ပန်းနှင်းဆီရယ်၊ မောင်လေးကို ဘယ်လိုလုပ်လိုက်တာလဲ"

"ရှင်မြင်တဲ့အတိုင်းပဲ"

ဒေါ်ဥမ္မာလင်း မျက်နှာမပျက်အောင် ထိန်းလိုက်ရသည်။ ကိုယ့်မောင်နဲ့ အရွယ်တူလောက်ပဲရှိတဲ့ ထိုမိန်းကလေး။ သူမကို ပြန်ပြောလိုက်တာက အငြိုးကြီးနဲ့။

"ဒီမှာ နောက်တစ်ခါ ရှင့်မောင်ကို လျှာမရှည်ခိုင်းနဲ့ နေပါဦး၊ ရှင်က ရှင့်မောင်ကို နှင်းကိုလိုက်ပို့ ဘာညာစေခိုင်းရအောင် ရှင်နဲ့နှင်းနဲ့ ဘာဆိုင်လဲ၊ ဘာဆိုင်လို့ နှင်းရဲ့ကိုယ်ရေးကိုယ်တာကို ဝင်စွက်ရတာလဲ၊ ဘယ်သွားသွား နှင်းခြေ နှင်းလက်နဲ့ နှင်းကိုယ်တိုင် ကားမောင်းသွားနေကျ။ ရှင်စေခိုင်းစရာ ဘာအကြောင်းမှ မရှိဘူး။ နေဝန်း ရှင်လည်းသတိထား၊ ရှင်တို့မောင်နှမ နှစ်ယောက်လုံး ဘဝတုံးသွားအောင် နှင်း ဘာမဆိုလုပ်ဖို့ ဝန်မလေးဘူးနော်၊ နောက်တစ်ခါ ဒါမျိုးဖြစ်ကြည့်၊ နှင်းအကြောင်းသိသွားစေ့မယ်၊ တောက်"

ပန်းနှင်းဆီ ကရားရေလွှတ်သလို တဝေါဝေါ ပြောချကာ လက်ကိုင်အိတ်ကောက်ယူပြီး ကိုယ်တိုင် ကားမောင်းထွက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမောင်နှမနှစ်ယောက်က နှင်းကို ကျေနပ်ဟန်မတူ။ မောင်ဖြစ်သူကို ရင်ခွင်ထဲဆွဲသွင်းပြီး ချော့မော့နေလိုက်တာ မြင်ပြင်းကတ်စရာ။

အဲဒီ နောက်ဆက်တွဲအဖြစ်က –

✿ ✿ ✿



## အခန်း (၆)

"သမီး သမီးအပြုအမူတွေ ဘာကြောင့် ခက်ထန်နေရတာလဲ"

"ဒယ်ဒီ့ကို နှင်းပြောထားတဲ့ကိစ္စပဲ ဒယ်ဒီပြောပါ၊ တခြားအကြောင်း မမေးပါနဲ့ ဒယ်ဒီ"

"ဘာ"

ဦးဇော်လင်းထွန်း ဒေါပွသွား၏။ ပန်းနှင်းဆီက ဘာကိုမှ မမှုတဲ့ဟန်နှင့် ဒယ်ဒီ့ကို ခပ်တင်းတင်းပဲ ရင်ဆိုင်ပါသည်။

"ဟုတ်တယ်လေ ဒယ်ဒီ၊ နှင်းပြောထားတဲ့ကိစ္စပဲ ဒယ်ဒီ ဆောင်ရွက်ပေးပါ၊ ဒယ်ဒီ့စိတ်ကြိုက် ဒယ်ဒီ နောက်အိမ်ထောင်ပြုပြီးပြီ၊ အဲဒီအိမ်ထောင်ပြုခြင်းက မာမီ့နေရာမှာ ဒယ်ဒီ့အိမ်ထောင်ဖက် စိုးမိုးထားပြီ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ မာမီပိုင်ပစ္စည်းတွေရှိတဲ့ မီးခံသေတ္တာကို လုံလုံခြုံခြုံဖြစ်အောင် နှင်းပဲ သိမ်းချင်တယ်၊ မဥမ္မာ့လက်ထဲ သော့အပ်ထားတာ နှင်း သဘော မတူဘူး"

"ကျစ်၊ တော်စမ်းသမီး"

"နှင်းကတော့ ပြောစရာရှိတာ ပြောရမှာပဲ"

"ဘာကွ"

ဦးဖော်လင်းထွန်း ဝုန်းခနဲထလေသည်။ တစ်သက်နဲ့တစ်ကိုယ် မော့မကြည့်ရဲတဲ့ သမီးအငယ်ဆုံးက ဒိုးဒိုးဒေါက်ဒေါက် ပြန်ပြောနေတာ ခံပြင်းလှသည်။

"နှင်း အရွယ်ရောက်နေပြီ ဒယ်ဒီ၊ ဥစ္စာပစ္စည်းကို ထိန်းသိမ်း တတ်ပါတယ်၊ ထိန်းတတ်သိမ်းတတ်ဖို့ကိုလည်း မာမီသင်ထားပါတယ်၊ ဒယ်ဒီ့လိုအပ်ချက်အတွက် ဒယ်ဒီယူထားတဲ့ မိန်းမက မာမို့ပစ္စည်းတွေကို ထိန်းသိမ်းစောင့်ရှောက်ပေးရလောက်အောင် နှင်းအတွက် အရေးမပါဘူး ဒယ်ဒီ၊ ဒါကြောင့် နှင်းတောင်းဆိုတာ"

"တောက်၊ တောင်းဦး"

"ဖြောင်း"

ဦးဖော်မင်းထွန်း ဘယ်လိုမှ စိတ်ကိုထိန်းချုပ်လို့မရတော့ပါ။ မြောက်တက်သွားတဲ့လက်က သူနဲ့ မျက်နှာချင်းဆိုင်ရှိ ဆိုဖာနောက်မှာ ရပ်နေတဲ့ သမီးမျက်နှာဆီ အရှိန်နဲ့ ရောက်သွားကာ –





"အား"

နှင်းမျက်နှာတစ်ခြမ်း ပူခနဲလည်သွားကာ တစ်ကိုယ်လုံး ထိန်း မနိုင်ဘဲ ကြမ်းပေါ် ပုံကျသွားလေသည်။

"ကိုကို"

ဥမ္မာ လိုက်ကာနောက်မှာ ကွယ်ပြီးချောင်းကြည့်နေရာမှ အထိတ်တလန့် ပြေးထွက်၏။

ဦးဖော်လင်းထွန်း လွန်သွားမှန်းသိပါသည်။ ဒါပေမဲ့ နောင်တမရ ချင်တော့ပါ။ ပါးပြင်နုနုလေးကို ရိုက်မိသည့်လက်ဖဝါးကို ဥမ္မာဆွဲထား သလို ဖမ်းဆုပ်လိုက်ပြီး –

"ကိုကို ဘယ်လိုလုပ်လိုက်တာလဲဟင်"

"မင်း ဝင်မပါနဲ့ ဥမ္မာ"

ဥမ္မာ့လက်ကိုဖယ်ချရင်း ဥမ္မာ့ကိုပါ ရောဟောက်၏။ ဥမ္မာ မျက် ရည်လေးဝဲကာ နောက်ဆုတ်ရလေသည်။

"ဟင့် ဟင့် ဟင့်"

ပါးနုနုလေးကို ပွတ်ကာ ပန်းနှင်းဆီ ထိခိုက်လွန်းတဲ့ နှလုံးသား နဲ့ ငိုရှိုက်မိ၏။

ဦးဖော်လင်းထွန်း ဇနီးကိုရော၊ သမီးကိုပါ မကြည့်ပါ။ လက်သီး ကို တင်းကျပ်နေအောင် ဆုပ်ထွေးပြီး –

"ဒီမှာ သမီးငယ်၊ သမီးက ငယ်သေးတယ်၊ သိပ်ငယ်သေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သမီးတောင်းဆိုနေတာတွေက ဥစ္စာပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်ချင်တယ်ဆိုတာထက် ဒယ်ဒီနဲ့ဥမ္မာအပေါ် မနှစ်မြို့တဲ့စိတ်နဲ့ ဆန့်ကျင်နေတဲ့သဘော ဆောင်နေတယ်၊ ဒါကြောင့် ဒယ်ဒီ ခွင့်မပြုနိုင်ဘူး သမီး"

"ဟင့် ဟင့် ဟင့်"

ပန်းနှင်းဆီ ပို၍ပင် ရှိုက်မိလေသည်။

"ဒယ်ဒီဖြစ်စေချင်တာက တခြား၊ သမီးထင်တိုင်းကြံနေတာက တလွဲ ဖြစ်နေတယ်၊ ဒယ်ဒီရယ်, ဥမ္မာရယ်, နေဝန်းရယ်, ပြီးတော့ သမီးကိုကြီးနဲ့ သမီးမမတို့နဲ့ သမီး ပြေပြေလည်လည်ဆက်ဆံဖို့ လိုအပ်တယ်၊ အားလုံးအပေါ်မှာ ရင့်ရင့်သီးသီးဆက်ဆံနေတဲ့ သမီး စိတ်မိုက်တွေကို သမီးပြုပြင်စမ်းပါ၊ သမီး မပြုပြင်သရွေ့ ဒယ်ဒီ့ဆီက သမီး ဘာအခွင့်အရေးမှ ရဖို့မရှိဘူး၊ ဒါ ဒယ်ဒီ့ရဲ့ နောက်ဆုံးစကား"

ဒါပဲ ဦးဇော်လင်းထွန်းပြောပြီး ထွက်သွားလေသည်။ ဥမ္မာက ကိုကို တင်းတင်းကျပ်ကျပ် ပြောတာတွေကို စောဒက တက်လိုပါ၏။

ဒါပေမဲ့ မပြောရဲပေ။ ထွက်သွားတဲ့ ကိုကို့နောက်လည်း လိုက်မသွားရဲ၊ အိပ်ခန်းတံခါးကို ကိုကို ဂျိမ်းခနဲ ဆွဲပိတ်လိုက်တဲ့အသံက ဥမ္မာ့ကိုယ်ကို တုန်ခါသွားစေသလို ပန်းနှင်းဆီကိုယ်ကိုလည်း တုန်ယင်စေသည်။

"ဟင့် ဟင့် ဟင့်"

ထိခိုက်လွန်းတဲ့ နှင်းစိတ်က ဦးတည်ရာမဲ့ကာ တစ်ခုခု ပြန်ပြော





ဖို့ တစ်ဆို့လျက်၊ ရှိုက်၍ ရှိုက်၍သာ ငိုချမိ၏။ ပုံလျက်သားကျနေတဲ့ ကိုယ်ကိုလည်း ထူမတ်ထဖို့ သတိလက်လွတ် ဖြစ်လေသည်။

ဒယ်ဒီဟာ နှင်းအပေါ် ရက်စက်တတ်နေပြီလား။

ဥပေက္ခာပြုရုံမက ဖခင်ဆိုတဲ့ ပါဝါအပြည့်နဲ့ နိုင်ထက်စီးနင်း ဆက်ဆံတတ်နေပြီလား။ ပြောစမ်းပါလေ။

"နှင်း နှင်းလေး"

ရှိုက်လား ပုတ်လား ခံနေရတာ တွေ့ရတော့ ဥမ္မာလင်း စိတ်မကောင်းဖြစ်မိတာ အမှန်ရယ်ပါ။ နှင်းအပါးသွားကာ ကြမ်းပြင်နာစွာခေါ်ရင်း ဆွဲထူဖို့ လက်မောင်းလေးကို ဆုပ်ကိုင်လျှင် –

"ဟင့် ဟင့် ဟင့်၊ ဖယ်၊ လာမထိနဲ့၊ ရှင်ဖြစ်စေချင်တာ အဲသလိုပဲ မဟုတ်လား"

"မ မဟုတ်ရပါဘူး နှင်းလေးရယ်၊ ဥမ္မာကလေ"

"မပြောနဲ့၊ ဘယ်သူမှ လာမပြောနဲ့၊ သွား သွားကြ၊ နှင်းနားကို မလာနဲ့၊ နှင်းကို မပြောနဲ့၊ ဟင့် ဟင့် ဟင့်"

ဥမ္မာ့ခမျာ နှင်းတွန်းဖယ်တဲ့အခါ စိတ်မကောင်းခြင်းကြီးစွာ နောက်ဆုတ်ရလေသည်။

"ဥမ္မာ၊ မင်း နောက်ဆုတ်နေစမ်းပါ"

အခန်းတံခါး ရုတ်ခြည်းပွင့်လာပြီး ဒယ်ဒီ့အမိန့်ပေးသံ ဟိန်းခနဲ ခုန်ထွက်လာပြန်သည်။ နှင်း ဘာကိုမှ မကြားလိုတော့ပါ။ ဘာကိုမှလည်း



www.burmeseclassic.com

www.burmeseclassic.com



မမြင်လိုတော့ပါ။

လက်နှစ်ဖက်နဲ့ နားကို ပိတ်ကာ မျက်လုံးကို စုံမှိတ်ထားလေတော့သည်။

မာမီရယ် နှင်းအဖြစ်ကို လာကြည့်လှည့်ပါ။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿



အခန်း (၅)

"တီးတောင် တီးတောင်"

ခြံဝရှိ ခေါင်းလောင်းလေးကို ပန်းနှင်းဆီ အဆက်မပြတ်လှုပ်ခါလိုက်လေသည်။ ထိုအခါ အုတ်ရောင်ဝါဝင်းနေသော နှစ်ထပ်တိုက်ကြီးမှ မျက်မှန်တပ်ထားတဲ့ အန်တီကြီးတစ်ယောက် ထွက်လာသည်။

ရယ်ဒီမိတ်အင်္ကျီ လက်တိုနဲ့ ပါတိတ်ထဘီ တွဲဝတ်ထားတဲ့ အန်တီကြီးပုံစံက ဘယ်သူ့ကိုမဆို ရင်းနှီးနှစ်လိုဖွယ်နှင့် ဖော်ဖော်ရွေရွေရှိကာ ဆံပင်ကို အပွင့်ပုံပေါ်အောင် ကောက်ထားပေမယ့် နောက်တက်မှာ စည်းနှောင်ထားသဖြင့် မျက်နှာလေးက ရှင်းလင်းနေသည်။

အနားရောက်လာမှ မျက်နှာမှာ မိတ်ကပ်ပါးပါးလိမ်းထားပြီး



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းဆိုးဆေးအရောင်ဖျော့ဖျော့လေး ဆိုးထားမှန်းသိသာသည်။

ပန်းနှင်းဆီကိုလည်း အန်တီကြီး စူးစမ်းတဲ့မျက်လုံးနဲ့ ကြည့်၍ –

"ဘာကိစ္စလဲ သမီး"

လို့ ဖော်ဖော်ရွေရွေ မေးသည်။ နှင်းက သွက်လက်စွာပင် –

"တိုက်ပုလေး ငှားမလို့ဆို၊ ကြော်ငြာထားတာ တွေ့လို့"

"အေး ဟုတ်တယ် သမီးရဲ့၊ သမီး ငှားချင်လို့လား"

"ဟုတ်ကဲ့"

"ခဏလေးနော် သမီး၊ ခြံသော့သွားယူလိုက်မယ်"

အန်တီကြီး ကျောခိုင်းသွားပြန်သည်။ တိုက်ထဲဝင်ပြီး ခြံသော့ ပြန်ယူပါသည်။ အဲဒီနောက် နှင်းကို ခြံတံခါးသော့ဖွင့်ပေး၏။

"လာ သမီး"

နှင်း ခေါင်းလေးဆတ်ကာ ခြံထဲလှမ်းဝင်ပါသည်။ အန်တီကြီးက ခြံတံခါးသော့ ပြန်ခတ်ကာ –

"အန်တီ့နာမည်လည်း မှတ်ထားဦး၊ ထားထားနွယ်တဲ့၊ အားလုံး က အန်တီထား ခေါ်ကြတယ်၊ သမီးနာမည်ကရော"

"ပန်းနှင်းဆီပါ အန်တီ၊ နှင်းလို့လည်းခေါ်တယ်"

"ဩော် နှင်းတဲ့လား၊ အေးချမ်းသဘောဆောင်တယ်နော်၊ ပြီး တော့ ချစ်စရာလည်း ကောင်းတယ်၊ ပန်းနှင်းဆီတဲ့၊ ကဗျာဆန်တယ်





လို့လည်း ပြောလို့ရတယ်၊ ဟင့် ဟင့် ဟင့်"

အန်တီထား သဘောတကျပြောရင်း တိုက်ဆီ ဦးဆောင်ခေါ် သွားသည်။ နှင်း အနောက်က လိုက်ပါသွားရင်း နှင်းရင်ထဲမှာ မကောင်း စွာ ခံစားရလေသည်။

အေးချမ်းတဲ့သဘောဆောင်တယ်တဲ့၊ ပြီးတော့ ချစ်စရာကောင်း သတဲ့၊ ကဗျာဆန်သတဲ့။

ဟုတ်ရဲ့လားလို့ တစ်ကိုယ်တည်း ပြန်မေးမိ၏။

ခုချိန်မှာ နှင်းဖြစ်ပေမယ့် မအေးချမ်းတာ ကိုယ်တိုင်သိသည်။ ပါးပြင်ပေါ်က လက်ဖဝါးရာက ချစ်စရာကောင်းမနေဘူးလေ။ ပြီးတော့ နှင်းဘဝက ကဗျာဆန်ဖွယ်လည်း မကောင်းပါ။ ဒါတွေကို အန်တီထား မသိလို့ပါကွယ်။

"တိုက်ထဲ ခဏဝင်ထိုင်ဦး"

"ရတယ် အန်တီထား၊ ငှားမယ့်တိုက်ပုလေးကို တစ်ခါတည်း ကြည့်လို့ရရင် ကြည့်ချင်တယ်၊ စိတ်ကြိုက်ဖြစ်ရင် တစ်ပါတည်း ငှားလိုက် ချင်တယ်"

"အို သမီးက နေစရာ အခက်အခဲရှိလို့ထင်တယ်"

"ဆိုပါတော့"

အန်တီထားမေးတာကို နှင်း အဆင်ပြေသလို ဖြေမိ၏။ ထင်ချင် သလို ထင်စေတော့။ ခုချိန်မှာ နှင်းတစ်ကိုယ်တည်း လွတ်လွတ်ကင်းကင်း



www.burmeseclassic.com

www.burmeseclassic.com



နေချင်စိတ်ပဲ ရှိသည်။ ဒါကြောင့် အဆောင်တွေ ဘာတွေ လိုက်မငှားပါ။

တိုက်ပုသေးသေးလေးဆိုရင် နှင်းတစ်ယောက်တည်းအတွက် လွတ်လပ်မယ်၊ နားအေးပါးအေး ရှိမယ်။ တစ်ထပ်တိုက်ငယ်လေး ငှားရန် ရှိတယ်လို့ ကြော်ငြာတွေ့တာနဲ့ လိပ်စာအတိုင်း နှင်းတစ်ကိုယ်တည်း ချက်ချင်းလာခဲ့တာလေ။

"လာ နှင်း"

"ဟုတ်"

နှစ်ထပ်တိုက်ကြီးရဲ့ ညာဘက်က အဝါအနီနဲ့ အပြာ သုံးရောင် ဆေးသုတ်ထားတဲ့ တိုက်ကလေးရယ်။

အန်တီထားက ဆင်ဝင်အောက်ရှိ တိုက်အဝင်အဝ ကျွန်းတံခါး ကို တွန်းဖွင့်လျှင် တိုက်သစ်ရနံ့က မွှေးပျံ့စွာ ကြိုဆိုသည်။ ဆယ့်ငါးပေ နဲ့ ပေလေးဆေယ်လောက်ရှည်တဲ့ တိုက်ငယ်လေးက ချစ်စရာကောင်းလှ သည်။ အရောင်တွေ တောက်နေသည်က နှင်းအတွက် ခွန်အားတစ်မျိုး တိုးသလို ခံစားရလေသည်။

ညှော်ခန်းက ပြောင်ရှင်းနေသည်။ ခန်းဆီးနံရံက ခရမ်းရောင် တောက်ပလျက် အိပ်ခန်းဖွဲ့ထားတာ ကျယ်ဝန်းသည်။ ပြီးတော့ ထမင်း စားခန်း၊ မီးဖိုခန်းနဲ့ ရေချိုးခန်းအိမ်သာက တစ်ဖက်တစ်ချက်စီ။

"ဒီတိုက်ပုလေးကို အန်တီထားတူပေ့ါ ဘာစိတ်ကူးနဲ့မှန်း မသိ ဘူး၊ ဆောက်ထားတာလေ၊ ပိုနေတာပေ့ါ၊ အဲဒါနဲ့ အန်တီထား အဖော်





ရအောင် လူငှားတင်ပါလားဆိုတာနဲ့ ငှားဖို့ကြော်ငြာမိတာ"

"ဒါဆို တစ်ခါမှ လူငှားမတင်ရသေးဘူးပေ့ါ"

"ဟုတ်တယ် နှင်းရဲ့၊ ကြော်ငြာထည့်ပြီးကတည်းက နှင်းလာ မေးတာ ပထမဆုံးပဲ၊ ကြိုက်ရဲ့လား နှင်း"

နှင်း မဆိုင်းမတွ ခေါင်းညိတ်၏။

"ကြိုက်တယ် အန်တီထားရဲ့၊ တစ်ယောက်တည်း လွတ်လွတ် လပ်လပ်နေဖို့ အတော်ပဲ၊ လခ ဘယ်လောက်လဲ၊ စပေါ်တင်ရဦးမလား"

အန်တီထားက ပြုံး၍ –

"ရပါတယ် နှင်းရယ်၊ စပေါ်တွေ ဘာတွေ မတင်ပါနဲ့၊ နှင်း ကြိုက်တယ်ဆိုရင် နေကြည့်၊ လခလည်း ပိုမယူပါဘူး၊ အဓိက အန်တီ ထား အဖော်ရဖို့ပဲလေ၊ အန်တီထားက တိုက်ကြီးမှာ တစ်ယောက်တည်း နေတာဆိုတော့ အဖော်လိုတဲ့သဘောနဲ့ လူငှားတင်ကြည့်တာပါ"

"ကျေးဇူးတင်ပါတယ် အန်တီထား။ နှင်း ဒီနေ့ကစ နေပါမယ်၊ ခြောက်လ ဒါမှမဟုတ် တစ်နှစ်"

"အို ရပါတယ်၊ နှင်း ပျော်သလောက် ငှားနေလေ"

အန်တီထား လိုလိုလားလားပြောတော့ နှင်း ကျေနပ်လို့သွား သည်။ ခြောက်လစာ ကြိုပေးပြီး ထိုတိုက်ပုလေးကို နှင်း သဘောကျစွာ ငှားလိုက်လေသည်။

တိုက်ပုလေးမှာ သုတ်လိမ်းထားတဲ့ ဆေးရောင်တောက်တောက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးများလို နှင်းဘဝအတွက် ရဲရဲတောက် ရင်ဆိုင်လျှောက်လှမ်းပါတော့မယ် ဒယ်ဒီ။

ရှေ့ဆက် နှင်းကြောင့် ဒယ်ဒီ စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး။

နှင်း တိုက်ပုလေးကို ရှေ့ကမေးကြည့်ရင်း ပါးပြင်နုနုလေးကို ပွတ်သပ်ရင်း ဝမ်းနည်းသလို ရေရွတ်မိပါသည်။

ဒါပေမဲ့ အားမာန်ကတော့ ရဲရင့်စွာ။

✿ ✿ ✿



## အခန်း (၈)

"ကိုကို ဟိုလေ ဟို"

"ဘာလဲကွ တဟိုဟိုနဲ့"

ဦးဇော်လင်းထွန်း သမီးဖြစ်သူကို လက်ပါခြေပါ ရိုက်ပုတ်မိကတည်းက စိတ်ထဲမှာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်လို့နေသည်။

ကားပေါ်ကဆင်းပြီး တိုက်ထဲလှမ်းဝင်ရုံရှိသေးတယ်။ ဥမ္မာက မပြောရဲသလို ပြောရဲသလိုလို၊ တဟိုဟိုနဲ့ မျက်နှာပျက်နေလျှင် ဦးဇော်လင်းထွန်း စိတ်မရှည်နိုင်တော့ပါ။

ဟောက်သလိုလို မေးလိုက်တော့ ဥမ္မာ ကိုယ်ရှိန်သတ်ကာ မျက်လွှာချလေသည်။ မဝံ့မရဲလည်း ပြောပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ၊ နှင်းလေး ကိုကို့သမီး"

"ဘာပြဿနာ ရှာပြန်ပြီလဲ၊ မင်းကရော ဘာသွားပြောလဲ"

"ကိုကိုရယ်၊ ဥမ္မာ ဘာမှမပြောပါဘူး။ နှင်းလေး မနက်ကတည်းက အပြင်ထွက်သွားတာ ခုချိန်ထိ ပြန် ပြန်မရောက်သေးလို့"

"ဘာ"

ဦးဇော်လင်းထွန်း ခေါင်းထဲမှာ မီးတောက်တစ်ခု ထွန်းလင်းသွား၏။ လက်ကောက်ဝတ်က နာရီကို ချက်ချင်း မြှောက်ကြည့်တော့ ည ကိုးနာရီ။

"ဟာ ဘယ်အချိန်တောင် ရှိနေပြီလဲ၊ ကြည့်စမ်း။ ညကိုးနာရီ ထိုးနေပြီကွ"

"ဟုတ်ပါတယ်၊ ကိုကို့ကို ဥမ္မာ ဖုန်းဆက်ပြောမလို့ပါပဲ၊ ကိုကို ရောက်လာတာနဲ့"

"ကျွတ်၊ မင်း အစကတည်းက ပြောရမှာလေ၊ နေပါဦး၊ ဒီ အချိန်ထိ ပြန်မလာရအောင် ဘယ်တွေသွားနေလဲ၊ ထွက်သွားတုန်းက ဘယ်သွားမယ် ပြောသွားလဲ"

"ဘာမှ ပြောမသွားဘူးကိုကို"

"မင်း မမေးဘူးလား"

"မေးရင်လည်း"

ဒေါ်ဥမ္မာလင်း စကားရှေ့မဆက်တော့ပါ။ မေးရင်လည်း ပြဿ





နာတက်မယ်၊ မမေးတော့လည်း အပြစ်က မလွတ်ချင်ချင်။

သားသမီးရှိတဲ့ ဖအေကို ယူထားရတဲ့ မိန်းမသားဘဝက ဘယ်ဘက်ကမှ မလွတ်ကင်းတဲ့အဖြစ်။

ဥမ္မာလင်း စကားစဖြတ်ထားလိုက်တော့ ဦးဇော်လင်းထွန်း သဘောပေါက်သလိုရှိနှင့်သည်။

သမီးကြောင့် ရင်ပူတာတွေနောက်မှာ ဇနီးသည် ဆွဲယူတဲ့ လက်ဆွဲသားရေအိတ်ကို လှတ်ပေးလိုက်ပြီး ခါးကြားကလက်ကိုင်ဖုန်း ထုတ်၏။

၀၉၄၉၈၀၅၇၁၀

သမီးဖုန်းနံပါတ်ကို ချက်ချင်းနှိပ်သည်။ ခေါ်ဆို၍မရနိုင်ပါလို့ အကြောင်းပြန်လျှင် ဦးဇော်လင်းထွန်း ပို၍ပင် နေမထိထိုင်မသာ ဖြစ်လို့ သွားသည်။ ရင်ထဲ ပူလောင်တာလည်း ပါတာပေါ့။ သမီးက တစ်ခါမှ ညအချိန် အပြင်မှာ အချိန်ဖြုန်းတာမျိုး မရှိဘူးလေ။

ဦးဇော်လင်းထွန်း သိတာပေါ့၊ ဒါကြောင့် ချက်ချင်း သမီးစံပယ် ဆီ ခေါ်သည်။ ဖုန်း တန်းခနဲ ဝင်တာနဲ့ -

"သမီးစံပယ် ဒယ်ဒီပါ"

"ပြောပါ ဒယ်ဒီ"

"သမီးလေးနှင်း ခုချိန်ထိ ပြန်မလာသေးဘူး။ စံပယ့်ဆီ ရောက် နေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ဒယ်ဒီ၊ ရောက်မလာဘူး"

"ပြဿနာပဲ၊ နေဦး၊ သားဆီ ရောက်နေလားမသိဘူး၊ ဒယ်ဒီ သားဆီ ဆက်ဦးမယ်"

ဦးဇော်လင်းထွန်း ချက်ချင်းပဲ သားဆီ ဖုန်းဆက်ပြန်သည်။ သား ပြန်ပြောသည်က –

"မလာဘူး ဒယ်ဒီ၊ ဘာဖြစ်လို့လဲ၊ ဒယ်ဒီနဲ့ စကားများကြသေးလို့လား"

သားက ဘာညာပြန်မေးနေတော့ ဦးဇော်လင်းထွန်း ရှင်းပြဖို့ အချိန်မရတော့ပါ။

"သားဆီရောက်မလာရင် ဘယ်သွားနေလဲ မသိဘူး၊ သား တစ်ချက်ထွက်ရှာစမ်း။ သားညီမ သွားတတ်တဲ့နေရာတွေ၊ သမီးသူငယ် ချင်းတွေဆီ ဒယ်ဒီ ဖုန်းဆက်ဦးမယ်"

ဦးဇော်လင်းထွန်း ညည်းခန်းထဲပင် မဝင်နိုင်တော့ပါ။ ပေါ်တီကို အောက်မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဖုန်းနံပါတ် တစ်ခုပြီးတစ်ခု နှိပ်မေးလေသည်။ သမီးသူငယ်ချင်းတွေဖြစ်တဲ့ အလင်းစံ၊ သီရိစံ၊ သရဖူစိုး တစ်ယောက်မကျန် မေးပေမယ့် –

"ရောက်မလာပါဘူး။ နှင်း ကျောင်းလည်း ဒီနေ့မတက်ဘူး"

လို့ တညီတညွတ်တည်း အကြောင်းပြန်လျှင် ဦးဇော်မင်းထွန်း ပိုလို့ တောင် ရင်ပူသွားသည်။





ထိုစဉ် နေဝန်း အပြင်က ပြန်ရောက်လာသည်မို့ နေဝန်းကား လေး ပေါ်တီကိုအောက် မရပ်သေးခင် ဆီးမေး၏။

"သမီးကို အပြင်မှာ တွေ့မိသေးလား"

"မတွေ့ဘူး အန်ကယ်"

"မတွေ့ရင် တွေ့အောင်လိုက်ရှာစမ်းကွာ"

နေဝန်း ဘာမှ ပြန်မပြောသာ။ ကားကို ပြန်မောင်းထွက်သွား သည်က ဦးဇော်လင်းထွန်းအမိန့်ပေးတဲ့အတိုင်း ပန်းနှင်းဆီကို ရှာဖို့ ဖြစ်သည်။

ဦးဇော်လင်းထွန်းလည်း သမီး သွားတတ်လာတတ်တဲ့နေရာတွေ ဆီ သွားပြီးရှာသလို မင်းမျိုးထွန်းနဲ့ ပန်းစံပယ်လည်း ရှာဖွေကြပါ၏။

သို့သော် အချိန်သာကုန်သွားသည်။

ပန်းနှင်းဆီကို ရှာမတွေ့ရတော့။ တစ်ယောက်မျက်နှာ တစ် ယောက် အပြစ်မကင်းစွာ ကြည့်မိလျက်။

စိတ်ထိခိုက်သလို၊ ဝမ်းနည်း..လည်းပါသည်။

စိတ်လိုက်မာန်ပါ လုပ်သွားတဲ့ ပန်းနှင်းဆီအပေါ်လည်း ဒေါသ ထွက်ရကောင်းနိုးနိုး၊ ဘာနိုးနိုးနဲ့။

ဦးဇော်လင်းထွန်း၊ ဥမ္မာလင်း၊ နေဝန်းနဲ့ မင်းမျိုးထွန်းတို့ မောင် နှမနှစ်ယောက် မျက်နှာအပျက်ပျက်နဲ့ ယွဲ့ထားကြကာ ဘယ်သူ့ကို အပြစ် တင်ရကောင်းမှန်း မသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ညီမငယ်ရယ် –

ဘာကြောင့် ဒယ်ဒီနဲ့မောင်နမတစ်တွေ စိတ်ထိခိုက်အောင် လုပ်ရတာလဲကွာ။

✿ ✿ ✿



## အခန်း (၉)

"နှင်း သမီးနှင်းလေး"

ခေါ်သံက ချိုသာကာ ကြင်နာသံလေးများရောပြီး နှင်းနားထဲ ဝင်လာသည်က နှစ်သက်ဖွယ် ကောင်းလှသည်။

"နှင်းလေး"

ထိုခေါ်သံကို ထပ်ဆင့်ကြားရပြန်ပြီ။ နှင်းအာရုံထဲ ဝဲပျံနေတာက အိပ်မက်လေလား။ တကယ်လေလား။ မာမီ့ခေါ်သံလို ချိုသာလှစွာ။ လှိုက်လှဲသော ချစ်မြတ်နိုးခြင်းတွေနဲ့မှန်း သိနေတော့ အိပ်မက်ဟုလည်း ထင်လေသည်။

နှင်းကို မာမီ စိုးရိမ်နေလို့လားကွယ်။ သတိရတယ်မာမီရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအချိန်မှာ မာမီသာရှိနေရင် နှင်းလေ မာမို့ရင်ခွင်ထဲ ပြေးဝင်ရင်း မာမီလို့ တပ်မက်စွာ ခေါ်လိုက်မှာပါ။

ခုတော့ အိပ်မက်မဟုတ်မှန်း သိသာနေသည်။

မျက်လုံးကို စုံမှိတ်လိုက်လျှင် ရှူရှိုက်မိတဲ့ လေထုထဲမှာ ဆေးနံ့နဲ့ တိုက်သစ်ရနံ့တွေ ရောပါလာမှ ပန်းနှင်းဆီ အရာရာကို သတိထားမိလေပြီး –

"နှင်းလေး"

"ဒေါက် ဒေါက်"

ခေါ်သံနဲ့အတူ တံခါးခေါက်သံ ဆက်တိုက်ကြားရလေသည်။ ဒီတော့မှ အန်တီထားအသံမှန်း ကျက်မိ၏။

"လာပြီ အန်တီထား"

နှင်း မွေ့ရာထဲက ရုန်းထကာ အသံပြုလိုက်၏။

"နိုးပြီလားနှင်းလေး၊ ဒီမှာ နှင်းလေးအတွက် မနက်စာ လာပို့တာကွဲ့"

"အို၊ အန်တီထားရယ်"

နှင်း အရမ်းအားနာသွားသည်။ အိပ်ခန်းတံခါးကို ကမန်းကတန်း ဆွဲဖွင့်ပြီး အန်တီထားခေါက်နေတဲ့ တိုက်ရှေ့ဝင်ပေါက်တံခါးဆီ ပြေးသွားပြီး ချက်ဖြုတ်ကာ တံခါးဖွင့်သည်။

ရွှင်ပြုံးသောမျက်နှာလေးနှင့် ကော်ဖီမှန် အသင့်ထားတဲ့ စား





စရာငွေရောင်ဗန်းလေးကို ပင့်ကိုင်ထားတဲ့ အန်တီထားရယ်။

"အိပ်ရေးပျက်သွားလား နှင်းလေး"

အန်တီထား ဦးစွာမေးသည်က နှင်းကို ပို၍ပင် အားတုံ့အားနာ ဖြစ်သွားစေသည်။

"နှင်း နိုးနေပါပြီ အန်တီ့ထားရယ်၊ အိပ်ရာထဲက မထသေးတာပါ"

"အခု ထရပြီ မဟုတ်လား၊ အန်တီထားနိုးလို့"

"ဟုတ်"

နှင်း ခေါင်းလေးညိတ်တော့ အန်တီထားက ပြုံး၏။

"ကဲ မျက်နှာလေးဘာလေးသစ်၊ ပြီးရင် မနက်စာ စားချေ"

အစားအသောက်ဗန်းလေးကို ထိုးပေးရင်း အန်တီထားဆိုလျှင်

"အန်တီထားရယ်၊ နှင်း အားနာလိုက်တာ"

နှင်း ပြောရင်း အစားအသောက်ဗန်းလေး ကိုင်မိပါသည်။ အန်တီက အိပ်ရာထစမို့ မှိုနေတဲ့ နှင်းမျက်နှာပြည့်ပြည့်လေးကို ကြည့်လျက် –

"ရပါတယ်ကွယ်၊ နှင်းလေးက စားသောက်စရာနဲ့ အသုံးအဆောင်ပစ္စလေးတွေ ဘာမှ ပြည့်ပြည့်စုံစုံ မဝယ်မခြမ်းရသေးဘူး မဟုတ်လား၊ ဒါကြောင့် အန်တီထား လာပို့တာ"

"အန်တီထား အလုပ်များသွားပြီပေါ့လို့"



www.burmeseclassic.com

www.burmeseclassic.com



"မများပါဘူး နှင်းရယ်၊ အန်တီထားတို့တူကြီးအတွက် အန်တီထား စီစဉ်နေကျပါ၊ နှင်းတစ်ယောက်စာ ပိုလုပ်ရလို့ ဘာမှမထူးပါဘူး၊ ကဲ သမီး စားနှင့်တော့၊ အန်တီထားတို့ မနက်စာ စားဦးမယ်"

"ဟုတ်"

အန်တီထား ထွက်သွားတော့ နှင်းရင်မှာ ကြည်နူးသွားပါသည်။ ထို့ပြင် မာမီ့ကို သတိရစိတ်နဲ့လည်း ဝမ်းနည်းလာကာ စားသောက်စရာ ဗန်းလေးကို ပင့်ကိုင်ထားရင်း ဆွေးငေးလို့ သွားသည်။ မာမီကျန်းမာရေး ကောင်းစဉ်ကဆို နှင်းကို ဂရုတစိုက်ရှိလှသည် မဟုတ်လား။

မနက်စာဆို အသင့်ပဲ။ နှင်းကြိုက်နှစ်သက်တဲ့ အစားအစာတွေကို တစ်နေ့တစ်မျိုး မရိုးနိုင်အောင် ပြင်ဆင်ပြီး ကျွေးနေကျ။

အန်တီထားက အလိုက်တသိလေး လုပ်ပေးလာတော့ စိတ်ထဲမှာ ဝမ်းနည်းဝမ်းသာ ဖြစ်ရတာပေါ့။

တကယ်လည်း နှင်းဆီမှာ စားစရာနဲ့ အသုံးအဆောင် ပြည့်စုံစွာ မဝယ်ရသေးပါ။ အရေးပေါ်လိုအပ်တဲ့ အိပ်ရာနဲ့ အဝတ်အထည်တချို့ပဲ ဝယ်ရသေးသည်။ အစားအသောက်က ဆိုင်မှာပဲ စားဖြစ်ခဲ့သည်။

ဒီနေ့မှ မီးဖိုဆောင်အတွက် လိုအပ်တဲ့ပစ္စည်းပစ္စယတွေ ဝယ်မယ်လို့ စိတ်ကူးထား၏။

ခုတော့ နှင်း အိပ်ရာကထတာနဲ့ စားသောက်ဖို့ အဆင်သင့်လုပ်ပြီး ကိုယ်တိုင်လာပို့တာက ကျေးဇူးတင်စရာကောင်းလှသည်။ အားနာ





လှပေမယ့် နှင်း ဘာမှမတတ်နိုင်။

အငွေ့တထောင်းထောင်းထနေတဲ့ နို့ကော်ဖီခွက်ကို အဖုံးလေး ဖွင့်ကြည့်ရင်း နှင်း သဘောကျသွားသည်။ အငွေ့မသေအောင် အဖုံးလေး ပြန်အုပ်၍ စားဗန်းလေးကို အိပ်ခန်းထဲရှိ စားပွဲခုံလွတ်မှာ တင်ထားလိုက်သည်။ ပြီးနောက် သွားတိုက်၊ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်မှုကို သွက်သွက်ကလေး ပြု၏။

အန်တီထား ကြော်ပေးတဲ့ ကြက်ဥထမင်းကြော်လေးနဲ့ ပူတင်းကိတ်၊ နို့ကော်ဖီတစ်ခွက်ကို မြိန်ရှက်စွာ စားသောက်လျက်။

စားသောက်ပြီးသွားတော့ ဆေးကြောကာ ညအိပ်ဝတ်ထားတာမို့ ကြေတွန့်နေတဲ့ ချည်ကွက်ဂါဝန်ကို အသစ်ဝယ်ထားတဲ့ နောက်ထပ် ချည်ကွက်ဂါဝန်တစ်ထည်နဲ့ လဲဝတ်၏။ အစားအသောက် ကိုယ်တိုင် လာပို့သွားတဲ့ အန်တီထား။ တော်ကြာ ကိုယ်တိုင်လာယူနေရင် ပိုပြီး အားနာစရာကောင်းနေမည်။

ဒါကြောင့် နှင်းကိုယ်တိုင် အန်တီထားကို သွားပို့မယ်လို့ စိတ်ကူးတဲ့အတိုင်း အဝတ်လဲပြီးသည်နှင့် ဆေးကြောပြီးတဲ့ဗန်းလေးကို ပင့်ကိုင်ပြီး တိုက်ကြီးဆီ ကူးလာသည်။

အုတ်ရောင်ဝင်းမှည့်နေတဲ့ အန်တီထားတို့နေတဲ့ တိုက်ကြီးက နှင်းတို့တိုက်ကြီးလိုပဲ ခမ်းနားထည်ဝါလှသည်။ ဧည့်ခန်းကျယ်ကြီးက နှင်းတို့ဧည့်ခန်းလို ခေတ်မီ ဆိုဖာဆက်တီတွေနဲ့ နံရံကပ်ပန်းချီတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ချိတ်ထားတာမို့ ခန့်ညားပေသည်။

"အန်တီထား"

ညေ့ခန်းထဲလှမ်းဝင်ရင်း နှင်း ခေါ်မိသည်။ တစ်ခါဖူးမှ ဒီတိုက်ထဲ နှင်း ဝင်ဖူးတာမဟုတ်တော့ ရှေ့ဆက်ဝင်သွားဖို့ စိတ်မရဲပါ။ ဒါကြောင့် အသံပေးသလို ခေါ်လိုက်ခြင်းရယ်။

ထိုအခါ ရွှေရောင်ဖျော့ဖျော့လေးမှာ အရိပ်ပွင့်ကလေးများပါသော လိုက်ကာစ အိအိကလေးကို ဖယ်ရင်း ထွက်လာသူ။

"ဟင်"

နှင်းထင်သလို အန်တီထားမဟုတ်။ ထိုသူကလည်း နှင်းကို တအံ့တသြဖြစ်ပြီး နှုတ်ခမ်းလွှာလေး ပွင့်ဟလျက်သားနဲ့ ကြည့်ကာ။ နှစ်ယောက်သား ဆုံသွားတဲ့အကြည့်နောက်မှာ တိတ်ဆိတ်ငြိမ်သက်၏။ နှာတံပေါ်ပေါ် မျက်အိမ်ကျယ်ကျယ်ပေါ်က ထိဆက်လှမတတ် ဖြစ်သော မျက်ခုံးနက်နက် နှစ်သွယ်၊ ပိရိသေသပ်သော နှုတ်ခမ်းနဲ့ သွယ်လျသော မျက်နှာပေါ်မှ စူးစိုက်ကြည့်တတ်တဲ့ မျက်ဝန်းအစုံ။

နေပါဦး။ ဒီမျက်နှာမျိုး နှင်း မြင်ဖူးသလိုရှိ၏။

စိုက်ကြည့်ရင်း နှင်း စဉ်းစားမိရုံ ရှိသေးတယ်။ ဖျတ်ခနဲ အသိဝင်လာလေသည်။ ဟုတ်ပြီ။ နှင်း စိတ်တွေ ပေါက်ကွဲတုန်းက ခြေဦးတည့်ရာ လျှောက်သွားနေတုန်း ကားတိုက်မလို ဖြစ်ဖူးတယ်လေ။ အဲဒီတုန်းက ကားပေါ်ကနေ နှင်းကို ဆီးပြောတဲ့သူ။





"ဟော့ သေချင်လို့လားတဲ့"

နှင်းကလည်း အရွဲ့စကားနဲ့ ပြန်ပြောခဲ့တာ သူ့ကိုလေ။ သူက လည်း စိုက်ကြည့်နေရင်း နှင်းကို မှတ်မိသွားဟန်တူသည်။

"မင်းကိုး" တဲ့။

"ဟုတ်တယ် ဘာဖြစ်လဲ"

နှင်း ပက်ခနဲ ပြန်ပြောလိုက်တော့ မလွယ်ပါလားလို့ သူ့ပခုံးနှစ်ဖက်တွန့်ကာ ညေ့ခန်းထဲ ဝင်လာသည်။

"အန်တီထားကော"

"ရှိတယ်၊ မီးဖိုခန်းထဲမှာ"

ခေါ်ပေးမယ်လည်း မပြောဘဲ မီးဖိုခန်းထဲမှာလို့ ပြောတာက ဝင်သွားလို့ပြောတဲ့သဘော ဆောင်နေသည်။

သူက ပုံမှန်ပင်။ ဘာမှ မပြောင်းလဲဟန်နှင့် ဆိုဖာမှာ ဝင်ထိုင်ကာ။ နှင်း မျက်နှာလေးမော့ပြီး မီးဖိုခန်းထဲဝင်သွားဖို့ ခြေလှမ်းပြင်တော့

"တိုက်ပုလေးငှားနေတာ မင်းလား" တဲ့။

"ဟုတ်တယ်၊ မင်း မဟုတ်ဘူး၊ နှင်း"

နှင်း ဆတ်ဆတ်ကလေးပြောတော့ သူက မျက်ခုံးလေးပင့်ကာ ပြုံးတော့မလိုလိုနဲ့။ နှင်း မျက်စောင်းရင့်ရင့်ထိုးလိုက်တော့ –

"ကိုယ်မှတ်ထားပါ့မယ်၊ နှင်း ဟုတ်ပြီနော်"

"ပန်းနှင်းဆီ၊ ရှင်းပြီလား"



www.burmeseclassic.com

www.burmeseclassic.com



နှင်း ဆိုးဆိုးဆတ်ဆတ်ပြောပြီး သူ့ကိုကျောခိုင်းခဲ့သည်။ သူကတော့ ပြုံးနေမလား၊ မဲ့နေမလား၊ မခိုးမခန့်ကြည့်နေမလား။ နှင်း မသိချင်တော့ပါ။ လိုက်ကာစလေး သိမ်းဖယ်ပြီး မီးဖိုခန်းဆီ ဦးတည်ခဲ့၏။

"အန်တီထား"

နှင်းခေါ်သံလေးကြားတော့ ဒေါ်ထားထားနွယ် ခေါင်းလေး ထောင်သွားသည်။ ဘေစင်မှာ ပန်းကန်ခွက်ယောက်တွေ ဆေးကြောနေရာမှ အသံပေး၏။

"ရှိတယ် သမီးနှင်း"

နှင်း ညှော်ခန်းနောက်က အခန်းကျယ်နှစ်ခန်းကို ဖြတ်ဝင်လာတော့ ထမင်းစားခန်းဝရောက်လာသည်။

"လာလေ နှင်း၊ စားရသောက်ရ အဆင်ပြေရဲ့လား"

ထမင်းစားခန်းဝရောက်လာတဲ့ နှင်းကို ဒေါ်ထားထားနွယ် ပြုံးရွှင်စွာပဲ ဆီးကြိုမေးသည်။ နှင်းက ခေါင်းလေးဆတ်ပြီး –

"အဆင်ပြေပါတယ် အန်တီထားရယ်"

"ဟွန်း အဆင်ပြေတယ်သာ ဆိုတယ်၊ နှင်းကြည့်ရတာ တစ်မျိုးဖြစ်နေပုံပဲ"

ဒေါ်ထားထားနွယ် ဘေစင်နားက ခွာသည်။ နှင်းလက်ထဲက ဆေးကြောပြီးတဲ့ပန်းကို ပြန်ဆွဲယူရင်း မေး၏။

နှင်းက နှုတ်ခမ်းလေးဆူ၍ –





"ညှော်ခန်းထဲမှာ တစ်ယောက်နဲ့တွေ့တယ်၊ သူက ဘယ်သူလဲ"

"သြော် ကိုကြီးနဲ့တွေ့တာဖြစ်မယ်၊ ဘာဖြစ်လို့လဲ နှင်း၊ ကိုကြီးက နှင်းကို ဘာပြောလို့လဲ"

"ဘာမှမပြောပါဘူး"

"မဖြစ်နိုင်ပါဘူး၊ တစ်ခုခုပြောလိုက်တာဖြစ်မယ်၊ ဟုတ်လား၊ နှင်း၊ အန်တီထားကို ပြောလေ၊ အားမနာပါနဲ့"

ဒေါ်ထားထားနွယ် အားတုံ့အားနာ မေးရလေသည်။ အန်တီထား စိတ်အားထက်သန်စွာ မေးလေ၊ နှင်း နှုတ်ခမ်းစူလျက်။

"အားမနာပါဘူး၊ အမြင်ကတ်လို့"

"အလိုလေး"

ဒေါ်ထားထားနွယ် မျက်လုံးလေးပြူးရချေသည်။

"အန်တီထားကို နှင်း ကျေးဇူးတင်ပါတယ်၊ မနက်စာပို့ပေးတဲ့ အတွက်လေ၊ ဒါပဲ အန်တီထား"

နှင်း ဒါပဲ ပြောကာ လှည့်ထွက်ခဲ့လေသည်။

"ဟဲ့ နှင်းလေး နေဦးလေ"

ဒေါ်ထားထားနွယ် ဟန့်သော်လည်း မရ။ ဆိုးဆိုးဆတ်ဆတ်လေး ထွက်သွားတဲ့ နှင်းလေးကို နားလည်သလိုကြည့်ရင်း လက်ထဲကကိုင်ထားတဲ့ ပန်းကို ထမင်းစားပွဲပေါ်တင်ပြီး နောက်ကလိုက်ထွက်ခဲ့သည်က စိတ်ပူစွာ။



www.burmeseclassic.com

www.burmeseclassic.com



တူကြီးက ဘာညာတစ်ခုခုကို မချေမင်များ ပြောလိုက်သလား ဆိုတဲ့အတွေးနဲ့ပါ။

ညွှန်ခန်းလိုက်ကာစလေး အသာလှပ်ပြီး အကဲခတ်သလို ဒေါ်ထားထားနွယ် ချောင်းကြည့်တော့ –

"ပြန်တော့မလို့လား ပန်းနှင်းဆီ"

တူကြီးက ပုံမှန်အတိုင်း မေးသော်လည်း နှင်းက ခပ်ဆတ်ဆတ်နဲ့ရယ်။

"ပြန်မယ်၊ ဘာဖြစ်လဲလို့"

ရန်စောင်သလိုလေးပြောပြီး ထွက်သွားချေသည်။ နှင်းလေး ရန်ထောင်သလို ပြောထွက်သွားတဲ့ဟန်က ချစ်စရာကောင်းနေပြန်တော့ တူကြီးက ကျေနပ်စွာ ပြုံးနေ၏။

ဒေါ်ထားထားနွယ် ခေါင်းလေးတဆတ်ဆတ်ညိတ်မိသွားသည်က ကြည်နူးစွာ။

လူငယ်နှစ်ယောက်ရဲ့ ဆက်ဆံရေးကြားထဲ ဒေါ်ထားထားနွယ် ဝင်မပါ။ ကျေနပ်စွာ စောင့်ကြည့်ရင်း ငြိမ်သက်နေမိတာက နှင်းလေးကို ပို၍ ခင်မင်ရင်းနှီးနေတဲ့ ခံစားချက်နဲ့ပါ။

နှင်းလေးရယ်၊ နှင်းလေးကြောင့် အန်တီထား အပျင်းပြေသလို စိတ်မှာလည်း ကြည်နူးရတယ်ကွယ်။ တကယ်ရယ်။"

✿ ✿ ✿



## အခန်း (၁၀)

"ကိုကို"

ညရှိမှောင်နေပေမယ့် ခြံထဲဆင်းပြီး ထိုင်ခုံနိမ့်နိမ့်လေးမှာ ငုတ်တုတ်ထိုင်နေတဲ့ ခင်ပွန်းသည် ဘာဖြစ်နေသည်ဆိုတာ ဥမ္မာလင်း သိရှိနေပါသည်။

ဒါကြောင့်မို့ သက်မလေးချကာ ခင်ပွန်းသည်အပါး သွားရင်း လေသံပျော့လေးနဲ့ ခေါ်ဆိုမိ၏။

ဦးဇော်လင်းထွန်းက ကြားပေမယ့် မထူးပါ။ လှည့်လည်းမကြည့်နိုင်ဘဲ စိတ်ထဲမှာ တနုံ့နုံ့နဲ့ ထိခိုက်လျက် ငြိမ်သက်နေဆဲ။

"ကိုကို အပြင်မှာ အေးလှပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်"

တိုပြတ်ပြတ် ပြန်ဖြေတော့ ဥမ္မာလင်းစိတ်ထဲမှာ မချမ်းမြေ့သလို ခံစားလိုက်ရသည်၊ သို့သော်လည်း ခင်ပွန်းသည့်ကို စိတ်လုပ်ပြီး တင်းမနေသာပါ။

"ကိုကိုရယ် သိပ်အေးလာရင် မကောင်းဘူးလေ၊ လာ၊ ညစာစားဖို့ ပြင်ထားပြီးပြီ၊ ကိုကို ထိုင်ချင်သေးရင် ညစာစားပြီးမှ ဆက်ထိုင်လေ၊ ဥမ္မာလည်း အဖော်ထိုင်ပေးမှာပေါ့၊ နော် ကိုကို"

ချိုသာနူးညံ့နေသော ဥမ္မာ့အသံက ခင်ပွန်းသည်အလိုကျ ဦးတည်နေမှန်း သိသာပါသည်။ အသိအမှတ်ပြုချင်ပါသည်။ ဒါပေမဲ့ ဦးဇော်လင်းထွန်းရင်ထဲမှာ ထိခိုက်နေတာကို လျော့ပါးသွားခြင်းမရှိသေးတာမို့–

"ရတယ်၊ ကိုယ် ဘာမှ စားချင်စိတ်မရှိသေးဘူး၊ တစ်ယောက်တည်း ထိုင်နေချင်တယ်"

"ဟင်"

တစ်ယောက်တည်း ထိုင်နေချင်တယ်ဆိုတာက ဥမ္မာ့ကို အနားမှာမနေနဲ့လို့ သွယ်ဝိုက်ပြီးပြောနေတဲ့ သဘောရယ်။

အနားမှာထိုင်ချပြီး ကိုကို့ကို ဆွဲခေါ်နေတဲ့ ဥမ္မာ။ ဟင်ခနဲဖြစ်ကာ ကိုယ်ရှိန်လေး တန့်သွား၏။

"ဟုတ်တယ်၊ ကိုယ် နားအေးပါးအေး ထိုင်နေချင်သေးတယ်၊ ဥမ္မာ လုပ်စရာရှိတာ သွားလုပ်နေ"





နောက်ထပ် ငဲ့မကြည့်ဘဲ ပြောပြန်တော့ ဥမ္မာ ချက်ချင်းဟုတ်ကဲ့လိုက်ရသည်။ တစ်ဆက်တည်းလည်း ခင်ပွန်းသည်အနားက ထလျက်သား ဖြစ်ကာ –

"ထိုင်ချင်ထိုင်နေပေါ့ ကိုကို၊ ညဉ့်တော့ သိပ်မနက်စေနဲ့၊ ဗိုက်ဆာရင်ပြောလေ၊ စားစရာတွေ ဥမ္မာ ယူလာပေးမယ်"

ဦးဇော်လင်းထွန်း စိတ်မပါစွာ ခေါင်းညိတ်လိုက်၏။ ဒီတော့မှ ဖနီးငယ်ငယ်ချောချောလေးက အနားမှ ခွာသွားလေသည်။

ဖနီးသည့်ရဲ့ ကိုယ်သင်းရနံ့လေး ဝေးလွင့်သွားလျှင် ဦးဇော်လင်းထွန်း မသိမသာ သက်မချလေသည်။

ဥမ္မာက အစစအရာရာ အလိုက်သိတတ်တဲ့ ဖနီးမို့ တော်သေး၏။ သူ့အပေါ် လိုက်လျောညီထွေ ရှိလှသည်။ သမီးက ဘာဖြစ်လို့ ဖခင်အပေါ် လိုက်လျောညီထွေ မရှိရတာလဲ။

ဒါပဲတွေးမြင်ရင်း ရင်ထဲမှ တနုံ့နုံ့နဲ့ ခံစားရလေသည်။ သမီးကို တွေ့ဖို့ နေ့နေ့ညည လူအင်အားသုံးပြီး ရှာဖွေခဲ့သည်။

သမီး မိန်းကလေး၊ ပြီးတော့ အပျိုအရွယ်လေး။

တစ်ခုခုဖြစ်မှာကို ဖခင်အနေနဲ့ ရင်မပူဘဲ မနေနိုင်။ သမီးသူငယ်ချင်းတွေကို ရှာဖွေခိုင်းခဲ့တာလည်း နေ့စဉ်ရက်ဆက်။ ဒီလိုနဲ့ သုံးရက်မြောက်နေ့မှာပေါ့။

သမီးသူငယ်ချင်း သီရိစစ် ဖုန်းဆက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်၊ နှင်းကို ပလာဇာမှာ တွေ့တယ်၊ သီရိတို့ခေါ်တာ ခေါ်လို့မရဘူး"

"ဟင်၊ အခု သမီးရှိနေလား သီရိ"

"ရှိနေတယ် အန်ကယ်၊ သီရိတို့ခေါ်လို့မရတာနဲ့ ပလာဇာအပြင် ထွက်ခဲ့ပြီး အန်ကယ့်ကို ချက်ချင်း ဖုန်းဆက်ပြောတာ"

"အန်ကယ် ခုချက်ချင်းလာခဲ့မယ်"

သမီးကို ပြန်တွေ့တယ်ဆိုတော့ ဝမ်းလည်းသာတယ်၊ တော်ပါ သေးတယ်၊ ဒီရန်ကုန်ထဲတင် သမီးရှိနေသေးလို့။

ဦးဖော်လင်းထွန်း ပလာဇာရှေ့ရောက်ချိန်မှာ သီရိစစ်တို့ သူငယ် ချင်းသုံးယောက်ကို မြင်ရသည်။

"အန်ကယ်၊ နှင်း ပလာဇာထဲက ထွက်မလာသေးဘူး အန် ကယ်၊ တော်ဝင်ပန်း အိမ်သုံးပစ္စည်းအရောင်းဆိုင်ထဲမှာ ရှိနေသေးတယ်၊ အန်ကယ်ကိုယ်တိုင် လိုက်ခေါ်လေ၊ သီရိတို့ ရှောင်နေမယ်လို့"

သီရိစစ် ဦးဆောင်ပြောတဲ့နောက်မှာ ဦးဖော်လင်းထွန်း ပလာဇာ ထဲ အလောတကော ဝင်သွားလေသည်။

ဦးဖော်လင်းထွန်း ဦးနှောက်အသိနဲ့ ထပ်တူပင် ခြေလှမ်းတွေ တော်ဝင်ပန်းဆီ သွက်သွက်ကလေး ဦးတည်လေသည်။

ဈေးဝယ်သူများစွာနဲ့ တော်ဝင်ပန်းပစ္စည်းအရောင်းဆိုင်လေးက စည်ကားနေပါသည်။





အိမ်သုံးပစ္စည်းတွေ ရွေးဝယ်နေတဲ့ သမီးကို မြင်ရလျှင် ဦး ဖော်လင်းထွန်း မျက်လုံးထဲမှာ တခြား ဘာမှ သတိမထားနိုင်တော့ပါ။ စိတ်ကလည်း သမီးမှသမီး ဖြစ်ကာ သမီးလက်ကို ဖျတ်ခနဲ ဆုပ်ကိုင်ရင်း

"သမီး၊ လိုက်ခဲ့စမ်း ဒယ်ဒီနဲ့"

ဒါပဲပြောပြီး ဆွဲထုတ်ခဲ့လေသည်။

ရုတ်တရက်မို့ နှင်း ကြောင်တောင်တောင်လေး ဖြစ်လို့သွား သည်။ ဘွားခနဲ ဒယ်ဒီ့ကိုမြင်တော့ အံ့သြတာလည်းပါသည်။ ရွေးချယ် ဝယ်ယူနေတဲ့ စတီးအိုးလေး လက်ထဲက ယူပြီး ဆိုင်မှာပြန့်ချထားလိုက် တဲ့ ဒယ်ဒီအပြုအမူက မြန်ဆန်လွန်းကာ နောက်ဆုံးမှ ဆွဲခေါ်တဲ့နောက် ပါလာရတဲ့အဖြစ်။

"ဒယ်ဒီ"

ပလာဇာအပြင်ဘက်ရောက်တော့ နှင်း အသိဝင်လာပါသည်။ ခံပြင်းတာတွေလည်းပါကာ ရုန်းခါမိပြီး –

"ဒယ်ဒီ နှင်းကို လာမခေါ်နဲ့ ပွှတ်ပါ၊ နှင်းတစ်ယောက်တည်း နေပါရစေ"

"နေလို့သင့်ရဲ့လား သမီးရယ်၊ သမီး ဘယ်နှရက်ရှိပြီလဲ အိမ် ကထွက်သွားတာ၊ သမီးကိုလိုက်ရှာရတာ ဒယ်ဒီတို့ ဘယ်လောက် ရင်မော ရတယ် ထင်သလဲ သမီးရယ်"

နှင်းမျက်နှာလေး နာကျင်စွာ မဲ့ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရင်မောရတယ်တဲ့၊ ဟွန်း ရင်နာစရာကောင်းလိုက်တာ ဒယ်ဒီရယ်၊ နှင်းအတွက်နဲ့ ဒယ်ဒီ ရင်မမောပါနဲ့၊ နှင်းကြောင့် ဒယ်ဒီ စိတ်မချမ်းမသာ မဖြစ်စေရဘူး"

"အဲဒါဆို သမီး ဒယ်ဒီနဲ့ ပြန်လိုက်ခဲ့"

နှင်း ဒယ်ဒီ့လက်ကို ပုတ်ချလိုက်သည်။

"မလိုက်ဘူး"

"သမီး"

ဦးဇော်လင်းထွန်း ရင်နင့်စွာ ခေါ်သည်။ သားအဖနှစ်ယောက်ရဲ့ အဖြစ်ကို ပတ်ဝန်းကျင်ကလည်း သတိထားကြည့်မိကြပြီး သရဖူစိုးတို့ သုံးယောက်က နှင်းမမြင်သာအောင် ပုန်းလျှိုးကွယ်လျှိုးနဲ့ ချောင်းကြည့်ရင်း ရင်ပူနေရသည်။

လူမြင်ကွင်းထဲမှာ သမီးနဲ့ဖအေ ဘာတွေဖြစ်ကုန်မလဲ၊ ရင်တမမနဲ့ ချောင်းကြည့်နေဆဲ။

ပန်းနှင်းဆီဟာ ဘယ်ကိစ္စမဆို ပြတ်သားတတ်မှန်း သူငယ်ချင်းတွေ သိနေတယ်မဟုတ်လား။ ခုလည်း ကြည့်။ ဖအေလုပ်သူ မျက်နှာလေးငယ်ပြီး အသနားခံသလို ခေါ်နေတာကို မမှုသလိုနှင့်။

"မခေါ်ပါနဲ့ ဒယ်ဒီ၊ ဒယ်ဒီဘဝအတွက် ဒယ်ဒီစိတ်တိုင်းကျ ရွေးချယ်တည်ဆောက်သလို နှင်းလည်း နှင်းဘဝကို နှင်းဘာသာ တည်ဆောက်သွားမယ်၊ နှင်းဆုံးဖြတ်ချက်ကို ဒယ်ဒီ မနှောင့်ယှက်ပါနဲ့၊ ဒယ်ဒီ





တို့ကိုလည်း နှင်း အနှောင့်အယှက် မပေးချင်ဘူး၊ ဒါကြောင့် နှင်းအရှုံးပေးခဲ့တာပါ ဒယ်ဒီ၊ ရှေ့ဆက် ဒယ်ဒီ လာမခေါ်ပါနဲ့"

ပြောနေရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်လာတဲ့ နှင်းကို ဦးဇော်လင်းထွန်း ပွေ့ဖက်လိုက်မိသည်။ ကိုယ်တိုင်လည်း မျက်ရည်တွေ ကျလျှက်။

"သမီးရယ် ဒယ်ဒီ့အပေါ် သမီး ဒီလောက်ထိ စိတ်နာနေလားဟင်၊ ဒယ်ဒီ ဘာလုပ်ပေးမလဲ သမီးရယ်၊ သမီးကို ဒယ်ဒီ ပစ်မထားနိုင်ဘူး၊ ဒယ်ဒီ အရိပ်အောက်ကနေ ခွဲနေခွင့် မပေးနိုင်ဘူး၊ သမီး သမီး ဘာဖြစ်ချင်လဲ ဒယ်ဒီ့ကိုပြော၊ သမီးဖြစ်စေချင်တာ ဒယ်ဒီ လိုက်လျော"

ပြောလို့ပင် မဆုံးလိုက်ပါ။

"မလိုပါဘူး"

လို့ နာကျင်စွာပြောရင်း ရင်ခွင်ထဲက ရုန်းထွက်သွားတဲ့ နှင်း။

"သမီး"

ဦးဇော်လင်းထွန်း ရင်ကွဲမတတ်ခေါ်ရင်း သမီးနောက် ပြေးလိုက်ပါသေးသည်။ သမီးက တက္ကစီတားကာ ထိုးရပ်လာတဲ့ တက္ကစီပေါ်လွှားခနဲ တက်ပြီး ကျောခိုင်းသွားသည့်အဖြစ်။

သမီးပါသွားတဲ့ တက္ကစီနောက် ချက်ချင်း ဦးဇော်လင်းထွန်းလိုက်ပါသည်။ သားကြီးနဲ့သမီးစံပယ်ကိုလည်း ဖုန်းနဲ့ အကြောင်းကြား၏။



www.burmeseclassic.com

www.burmeseclassic.com



သမီးနဲ့သားကလည်း ချက်ချင်းဆိုသလို လိုက်လာကြသည်။

ဒါပေမဲ့ မီးပွိုင့်မိကာ သမီးကို လက်လွှတ်သွားပြန်သည်။

သို့သော် ဦးဇော်လင်းထွန်း တက္ကစီနံပါတ် မှတ်မိလိုက်တာမို့ ချက်ချင်းစုံစမ်းပြီး သမီး ဘယ်မှာဆင်းသွားတာလဲ။ ရေဆုံးမြေဆုံး စုံစမ်းလိုက်တော့ သမီးငှားနေတဲ့ တိုက်ကြီးရှေ့ ဆိုက်ဆိုက်မဲရောက်လေသည်။

ထိုအခါ –

"နှင်းစိတ်နဲ့နှင်း လွတ်လွတ်လပ်လပ် နေချင်တယ်၊ ဒယ်ဒီတို့ ကိုကြီးတို့ လိုက်နှောင့်ယှက်နေရင် နှင်း နေချင်သလို နေပစ်လိုက်မယ်၊ နှင်းဘဝ ကျိုးထိုးထိုး ခွေးစားစား၊ ဖြစ်ချင်ရာဖြစ်"

ဒီလိုတွေ လက်လွှတ်စပယ်ပြောလာတော့ သားအဖသုံးယောက် နောက်ဆုတ်ပြန်ခဲ့ရတဲ့အဖြစ်။ သမီးက ပြောတဲ့အတိုင်း ပစ္စလက်ခတ် နေပစ်လိုက်ရင် သူတို့မိသားစုပဲ ရင်ကျိုးရမယ် မဟုတ်လား။

ထိုသို့တွေးမိကာ လက်လျှော့လာရတဲ့အဖြစ်။

သူ့လက်ကို သူဖြန့်ကြည့်လိုက်၊ သမီးပါးပြင်နုနုပေါ်က ဒဏ်ရာ ရဲရဲကို မြင်ယောင်လိုက်နဲ့ ဦးဇော်လင်းထွန်း ရင်မှာ မချိမဆံ့ ခံစားရကာ။

စားဖို့သောက်ဖို့တွေလည်း စိတ်မပါတော့။

သမီးအပေါ် ဒေါသနဲ့ဆက်ဆံမိတဲ့ သူ့ရဲ့ပေါက်ကွဲစိတ်က လွန်နေသလား။





သူ့စိတ်ဆန္ဒတစ်ခုတည်းအတွက် ဥမ္မာ့ကိုလက်ထပ်ခဲ့တဲ့အတွက် မှားများ မှားနေသလား။

ဒါတွေ တွေးရင်း တွေးရင်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ည။

လကွယ်မို့ ညက မှောင်ပြာနေသည်။ သို့သော် ရောင်စုံမီးတို့ကြောင့် သူ့ခြံဝင်းတစ်ခုလုံး လင်းလဲ့၏။

အထူးသဖြင့် ခြံရှေ့ကားဝင်လမ်းတစ်လျှောက်နဲ့ ခြံစည်းရိုးနဲ့ကပ်နေသော သစ်ပင်ပိုင်းပိုင်းလေးတွေပေါ်မှာ ရောင်စုံတန်းဆက်မီးသီးတွေ ပတ်ပိုက်ရစ်ခွေပြီး ထွန်းညှိထားသောကြောင့် ရောင်စုံအလင်းနဲ့ လှလို့နေသည်။

တိုက်ပုလေးရှေ့မျက်နှာစာရှိ သဘာဝရေကန်က ညမီးရောင်အောက်မှာ ပြိုးပြိုးပြက်ပြက်ရယ်။





ရေပြင်ပေါ် ခေါင်းကြွပွင့်နေသော ဖြူပြာပြာကြာပန်းကလေးများက ညဆို ပိုရှုကြည့်လို့ကောင်းကာ ရေပြင်ပေါ် ငါးကလေးများ ခေါင်းထိုးပွက်နေသည်က သဘာဝဆန်လျက် ရှိပေသည်။

အိပ်မပျော်တဲ့ညမျိုးဆိုရင် ထိုရေကန်ဘေးရှိ ခုံတန်းလေးမှာ ကေရာဇ် ထိုင်နေကျ။ ဒီညလည်း ဘာကြောင့်မှန်းမသိ၊ အိပ်လို့မပျော်။ ထိုအခါ ရေကန်လေးဆီ လျှောက်ခဲ့သည်။

တိုက်ကြီးနဲ့ တိုက်ပုလေးကြားရှိ ရောင်စုံမီးပန်းကိုင်းကြီး ထွန်းညှိထားတဲ့ မီးတိုင်နားအရောက်မှာ ကေရာဇ် ခြေလှမ်းကလေး တန့်လို့သွားသည်။

သူထိုင်နေကျ ခုံတန်းလေးမှာ ပန်းနုရောင်ဆီထိုင်နေတာတွေ့လျှင် ရှေ့ဆက်တိုးဖို့ ခက်ချေပြီ။

ကြာပွင့်နဲ့ ကြာရွက်ကလေးတွေ လှုပ်ရှားနေတဲ့ ရေပြင်ကို ငေးရင်း သူမ တွေးငေးငေးခံစားနေသည်က စာနာဖွယ်ကောင်းလှသည်။

ဟုတ်သည်လေ။

သူမကို စမြင်ကတည်းက တစ်ခုခုအတွက် ပေါက်ကွဲနေမှန်း သိသာနေသည်။ လမ်းပေါ် သတိလက်လွတ် လျှောက်သွားနေတာ အန္တရာယ်ကိုလည်း မမှု။

ကံကောင်းလို့ သူ့ကား ဘရိတ်ဆွဲမြန်လို့။

နောက်ဆို အတိုက်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်က သူလည်း အတော်အတန် ဒေါသထွက်နေပါသည်။ မထွက်ဘဲနေရိုးလား။ ကားဟွန်း အဆက်မပြတ်တီးပြီး လမ်းဖယ်ခိုင်းလျက်နဲ့ မဖယ်။ ဖွတ်တိုးဝင်လာနေတဲ့ သူမက သတိလက်လွတ်ကြီး။

"သေချင်လို့လား"

ဒေါသနဲ့ မေးထည့်မိတဲ့သူ။

"သေချင်တယ်ရှင့်၊ သေချင်တယ်။ တိုက်သတ်လိုက်လေ'

တဲ့။ ရင်ကိုကော့ပြီး ဘုပြောတဲ့ ပန်းနုင်းဆီရယ်။

နောက်ဆုံး သူပဲ အလျှော့ပေးကာ ကွေ့ရှောင်ပြီး လိုရာလမ်းကို ဦးတည်ရတဲ့အဖြစ်။

အဲဒီအဖြစ်ကို ကေရာဇ် မမေ့နိုင်ပါ။ အထူးသဖြင့် ဆွတ်ဆွတ်ဖွေးဖွေးဖြူလွသော အသားအရေက တော်တန်ရုံ အသားဖြူသူများ အနားမကပ်ဝံ့စွာ။

ဖြူရုံမက သွေးကြောစိမ်းလေးများ ယှက်ဖြာနေတာက သိသာနေသည်။

နှုတ်ခမ်းဖူးဖူးလေးက ပန်းသွေးရောင်ရဲလို့။

ပခုံးတိုက်ဆံပင်လေးက နက်မှောင်ကာ နှစ်ဖက်ခွဲပြီး အရှပ်ကလစ်လေးများ ပန်ထားသည်က ကလေးမလေးဆန်ဆန်။

အမူအရာလေးက စိတ်လိုက်မာန်ပါလုပ်ဖို့ ဝန်မလေးစွာ။ ကမူးရှူးထိုး ဖြစ်နေသည်က ကေရာဇ် မျက်လုံးထဲ စွဲကျန်သည်မဟုတ်လား။





အဲလို စွဲကျန်ခဲ့သည်က ကေရာဇ်ဘဝအတွက် ထူးထူးခြားခြားရယ်။

ဘာဖြစ်လို့လဲဆိုတော့ သူ့ဘဝမှာ မိန်းကလေးတွေနဲ့ ပတ်သက်ခဲ့ဖူးပါသည်။ အထူးသဖြင့် လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး စေ့စပ်ကြောင်းလမ်းတာတွေ ဘာတွေ ရှိခဲ့ဖူးသည်။

ထိုအထိ ဖြစ်ခဲ့သော်လည်း စွဲကျန်နေတာမျိုး မဖြစ်ခဲ့ပါ။

ဒါ ဘာကြောင့်ပါလိမ့်။ ကေရာဇ် တစိမ့်စိမ့်တွေးနေမိတာ ထိုကတည်းက။

ညေ့ခန်းထဲ ဘွားခနဲ ပြန်မြင်လိုက်ရတော့ ရင်ထဲမှာ လှိုက်ခနဲခုန်လေသည်။ တိုက်တိုက်ဆိုင်ဆိုင်ရယ်။ သူ စိတ်ကြိုက်ဆောက်ထားတဲ့တိုက်ပုလေးကို လာငှားနေတာ သူမတဲ့။

အန်တီထားပြောပြစဉ်ကတော့ သိပ်အလေးမထားမိပါ။ ထိုညက သူ အိမ်ပြန်နောက်ကျသည်။ အလုပ်ထဲ ပင်ပန်းတာမို့ ညစာစားပြီးတာနဲ့ အိပ်ရာထဲ တန်းဝင်မိ၏။

"တိုက်ပုလေးကိုငှားလိုက်ပြီ သားရဲ့"

လို့ အန်တီထား ပြောပါသေးသည်။

"ကောင်းသားပဲ"

သူ ဒီလောက်ပဲ ပြန်ပြောမိသည်။ အဓိက အန်တီထား ဘေးနားမှာ လူရှိတော့ ကောင်းတာပေါ့။ အန်တီထားက တစ်နေ့လုံး ဒီတိုက်



www.burmeseclassic.com

www.burmeseclassic.com



ဒီခြံထဲမှာ တစ်ယောက်တည်း ဖြစ်နေတယ် မဟုတ်လား။

အန်တီထား စကားပြောဖော်လေးရရင် အပျင်းပြေမှာပဲလို့ တွေးရင်း သူတောင် မနေရသေးတဲ့ တိုက်ပုလေးကို လူငှားတင်ဖို့ ခွင့်ပေးလိုက်ခြင်း။

ခုတော့ တိုက်ဆိုင်လေသည်။

သူ့မျက်လုံးထဲ စွဲနေတဲ့ မိန်းကလေးက သူမြတ်နိုးတဲ့ တိုက်လှလှ လေးကို ငှားနေတာဆိုတော့ ရင်မှာ ဖိုလှိုက်ကာ။

တစ်ယောက်တည်း လာငှားနေတာ ဘာကြောင့်လဲ။ ဘာလဲ ဒါလည်း သိလိုလှသည်။ ပန်းနှင်းဆီ တိုက်ထဲက ပြန်ထွက်သွားတော့ သူ ထမင်းစားခန်းဆီ ဦးတည်လျှက်။

"အန်တီထား၊ ပန်းနှင်းဆီက ဘယ်ကလဲ"

"အဲဒါတော့ အန်တီထား မေးပါသေးတယ်၊ မဖြေချင်သလို ဖြစ်နေတာနဲ့ အန်တီထား ထပ်မမေးတော့ဘူး။ သူ့အကြောင်းနဲ့သူ ရှိမှာပေါ့ လေ၊ ချက်ချင်းပဲ ငှားပြီး တစ်ပါတည်း နေလိုက်တာ၊ အဝတ်စား ဘာ ညာလည်း မပါဘူး။ ပိုက်ဆံထည့်တဲ့ လက်ဆွဲအိတ်တစ်လုံးပဲ ပါတာလေ လစာကြိုပေးပြီး အပြင်ထွက်သွားတယ်၊ ပြန်လာတော့ အိပ်ခန်းအတွက် ပစ္စည်းအသစ်တချို့ ဝယ်လာတယ်၊ ဒါပဲ အန်တီထားသိတယ်"

ဆေးကြောပြီးသား ပန်းကန်တွေကို စင်ပေါ် စနစ်တကျတော့ ရင်း အန်တီထား တစ်၊ နှစ်ကျအောင် ပြောပြလေသည်။





သူမ လာငှားနေတဲ့ပုံစံကလည်း တစ်မျိုး။

အဝတ်အစား အသုံးအဆောင် ဘာမှမပါလာ။ အိမ်ပြေးမလေး လား၊ ဒါမှမဟုတ် အိမ်နဲ့ စိတ်ဆိုးပြီး ဆင်းလာတာလား။

"သားက ဘာသိချင်လို့လဲ၊ ပြောလေ၊ အန်တီထား မေးကြည့် ပေးမယ်"

"ဟင်း ဟင်း ရတယ်"

သူ ဒါပဲပြောကာ စကားစဖြတ်ထားလိုက်သည်။ အန်တီထား ကတော့ သူမကြောင့် ထိုမနက်က ရွှင်လန်းနေတာကို သူ သတိထားမိ သည်။

ဘာပဲဖြစ်ဖြစ် အန်တီထား စိတ်ရွှင်ဖို့က အဓိက။

သူကတော့ ပန်းနှင်းဆီအကြောင်း သိလိုလှသည်။ ထို့ကြောင့် စုံစမ်းကြည့်မယ်လေလို့ စိတ်ထဲ မှတ်ထားရုံရှိ၏။

မကြာပါဘူး။

ဘွင်းဘွင်းကြီးသိရတဲ့အဖြစ်။

နောက်တစ်နေ့မှာ ပန်းနှင်းဆီရဲ့ဒယ်ဒီနဲ့ မောင်နှမနှစ်ယောက် ရောက်လာပြီး သူမကို လာပြန်ခေါ်ကြသည်။

မိသားစုအိမ်တွင်းရေးပြဿနာနဲ့ သီးခြားခွဲထွက်လာပြီး လာ နေတဲ့ 'နှင်း'စိတ်ကို သူ တကယ် အံ့ဩသွားသည်။

လက်စသတ်တော့ နှင်းက ပေါက်ကွဲနေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်တွေကို သိရတော့ သူ့ရင်ထဲမှာ မကောင်းဖြစ်ကာ ပန်းနှင်းဆီရဲ့ ပေါက်ကွဲဒိတ်ကို စာနာမိလေသည်။

အင်းပေါ့လေ။ ဖခင်လုပ်သူက နောက်အိမ်ထောင်ထူတော့ သမီးပျိုလေးအနေနဲ့ ခံစားနေရမှာပေါ့။

ဖခင်နဲ့သမီးကြားမှာ ရိုက်လားပုတ်လားတွေ ဖြစ်လာတော့ ပန်းနှင်းဆီက ပေါက်ကွဲနေတဲ့စိတ်အတိုင်း သူမ နေချင်သလိုနေဖို့ ပြတ်သားလိုက်ဟန်တူသည်။

တော်သေးတာပေါ့၊ သူ့တိုက်လေးကို လာငှားနေဖြစ်လို့၊ စိတ်အနာတရဖြစ်နေတဲ့ မိန်းမပျိုလေးအတွက် ပတ်ဝန်းကျင်ကောင်းကောင်းနဲ့ မတွေ့ရင် အန္တရာယ်ကြုံနိုင်တယ်လေ။

ဘာပဲဖြစ်ဖြစ် အန်တီထားနားမှာမို့ သူ စိတ်အေးရသည်။ သူနဲ့ပြန်ဆုံရတဲ့အတွက်လည်း ရင်ထဲမှာ ဝမ်းသာပီတိဖြစ်လို့နေကာ ဖြစ်နိုင်ရင် နှင်းလေးကို ဖျောင်းဖျပေးချင်ပါတယ်။

ဒါပေမဲ့ မိဘကို ကက်ကက်လန် ပြန်ပက်ရဲတဲ့ နှင်းရဲ့ပေါက်ကွဲမှုအတိုင်းအဆက အရှိန်မသေသေးဘူး မဟုတ်လား။

ခုချိန်မှာ သူ မဖျောင်းဖျရဲပါ။

တော်ကြာ 'ရှင်နဲ့ဘာဆိုင်လဲ' ဆို ရှေ့တိုးရခက်နေမယ်။

သူမက သူ့ကိုလည်း ရန်လိုချင်ချင် ဖြစ်နေတယ်မဟုတ်လား။

နှင်းစိတ် နှင်းသဘောအတိုင်း နေပါကွယ်။





ကိုယ် မနှောင့်ယှက်ပါဘူး။

ရင်ထဲမှာ ဒါပဲပြောကာ ညမီးရောင်စုံအောက်မှာ တွေးတွေးငေးငေးလေး ဖြစ်နေရှာတဲ့ သူမကို ကောစ် စိတ်လှုပ်ရှားစွာကြည့်ရင်း–

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"အို"

အကြည့်ချင်းဆုံသွားတော့ နှင်း နှုတ်ခမ်းလေး ပိုင်းစက်သွား၏။ ကြည့်စမ်း နှင်းကို ငေးစိုက်ကြ ည့်နေတဲ့ ကေရာဇ်။

ဘယ်အချိန်ကတည်းက ကြည့်နေမှန်း နှင်းမသိပါ။

နွေဦးဆန်းစပေမယ့် ညက အေးလာတာမို့ နှင်း ထိုင်ခုံတန်းလေးကထပြီး တိုက်ပုလေးဆီ လှည့်မလို့ပါ။ စိတ်ထဲမှာ တစ်မျိုးလေး ခံစားရသည်မို့ ဘာရယ်မဟုတ် တိုက်ကြီးဆီ မျက်လုံးရောက်သွားသည်။

ထိုအခါ ရောင်စုံမီးအလင်းဖြာနေတဲ့ တိုက်ကြီးဘေးက မီးတိုင်ကို ပခုံးစွန်းနဲ့ ထိမှီကာ စမတ်ကျကျ ရပ်ကြည့်နေတဲ့သူ။





မထင်မှတ်တာမို့ နှင်းလည်း ပြန်ကြည့်၏။

အကြည့်ချင်းဆုံသွားတော့ ရင်မှာ တစ်မျိုးလေး လှုပ်လျက်။

"ဝင်တော့မလို့လား နှင်းလေး"

စကားလှမ်းပြောတော့ နှင်း ဖျတ်ခနဲ အသိဝင်လာသည်။ တိတ်တိတ်ခိုးကြည့်နေတဲ့သူ့ကို နှင်း မနှစ်မြို့ချင်ချင်ဖြစ်ပြီး –

"ဝင်ဝင် မဝင်ဝင်၊ ရှင်နဲ့ မဆိုင်ပါဘူး"

နှင်း မျက်နှာလေးမော့ခါပြီး ရန်စောင်သလို ပက်ခနဲ ပြောထည့်၏။

ဒီမိန်းကလေး မလွယ်လှချေ။ နှုတ်သွက်အာသွက်နဲ့ ရန်စောင်ဖို့ ဝန်မလေးတဲ့ဟန်လေးနဲ့ မာန်ကြွလို့နေသည် မဟုတ်လား။ ပြောပြီးသည်နှင့် ချာခနဲ လှည့်ထွက်သွားလျှင် ပခုံးတိုက် ဆံပင်နက်ကလေး လွင့်ခါသွားလေသည်။

တိုက်ရဲ့ တံခါးဝနားရောက်တော့ နှင်း ပြန်ငဲ့ကြည့်မိသည်။ ဒီတစ်ခါလည်း အကြည့်များ ဆုံပြန်သည်။

"အို ဘာလို့ကြည့်နေတာလဲ"

နှင်း မလိုတမာ ပြောတဲ့အခါ ကေရာဇ်ပြုံးလျက် –

"နှင်းကရော ဘာဖြစ်လို့ ရန်လိုနေတာလဲ"

"အောင်မာ၊ ဘယ်သူက ရန်လိုနေလဲ"

"နှင်းလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော်"

နှင်း ဒေါသလေးထွက်ချင်လာသည်။ နှုတ်ခမ်းကိုက်ပြီး လက်တစ်ဖက် ခါးပေါ်ထောက်၏။

"ဆောရီး၊ နှင်းတစ်ယောက်တည်း ခြံထဲဆင်းထိုင်နေတာ မြင်လို့ စောင့်ကြည့်နေတာပါ"

"အောင်မာ၊ နောက် အဲလို မကြည့်နဲ့၊ နှင်း မကြိုက်ဘူး"

"သဘောပါဗျာ၊ သဘော"

ဒီလိုကျတော့လည်း သူမ ကျေနပ်သွားဟန်တူသည်။ စူထားတဲ့ နှုတ်ခမ်းလွှာကို ပြည်ချ၏။ ခါးပေါ်ထောက်ထားတဲ့ လက်ကိုလည်း ဖြုတ်ချပြီး သူ့ဘက်လှည့်လာသည်။

"နေပါဦး၊ နှင်း အဲဒီခုံမှာ ထိုင်ခွင့်မရှိဘူးလား၊ ရှိရင်ရှိတယ်, မရှိရင် မရှိဘူး ကြိုပြော"

"ဟာ ရပါတယ်၊ ထိုင်ပါ၊ ထိုင်ဖို့လုပ်ထားတဲ့နေရာပဲ နှင်းရဲ့"

သူ့ မီးတိုင်နားက ခွာရင်းပြောကာ ရေကန်နား ဦးတည်သွားသည်။ ဒီလိုပြောတော့ နှင်းကျေနပ်သွားသည်။

"တကယ်နော်၊ နှင်းက အိပ်မပျော်ရင် ဒီလိုပဲ ခြံထဲဆင်းထိုင်နေကျမို့"

"ကိုယ်လည်း နှင်းလိုပဲ"

"ဘာရယ်"





နှင်း မျက်နှာလေး နွေးသလိုဖြစ်သွားသည်။ ဟုတ်တယ်လေ၊ သူကလည်း နှင်းလိုပဲတဲ့။ အိပ်မပျော်ရင် ခြံထဲဆင်းထိုင်တတ်သတဲ့။ နှင်း မယုံချင်။ ခပ်ဆတ်ဆတ်လေး မေးတော့ –

"ကိုယ်ပြောတာ နှင်း မယုံဘူးလား"

"သိဘူးလေ၊ သူများပြောတဲ့စကား နောက်ယောင်ခံလိုက်ပြောတာလည်း ဖြစ်နိုင်တာပဲ မဟုတ်လား"

"နှင်းထင်သလို ထင်ပါကွာ၊ ကိုယ် ခဏထိုင်ဦးမယ်၊ ရတယ်နော်"

အံ့မယ် သူကပဲ ခွင့်တောင်းနေရတယ်လို့၊ နှင်း မျက်စောင်းထိုးပစ်ရင်း –

"ထိုင်ပေါ့၊ တစ်ညလုံးထိုင်"

နှင်း ဘုဆတ်ဆတ်ပြောကာ ခြေလှမ်းလေး တိုက်ပုဆီ လှည့်၏။ ကျွန်းတံခါးကို တွန်းဖွင့်ပြီး တိုက်ပုထဲဝင်လိုက်တော့ ကိုယ်ထဲနွေးသွားသည်။

အပြင်မှာက ညဉ့်နက်လေ အေးလေ။

ထိုင်ပါစေပေါ့။ အေးစက်တောင့်တင်းတဲ့အထိ ထိုင်ရှင့်။

သူကတော့ ပြောတဲ့အတိုင်း ခုံတန်းလေးမှာထိုင်ကာ လှုပ်ရှားနေတဲ့ ရေမျက်နှာပြင်ကြည့်လိုက်၊ ရေမှော်ပင်တွေနဲ့ ကြာပင့်ကြာရွက်တွေ ငေးလိုက်နဲ့။

ဒီလူကြီးက အဆွေးသမားထင်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အိပ်ခန်းထဲ တန်းဝင်ခဲ့ပေမယ့် မွေ့ရာပေါ် ကိုယ်ကို ပစ်တင်ခြင်းမရှိသေး။ ပြတင်းပေါက်လိုက်ကာစလေး ဟကာ မသိမသာ ကြည့်ကြည့်မိသည်။

အံမယ်၊ နှင်း တိုက်ထဲဝင်သွားကာ အိပ်ပြီးလို့ ထင်ဟန်တူသည်။ နှင်းအခန်းဘက် ‌ဝေ့ဝေ့ကြည့်သည်။

"ဟွန်း အမြင်ကတ်တယ်"

အတန်ကြာတော့ ထိုင်ရာကထပြီး ပွင့်လန်းနေတဲ့ ကြာပွင့်ငလေးကို လက်လှမ်းကာ ဆွဲခူး၏။

ဘာလုပ်ဖို့ပါလိမ့်။ ဒီကြာပွင့်လေးကို။

နှင်း စောင့်ကြည့်နေဆဲမှာပင် နှင်းအိပ်ခန်းဘက် လှမ်းလာတာ တွေ့ရသည်။

"ဘုရားရေ၊ ဒီလူဘာလုပ်ဖို့လဲ"

နှင်း ရင်တခုန်ခုန်နဲ့ လိုက်ကာလေး အသာလှတ်ကာ အခန်းနံရံနဲ့ ကွယ်နေလိုက်သည်။

လိုက်ကာစနောက်ရှိ သံတိုင်အပြင်ဘက် ပွင့်နေတဲ့ ပြတင်းပေါက် ကျွန်းတံခါးရွက်ရှိရာနှင့် အိပ်ခန်းနား လာရပ်၏။

နှင်းခမျာ ရင်ဘတ်ပေါ် လက်ကလေးဖိတင်ကာ နံရံနှင့်ကျောကပ်သထက် ကပ်လျက် ငြိမ်နေလျှင် လိုက်ကာစလေးကြားမှ တံခါးပြတင်းပေါက် ကျည်းဘောင်ပေါ် ကြာပွင့်လေး အသာတင်သည်။ ပြီးတော့





ပြတင်းတံခါးချပ်ကို စေ့ပိတ်ပေးပြီး ကျောခိုင်းသွားလေသည်။

"အလို"

နှင်း ရင်မှာ ဖျတ်ဖျတ်ခုန်ကာ။ ကြည်နူးတာလား၊ ဘာလား မသိ။ ကြာပွင့်လေးကို နှင်း ဖျတ်ခနဲ ဆွဲယူမိ၏။ လှုပ်ရှားသွားတဲ့ကိုယ်ကို မွေ့ရာပေါ်လှဲချရင်း ကြာပန်းပွင့်ချပ်လေးကို တို့ထိကျီစယ်လျက်။

ကောရာဇ် ရှင် သိပ်ဆိုးတာပဲနော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"သားကြီး၊ ဒီကိစ္စ ဘယ်လိုလုပ်ရမလဲ၊ အကြံဉာဏ်လေး ပေးစမ်းပါ သားရယ်"

မင်းမျိုးထွန်း မသိမသာ သက်မလေးချကာ။

ဒယ်ဒီကို ငေးမကြည့်ရက်အောင် သနားလို့သွားသည်။ မဉမ္မာကလည်း မျက်နှာမကောင်းစွာ မျက်လွှာချထိုင်ကာ အဖြစ်အပျက်က သူမတို့ပယောဂ မကင်းသလိုလည်း ခံစားနေရဟန်နှင့် ညှိုးငယ်နေရှာသည်။

ဒယ်ဒီတောင်းတဲ့အကြံဉာဏ်ကို သူ ဘယ်လိုပေးရမလဲ။ ချက်ချင်း အဖြေမပေးနိုင်သေးပါ။ သက်မတချချနှင့် နှုတ်ဆိတ်နေလျှင်–





"ဒယ်ဒီတော့ ရှက်လှတယ်ကွာ"

ဦးဇော်လင်းထွန်း မအောင့်နိုင် မအည်းနိုင် ပြောလျှင် ဉမ္မာလင်း မျက်နှာအပျက်ပျက်နဲ့ ထထွက်သွားသည်။

"ဒယ်ဒီရယ် ဖြစ်လာပြီးမှ ဘာတတ်နိုင်မလဲ၊ အကောင်းဆုံးဖြစ်အောင်တော့ စီစဉ်ကြတာပေါ့"

"မဟုတ်ဘူးသားရယ်၊ ဒယ်ဒီ အဖက်ဖက်က စဉ်းစားပြီးပြီ၊ သမီးစိတ်က ဒယ်ဒီထင်ထားတာထက် အဆမျှားစွာ ပြင်းထန်နေတယ်၊ ဒယ်ဒီ ဘယ်လိုချော့မော့ရမလဲ၊ မစဉ်းစားတတ်တော့ဘူးကွာ"

ပြောရင်း ဆံပင်တွေကို စိတ်ပျက်စွာဖွပစ်မိတဲ့ ဒယ်ဒီ့ကို မင်းမျိုးထွန်း စာနာလှပါသည်။ ဒီကိစ္စကြောင့် ဒယ်ဒီ့ခမျာ မစားမသောက်ဖြစ်နေတာ ဘယ်နှရက်ရှိပြီလဲ။ စက်ရုံလည်း မသွား။ လုပ်ငန်းကိစ္စတွေလည်း မဆောင်ရွက်နိုင်ပါ။

ညီမငယ်စိတ်နဲ့ပဲ အချိန်ပြည့် တစ်တွေးတည်းတွေးလို့နေကာ။ သေချာတာက ညီမငယ်ကို ဒယ်ဒီ ခွဲမနေနိုင်တာ သူတို့မောင်နှမ သိသည်။

အငယ်ဆုံးလေးမို့ အချစ်ပိုသလို အပျိုအရွယ်လေးမို့ ဖခင်အရိပ်အောက်မှာ ပိပိရိရိ ရှိစေချင်သည်။

ကိုယ်တိုင်လိုက်ခေါ်တော့လည်း ညီမငယ် ပိုးစိုးပက်စက် ငြင်းပြန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျီးထိုးထိုး၊ ခွေးစားစား နေချင်သလို နေပစ်လိုက်မှာလို့ ခြိမ်းခြောက်စကားပြောတော့ ဒယ်ဒီ ပို၍ စိတ်ထိခိုက်၏။ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ငြိမ်သက်စွာ နားထောင်နေတဲ့ စံပယ်ကတော့ ညီမအပေါ် ကရုဏာဒေါသော ဝင်ပြောသည်။

"လွှတ်ထားလိုက် ဒယ်ဒီ၊ သူ နေချင်သလို နေကြည့်ပါစေ"

"ဒီလိုတော့ ဘယ်ဟုတ်မလဲ သမီးရယ်၊ ပတ်ဝန်းကျင်က မေးငေါ့မှာပေါ့၊ ခုတောင် ဒယ်ဒီ့ကို မျက်စောင်းထိုးနေကြပြီ"

ဒါတော့လည်း ဟုတ်နေသည်။

မင်းမျိုးထွန်း ခေါင်းညိတ်ပြီး –

"ဟုတ်တယ် စံပယ်၊ နှင်းလေး အပြင်မှာနေထိုင်လေ ဒယ်ဒီ သိက္ခာကျလေပေါ့၊ နောက်ပြီး မာမီ့အမျိုးတွေက ဒယ်ဒီ့ကို ပြောလို့မဆုံးဘူး၊ အန်ကယ်မြင့်က ပိုဆိုးတယ်၊ မနေ့ကပဲ ဒယ်ဒီ့ကို ဘာညာနဲ့ ရစရာမရှိအောင် ပြောချသွားတာလေ"

သားကြီး ရှင်းပြသလိုပြောတော့ သမီးမျက်နှာလေး မကောင်းဖြစ်လေသည်။ သူကိုယ်၌လည်း ရင်ထဲမှာ ထိခိုက်လှစွာ။ ကြားယောင်နေတာက ယောက်ဖရဲ့စကားလုံးရင့်ရင့်တွေ။

"မမ,မရှိလို့ နောက်အိမ်ထောင်ထူတာကို ကျွန်တော်တို့ ဝင်မစွက်ဖက်ဘူး၊ ဒါပေမဲ့ တူမလေးအပေါ် ရိုက်မောင်းပုတ်မောင်း နှိပ်စက်ရုံမက ဖခင့်အရိပ်မှာ မနေနိုင်အောင် ရက်စက်တာတော့ ခင်ဗျားကို





ကျွန်တော် မကျေနပ်ဘူး ကိုဇော်၊ တူမလေးဘဝ ရေစုံမျောသွားအောင် ခင်ဗျား ဥပေက္ခာမပြုပါနဲ့၊ ခင်ဗျား တူမလေးအပေါ်ထားတဲ့ မေတ္တာက သေးသိမ်လွန်းတယ်၊ အေးလေ၊ ခုချိန်မှာတော့ ခင်ဗျားရင်ထဲ ကျိတ်ပျော်နေမှာပေါ့၊ ခင်ဗျားသမီးမရှိရင် ခင်ဗျား နေလို့ရတယ်၊ မယားမရှိရင် နေလို့မှ မနိုင်တာ၊ ဒါကြောင့် တူမလေး လွင့်ထွက်သွားအောင် နှိပ်စက်လိုက်တာ မဟုတ်လား"

"ကျွတ်"

ဦးဇော်လင်းထွန်း ခေါင်းတွင်တွင်ယမ်းပစ်လိုက်သည်။

ယဉ်ယဉ်နဲ့ လက်ထပ်ပေါင်းသင်းခဲ့တဲ့ နှစ်ပေါင်းလေးဆယ်နီးပါး ကာလတစ်လျှောက်လုံး ဘယ်ယောက်ဖကမှ မော်ကြည့်မရဲအောင် မာန်အပြည့်နဲ့ နေထိုင်လာတဲ့သူ။

ခုမှ ပိုးစိုးပက်စက် အပြောခံရတဲ့အဖြစ်။

သမီးကို သူရိုက်ပုတ်မိတာက နှိပ်စက်တာမဟုတ်သလို ဖခင်အရိပ်အောက်က သမီးပြေးထွက်သွားစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ မဟုတ်ပါ။ သမီး ပြန်ပက်တာကို ခံပြင်းလှသည်။

ဒေါသထွက်တာတွေရဲ့နောက်မှ လက်က အလိုလိုပါသွားခြင်း။ ရိုက်မိသွားတဲ့အတွက် နောင်တမရချင်သော်လည်း ချော့မော့ဖျောင်းဖျခွင့်ရဖို့ အချိန်ကို ချောင်းမြောင်းနေခဲ့သည်။

ဒါပေမဲ့ သမီးက နောက်နေ့လိုပဲ ထွက်သွားရာက အိမ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



မလာ။ တစ်ယောက်တည်း တိုက်ပုလေးငှားပြီး သွားနေတဲ့အထိ စိတ်ပြင်းထန်သွားသည်။

ချော့မော့ခွင့်မရသေးရုံမက လက်လွှတ်ထွက်သွားတာကို ပြန်ခေါ်ဖို့ မရတော့တဲ့ အခြေအနေ။

ရှေ့ဆက် ဘာလုပ်ရမလဲ၊ တစ်ကိုယ်တည်း တွေးလို့မရတဲ့အဆုံး သားကြီး၊ သမီးကြီးနဲ့ ပြန်တိုင်ပင်ရခြင်း။

"စံပယ်ကတော့ ခဏစောင့်ကြည့်ချင်သေးတယ် ဒယ်ဒီ"

"မဖြစ်နိုင်တာဘဲ စံပယ်ရယ်"

မင်းမျိုးထွန်း ချက်ချင်းဝင်ပြောလျှင် –

"ဟုတ်တယ် သမီး၊ စောင့်ကြည့်နေလေ ပတ်ဝန်းကျင်က ဒယ်ဒီ့ကို မေးငေါ့လေပဲ၊ ပြီးတော့ သမီးတို့အန်ကယ်မြင့်က ပိုဆိုးတယ်၊ နေရာတကာမှာ ဒယ်ဒီတို့မိသားစုအရေးကို မကျေမနပ် ထုတ်ပြောနေတော့ အသိုင်းအဝိုင်းတစ်ခုလုံး ဟုန်းခနဲ ပျံ့ကုန်တယ်၊ ဒီအကြောင်းပဲ တခုတ်တရ ပြောကြဆိုကြတာ၊ ဒယ်ဒီ့ကိုတောင် မရှောင်ကြဘူး"

ပန်းစံပယ် အတော်ပင် စိတ်ကျဉ်းကျပ်လို့သွားသည်။ ဒယ်ဒီကိစ္စက အသိုင်းအဝိုင်းကြားတင် မဟုတ်ပါ။ စံပယ့်အမျိုးသား ကိုကောင်းဆက်ပင် ဝေဖန်လာသည်။

"ဖအေဆိုပြီး ကိုယ့်စိတ်ကိုယ့်သဘော လုပ်ပိုင်ခွင့်ရှိတယ် ဆိုပေမယ့် သမီးပျိုအတွက် ငဲ့ညှာစိတ်နဲ့ စဉ်းစားပြီးမှ လုပ်သင့်တယ်၊





ခုတော့ အရှက်တကွဲဖြစ်စရာတွေ ကြုံရတယ်လို့ကွာ၊ တချို့က ဒီအရွယ်ကြီး မယားငယ်ယူစရာလား၊ မယူဘဲနေလည်း ဖြစ်သားနဲ့ ဘာညာ ပြောကြတာတွေ ကိုယ့်နားနဲ့ မဆုံတူး၊ ယောက္ခထီးက ဒီလိုအချိုးချိုးတော့ ကိုယ့်အပေါင်းအသင်းတွေကတောင် ကိုယ့်ကို နောက်နောက်ပြောင်ပြောင် ပြောကြ၊ ရီကြ၊ ခနဲ့ကြနဲ့၊ စံပယ့်ဒယ်ဒီလုပ်ပုံ သိပ်မဟုတ်သေးဘူး၊ နောက်ပြီး စံပယ်တို့ကိုယ်၌က မယားငယ်နေတာကို အလိုတူအလိုပါ၊ အားပေးအားမြှောက်ဆိုတော့ အဘိုးကြီး ထောင်မှာပေါ့ကွ၊ အစကတည်းက စံပယ့်ကို ကိုယ်ပြောတယ်၊ ဒီကိစ္စထဲ ဝင်မပါနဲ့၊ ခုတော့ စံပယ့်ညီမ အပျိုအရွယ်လေး အပြင်ထွက်ပြီး နေထိုင်တာ အပျိုဂုဏ်သိက္ခာကျနေပြီ မဟုတ်လား"

ကိုကောင်းထက် ဝေဖန်ရုံမက စွပ်စွဲတာရော၊ မနှစ်သက်တာ တွေပါ ရောရောထွေးထွေး ပြောဖူးသည်။

သေချာတာက ဒယ်ဒီ့ကို အရှိအသေတန်နေတာက ထင်ရှားသည်။ ကိုကောင်းဆက်ပြောတာကို စံပယ် ပြန်ပြောချင်ပေမယ့် သည်းခံလိုက်ရသည်။ ပြန်ပြောရင် ဒယ်ဒီ့အပေါ် မကြည်လင်တဲ့စကားလုံးတွေနဲ့ ပုတ်ပုတ်ခတ်ခတ်ပြောလာရင် လင်မယားကြား အချင်းများဖွယ် မဟုတ်လား။

"နေဦး ဒယ်ဒီ၊ ညီမငယ် အခုနေနေတဲ့တိုက်အိမ်ရှင် ဒေါ်ထားထားနွယ်ကို အကူအညီတောင်းကြရင်ကော"



www.burmeseclassic.com

www.burmeseclassic.com



ညီမငယ် ဒယ်ဒီ့ရင်ခွင်ထဲ ပြန်ရောက်လာမှ ကိုကောင်းဆက်လည်း ယောက္ခထီးအပေါ် အမြင်ကြည်လာမည်။ စံပယ်တို့ကိစ္စလည်း ထည့်တွက်ရတာမို့ အချိန်ဆိုင်းလို့မဖြစ်ဘူးလို့ ဆိုလာတဲ့ ဒယ်ဒီနဲ့ကိုကြီးတို့စကားနှင့် အချက်အဆက်မိအောင် ဆိုချေသည်။

ထိုအခါ ဒယ်ဒီနဲ့ကိုကြီး စိတ်အားထက်သန်စွာ။

"ကောင်းမယ်ကွ၊ အဲဒီအစီအစဉ်"

ဟု ဒယ်ဒီပြောသည်။ ကိုကြီး ခေါင်းညိတ်၍ –

"ကောင်းပါတယ် ဒယ်ဒီ၊ ဒါပေမဲ့ သိပ်ဖိအားပေးတဲ့ပုံစံမျိုး မဖြစ်စေဖို့ အရေးကြီးတယ်"

"ဒါလည်း ဟုတ်တယ်"

ဒယ်ဒီ ချက်ချင်းခေါင်းဆတ်၏။

"အဲဒါဆို ဒီကိစ္စ စံပယ်ပဲ ဒေါ်ထားထားနွယ်နဲ့ အရင်တွေ့ကြည့်မယ်၊ ညီမငယ် မရိပ်မိဖို့လည်း ပါပါတယ်"

"အင်း၊ သမီးစံပယ် အရင်တွေ့ကြည့်လိုက်၊ လိုအပ်ရင် ဒယ်ဒီ့ကိုပြော"

"စိတ်ချ ဒယ်ဒီ"

သားအဖသုံးယောက် စိတ်ပေါ့ပါးစွာ သွားဟန်လေးနှင့် စံပယ့်အစီအစဉ်က အတည်ဖြစ်လို့သွားသည်။

သို့သော် စံပယ် ရင်လေးပါသည်။





ညီမငယ်က ဒယ်ဒီ့အပေါ် နာကျင်စိတ် ပြင်းထန်နေတာဆိုတော့ ဘာပဲဖြစ်ဖြစ်လေ ဒေါ်ထားထားနွယ်နဲ့ တွေ့ဖို့ အရေးအကြီးဆုံးပဲ။ ဟုတ်တယ်။ စံပယ် စိတ်အားထက်သန်စွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မမလေး"

"ဟင်"

တိုက်ပုလေးရှေ့က ခေါ်သံကြောင့် နှင်း ဝယ်ခြမ်းရမည့် အသုံးအဆောင်နဲ့ ပရိဘောဂပစ္စည်းစာရင်း ရေးမှတ်နေရာမှ ခေါင်းထောင်လေသည်။

ချက်ချင်းပဲ အသံကြားရာဆီသို့ အိပ်ခန်းထဲမှ ထွက်ခဲ့ကာ ဖွင့်ထားတဲ့ ကျွန်းတံခါးအပြင်ဘက်မှာ ရပ်နေတဲ့ လူငယ်တစ်ဦး။

ငွေလရောင်လို့ ရေးထားတဲ့ ပရိဘောဂစင်တာတံဆိပ်ပါတဲ့ အင်္ကျီပြာလေး ဝတ်ထားသည်။ လူရွယ်ကိုကြည့်တာနဲ့ သရေပျစင်တာက





ဝန်ထမ်းမှန်း သိသာကာ စူးစမ်းတဲ့မျက်လုံးလေးနဲ့ စိုက်ကြည့်၏။ တစ်ဆက်တည်း ညှော်ခန်းကိုဖြတ်လျှောက်ကာ ထိုလူငယ်နဲ့ မျက်နှာချင်းဆိုင်ပြီး -

"ဘာကိစ္စလဲ"

ဟု ပုံမှန်အသံလေးနဲ့ မေးလိုက်သည်။ လူငယ်လေးက ရိုရို ကျိုးကျိုးဟန်လေးနဲ့ ဆိုသည်။

"ပရိဘောဂပစ္စည်းတွေ ဆင်ပေးမလို့"

"ဟင်"

နှင်း တအံ့တသြလေး ဖြစ်သွားသည်။

"ပရိဘောဂပစ္စည်းဆင်ပေးမလို့၊ ဘယ်သူ ဆင်ခိုင်းတာလဲ"

"ဘော့စ်ပါ"

"ဘော့စ်၊ ဘယ်က ဘော့စ်လဲ"

"ဦးကေရာဇ်"

"ဟင် သူ"

နှင်း တအံ့တသြလေး ဖြစ်ရပြန်သည်။ သူနဲ့ ဘာဆိုင်လို့လဲ။ နှင်းခေါင်းထဲမှာ မေးခွန်းတွေ ရှုပ်ထွေးသွားစဉ် -

"ကျွန်တော်တို့ပစ္စည်းတွေ ဆင်ပေးမယ်။ မမလေး လိုတာရှိရင် ထပ်ပြောဦး။ ကဲ ကားပေါ်က ပစ္စည်းတွေချ"

ထိုလူငယ်လေးပြောရင်း တစ်ဆက်တည်း တစ်ဖက်လှည့်ပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြည့်လိုက်တော့ တိုက်နှစ်တိုက်ကြားမှာ တောင်းအေ့စ်ကားကြီး နှစ်စီး စီရပ်ထားသည်။ ထိုကားနောက်ခန်းထဲမှာ ပရိဘောဂပစ္စည်းတွေ အပြည့်။

နှင်း အံ့ဩပြီးရင်း အံ့ဩရပါသည်။ ငွေလရောင် ပရိဘောဂ စင်တာမှ ဝန်ထမ်းလူငယ်ခြောက်ယောက် ပစ္စည်းတွေ ကားပေါ်က အရင် ချသည်။ ပြီးမှ ဆိုဖာတွေကို အရင်ဦးဆုံး ဧည့်ခန်းထဲနေရာ မေး၏။

ဆိုဖာက အဝါရောင်တောက်တောက်။ နှင်း ဝယ်မလို့ စိတ်ကူး ထားတဲ့အရောင်နဲ့ ဒီဇိုင်းက တစ်ထပ်တည်း။ လိုက်ကာစအိအိကြီးတွေက အစ နှင်းလိုချင်တဲ့ ရောင်စုံရောပြွမ်းနေတဲ့ အရောင်စပ်အတိုင်းရယ်။

အိပ်ခန်းထဲထည့်တဲ့ အဝတ်ဗီရိုကြီးတွေကလည်း ကျွန်းရောင် ဖိတ်ဖိတ်လက်ကာ မီးဖိုခန်းမှာလည်း နံရံကပ် ဗီရိုတွေ ကပ်ထည့်ပေး ပြန်သည်။ ရေခဲသေတ္တာနဲ့ ထမင်းစားပွဲအစုံ ပြည့်ပါ၏။

ဧည့်ခန်းမှာ ထားကြည့်ဖို့ အပေါ်စက်နဲ့စီဒီစက်လည်း မကျန်ပါ။ အင်တာနာတွေပါ လိုသလို တပ်ဆင်ပြီး အသင့်ကြည့်လို့ရအောင် လုပ် ပေးကြသည်။

နှင်းမှာ ထိုလူရွယ်လေးတွေ လုပ်ကိုင်ပေးနေတာကိုကြည့်ရင်း ဘာကြောင့်ပါလိမ့်လို့ တွေးလျက်။

နောက်မှ ဖျတ်ဆို သတိရလာသည်။

ညတုန်းက အန်တီထား နှင်းဆီ ကူးလာပြီးမေး၏။ နှင်းလေး





ပရိဘောဂတွေ ဘာတွေမရှိဘဲ ဘယ်လိုနေမလဲတဲ့။

"နှင်း ဝယ်မယ်လေ၊ နက်ဖြန်သွားဝယ်မယ်"

လို့ ပေါ့ပါးစွာ ပြောမိသည်။ အန်တီထားက ဘယ်လိုပရိဘောဂ ဝယ်မလဲ၊ ဘာညာ မေးတော့ နှင်းကလည်း နှင်းစိတ်ကူးထဲ ရှိတဲ့အတိုင်း ပြောမိလေသည်။

ဟော ခုတော့ ဈေးဝယ်ထွက်ဖို့ နှင်း စာရင်းရေးမှတ်နေတုန်း ရှိသေးတယ်။ ပစ္စည်းတွေရောက်လာပြီး မျက်စိရှေ့မှာတင် ဧည့်ခန်း၊ အိပ်ခန်းနဲ့ မီးဖိုခန်းအဆုံးထိ နှင်းသွားဝယ်မယ်ဆိုတဲ့ ပရိဘောဂတွေ နေရာတကျ ဖြစ်လေသည်။

"မမလေး ဘာလိုသေးလဲ"

"အဲ"

နှင်း ခပ်ငေးငေးကြည့်ရှုရင်း အတွေးလွန်လို့နေသည်၊ ထိုလူငယ် လေးစိတ်ထင် သူတို့ပြင်ဆင်ပေးနေတဲ့ပစ္စည်းတွေကို စိတ်တိုင်းကျကြည့် နေတယ်လို့ ထင်ဟန်တူသည်၊ ပြင်ဆင်ပြီးတာနဲ့ ဘာလိုသေးလဲလို့ သူတို့ တာဝန်ကျေအောင် မေးတော့ နှင်း အဲခနဲဖြစ်ကာ -

"မ မလိုတော့ပါဘူးကွယ်"

"ဒါဆို ကျွန်တော်တို့ကို ခွင့်ပြုဦး"

နှင်း ယောင်နန ခေါင်းညိတ်လိုက်သည်၊ ထိုလူငယ်တွေလည်း တာဝန်ပြီးပြီမို့ ပေါ့ပါးစွာ ထွက်သွားကြသည်။ ကားနှစ်စီးလုံး ရှေ့ဆင့်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆင့် ခြံထဲက ပြန်ကွေ့ထွက်တဲ့အထိ ပန်းနှင်းဆီ အုံ့ညြိစိတ်မပြယ် စတမ်း ငေးကြည့်ကျန်ရစ်ခဲ့သည်။

နှင်း မယုံနိုင်ပေ။

တကယ်ပါကွယ်။ နှင်းလက်ထဲက ရေးလက်စ စာရင်းစာရွက် လေးမှာ ဘာဆက်ပြီး ရေးမှတ်ရကောင်းမှန်း မသိတော့ပါ။

အန်တီထားကို မေးလို့ပြောမိတဲ့ကိစ္စ ဘာဖြစ်လို့ သူက စီစဉ် ပေးရတာလဲ။ ဒီအကြောင်း အန်တီထား ပြောပြလိုက်တာလား။

သိလိုလှသည်။ သိချင်စိတ်ကလေးဖြစ်ကာ အန်တီထားနဲ့တွေ့ဖို့ တိုက်ကြီးဘက်ကူးသွားသည်။

"ဟင်"

တိုက်အဝင်ဝ ဘာဂျာတံခါးက ပိတ်လျှက်သား။ စေ့ပိတ်ထားတဲ့ ဘာဂျာတံခါးမှာ မြင်သာအောင် ချိတ်ထားတဲ့ စာခေါက်လေး။ ယူဖတ် ကြည့်တော့ –

သမီးနှင်းရေ

အန်တီထား ဈေးဝယ်သွားတယ်။ မကြာပါဘူး။ တစ်လမ်း ကျော်နားက သားငါးဈေးတင်ပါ။

အန်တီထား

တဲ့။ စာတိုလေးအဆုံးမှာ စိတ်ထဲ ပျော့ကျသွားသည်။ နှင်း လည်း အတူတူ သွားရမယ့်ဈေးပဲ။ ဘာလို့ တစ်ယောက်တည်း ထွက်သွား





တာလဲ အန်တီထားရယ်။

နောက်ဆို နှင်းလည်း သားငါးဈေး သွားရမယ့်ဥစ္စာ။

စာခေါက်လေးကို နေရာမှာ ပြန်ထားရင်း ခြံဝသွားပြီး ထွက် မျှော်မိသည်။ မနက်စာစားပြီးကတည်းက သူထွက်သွားတာ နှင်း မြင်လိုက် သည်။ အန်တီထား ဈေးသွားတာမမြင်။

နှင်းက ဝယ်ခြမ်းရမယ့်ပစ္စည်း တစ်ခုမှမကျန်အောင် တကုပ် ကုပ်ရေးမှတ်နေတာ ထိုလူကြီးလုပ်ပုံကို ဘာမှမရိပ်မိနိုင်။ ရိပ်မိသိရှိတော့ အားလုံး ပြည့်စုံနေတဲ့အဖြစ်။

နှင်း ခြံရှေ့ထွက်ပြီး ဟိုဘက်ဒီဘက် ကြည့်သည်။ အန်တီထား ဘယ်ဘက်က လာမလဲပေါ့။

သိပ်မကြာပါ။ အနောက်ဘက်လမ်းဆီက ဈေးသွားဖော် အန်တီ ကြီးနှစ်ယောက်နဲ့ ဈေးခြင်းတောင်းကြီးဆွဲလာနေတဲ့ အန်တီထားရယ်။

နှင်း ကြည့်နေဆဲမှာ အန်တီကြီးနှစ်ဦးက မျက်နှာချင်းဆိုင် ခြံတွေထဲ တစ်ယောက်ချင်းစီ ဝင်သွားလေသည်။

ရပ်ကြည့်နေမိတဲ့ နှင်းခြေလှမ်းတွေ အန်တီထားဆီ ဦးလှည့် သွားသည်။

"အန်တီထား"

လို့လည်း လှမ်းခေါ်သည်။ နှင်းကိုမြင်သွားတော့ ဒေါ်ထား ထားနှယ် ဝမ်းသာသွားပြီး –



www.burmeseclassic.com

www.burmeseclassic.com



"အန်တီထားကို လာကြိုတာလား"

"ဟုတ်တယ်၊ ပေး အန်တီထား၊ နှင်း ဆွဲပေးမယ်"

ပြောလည်းပြောရင်း အန်တီထားလက်ထဲက ဆွဲခြင်းကို လှမ်းယူသည်။ သားငါးနဲ့ အသီးအရွက် စုံစုံလင်လင်ဝယ်လာတဲ့ ဆွဲခြင်းကို ဒေါ်ထားထားနွယ် လက်ပြောင်းပေးလျှင် –

"အန်တီထား ဈေးသွားတာ နှင်းလည်းခေါ်ပေါ့"

"ရပါတယ်ကွယ်"

"မဟုတ်တာဘဲ၊ နှင်းလည်း ဈေးသွားတတ်အောင်ပေါ့"

"အင်းပါကွယ်၊ နောက်နေ့တော့ ခေါ်မယ်၊ ဟုတ်ပြီလား"

ဒေါ်ထားထားနွယ်က မိတဆိုးလေးဖြစ်နေတဲ့ နှင်းအလိုအတိုင်း လိုက်ပြောရှာသည်။ သူမလေးက မိတဆိုးလေးဖြစ်ရုံမက ဖခင်နဲ့လည်း ပြဿနာတက်နေတဲ့ သမီးပျိုလေး မဟုတ်လား။

ဒေါ်ထားထားနွယ် တတ်နိုင်သမျှ အလိုလိုက်နေမိခြင်း ဖြစ်သည်။ ဈေးခြင်းပိုင်းဆွဲပေးပြီး ယှဉ်လျှောက်လာရင်း နှင်း မေးသည်။

"ဒါနဲ့ အန်တီထား"

"ဘာများလဲ နှင်း"

"ခုနကလေ ငွေလရောင် ပရိဘောဂစင်တာကပေါ့၊ ပရိဘောဂ ပစ္စည်းတွေ လာပို့သွားတယ်၊ အန်တီထားတူတော်ကြီး ပို့ခိုင်းတာတဲ့"

"အေး ဟုတ်တယ် သမီး၊ သမီးလိုတာလေးတွေ ပြည့်စုံအောင်၊





သမီးကြိုက်တယ် မဟုတ်လား"

"ကြိုက်တာပေါ့ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ သမီး"

"အန်တီထားက ဘာဖြစ်လို့ ပြောလိုက်တာလဲ၊ နှင်းဘာသာနှင်း သွားဝယ်မယ့်ပစ္စည်းတွေကိုလေ"

"ဩော် ဒါလား၊ ဟင့် ဟင့် ဟင့်၊ အစကတည်းက သားလည်း စိတ်ကူးရှိနေတယ်၊ အလုပ်တွေများနေတာနဲ့ မလုပ်ဖြစ်ဘူးလေ၊ အခု သမီး နေလာပြီဆိုတော့ သမီးလိုတာလေးတွေမေးပြီး တစ်ခါတည်း ဖြည့်ပေးလိုက်တာ၊ အန်တီထားတို့အတွက် အပန်းမကြီးပါဘူး နှင်းလေးရယ်"

"အဲဒါဆိုလည်း ဘယ်လောက်ကျလဲ၊ စာရင်းစာရွက်ပေးခိုင်းလေ၊ နှင်း ကျသလောက် ငွေပေးမယ်လို့ အန်တီ့တူကိုပြောပေး"

နှင်း ထိုသို့ပြောတော့ အန်တီထား ရယ်မောပြီး –

"ပေးစရာမလိုဘူး သမီးရဲ့၊ ငွေလရောင်ပရိဘောဂစင်တာက သားပိုင်တာလေ"

"အဲ"

နှင်း ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား၏။ အန်တီထားက နှင်းလက်မောင်းလေးကို ချစ်မြတ်နိုးစွာ ဆုပ်ကိုင်လျက် –

"သမီး ဘာမှတွေးမနေနဲ့၊ သမီး စိတ်ချမ်းသာတာကို အန်တီ



www.burmeseclassic.com

www.burmeseclassic.com



ထား မြင်ချင်တယ်၊ သမီးလိုအပ်တာတွေ ဖြည့်ပေးချင်တယ်၊ အဲဒါ ဘာဖြစ်လို့လဲ သိလား''

နှင်း အန်တီထားကို ငုံ့ကြည့်သည်။ အန်တီထားက ကိုင်ထားတဲ့ နှင်းလက်မောင်းလေးကို တစ်ချက် ဖျစ်ဆုပ်ပြီး –

''နှင်းစိတ်က အကြောင်းကြောင်းကြောင့် ထိခိုက်နေတယ် မဟုတ်လား။ ဒါကြောင့်ပါကွယ်၊ အန်တီထားအနားမှာ နှင်း လာနေတုန်း နှင်းစိတ်ကို တတ်နိုင်သမျှ ကြည်စင်စေချင်တယ်၊ တခြား ဘာမှ မတွေးနဲ့၊ သိလား၊ သမီး အနားမှာရှိတော့ အန်တီထားလည်း အားရှိတယ်၊ ကဲ လာ၊ ခြံကျော်ရအောင်''

စကားတပြောပြောနဲ့မို့ ခြံကျော်သွားမတတ် ခြေလှမ်းတွေကျဲ့နေတဲ့ နှင်းကို အန်တီဆွဲပြီး ခြံထဲ ဦးလှည့်စေသည်။

နှင်း ရုက်သလိုလေးဖြစ်ကာ ခြံထဲအတူတူ လှမ်းဝင်တဲ့အခါ နှင်းရင်မှာ နွေးထွေးသလို ခံစားရစေသည်။

မာမီရေ၊ အန်တီထားက မာမီ့လိုပဲ၊ သိလား။ နှင်းကို နွေးထွေးမှု ပေးပါတယ်လေ။ မယုံရင် လာကြည့်လှည့်ပါ။

ဒယ်ဒီကသာ တော်ပြီ။ နှင်း ခေါင်းယမ်းပစ်လိုက်သည်။

ဒယ်ဒီ့ကို နှင်း နာနေသေးတယ်ရှင့်။

✿ ✿ ✿



## အခန်း (၁၅)

''အန်တီ''

ကားပေါ်ကဆင်းလျက် ငွေလရောင်ပရိဘောဂစင်တာထဲ လှမ်းဝင်မလို့ ဒေါ်ထားထားနွယ် ခြေတစ်လှမ်း လှမ်းရုံရှိသေးတယ်။

လှမ်းခေါ်သံကြောင့် ခြေလှမ်း ဆက်မလှမ်းဖြစ်တော့ပါ။ တစ်ပါတည်း အသံလာရာဆီ ငဲ့ကြည့်တော့ ပန်းစံပယ်ရယ်။ ဖြူဖြူချောချော မိန်းကလေး ဖြစ်ပေမယ့် ပန်းနှင်းဆီအလှကို ခြေဖျားလေးပင် လိုက်မမီဟု ဒေါ်ထားထားနွယ် မှတ်ချက်ပေးမိပါသည်။ ကြိုတင်ရပ်စောင့်နေတဲ့ စံပယ့်ခြေလှမ်းက ဒေါ်ထားထားနွယ်အနား ရောက်လာသည်။

''ဘာလဲ သမီး''



www.burmeseclassic.com

www.burmeseclassic.com



ပန်းနှင်းဆီရဲ့အစ်မအရင်းမို့ ဒေါ်ထားထားနွယ် ရင်းနှီးစွာမေးပါ၏။

"အန်တို့ဆီမှာ အကူအညီတောင်းချင်လို့ပါ"

"ဘာများလဲကွယ်"

"ညီမငယ်ကိစ္စပါ"

ဒေါ်ထားထားနွယ် မသိမသာလေး သက်မချသည်။

"နှင်းလေးကိစ္စလား၊ ရပါတယ်ကွယ်၊ လာ လာခဲ့၊ အထဲမှာ အေးအေးဆေးဆေး ပြောကြတာပေါ့"

"အထဲမဝင်တော့ပါဘူး၊ တစ်နေရာရာမှာ ပြောကြစို့လား အန်တီ"

"စံပယ့်သဘောပါကွယ်"

ဒေါ်ထားထားနွယ် လိုက်လျောရလေသည်။

"လာ အန်တီ၊ ဟိုနားကဆိုင်မှာ ခဏထိုင်ရအောင်"

'ပုလဲချို' အအေးခန်း စားသောက်ခန်းမဘက် ညွှန်ပြရင်း ပန်းစံပယ် ပြောခြင်း။ ဒေါ်ထားထားနွယ် လိုက်လျောပြီးတဲ့အတိုင်း ခေါင်းလေးဆတ်ကာ ပန်းစံပယ်ဦးဆောင်သွားတဲ့နောက် ပါခဲ့ရပြီ။

နှစ်ယောက်သား ပုလဲချိုရဲ့ သီးသန့်ခန်းထဲမှာ မျက်နှာချင်းဆိုင် ထိုင်ကြ၏။ ပန်းစံပယ်က ဘာစားမလဲ၊ ဘာသောက်မလဲ မေးသည်။ ဒေါ်ထားထားနွယ် ခေါင်းလေးပဲ ယမ်းလိုက်သည်။





ဘာမှ စားချင်၊ သောက်ချင်စိတ် မရှိပါ။

ပန်းစံပယ်က အအေးနဲ့ ဟမ်းဘာဂါ ဘာညာမှာသည်။ ဒေါ်ထားထားနွယ် ဒါတွေကို စိတ်မဝင်စားလှ။

နှင်းလေးနဲ့ပတ်သက်ပြီး အကူအညီအတောင်းမယ်ဆိုတဲ့ကိစ္စကိုပဲ စိတ်ဝင်စားလျက် စကားစမေးဖြစ်သည်။

"သမီးစံပယ် အကူအညီတောင်းမယ်ဆိုတာ ဘာလဲကွယ်"

"ဒီလိုပါ အန်တီရယ်"

ပန်းစံပယ် နိဒါန်းတွေဘာတွေ ပျိုးမနေတော့ပါ။ အားလုံးသိထားပြီးမို့ ပွင့်ပွင့်လင်းလင်း ထုတ်ပြောလေသည်။

"ညီမငယ် ဖွတ်တရွတ်ဆန်နေတဲ့အဖြစ်ပါ၊ အန်တီ ဖျောင်းဖျောင်းဖျဖျ ပြောပေးပါလားဟင်၊ ညီမငယ် အပြင်မှာ တစ်ရက်နေလေ တစ်ရက် အရှက်ရလေ ဖြစ်နေလို့ပါ၊ စံပယ်တို့အသိုင်းအဝိုင်းက ဂုဏ်သိက္ခာကို တန်ဖိုးထားကြတော့ ပိုပြီး အလေးနက်ထားရလို့ပါ၊ ဒယ်ဒီဆို ဒီစိတ်နဲ့ မစားနိုင်, မသောက်နိုင် စိတ်ဆင်းရဲနေရတာလေ၊ ညီမငယ် ဘာဖြစ်ချင်တယ်, ဘာလိုချင်တယ်ဆိုတာ စံပယ်သိတယ်၊ ညီမငယ် လိုချင်တာအားလုံး ဖြစ်စေရမယ် အန်တီထားရယ်၊ ညီမငယ် နားဝင်အောင် ပြောပေးပါနော်၊ အန်တီထားပြောရင် ညီမငယ် လက်ခံမှာပါ"

လက်ဖဝါးကို အားကိုးတကြီးဆုပ်ကိုင်ရင်း ပြောရှာတဲ့ ပန်းစံပယ်ကို ဒေါ်ထားထားနွယ် စာနာစွာကြည့်ရင်း သက်မလေးချရှာသည်၊



www.burmeseclassic.com

www.burmeseclassic.com



မိသားစုအိမ်တွင်းရေးက အပြင်ကမီးထက် ပူလောင်နေမှန်း ဒေါ်ထားထားနွယ် သိပါသည်။ ဖအေ့ရင်ထဲ ဘယ်လိုလောင်နေမလဲ ဆိုတာ ရိပ်မိပါရဲ့။ ဒါကြောင့် ဒေါ်ထားထားနွယ် ခေါင်းလေးဆတ်ပြီး–

"အန်တီထား နားလည်ပါတယ်ကွယ်၊ နှင်းလေးကို အန်တီထား ကိုယ်ချင်းစာသလို စံပယ်တို့ ခံစားနေရတာတွေကိုလည်း နားလည်ပါ တယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ အန်တီထားရယ်"

"ဩော် ဒီလိုပါ၊ နှင်းလေးက ခုချိန်မှာ စိတ်တွေ ပြင်းထန်နေ တာကွဲ့"

"ဘာ ဘာအတွက်လဲ"

"သူ့ဘဝသူတည်ဆောက် ဆိုလား ဘာလား မသိဘူး၊ သေချာ တာက အလုပ်တစ်ခုလုပ်ဖို့ လုံးပန်းနေလေရဲ့"

"ဘုရားရေ"

"ဟုတ်တယ်၊ အန်တီထားတောင် အံ့သြနေတာ၊ အေးအေး ဆေးဆေး ကျောင်းပြီးအောင်ဆက်တက်ပါလို့ အန်တီထား ပြောတာ လက်မခံဘူး၊ အလုပ်နဲ့ပတ်သက်ပြီး သားကို မေးနေတာ၊ မြန်းနေတာ တော့ ကြားတယ်"

"ဘာ ဘာလုပ်မှာတဲ့လဲ အန်တီထားရယ်"

ပန်းစံပယ် စိုးရိမ်စိတ်ကလေး ဝင်လာသည်။ ညီမပျိုလေးကို





ဘာအလုပ်မှ မလုပ်စေချင်ပါ။ အိမ်ထောင်ရက်သားကျလို့ လုပ်ချင်သပ ဆို လုပ်ပါစေပေါ့။ ခုတော့ အလုပ်ပါ လုပ်ဦးမတဲ့၊ ညီမလေးအလုပ်လုပ် မယ်ဆိုရင် ဒယ်ဒီ့ကို ပိုပြီး ပုတ်ခတ်ကျင်က ပြောဆိုကြမှာလေ။

"ကြည့်ပါလား၊ ဖအေလုပ်သူက ကြီးကောင်ကြီးမားနဲ့ မယား ငယ် နေတယ်၊ သမီးပျိုလေးကို ရိုက်ပုတ်လို့ သမီးပျိုလေး တိုက်ပေါ်က ဆင်းသွားတယ်၊ မိဘရိပ်နဲ့ ဝေးရာမှာ ချို့ချို့တဲ့တဲ့ နေရတယ်၊ ချို့တဲ့ လွန်းလို့ အလုပ်ပါ ထွက်လုပ်နေရတယ်လေ"

လို့ မေးငေါ့ကြမှာလေ။

ဒါတွေကို စိတ်ပူလို့ ပန်းစံပယ် အလောတကောမေးမိ၏။

ဒေါ်ထားထားနွယ် ရိပ်မိတာမို့ ပန်းစံပယ်လက်ကလေးကို အပေါ်က ဆုပ်ကိုင်လျက် –

"အန့်တီထားလည်း သေချာနားမထောင်မိဘူး၊ ဒါပေမဲ့ လုပ် မယ်ဆိုလည်း ဘာဘာညာညာတွေတော့ လျှောက်လုပ်မှာ မဟုတ်ပါဘူး၊ သားနဲ့ ပြောကြဆိုကြတာဆိုတော့လေ"

"ဘာပဲဖြစ်ဖြစ်ပေါ့ အန်တီထားရယ်၊ ဒယ်ဒီ့ကို အသိုင်းအဝိုင်း က ပိုပြီး လက်ညှိုးထိုးလာတော့မှာလေ၊ ဒါကြောင့် စံပယ် စိုးရိမ်တာ၊ အန်တီထား မြန်မြန်လေးပြောပေးပါနော်၊ နော်လို့"

တနော်နော်နဲ့ ပန်းစံပယ် ပြောနေတော့လည်း ဒေါ်ထားထား နွယ် ခေါင်းညိတ်ရပြန်သည်။ မိသားစုအရေးကို ပြန်ပြေလည်မှု ရစေချင်



www.burmeseclassic.com

www.burmeseclassic.com



တာ ဒေါ်ထားထားနွယ်ရဲ့ စိတ်ရင်းပါ။

ဒါပေမဲ့ ဝမ်းနည်းသလိုလိုတော့ အရှိသား။

နှင်းလေးကို သူမ ချစ်ခင်နေမိပြီ မဟုတ်လား။ သားကို အလုပ်ကိစ္စ ဘာညာမေးနေတုန်းက သူမ ရှောင်ပေးခဲ့တာက လူငယ်နှစ်ဦး ရင်းနှီးသွားပါစေ။ ရင်းနှီးပြီး ချစ်ခင်သွားရင်လည်း သူမအတွက် နှင်းလေးနဲ့ တစ်သက်လုံး အတူနေသွားလို့ ရပြီလေ။

ဘယ်ဘဝက ရေစက်ကြောင့်မှန်းမသိပါ။ နှင်းလေးရောက်လာကတည်းက သူမရင်ထဲမှာ ပြည့်စုံချမ်းမြေ့သလို ခံစားရသည်။ နေရင်းထိုင်ရင်း သားနဲ့ သဘောတူနေတဲ့အဖြစ်။

ပြန်တွေးကြည့်တော့လည်း ရယ်ပစ်ဖို့ကောင်းတယ်။

ထားရယ် ရှုးများရှူးနေသလားကွယ်လို့ တစ်ယောက်ယောက် ပြောရင်လည်း ခံရုံပေါ့။ ဟုတ်ဘူးလား။

ခုတော့ ဖျောင်းဖျပေးရမတဲ့။

အင်းပေါ့လေ၊ ဘာတတ်နိုင်မလဲ။ ကိုယ်ဖြစ်ချင်သလို ဖြစ်ခွင့်မှ မရှိဘဲဟာ။ ဖြစ်လာတာကို ရင်ဆိုင်ရရုံပေါ့။

"စိတ်ချပါ စံပယ်ရယ် နော်၊ အန်တီ့ထား ဖျောင်းဖျပေးပါ့မယ်ကွယ်"

"ကျေးဇူးတင်ပါတယ် အန်တီထားရယ်"

ပန်းစံပယ် ပြောရင်း မျက်ရည်များပင် ဝဲလေသည်။





ဒေါ်ထားထားနွယ်လည်း ထိုမိသားစုအတွက် မျက်ရည်ဝဲလျက်။

ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား။

ဒေါ်ထားထားနွယ် ဝေခွဲရခက်စွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ပန်းနှင်းဆီ အရုပ်ကမ္ဘာ"

ထိုဆိုင်းဘုတ်ကို ရိပ်ခနဲမြင်လိုက်လျှင် သီရိစစ် မျက်မှောင်လေး ကြုတ်လျက်။ အရှိန်နဲ့မောင်းနေတဲ့ကားကို လမ်းဘေး တစ်ပါတည်းချကာ ဘရိတ်ဆွဲပြီး ထိုးရပ်လိုက်သည်။

"ဟဲ့ ဘာဖြစ်တာလဲ"

နောက်ခန်းမှာထိုင်နေတဲ့ အလင်းစံ လှမ်းမေးသည်။ သရဖူစိုးက လည်း သိချင်တဲ့မျက်လုံးလေးနဲ့ ကြည့်၏။ သီရိစစ် နောက်လှည့်ပြီး–

"စောစောက မမြင်လိုက်ဘူးလား"

"ဘာကိုလဲ"





"ပန်းနှင်းဆီအရုပ်ကမ္ဘာဆိုတဲ့ ဆိုင်းဘုတ်ကြီးလေ"

"ဟင်"

"ဘယ်မှာလဲ"

သီရိစစ်လိုပဲ အလင်းစံနဲ့ သရဖူစိုး သိချင်စိတ် ငမ်းငမ်းတက် ဖြစ်ကာ မေးရင်း ဟိုဟိုဒီဒီ လှမ်းကြည့် ငဲ့ကြည့်နှင့်။

"လွန်ခဲ့ပြီ၊ နေဦး၊ ကားနောက်ဆုတ်မယ်"

သီရိစစ် ပြောရင်း ကားနောက်ပြန်၏။

"အေးနော်၊ နှင်းစိတ်က ဘာကြီးမှန်းမသိဘူး"

"နှင်းဒယ်ဒီလည်း လွန်ပါတယ်ဟယ်"

အလင်းစံနဲ့ သရဖူစိုး တစ်ယောက်တစ်ခွန်း ပြောကြသည်။ သီရိစံက ဆိုင်းဘုတ်နဲ့မလှမ်းမကမ်းမှာ ကားနောက်ဆုပ်ရပ်ရင်း –

"ဘာပဲဖြစ်ဖြစ် သူငယ်ချင်းတွေကို ဖိတ်ပင်သင့်တယ်၊ ခုတော့ နှင်းက နှင်းစိတ်နှင်းသဘောနဲ့ လုပ်ချင်ရာလုပ်နေတာ၊ ဂုဏ်သိက္ခာကျ စရာတွေချည်းပဲ"

ဒါတော့ သူငယ်ချင်းနှစ်ယောက် လက်ခံစွာ ခေါင်းဆတ်၏။ ကားရပ်ပြီးသွားတာနဲ့ သုံးယောက်သား ကားပေါ်က ဆင်းကြသည်။

"အခုလည်း အရုပ်ဆိုင်ဖွင့်နေတာ ဘာသဘောလဲ၊ မှန်းရခက် တယ်"

"ဟုတ်,မဟုတ် သွားကြည့်ဦးမယ်လေ၊ နာမည်တူတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်သားနဲ့''

သရဖူစိုးက တွေးတွေးဆဆလေး ဝင်ပြော..ည်။

''ဘာပဲဖြစ်ဖြစ် ဖြစ်နိုင်ခြေများတာပဲ၊ အန်ကယ်နဲ့ စိတ်ဆိုးတုန်းကပဲကြည့်၊ သူငယ်ချင်းတွေဆီ လာခဲ့လို့ရသားနဲ့ အမျိုးတွေဆီလည်း မသွားဘူး၊ တစ်ယောက်တည်း တိုက်ငှားပြီးသွားနေတာလေ၊ အခုလည်း အဲဒီသဘောပဲ၊ ထင်တာလျှောက်လုပ်တာမျိုးပဲ ဖြစ်မယ်၊ သေချာတယ်၊ နှင်းပဲ ဖြစ်မယ်၊ လာ''

သီရိစစ် အနိုင်အမာယူဆကာ ရှေ့ကဦးဆောင်သွားသည်။ လူစည်ကားတဲ့ လမ်းပေါ်မှာ မျက်နှာစာနှစ်ဖက်ပါတဲ့ ဆိုင်ကြီးက ကျယ်ဝန်းလှသည်။

သုံးယောက်သား ဆိုင်ထဲ လက်တွဲဝင်ကြ၏။ ဆိုင်ဝမှာရပ်နေတဲ့ အရောင်းစာရေးမလေးက ဖော်ရွေစွာ ပြုံးပြသည်။ သီရိစစ်က ပြန်ပြုံးပြ၍ ဆိုင်ထဲ ဝေ့ကြည့်သည်။

အရုပ်တွေကတော့ ..ကယ့်အရုပ်ကမ္ဘာလိုပဲ။ ပြည့်စုံ စုံလင်လှသည်။ အရုပ်ဗီရိုကြီးတွေရဲ့ ဘေးချင်းကပ်မှာ ကောင်တာတစ်ခု။ ထိုကောင်တာနောက်မှာ ထိုင်နေတဲ့ ပန်းနှင်းဆီ။

''နှင်း''

သုံးယောက်သား ပြိုင်တူခေါ်ပြီး ကောင်တာရှေ့ ရောက်သွား၏။ နှင်း ပစ္စည်းစာရင်းတွေ ရေးနေရာမှ မော့ကြည့်လျှင် –





''ဟယ်တော်၊ ရှင်တို့ ထိုင်ကြ၊ သူငယ်ချင်း''

ထိုင်ခုံလွတ်တွေမှာ ကမန်းကတန်း ဝင်ထိုင်ကြပြီး –

''ဟုတ်တယ်လေ၊ နှင်းက သိပ်နေနိုင်တာပဲ''

''နေပါဦး၊ ဒါ ရှင်ဖွင့်တဲ့ဆိုင် ဟုတ်လား''

''ပြောစမ်းပါ နှင်းရယ်၊ ဟုတ်လား၊ နှင်းဆိုင်လား''

သူငယ်ချင်းသုံးယောက် အလုအယက်မေးကြလေသည်။ နှင်းက ပြုံးပြုံးလေးပဲ ခေါင်းဆတ်ကာ –

''ဟုတ်တယ်''

''အလိုလေ''

သုံးယောက်သား အံ့ဩကာ ကိုယ်ကြီး ကြွတက်မတတ် ဖြစ်ကုန်သည်။ မယုံလည်း မယုံနိုင်ပေ။

''နှင်းရယ် နှင်းကြောင့် နှင်းမိသားစုဝင်တွေ အရှက်ရတော့မှာပဲ''

''ဘယ်လို သီရိ''

''ဟုတ်တယ်လေ၊ နှင်းအခြေအနေက အရုပ်ရောင်းပြီး ဘဝရပ်တည်ရမယ့်အနေအထားမှ မဟုတ်တာ၊ နှင်း ကျောင်းဆက်တက်ရမယ်လေ၊ ကျောင်းမတက်ဘဲနဲ့ဟာယ်''

သီရိစစ် ဝေဖန်သလိုလိုပြောလျှင် နှင်း ခပ်တင်းတင်းပဲ ပြုံးလျက် –



www.burmeseclassic.com

www.burmeseclassic.com



"နှင်း အဝေးသင်ပြောင်းတက်မယ်"

"မဟုတ်တာဘဲ နှင်းရယ်"

သရဖူစိုး အားမလိုအားမရ ဝင်ပြောပြန်သည်။ သူငယ်ချင်းတွေ အမြင်နဲ့ နှင်း ဘယ်တုန်းကမှ အမြင်ချင်း မတူကြပါ။

ဒီတစ်ခါ ပိုပြီးမတူ ဖြစ်ရလေသည်။

"ဒါက နှင်းအကြောင်းနဲ့နှင်းပါ"

"ဘာအကြောင်းနဲ့ ဖြစ်ဖြစ်ပေါ့၊ ခုတော့ဟယ် ကျောင်းတက်ရမယ့်အချိန်မှာ ကျောင်းမတက်ဘဲနဲ့ ဈေးရောင်းနေတာ အံ့ဩတယ်"

"ဘာလဲ၊ ရှင်တို့ အထင်သေးတယ်ပေါ့လေ"

နှင်းမေးတာကို သုံးယောက်လုံး ချက်ချင်းမဖြေ။ နှုတ်ဆိတ်သလိုလိုနဲ့ မျက်နှာအမူအရာတွေက အထင်သေးတဲ့သဘော ဆောင်နေမှန်း သိသာနေသည်။

နှင်း မသိမသာလေး သက်မချ၍ -

"အထင်သေးချင်လည်း သေးပေါ့၊ မခေါ်ချင်လည်း မခေါ်ကြနဲ့လေ၊ နှင်းက ရှက်စရာလို့ မခံစားမိဘူး။ နှင်းဘဝရပ်တည်ရေးအတွက် နှင်းလုပ်ချင်တဲ့အလုပ်တစ်ခုကို လုပ်နေတယ်၊ အရေးကြီးတာက နှင်းစိတ်ငြိမ်ငြိမ်းချမ်းချမ်းနဲ့ ရှင်သန်နေဖို့ပဲ၊ နှင်းကြောင့် ဘယ်သူ့ကိုမှ မထိခိုက်"

"မဟုတ်သေးဘူး နှင်း"

အလင်းစံက နှင်း စကားမဆုံးသေးခင် ဖြတ်ပြောသည်။ နှင်း





လက်ကာဟန်ဖြင့် ဆက်ပြောသည်။

"ရှင်တို့အမြင်နဲ့ နှင်း အမြင်မတူပါဘူး။ ဒါကြောင့် ဘာမှ မပြောပါနဲ့၊ နှင်း ဒီအရပ်ဆိုင်လေး ဖွင့်ထားတာ အထင်သေးတယ်ဆိုရင် နှင်းကို မခေါ်ဘဲနေလို့ရတယ်၊ နှင်း ဝမ်းမနည်းပါဘူး"

နှင်း ဒါပဲပြောကာ ထိုင်နေရာမှထကာ သူငယ်ချင်းတွေရှေ့က ဖြတ်ပြီး အတွင်းဘက်ရှိ အခန်းငယ်လေးဆီ တန်းဝင်သွား၏။

"နှင်း"

"နေဦးလေ"

"သရဖူတို့ပြောချင်တာက ဒီလိုဟ"

သူငယ်ချင်းတွေ တစ်ယောက်တစ်မျိုးပြောရင်း ထခေါ်ကြပေမယ့် နှင်း နောက်ပြန်မလှည့်တော့ပါ။

အခန်းတံခါးကို ဆောင့်ပိတ်လေသည်။

"ဂျိမ်း"

တံခါးမြည်သံလေးနောက်မှာ သူငယ်ချင်းသုံးယောက် ကိုယ်လေးများ တုန်မတတ်ဖြစ်ကာ စိတ်ပျက်စွာ သက်မချလေသည်။ ရင်ထဲမှာလည်း မတိုးမကျယ် ရွတ်မိ၏။

သိပ်ခက်တာပဲ နှင်းရယ်လို့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ကြာပွင့်လေး နွမ်းခြောက်နေပါပြီ။

ဒါပေမဲ့ နှင်း မပစ်ရက်ပါ။ တစ်လွှာချင်း၊ တစ်ထပ်ချင်း ကြွေလုဖြစ်နေတဲ့ ပွင့်ချပ်လေးများကို တယုတယနဲ့ ဖန်ပုလင်းလုလုထဲ ထည့်သိမ်းမိသည်။ ထိုဖန်ပုလင်းလေးကို မျက်စိကွယ်ရာ သိမ်းမထားချင်။

ခေါင်းရင်းစားပွဲပေါ်က စားပွဲဝိုင်းလေးမှာ တင်ထားသည်။ အခန်းထဲဝင်တာနဲ့ ထိုဖန်ပုလင်းလေးကို လှမ်းမြင်ရသည်လေ။ ဖန်ပုလင်းထဲမှာမို့ ပွင့်ချပ်ခြောက်ခြောက်ကလေးများက တစ်မျိုးတစ်ဖုံ လှလျက်။





မြင်နေတိုင်း၊ တွေ့နေတိုင်း ရင်ခုန်သလို မမြင်မတွေ့ရပေမယ့်လည်း ရင်ထဲမှာ နွေးလျက် သူ့ရုပ်သွင်လေး စွဲလို့နေသည်။

နှင်းမသိအောင် ကြာပန်းလေးလာပေးသွားတာ ကဗျာဆန်လို့ရယ်။ ဒါတင်မက နှင်းကို ဘာမှလည်း မပြောမဆိုဘဲ နှင်းလိုချင်တဲ့ ပရိဘောဂပစ္စည်းတွေ လာဆင်ပေးရုံမက နှင်း အရုပ်ဆိုင်ဖွင့်ချင်တယ်လို့ တိုင်ပင်တော့ ချက်ချင်း လုပ်ဆောင်ပေးတာက နှင်းအတွက် အားတုံ့အားနာ ဖြစ်ရပေသည်။

အန်တီထားက ရတယ်လို့ပြောပေမယ့် နှင်းစိတ်ထဲက တစ်မျိုးလေး ခံစားရသည်။ ဒါကြောင့်မို့ သူနဲ့တွေ့ပြီး ပြောမယ်ပေါ့။ အရုပ်ဆိုင်ရဲ့ ငွေရင်းနဲ့ ပရိဘောဂပစ္စည်းတွေအတွက် ကျသင့်ငွေလက်ခံဖို့ကိုလေ။ အဲဒီအတွေးနဲ့ ခြေလှမ်းတွေ သူရှိတဲ့တိုက်ကြီးဆီ ဦးလှည့်လေသည်။

"အို"

ညှို့ခန်းဝမှာ ပက်ပင်းဆုံလျှင် နှင်း ရင်ခုန်လှုပ်ရှားသွားသည်။ စူးစိုက်ကြည့်နေတဲ့ သူ။

သူကလည်း အထွက်၊ နှင်းလည်း အဝင်မှာ နှစ်ယောက်သား ရင်ချင်းအပ်မတတ် ဆုံတွေ့ကာ ကိုယ်နေဟန်လေးပျက်လေသည်။ ရှောင်ချိန်မရတော့တာမို့ ယိုင်ကျလာတဲ့ နှင်းကိုယ်လေးကို ထိန်းထားသလိုနဲ့ လှမ်းဖက်လေသည်။

နှင်း ရင်တွေ ပရမ်းပတာခုန်လျက်။ စိုက်ကြည့်နေတဲ့ သူ့မျက်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကြောင့် နှင်း အရာရာကို မေ့လျော့သွား၏။

"နှင်း"

"အို ဖယ်"

သူ့ခေါ်သံနောက်မှာ နှင်း ရှက်စိတ်နဲ့ သူ့ရင်ဘတ်ကို တွန်းဖယ်၏။ သူ အလိုက်သင့် ဖြေလွှတ်ပေးရင်း –

"နေဦးလေ နှင်း"

"ဟင့်အင်း"

နှင်း တစ်ကိုယ်လုံး ရှက်သွေးနဲ့ထူပူကာ ကယောင်ကတမ်းနဲ့ ခေါင်းယမ်းပြီး ဘုရည့်ထွက်ခဲ့သည်။

နှင်းခမျာ ရင်ခုန်မပြယ်၊ အရှက်လည်းမပြယ်။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲနော်။ ရင်ခွင်ချင်းအပ်မိသွားတဲ့ ခံစားချက်က တစိမ့်စိမ့် နွေးလျက် ကိုယ်သင်းရနံ့တွေ ရောယှက်ပေါင်းသင်းသလို ဖြစ်သည်မို့ ရှက်တာတွေက ငယ်ထိပ်အထိ ထိုးဆောင့်လေသည်။

ကောရာဖ်ရယ် ရှင့်မျက်နှာကို ဘယ်လိုကြည့်ရမလဲ။

နှင်းမှာ ရှက်လွန်းလို့ တိုက်ခန်းတံခါးပိတ်ပြီး နေခဲ့ရတဲ့အဖြစ်။ အဲဒါတွေကို အန်တီထား ဘာမှမသိဘဲနဲ့။

"သမီးရေ နှင်းလေး။ ဘုရားလိုက်မယ်ဆို အန်တီထားနဲ့ အဆင်သင့်ဖြစ်ပြီ မဟုတ်လား။ ထွက်ခဲ့တော့နော်၊ အန်တီထား စောင့်နေတယ်၊ သားလိုက်ပို့ပေးမယ်တဲ့၊ မြန်မြန်လာခဲ့နော်"





အန်တီထား အခန်းတံခါးလာခေါက်ပြီး အဆက်မပြတ်ပြောလေသည်။ နှင်းမှာ ငြင်းရအခက်၊ ရှောင်ရအခက်နဲ့။ မျက်နှာလှလှလေးက ခုချိန်ထိ ရှက်ရိပ်မပြယ်သေး။

ဘုရားသွားရင် သူပါဦးမယ်။ သူနဲ့ မျက်နှာချင်းဆိုင်ရမယ်။ နှင်း အဲဒါတွေကိုပဲ ရှက်လှသည်။

အန်တီထား နားလည်အောင်ရှင်းပြပြီး နေရစ်ခဲ့ဖို့ကလည်း မဖြစ်နိုင်။ အိုး ဘယ်ဘက်ကတွေးတွေး ရှက်နေရတာပဲ။

ဒါကြောင့် တွေးမနေတော့ပါ။ ရှက်ရှက်နဲ့ပဲ ပြင်ဆင်ပြီး ထွက်ခဲ့ရသည်။ သူ့ကိုတော့ မကြည့်မိအောင် မျက်လုံးကို ထိန်းထားရသည်။

မကြည့်သော်လည်း မျက်ရိပ်ထဲမှာ ပေါ်ပေါ်လွင်လွင် မြင်ရတယ်လေ။

ရေညှိစိမ်းရောင် ပိုးပုဆိုးနိမ့်နိမ့်နဲ့ ဆင်စွယ်ရောင် ရှပ်လက်ရှည်ကို လည်ပင်းကြယ်သီးတပ် ဝတ်ထားတဲ့သူ။ အလယ်ခွဲဆံပင်ကို နားရွက်နား ထောင့်ချွန်ပုံစံလှလှလေး သွင်းထားသည်က သူ့မျက်နှာနဲ့ လိုက်ဖက်၏။ သူ့ဝတ်ဆင်မှုနဲ့လည်း အဆင်ချောကာ ဘယ်ဘက်ကကြည့်ကြည့် ကောရာဖ်က ကျက်သရေရှိလို့နေသည်။

"လာ သမီး"

နှင်းထွက်လာတာမြင်သည်နှင့် အန်တီထား လှမ်းခေါ်ကာ ကားတံခါး အသင့်ဖွင့်ပေးလေသည်။ သူက နှင်းကိုပြုံးပြပြီး ကားမောင်း



www.burmeseclassic.com

www.burmeseclassic.com



သူ နေရာဝင်ထိုင်သည်။ နှင်း ပြန်ပြုံးပြမိလား၊ မမိလား မသိတော့ပါ။

သူ့ရှေ့မှာ မျက်လွှာလေးချပြီး ကားနောက်ခန်းမှာ ဝင်ထိုင်လိုက်သည်။ တော်သေးတယ်။ နှင်းက သူ့နောက်တည့်တည့် မဟုတ်လို့ အန်တီထားက သူ့နောက်မှာ။

ကားလေးကို ငြိမ့်ခနဲ မောင်းထွက်သွားတော့ နှင်းရင်မှာ ငြိမ့်စီးသွားလေသည်။

အန်တီထားက ပေါင်ပေါ်တင်ထားတဲ့ နှင်းလက်ဖဝါးနုနုလေးကို ဆုပ်ထွေးပြီး ပြုံးပြသည်။

နှင်း ပြန်ပြုံးပြတဲ့အထဲမှာ ရှက်ရိပ်ရောပါလျက်။

"နှင်းလေးက သိပ်လှတာပဲ"

လို့ မဆီမဆိုင် အန်တီထားပြောလျှင် နှင်းမျက်နှာလေး တစ်ဖက်လှည့်မိသွားသည်။

"ဟုတ်တယ်လေ၊ မယုံရင် မှန်ထဲပြန်ကြည့်၊ နှင်းလေး ဒီနေ့ သိပ်လှနေတယ်"

"အန်တီထားက မြှောက်နေပြန်ပြီ"

နှင်း မလုံမလဲနဲ့ တိုးတိုးရွရွလေး ပြောလျှင် –

"တကယ်ပြောတာ"

"ဟင့် ဟင့် ဟင့်"

နှင်း နှုတ်ခမ်းလေးစွေ့ကာ ရှက်ရှက်လေး ရယ်ချ၏။ ထိုအခါ





နှင်းအပါး အန်တီထား ခေါင်းလေးငဲ့ပြီး နှစ်ကိုယ်ကြားသာရုံ ဆိုသည်။

"သားက ဘာပြောတယ်ထင်လဲ"

"ဟင်"

"ရှူး သမီးက နတ်မိမယ်လေးပဲတဲ့"

နှင်း မျက်နှာလေးတစ်ဖက်ငဲ့ကာ ပြုံးမိလျက်သား ဖြစ်လို့သွားသည်။

နှင်းက သူ့မျက်လုံးထဲမှာ နတ်မိမယ်လေးတဲ့လား။

ဘယ်တုန်းက အသိအမှတ်ပြုလိုက်တာလဲကွယ်။ ရင်ခွင်ချင်း အပ်မိစဉ်ကလား။

အိုး တွေးမိပြန်တော့ နှင်း မျက်နှာလှလှလေး ဆေးနီရောင်လို ရဲရဲစိုသွားပြန်ပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဒါ ဘာသဘောလဲ သမီးရယ်"

ဒယ်ဒီ ဝမ်းနည်းတကြီး မေးခြင်းပါ။ ဒါပေမဲ့ ခံပြင်းတာတွေ ပါနေသော ဒယ်ဒီ့မေးသံနောက်မှာ ပန်းစံပယ် ရင်မောလှလေပြီ။

ဒယ်ဒီမေးမယ်ဆိုလည်း မေးလောက်ပေသည်။

"ဒယ်ဒီ အားကိုးတကြီးနဲ့ ယုံယုံကြည်ကြည် အကူအညီ တောင်းခိုင်းတာက သမီးငယ်ကို ဖျောင်းဖျပြီး ဒယ်ဒီ့ရင်ခွင်ထဲ ပြန်ထည့်ပေးဖို့ပါ၊ ခုတော့ကွာ"

ဒယ်ဒီ ခံပြင်းကာ အံတကြိတ်ကြိတ်နဲ့ နောက်ထပ် ပြောရှာသည်။ လက်သီးကို ကျစ်ကျစ်ဆုပ်ရင်းလည်း ခေါက်တုံ့ခေါက်ပြန် လျှောက်





နေတာ ရပ်နားခြင်းမရှိသလောက်။

"ဒယ်ဒီရယ်"

ပန်းစံပယ် လေးပင်ထိုင်းမှိုင်းစွာ ရေရွတ်မိ၏။

"အဲဒီ အနုတ်တီတားဆိုတဲ့မိန်းမကြီးက ဘာရည်ရွယ်ချက်နဲ့မှန်း မသိဘဲ ဒယ်ဒီဖျောင်းဖျခိုင်းတာကို ခေါင်းညိတ်လက်ခံပြီးတော့မှ တကယ် ဖြစ်လာတာ တစ်မျိုး။ ညီမငယ်ကို ဘာတွေသွေးထိုးထားလဲမှ မသိတာ၊ သူ့တူဆိုတဲ့ကောင်ရော ညီမငယ် ဖြစ်ချင်တာကို အားတက်သရော လုပ်ပေးနေတာ ဘာသဘောလဲ၊ ရိုးသားတဲ့စိတ်နဲ့ဆို ဒါတွေ လုပ်ပေးစရာ မလိုဘူးလေ"

ကိုကြီးလည်း ကြိတ်မနိုင် ခဲမရ ဝင်ပြောလေသည်။

"ဒယ်ဒီ အဲဒါကို ခံပြင်းဆုံးပဲ သားရယ်"

ပန်းစံပယ်လည်း ခံပြင်းစွာ သက်မ,ချပြီး –

"စံပယ်တို့ လူပေါင်းများပြီထင်တယ် ဒယ်ဒီရယ်"

"တောက်"

ဒယ်ဒီက အက်ကွဲတော့မယ့်မျက်နှာကြီးနဲ့ တောက်ခတ်လေသည်။ ထို တောက်ခတ်သံက တစ်ခန်းလုံးကို ရိုက်ခတ်သွားသည့်နှယ်။

မိသားစုအတွင်းရေး ဆွေးနွေးပေါက်ကွဲနေသည့်ကြားထဲမှာ နေရအခက်ဆုံးက ဥမ္မာလင်းရယ်။

လိုက်ကာစလေးဖယ်၍ မသိမသာ နားစွင့်နေမိသည်က အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေ တိုးတက်ကောင်းမွန်လာပါစေဆိုတဲ့ ဆုတောင်းလေးနဲ့။

ခုတော့ ထင်သလို ဖြစ်မလာ။

ဖျောင်းဖျပေးပါလို့ အကူညီတောင်းခဲ့တဲ့ ဒေါ်ထားထားနွယ်က မိသားစုဝင်တွေဆန္ဒနဲ့ တက်တက်စင်လွဲအောင် ပြုနေသည့်အလား။

ခုတော့ ပန်းနှင်းဆီက အရုပ်ဆိုင်ဖွင့်ပြီး ဈေးရောင်းစားသတဲ့။ အဲသလိုဖြစ်အောင် ဒေါ်ထားထားနွယ်နဲ့ ကေရာဇ် ပူးပေါင်းအားပေး ကူညီပြီး ပန်းနှင်းဆီကို သွေးဆောင်ထားသည့်နှင့်တူသည်။

ဘယ်လောက်တောင် သွေးဆောင်ထားသလဲမသိပါ။ ဒေါ်ထား ထားနွယ်က ဘုရားတွေဘာတွေ ခေါ်သွားရင် ကေရာဇ်နဲ့ ပန်းနှင်းဆီကို လွှတ်ပေးထားသည်လေ။ ငြိချင်ငြိစေတော့ ဆိုတာမျိုး။

အဲဒီနေ့က ဦးမွှာတို့ ဘုရားရောက်ပါသည်။ ရောက်တာကလည်း အကြောင်းမဲ့ မဟုတ်ပါ။

ကိုကိုနဲ့သူ့သားသမီးတွေ ပန်းနှင်းဆီကို ပြန်အုပ်ထိန်းခွင့်ရဖို့ ကြိုးစားသလို ဦးမွှာကလည်း ပန်းနှင်းဆီ ဒီတိုက်ပေါ် ပြန်ရောက်လာဖို့ ပေဒင်မေး၊ နတ်မေးနဲ့ပါ။

ဓာတ်ရိုက်ဓာတ်ဆင် ဘာညာလုပ်တာလည်း ပါတာပေါ့။

ပန်းနှင်းဆီရဲ့ မွေးနေ့နံထောင့်မှာ ဖယောင်းတိုင်နဲ့ အမွှေးတိုင် သက်စေ့ထွန်း၊ ပြီးရင် မီးငြိမ်းတဲ့အထိ နှင်းလေးကိုအာရုံပြုပြီး ဆုတောင်း ပါပေါ့။





အဲဒါနဲ့ ကိုကိုနဲ့ဦးမွှာ ရင်ထဲအသည်းထဲက လိုလိုလားလား ဆုတောင်းကြပါသည်။ ဖယောင်းတိုင်နဲ့ အမွှေးတိုင်မီးတွေ ငြိမ်းမှ နှစ်ယောက်သား ဘုရားရှေ့က ထွက်ခဲ့၏။

ထိုအခါ နှင်းလေးနဲ့ကေရာဇ်ကို ယှဉ်တွဲတွေ့လိုက်ရတဲ့အဖြစ်။ ဘွားခနဲမြင်ရတော့ လင်မယားနှစ်ယောက် အားရဝမ်းသာ ဖြစ်လို့သွား သည်။

ဆုတောင်းများ ပြည့်ပြီထင်ပါရဲ့လို့ ဝမ်းသာအားရတွေးရင်း ပေါ့လေ။ ဒါပေမဲ့ ကေရာဇ်က နှင်းလေးကိုစိုက်ကြည့်ရင်း စကားတွေ ပြောနေသလို နှင်းလေးကလည်း ကြည်ဖြူရွှင်ပျစွာ နားဆင်လျက်။ ပတ်ဝန်းကျင်မှာ ဘယ်သူတွေ ရှိနေမှန်းလည်း သတိမထား။

ဒေါ်ထားထားနွယ်က ရှောင်ပေးသလိုနဲ့ ဘုရားမှာ အချိန်ဆွဲပြီး ပန်းကပ်နေတာတွေ ရောနှောမြင်ရတော့ ကိုကို့ခမျာ ဒေါသတွေ ရှန်းကြ ကာ ကေရာဇ်နဲ့ ပခုံးတိုက်လုမတတ် ယှဉ်တွဲသွားနေတဲ့ သမီးကို ဆွဲ လွှဲခေါ်ယူဖို့အထိ ကိုကို့စိတ် ပြင်းထန်ကာ။

ဦးမွှာ့အပါးက လှစ်ခနဲနေအောင် သမီးဆီ ရွေ့လျားတဲ့ကိုကို။ ဦးမွှာ စိုးရိမ်စိတ်လေးနဲ့ ကမန်းကတန်း ကိုကို့လက်ကို ဖမ်းဆွဲပြီး တားလိုက်ရသည်။

ဒီအချိန်မှာ နှင်းလေးကို သွားဆွဲခေါ်လို့ရမတဲ့လား။ ပတ်ဝန်း ကျင်မှာ လူသူတွေက အများသားနဲ့၊ ဘုရားပေါ်မှာ သားအဖ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြရင် တစ်ရှက်က နှစ်ရှက်၊ နှစ်ရှက်က သုံးရှက် ဖြစ်ကုန်တော့မှာ လေ၊

ဒါကြောင့် ကိုကို့ကို ဥမ္မာပဲ အတင်းဆွဲခေါ်ခဲ့ရတဲ့အဖြစ်။

ကိုကိုက ဒါကိုပဲ တစိမ့်စိမ့်တွေးလျက် ဒေါသတွေထနေသည်။ ကြိတ်မနိုင် ခဲမရတွေ ဖြစ်လိုဖြစ်နဲ့ပေါ့။

သမီးစိတ်နဲ့ အနားမှာရှိနေတဲ့ မယားကို မကြည့်လင်တာလား။ ဘာလားမသိ။ ဥမ္မာက ကိုကိုလို့ခေါ်ရင်လည်း မထူး။ မျက်စိရှေ့မှာ ရှိနေရင်လည်း ဥမ္မာ့ကို ကိုကိုမမြင်သလိုလို ဘာလိုလိုနဲ့။

အဆိုးဆုံးကတော့ ညကပေါ့။ အိပ်ရာထဲမှာ တလူးလူးတလိမ့်လိမ့် ဖြစ်နေတဲ့ ကိုကို့ကို ဥမ္မာက အရိပ်တကြည့်ကြည့်ရှိတာမို့ နေမကောင်းလား၊ ဘာလားဆိုပြီး ကိုကို့နဖူးပေါ် ဥမ္မာလက်တင်စမ်းမိပါတယ်။

ဥမ္မာ့လက်ဖဝါးကို ဖျတ်ခနဲဖယ်ချပြီး တစ်ဖက်လှည့်နေရတဲ့ ကိုကို။ ဇနီးမယားနဲ့ တွေ့ရတာလေးတောင် အထိမခံချင်တော့တဲ့အထိ ဥမ္မာ့အပေါ် စိမ်းသက်နေတဲ့ ကိုကို့စိတ်ကို ဥမ္မာ နားမလည်နိုင်တော့ပါ။

ပြီးတော့ ဝမ်းနည်းတာလည်းပါသည်။

ထိုညက ဥမ္မာ တစ်ညလုံး အိပ်မပျော်သလို ဝမ်းနည်းကြေကွဲစိတ်နဲ့ မျက်ရည်သောသောကျအောင် ကြိတ်ငိုခဲ့ရသည်။

ဘဝလုံခြုံမှုနဲ့ အေးချမ်းစွာနေထိုင်လိုမှုတွေရဲ့နောက်မှာ အသက်အရွယ်ကြီးတဲ့ မုဆိုးဖိုတစ်ယောက်ကို ယုံယုံကြည်ကြည် လက်ထပ်





ပေါင်းသင်းမိတဲ့ ဥမ္မာ့အဖြစ်က ကြည်နူးစရာ အချိန်တွေထက် မျက်ရည်ကျရတဲ့အချိန်တွေသာ ပိုလွှမ်းနေခဲ့သည်။

ဇနီးမယားကို ကြင်နာစွာဆက်ဆံဖို့ထက် သမီးအတွက် ရင်ဘတ်မီးတောက်နေတဲ့ ခင်ပွန်းသည်ကို ဥမ္မာ အပြစ်မတင်ရက်ပါ။ တင်ချင်းတင် ဥမ္မာ့ဘာသာ ဥမ္မာအပြစ်တင်ရမှာလေ။

ဟုတ်တာပေါ့။ ဘာကြောင့်များ ဥမ္မာ ကိုကို့ကို လက်ထပ်မိသွားသလဲကွယ်။

ဟင့် ဟင့် ဟင့်။

ဒီမေးခွန်းတွေ တစ်ကိုယ်တည်းမေးရင်း တစ်ကိုယ်တည်း ငိုခဲ့ရတဲ့အဖြစ်။

အခုမှ ပိုဆိုးလေပြီ။

ကိုကိုက သားကြီးနဲ့သမီးကြီးကို ဖွင့်ပြောကာ အကြံဉာဏ်တောင်းနေပြန်သည်။ ဒီကိစ္စက ကြာလေ ဆိုးလေ၊ စဉ်းစားလေ ကြေကွဲလေ၊ ကြေကွဲလေ ယူကျုံးမရဖြစ်လေနှင့်။

"ဒယ်ဒီတော့ ပြင်လို့မရတဲ့ အမှားကြီးတစ်ခု ကျူးလွန်လိုက်တာမျိုးလားကွာ"

ကိုကို့အသံက ဟိန်းခနဲ ပေါ်ထွက်လာလျှင် ဥမ္မာဆုပ်ကိုင်ထားမိတဲ့ လိုက်ကာစလေး လက်လွှတ်ထွက်ကာ လှုပ်ယမ်းသွားလေသည်။

ယူကျုံးမရတဲ့ ဖခင်ကိုကြည့်ပြီး မင်းမျိုးထွန်းနဲ့ ပန်းစံပယ်



www.burmeseclassic.com

www.burmeseclassic.com



ဘာပြန်ပြောရမလဲမသိအောင် မျက်နှာတွေ ပျက်ကုန်သည်။

"ဒယ်ဒီရယ်၊ ဒီလောက်ထိလည်း စိတ်ကိုတင်းမထားပါနဲ့"

သားကြီးက ဖျောင်းဖျသလိုဆိုသည်။ ဥမ္မာ ကျောပြင်နံရံမှာ မှီရင်း ကျိတ်ပြီး မျက်ရည်ကျကာ ကိုကို ဘာပြန်ပြောမလဲဆိုတာပဲ နားစွင့်နေရသည်။

"ဒယ်ဒီတို့မိသားစုအရေးကို ခုတုံးလုပ်ပြီး ဒေါ်ထားထားနွယ် သမီးကို ယက်ယှက်နေတာ ဒယ်ဒီ အခံပြင်းဆုံးပဲ"

"ဒါတော့လည်း ဟုတ်တယ် ဒယ်ဒီ၊ မကူညီချင်ရင် မကူညီနိုင်ဘူးလို့ ပြောလို့ရတယ်၊ ကူညီမယ်ပြောပြီး ညီမငယ်ကို အဖက်ဖက်ကနေ သွေးဆောင်သိမ်းသွင်းထားတာ စံပယ်လည်း ဒေါသထွက်တယ်"

"ဟုတ်တယ် ဒယ်ဒီ"

သားကြီးကလည်း ထောက်ခံပြန်သည်။

"ဒယ်ဒီတော့ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရတော့မယ် ထင်ကယ်"

ဘုရားရေ။

ကိုကို့စကားသံနောက်မှာ ဥမ္မာ့ကိုယ်လေး တုန်ယင်သွားကာ ရင်ဘတ်ကိုလည်း လက်နဲ့ဖိမိသွားသည်။ ကိုကိုပြောတဲ့ပုံစံက သူ့သမီးငယ်ကို သူ့ရင်ခွင်ထဲ ပြန်ထွေးပိုက်ခွင့်ရဖို့ ဘာကိုမှ မငဲ့ညှာဘဲ ပြတ်ပြတ်သားသား ဆုံးဖြတ်တော့မယ်တဲ့။





ထိုစကားနောက်မှာ ဥမ္မာ့အတွက် မျှော်လင့်ချက်ကင်းမဲ့နေသလို ခံစားရစေသည်။ ထိုအခါ ရင်မှာလည်း တလှပ်လှပ်တုန်လာကာ။

အားလုံးကို ပရိသတ်အနေနဲ့ စောင့်ကြည့်နေတဲ့ နေဝန်းခမျာ ကိုယ့်အစ်မဘက်က အရေးမသာတော့မှန်း ရိပ်မိနေတာမို့ ရှေ့ဆက်နားမဆင်လိုတဲ့စိတ်နဲ့ တိုက်ရဲ့အနောက်ဘက်ဆီ ခြေဦးလှည့်ခဲ့လေသည်။

ဦးဇော်လင်းထွန်းက ပြောရင် ပြောတဲ့အတိုင်းလုပ်မယ့်ငနဲ။

ဘာကို ပြတ်ပြတ်သားသား ဆုံးဖြတ်မှာလဲ။

နေဝန်း ဒါပဲ သိချင်ကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ခင်ဗျားကို ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

နေဝန်း တောင်းပန်ပုံက ဒေါသစိတ်တွေနဲ့မှန်း သိသာနေသည်။

"ဘာတွေလဲကွာ"

ကေရာဇ် စိတ်ရှုပ်ထွေးသွားသည်။ ဖွတ်တရွတ်ဆန်ဆန် ပြောနေတဲ့ နေဝန်းနဲ့ သူ ရင်မဆိုင်ချင်။ ရှောင်ထွက်ခဲ့တဲ့ ခြေလှမ်းတွေကို နေဝန်းရှေ့က ဆီးကာပြီး -

"ခင်ဗျားကို ကျွန်တော် တောင်းပန်တယ်ဗျာ၊ တစ်ဆိတ် ခင်ဗျား နားထောင်ပေးပါ"

ဒါလည်း ဖွတ်အတင်း လိုက်ပြောပြန်သည်။ ကေရာဇ် စိတ်





ပျက်စွာ ခြေလှမ်းရပ်ပစ်ရ၏။

"ဘာလဲကွာ၊ ကဲ ပြော မြန်မြန်၊ ကိုယ့်မှာ အချိန်မရှိဘူး"

လက်ကောက်ဝတ်ရှိ ရွှေနာရီကို တစ်ချက်မြှောက်ကြည့်ပြီး ကေရာဇ် စိတ်ပျက်စွာ ခွင့်ပေးရသည်။ ပြောခွင့်မပေးရင်လည်း အနောက်က တကောက်ကောက်လိုက်နေမှာ သေချာသည်။

ဒါတင်မက ပန်းနှင်းဆီနဲ့ ထိပ်တိုက်ဆုံနေရင် ခက်ဦးမယ် မဟုတ်လား။ သူ အခု ခြေဦးတည်နေတာက 'နှင်း' ဆီကို။ နှင်းနဲ့သူ အချိန်းအချက်လုပ်ထားတာ မဟုတ်လား။ နှစ်ယောက်သား လမ်းလျှောက်ကြမယ်ဆိုတာကြောင့် သူ ကားထားပြီး ဒီအတိုင်း ထွက်လာခြင်း။ နှင်းရဲ့အရုပ်ဆိုင်နဲ့လည်း သိပ်မဝေးလှဘူး မဟုတ်လား။ ဒါကြောင့် ပြီးပြီးရောဆိုတဲ့သဘောနဲ့ ခွင့်ပေးလိုက်သည်။ ဒီလိုအခွင့်အရေးရပြီဆိုတာနဲ့ ငနဲလေး ပြောသည်က -

"ပန်းနှင်းဆီကို ခင်ဗျားကိုကျူဝရီး သွေးဆောင်ထားတာ ဘာရည်ရွယ်ချက်နဲ့လဲ"

"ဘာ"

သူ့မျက်နှာကြီး ချက်ချင်းတင်းမာသွားသည်။ နေဝန်းက မထီမဲ့မြင် မျက်နှာပေးနဲ့ -

"ခင်ဗျားတို့ ဘာရည်ရွယ်ချက်နဲ့လဲ၊ တစ်ဆိတ်ပြောစမ်းပါ"

"ကျွတ်၊ မင်းစကားတွေ လွန်မယ်နော် နေဝန်း"



www.burmeseclassic.com

www.burmeseclassic.com



"လွှန်တာ၊မလွှန်တာ ကျွန်တော်တို့မသိဘူး၊ လက်ရှိအခြေအနေအရ အဲဒီအတိုင်း ဖြစ်နေတယ်၊ ခင်ဗျားတို့ကြောင့် အန်ကယ်တို့မိသားစု အတော်လေးပေါက်ကွဲနေတယ်၊ ဒါတွေကို ခင်ဗျားတို့ သိဖို့လိုအပ်တယ်"

"မဟုတ်သေးဘူး နေဝန်း၊ မင်းတို့ အထင်မှားနေပြီကွာ"

"မမှားဘူး၊ လုံးဝမမှားဘူး၊ တကယ်ဆို ခင်ဗျားတို့တူဝရီးနှင်းကို အန်ကယ့်ရင်ခွင်ထဲ ချော့မော့ဖျောင်းဖျပြီး လာပို့ရမှာလေဗျာ၊ တစ်မိသားစုလုံးကိုယ်စား မစံပယ် အကူအညီတောင်းထားသားပဲ၊ ဘာဖြစ်လို့ အကူအညီပေးမယ်ပြောပြီးမှ ဆန့်ကျင်ဘက်ဆီ ဦးတည်နေရတာလဲ၊ ခင်ဗျားအန်တီက လူကြီးတန်မဲ့ ဗလောင်းဗလဲလုပ်တာ အန်ကယ် အတော်တင်းနေတယ်ဗျာ"

"လုဲသေလိုက်ကွာ၊ တောက်"

ဇေကျော် သည်းမခံနိုင်တော့ပါ။ ခပ်ဘုဘုပဲပြောပြီး နေဝန်းကို တွန်းဖယ်ရင်း လျှောက်ထွက်ခဲ့သည်။

ဒါကို နေဝန်း မကျေနပ်။

"ဒီမှာ ဦးဇေကျော်"

နောက်ကလိုက်လာရင်း မကျေနပ်သံနဲ့ လှမ်းခေါ်တဲ့နေဝန်း။ ပတ်ဝန်းကျင်က လမ်းသွားလမ်းလာတွေတောင် သူ့ကို ငဲ့ကြည့်ကြည့်သည်။ ဒီပတ်ဝန်းကျင်က သူ့ဝန်းကျင်။

နေဝန်း တကောက်ကောက်လိုက်ပြီးပြောနေသည်က သူ့သိက္ခာ





ကို တိပါးတာနဲ့တူနေသည်။ ရှေ့ကပိတ်ဆို့လာပြန်တဲ့ နေဝန်းကို သူ ရဲရဲကြီး စိုက်ကြည့်လျက် –

"နေပါဦးကွ၊ မင်း ကိုယ့်ကို လာစွပ်စွဲတာလား၊ ကိုယ့်ဂုဏ်သိက္ခာကျအောင် လုပ်နေတာလား"

"ကျွန်တော်ပြောနေတာက ပန်းနှင်းဆီမိသားစု ဂုဏ်သိက္ခာအတွက်ပါ"

"အဲဒါ သူတို့မိသားစုနဲ့ ဆိုင်တယ်၊ ကိုယ်နဲ့မဆိုင်ဘူးကွ၊ အေး တစ်ခုတော့ရှိတယ်၊ ကိုယ်တို့က ပန်းနှင်းဆီကို ဖိအားပေးပြီး သူ့မိသားစုဆီ ပြန်ပို့မယ်ဆိုရင် ပန်းနှင်းဆီ ထင်ရာစိုင်းသွားဖို့ ဝန်မလေးဘူး၊ ပန်းနှင်းဆီ ထင်ရာစိုင်းသွားအောင် ကိုယ်တို့လုပ်ပေးရမှာလား၊ မင်း တစ်ခွန်းဖြစ်ဖြစ် ပြောစမ်းပါ"

ဒီလိုမေးထည့်လိုက်တော့ ငနဲလေး ပါးစပ်ပိတ်သွားသည်။ သူ့ကို စူးစူးစိုက်စိုက် ကြည့်နေရာမှလည်း မျက်တောင်ခတ် အကြည့်လွှဲကာ လက်နှစ်ဖက်ကို ခါးထောက်လျက် ခေါင်းတစ်ချက်ယမ်း၏။

ဒီအမူအရာက နေဝန်းစိတ်ကိုလည်း ဝေခွဲရခက်နေစေသည်။ ဇေကျော်ပြောတာလည်း ဖြစ်နိုင်သည်။

သူတို့တူဝရီး ဖိအားပေး ဖျောင်းဖျတာကို မနာခံဘဲ ပန်းနှင်းဆီ ထင်ရာစိုင်းသွားမယ်ဆိုရင် ပြဿနာက ပိုကြီးတော့မယ်။

နှင်း ထင်ရာစိုင်းမသွားအောင် ချော့မော့ထားတဲ့ပုံစံမျိုးနဲ့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



တူဝရီး သွေးဆောင်ထားတာလား။ ဒါလည်း ဖြစ်နိုင်ခြေရှိနေသည်။

"ပြောလေ နေဝန်း၊ ကိုယ်တို့က ကြားလူပါကွ၊ လက်လွှတ် စပယ် လုပ်လို့ရပါတယ်၊ ကိုယ်တို့တိုက်ပုလေးမှာ ငှားနေခွင့်မပေးတော့ ဘူးပြောရင်လည်း ရတယ်၊ ဒီတော့ နှင်းက သူ့ဒယ်ဒီဆီ ပြန်သွားမယ်လို့ ထင်လား"

အဲဒါတော့ မထင်ရဲ။ နေဝန်း ခေါင်းညိတ်ခေါင်းခါဖို့ မေ့လျော့ သလို ဖြစ်သွားသည်။ ဆံပင်တွေကို ခါးပေါ်ထောက်ထားမိတဲ့ လက်နှစ် ဖက်နဲ့ စိတ်ပျက်စွာ နောက်ပြန်မှီပစ်ရင်း –

"ကျွတ်၊ ပန်းနှင်းဆီကြောင့် ကျွန်တော်တို့မောင်နှမ အတော် စိတ်ထိခိုက်ရတယ်ဗျ၊ သူရှိတုန်းကတစ်မျိုး၊ – သူမရှိတော့ တစ်မျိုး၊ ဘယ်တက်ကမှ အနေမချောင်ဘူး။ မမဆို နေ့နေ့ညည မျက်ရည်ကျနေရ တယ်၊ နောက်ပြီး အန်ကယ်က ပြတ်ပြတ်သားသား ဆုံးဖြတ်မယ်တဲ့၊ ဘာကို ဆုံးဖြတ်မှာလဲ၊ ဘာကိုပြတ်သားမှာလဲ၊ အဲဒီ ပြတ်သားတဲ့ ဆုံး ဖြတ်ချက်တွေနောက် ဘာဆိုးကျိုးတွေ ဖြစ်လာမလဲ၊ ဒါတွေကို ကျွန်တော် တို့မောင်နှမ ရင်အလေးရဆုံးပဲ"

ရန်စောင်တဲ့အသွင်ကနေ ရင်ဖွင့်ဟန် ပြောင်းလဲလာတဲ့ နေဝန်း အသံက ထိခိုက်ကြေကွဲမှုတွေ ရောထွေးလို့နေသည်။

ကေရာဇ် ရှေ့ကိုကျော်ထွက်ဖို့ ခြေလှမ်းတွေ လေးလံသွားကာ ပထမဦးဆုံးအကြိမ် စာနာသောစိတ်ရင်းနှင့် နေဝန်းကို ငေးကြည့်မိ၏။





သွက်လက်ဖျတ်လတ်သော ကိုယ်နေဟန်လေးနဲ့ အရာရာကို တက်တက်ကြွကြွရှိနေသော လူငယ်လေး။

ပူပင်သောကတစ်မျိုးကြောင့် ဆူလောင်ပွက်ထနေသလို ပြသနာ ပြေလည်ဖို့ကိုလည်း စိတ်အားထက်သန်ရှာသည်။

နေဝန်းဟာ သူ့ညီငယ်နဲ့ ရွယ်တူလောက်သာ။ ရန်စောင်နေရာ က ရင်ဖွင့်သလို ပြောလာပြန်တော့ ကိုယ်ချင်းစာမိပြန်သည်။

ဒါကြောင့် သူလည်း ခံပြင်းစိတ်ကိုလျှော့ချကာ နေဝန်းရှေ့ ခြေလှမ်းတွေ တိုးသွားပြီး –

"မင်းတို့ရင်ထဲက သောကကိုလည်း ကိုယ် နားလည်ပါတယ်၊ ဒါပေမဲ့ မင်းစဉ်းစားကြည့်၊ ပန်းနှင်းဆီကို ကိုယ်နဲ့အန်တီထား ဖိအားပေး ဖို့ သတ္တိမရှိဘူး။ ဖိအားပေးမိလို့ ပန်းနှင်းဆီ နောက်တစ်ကြိမ် ထင်ရာ စိုင်းသွားလို့ တစ်ခုခုဖြစ်သွားမယ်ဆိုရင် ကိုယ်တို့လည်း စိတ်ကောင်းနိုင်မှာ မဟုတ်၊ ကိုယ့်အန်တီ နှင်းကို ချော့ချော့မော့မော့ ပြောရှာတယ်၊ ဒါပေမဲ့ နှင်း လက်မခံဘူး။ ဒီအကြောင်း မပြောကြနဲ့, ပြောလာရင် နှင်း ဒီမှာ လည်း မနေတော့ဘူး, ဒယ်ဒီဆီလည်း ခြေဦးမလှည့်ဘူး။ ရောက်ရာပေါက် ရာ ထွက်သွားမယ်တဲ့၊ ကဲ နှင်း ဒီလိုတွေပြောထားတော့ ကိုယ်တို့ ဘယ်လိုမှ ဖျောင်းဖျဖို့ သတ္တိမရှိတော့ဘူး၊ ဒါကြောင့် သူဖြစ်ချင်ရာ, လုပ်ချင်ရာကို ကိုယ် ဖြည့်ဆည်းပေးလိုက်တယ်၊ အဲဒီအတွက် ကိုယ့်မှာ အပြစ်ရှိတယ်လို့ ဆုံးဖြတ်ရင်လည်း ကိုယ် ခံဖို့ဝန်မလေးဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



နေဝန်း နားထောင်နေရင်း ခေါင်းတွင်တွင်ယမ်းပစ်လိုက်သည်။ သူတို့မောင်နှမ ဘယ်သူ့ကို အပြစ်တင်ရမှာလဲ။

အန်ကယ့်ကိုလား၊ ကံကြမ္မာကိုလား။

ဒါမှမဟုတ် ခေါင်းမာလွန်းတဲ့ ပန်းနှင်းဆီကိုလား။ ဝေခွဲရခက်စွာ။ ခံခက်ခက်နဲ့ ထောင်ကြွနေတဲ့ နေဝန်းရဲ့ မာန်ရှိန်တွေ တရိရိလွင့်ကျသွားသလို ရှိ၏။

"ကဲပါကွာ၊ မင်းလည်း ဒီလောက်ထိ ခံစားမနေပါနဲ့၊ အချိန်တစ်ခုအထိ စောင့်ကြည့်ရင် အဖြေပေါ်လာမှာပါ၊ နှင်းက ငယ်တဲ့စိတ်နဲ့ ရုတ်တရက်ဖြစ်လာတဲ့အပေါ်မှာ ပေါက်ကွဲသွားတာမျိုး။ ပြီးတော့ အန်ကယ့်ကို အရွဲ့တိုက်ချင်တာ ပါမယ်၊ ဒါကြောင့် ဖွတ်တရွတ်ဆန်နေတာကို ကိုယ်မြင်တယ်၊ အချိန်တန်ရင် နှင်း စိတ်ပြောင်းလဲသွားမယ်လို့ ကိုယ်ထင်တယ်၊ အရေးကြီးတာ စိတ်ရှည်ရှည်နဲ့ သည်းခံပြီး စောင့်နေကြဖို့ပဲ၊ နော် ညီလေး"

နေဝန်း ဖြေသာစေဖို့ လက်တစ်ဖက် နေဝန်းပခုံးကို ဆုပ်ကိုင်ပြီး အားပေးသလို ပြောမိချေသည်။

အစက သူနိုင်ကိုယ်နိုင် အပြုတ်ပြောဖို့ဖြစ်ပေမယ့် တကယ်တမ်းမှာ ခံစားရတာချင်း တူညီတာမို့ ရင်းနှီးသွားကာ နေဝန်း နားလည်စွာပဲ ခေါင်းဆတ်လျက် –

"ဘာတတ်နိုင်မှာလဲ၊ နှင်း စိတ်ပြောင်းလာတဲ့အချိန်ကိုပဲ စောင့်





ရမှာပေါ့ဗျာ"

"ဒါပေါ့ကွာ၊ အချိန်တန်ရင်တော့ အားလုံးအိုကေမှာပါ"

"ဒါပေမဲ့ အချိန်မတန်ခင် ဆိုးဆိုးဝါးဝါးဖြစ်လာမှာကိုတော့ ကျွန်တော် အစိုးရိမ်ဆုံးပဲ"

ထိထိမိုက်မိုက် ခံစားရဟန်နှင့် စိုးရိမ်တကြီးပြောရှာတဲ့ နေဝန်းကို သူ သနားကရုဏာဖြစ်ရသည်။

ဒီမောင်နှမရင်ထဲမှာ ဘယ်လိုမီးမျိုး တောက်နေလဲ၊ ဖြစ်နိုင်ရင် ငြိမ်းချမ်းရေးပန်းတစ်ပွင့် လက်ဆောင်ပေးလိုက်ချင်ရဲ့။

နှုတ်မဆက်ဘဲ ပြန်းဆို့လာတွေ့ပြီး ရန်စောင်လာတဲ့နေဝန်း။ ခုတော့လည်း နှုတ်မဆက်ဘဲ သူ့ဘာသာသူ ပြန်ထွက်သွားတဲ့အဖြစ်။

သူ့ရင်ထဲမှာ အတော်လေးမကောင်း ဖြစ်လို့သွားသည်။

စိုးရိမ်သောကနဲ့ လူအုပ်ကြားထဲ တိုးဝှေ့ကျောခိုင်းသွားတဲ့ နေဝန်းကို သူ အတန်ကြာ ငေးကြည့်မိ၏။ နောက်မှ တတိတိနဲ့ မြည်သံလေး အချက်ပေးလာမှ သတိရကာ နှင်းတော့ စိတ်ကောက်တော့မှာပဲလို့ နာရီကို ပြန်ကြည့်ရင်း ခြေလှမ်းကြဲလှမ်းခဲ့ရတဲ့အဖြစ်။

နှင်းလေး ကိုယ်လာနေပြီကွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဟွန်း"

နှင်း နှုတ်ခမ်းလေးစူပစ်ပြီး ခြေဆောင့်မိသွားသည်။ နောက်တစ်ကြိမ် နာရီပြန်ကြည့်ရင်း ဒေါသလေးပြုံထွက်လို့လာသည်။

ကြည့်စမ်း။ ဘယ်အချိန် ရှိသွားပြီလဲ။

"လေးနာရီ ဒေါင်ခနဲဆို နှင်းဆိုင်ရှေ့ ကိုယ်ရောက်နှင့်မယ်ဗျာ၊ နှင်းသာ ဆိုင်သိမ်းနောက်မကျစေနဲ့"

နေ့ခင်းကတည်းက ဖုန်းဆက်ပြောထားတဲ့သူ။

"အိုး နောက်မကျစေရဘူး။ နှင်း ဆိုင်စောစောပိတ်လိုက်မယ်၊ ရှင်သာ နောက်မကျစေနဲ့၊ ဒါပဲ"





လို့ နှင်း နှုတ်ခမ်းစူပြီး ပြောလိုက်သေးသည်။

"စိတ်ချဗျာ၊ တစ်စက္ကန့်မှ နောက်မကျစေရဘူး"

လို့ သူ ဖြစ်အောင်ပြောဆိုသေးတယ်။ ဘာပဲဖြစ်ဖြစ် နောက်မကျဘူးလို့ နှင်းအလိုကျပြောတာကို နှင်း ကျေနပ်တာပေါ့။

သုံးနာရီခွဲကတည်းက သူလာမယ်ဆိုတဲ့အသိနဲ့ နှင်းဆန္ဒတွေစောကာ စိတ်လှုပ်ရှားနေသည်။ ချွေးစို့စို့လေးဖြစ်နေတဲ့ မျက်နှာကို မှန်ထဲမှာကြည့်ရင်း အားမလိုအားမရဖြစ်ကာ –

"နေဦး အလှလေးပြင်ဦးမှ" လို့ အလှအပဆီ စိတ်ရောက်၏။ ဖြူဖွေးသောအသားကြောင့် စိမ်းလဲ့သော သွေးကြောမျှင်လေးများ ထင်ပေါ်နေသော နှင်းမျက်နှာနုနုလေးက ဘယ်အချိန်ကြည့်ကြည့် ဖြူကြည်စိမ်းလဲ့နေပါသည်။

အပေါ်နှုတ်ခမ်းနဲ့ မေးဖျားမှာ ချွေးစို့ရာလေးများရှိပေမယ့် မနက်ကတည်းက လိမ်းခြယ်ထားသော မိတ်ကပ်နဲ့ ရွှံ့ဦးတွေ မပျက်သေးပါ။ ဒါပေမဲ့ ချွေးစို့နေတာလေးကို အားမရတော့ တစ်ရှူးလေးနဲ့ ဖိတို့သုတ်ကာ တို့ပတ်ကလေးနဲ့ ပြန်သလိုက်သည်။

ပါးပေမယ့် ညိုမှောင်မှောင်လေးနှင့် အဖျားရှူးသွားသော မျက်ခုံးလေးက မျက်နှာပေါ်မှာ ပေါ်ပေါ်လွင်လွင်ရယ်။ မျက်တောင်ညိုကလေးများ အချောင်းလိုက် ရှည်လျားကာ မက်စ်ကာလာဆေးရောင်နဲ့ ကော့လက်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းဖူးဖူးလေးကို ဝတ်ထားတဲ့ ဖက်ရှင်နဲ့လိုက်အောင် ရွှေဝါရောင်လေး ထပ်တင်လိုက်သည်။ ဖြူလွှဲစိမ်းမြသော ပါးပြင်ထက်က မွေးညင်းနုနုလေးတွေကအစ လှနေတဲ့ နှင်းရယ်။

ဆံပင်လှိုင်းကြွကောက်ရာလေးတွေပေါ်မှာ အလှကလစ် သေး သေးလေးတွေ ပန်ထားလိုက်တော့ နှင်းက ချစ်စရာကောင်းမလေး ဖြစ်လို့သွားချေသည်။

ဟုတ်တယ်။ နှင်းက ချစ်စရာကောင်းတဲ့ ကောင်မလေးပဲ။

နှင်းကို ချစ်ရမယ်၊ အလိုလိုက်ရမယ်။ နှင်းကို နှင်းမိသားစုဝင် တွေ မချစ်လို့၊ အလိုမလိုက်လို့ ခံစားရတဲ့သောကနဲ့ ဆူလောင်ပွက်ထ မှုတွေက သူနဲ့တွေ့ခါမှ နှင်းအလိုအတိုင်း ဖြစ်စေခဲ့တဲ့ သူ့ကို နှင်း စိတ်ထဲရှိတဲ့အတိုင်း ဆိုးချင်၊ နွဲ့ချင်၊ ပူဆာချင်မိသည်။

သူကလည်း နှင်းဆိုးသမျှ၊ နွဲ့သမျှ ခံသလို နှင်းပူဆာတာကို လည်း ချက်ချင်းဖြည့်ဆည်းပေးတယ် မဟုတ်လား။

နှင်း အရုပ်ဆိုင်လေးဖွင့်မယ်ပြောတော့ မကန့်ကွက်။ သူ့ မိတ် ဆွေတစ်ယောက်ကို အကူအညီတောင်းပြီး ဆိုင်ခန်းနေရာရှာကာ ခမ်းခမ်း နားနားဖွင့်ပေးတာ တစ်ပတ်အတွင်းမဟုတ်လား။

နှင်းက နှင်းပန်ထားတဲ့စိန်နားဆွဲလေး ရောင်းပြီး ငွေပေးမယ် ဆိုတာ လက်မခံ။

"ကိုယ် ငွေမလိုသေးဘူး၊ ငွေလိုမှ နှင်းနားဆွဲ ရောင်းပေး





ဟုတ်ပြီလား" လို့ ပြောတယ်လေ။

နှင်းမှာ ဘာမှတွေတွေထူးထူး အကုန်အကျမရှိဘဲ တိုက်ပု လေးမှာ လုံလုံခြုံခြုံနဲ့ ပြည့်ပြည့်စုံစုံ နေရသလို နှင်းဖွင့်ချင်တဲ့ ဆိုင်လေး လည်း ဖွင့်ခွင့်ရခဲ့သည်။

သူ့ကားနဲ့လည်း နှင်းကို အကြိုအပို့လုပ်ပေးသလို အန်တီထား ကိုယ်တိုင် ချက်ပြုတ်ကျွေးမွေးပြုစုတာလည်း မိခင်ရင်းနှယ်။

မာမို့မေတ္တာကို လွမ်းမောနေတဲ့ နှင်းအတွက် အန်တီထားက နှင်းလိုအပ်တဲ့မေတ္တာကို အပြည့်အဝပေးစွမ်းနေတော့ အန်တီထားကို နှင်း ချစ်ခင်သွားသလို သူ့ကိုလည်း ခင်တွယ်လို့သွားသည်။

သူ့ရင်ခွင်နဲ့ ဖြူန်းစားရင်ချင်းအပ်တိုက်မိစဉ်က ရှက်နေပေမယ့် နောက်ပိုင်း ရှက်မနေအားတော့။ သူ့ကိုယ်သင်းရနံ့လေးနဲ့ နှင်း ရင်းနှီးလို့ လာသည်။ သူနဲ့ နှစ်ယောက်တည်း စကားတွေဖောင်ဖွဲ့ပြောရတာကို ကြည်နူးစိတ်တို့ ဖြစ်ချေသည်။

အထူးသဖြင့် တစ်နေ့ညက ရေကန်ဘေး အုတ်ခုံပေါ်ထိုင်နေတဲ့ နှင်းအပါး သူ ယှဉ်တွဲထိုင်တာကို နှင်း ကျေနပ်နေသည်။ နောက်ပြီး နှင်းလက်ဖဝါးလေးကို ဖွဖွလေးကိုင်ပြီး သူ့ပေါင်ပေါ်တင်ကာ ခပ်ဖိဖိ ပွတ်သပ်ပေးတဲ့ သူ့ရဲ့တွေ့ထိမှုလေးတွေကို နှင်း သာယာမိသည်။

"နှင်းအိပ်ခန်းပြတင်းဘောင်မှာ ကြာပန်းလေးချိုးပြီး လာတင် တာ ဘာဖြစ်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



နှင်းမေးတော့ သူ အံ့သြကာ မျက်လုံးလေး ရွှန်းရွှန်းစိုတောက်ပစွာ စိုက်ကြည့်၏။

"နှင်း သိတယ်"

"သိတာပေါ့၊ တိတ်တိတ်ကလေး လာတင်တာလေ၊ နှင်းသိတာပေါ့၊ ကဲ ပြော၊ ဘာဖြစ်လို့လဲ"

နှင်း သိချင်စိတ်ကလေးနဲ့ ချိုချိုသာသာမေးတော့ သူ ရွှန်းဝံ့စွာ ပြုံးပြီး နှင်းကိုစိုက်ကြည့်၏။ နှင်း အကြည့်မလွှဲဘဲနေတော့ သူ ပန်းလေးပင့်ကာ သဘောကျစွာ ပြုံး၏။

သူ့ပေါင်ပေါ်ဆွဲတင်ထားတဲ့ နှင်းလက်ဖဝါးလေးကို ဆွဲယူဆုပ်ကိုင်ပြီး သူ့နှုတ်ခမ်းလေးနဲ့ ထိကပ်ထား၏။

ထိုအတွေ့လေးက နွေးလျှစွာ။ ပြီးတော့ ချစ်စရာကောင်းသော နှင်းနှုတ်ခမ်းစူဖူးဖူးလေးကို စိုက်ကြည့်ပြီး တစ်လုံးချင်း ပြောသည်

"ချစ်လို့ပေါ့ နှင်း...လေးရယ်" တဲ့။

"အလို"

နှင်းလက်ကလေးကို ဆွဲယူလိုက်မိသည်။ သူ မလွှတ်ချင်လွှတ်ချင်နဲ့ ဖွဖွရွရွလေး ဖြေလွှတ်ပေးပြီး –

"တကယ်ပြောတာ၊ နှင်းကို လမ်းပေါ်မှာ စမြင်ကတည်းက စွဲနေတာ"

"ဟွန်း သူပို"





"ပိုတာပေါ နှင်းရဲ့၊ နှင်းကိုမြင်ကတည်းက စွဲသွားလို့ နှင်းနဲ့ ပြန်ဆုံခွင့်ရအောင် ဆုတောင်းမိတယ်၊ ကိုယ့်ဆုတောင်းအတိုင်း ကံကြမ္မာက ကူညီပြီး ကိုယ့်ရင်ခွင်ထဲအရောက် နှင်းကိုပြန်ပို့ပေးတာလေ၊ ဒါကြောင့် နှင်းဖြစ်ချင်တာတွေ ကိုယ် ဖြည့်ဆည်းပေးတာပေါ့၊ မချစ်ရင် နှင်းနဲ့တောင် မျက်နှာချင်းဆိုင်ချင်မှာ မဟုတ်ဘူး၊ ခုတော့ မနေနိုင်ဘူး။ မြင်ချင်တွေ့ချင်တယ်၊ ပြီးတော့ ချစ်ခွင့်ရချင်တယ်၊ ဟောဒီလိုလေး တစ်သက်လုံး ပွေ့ထားချင်တယ်"

"အိုး"

ပြောပြောဆိုဆို နှင်းကိုယ်လုံးနွဲ့နွဲ့လေးကို တကယ်သိမ်းပွေ့ကာ ဖက်တွေးထားတဲ့သူ။

အပျိုစင်နှင်းလေးရဲ့ ရွှေရင်တော် လှုပ်လှုပ်ရွရွခုန်ကာ ရှန်းဖယ်ဖို့ မေ့လျော့သွားသည့်နှယ်။

ကလေးတစ်ယောက်လို ပွေ့ပိုက်ထားတဲ့ သူ့ရင်ခွင်ထဲမှာ နှင်းကိုယ်လုံးလေး တကယ်ပင် နစ်မြုပ်ခဲ့လေသည်။

"နှင်း"

ရှမ်းပူနံ့သင်းနေတဲ့ နှင်းဆံပင်တွေကို ဖွဖွလေး သပ်တင်ပေးရင်း နှင်းမျက်နှာလေးကို မေးဖျားမှဆွဲယူကာ နားနားကပ်ခေါ်မှ နှင်း အသိတွေ ဝင်လာသည်။

"ကိုယ့်ကို ပြန်ချစ်ပါလားကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အို ချစ်ဘူး၊ ဖယ်"

နှင်း ဒါပဲပြောပြီး သူ့ရင်ခွင်ထဲက ရုန်းထွက်ခဲ့တဲ့အဖြစ်။ ကြာပွင့်ကလေးများ သက်သေရှိနေတယ် မဟုတ်လား။ နှင်း ပြေးထွက်သွားတာကို သူ လှမ်းမဆွဲ။ သွားခွင့်ပေးခဲ့သည်က ကြည်နူးလိုက်မောစွာရယ်။

ထိုခံစားမှုလေးက နှင်းနှလုံးသားမှာ တကယ်စွဲငြိကာ။

သူ့ရင်ခွင်ကျယ်ကို မက်မောစွာ ပိုင်စိုးလိုတဲ့ စိတ်ဆန္ဒကို ရုန်းရုန်းကြွကြွ ဖြစ်လို့သွားသည်။

ဟုတ်တယ်။ သူ့ကြောင့် နှင်း ရင်ခုန်ရတယ်။ သူ့ကြောင့် နှင်းဘဝလေး လုံခြုံအေးချမ်းကာ လိုအင်တွေ ပြည့်ရတယ်။

သူ့ကြောင့်ပဲ နှင်းနှလုံးသားမှာ အချစ်ရသသန္ဓေတည်လေသည်။ ထို့ပြင် သူ့ရင်ခွင်ကျယ်မှာ ခိုလှုံသွားဖို့ နှင်း ဆန္ဒဖောလေး ပျံ့နှံ့လျက်။

ဒီညနေ နှစ်ယောက်သား လမ်းလျှောက်ထွက်မယ်လို့ နှင်း ချိန်းဆိုမိတာက အကြောင်းမဲ့ဟုတ်ရိုးလား ရှင်ရယ်။

ခုတော့ ကြည့်စမ်း။ အလှလေးပြင်ပြီး စောင့်နေရတဲ့ နှင်း။ လေးနာရီ ဒေါင်ခနဲထိုးတာတောင် သူပေါ်မလာတဲ့အဖြစ်။

သူ့အပြောနဲ့လက်တွေ့က တခြားစီ။

ဆိုင်ပိတ်ပြီး ကြိုကြိုတင်တင်စောင့်နေမိတဲ့ နှင်းနှလုံးသားမှာ ချစ်စိတ်နဲ့ ဒေါသလေးတွေ ပွထလို့ လာချေသည်။





"ဟိုတ် စောင့်နေတာလား"

"အဖော်လိုလား"

ဆိုင်ရှေ့က ဖြတ်သွားဖြတ်လာကောင်လေးတွေ လှမ်းစသွားလေ နှင်းဒေါသလေး အရောင်ရင့်လေ။

"ကိုယ့်ကို စောင့်နေတာလား"

ကြည့်စမ်း။ ဟိုကောင်ချောလေးက နှင်းအနားကပ်လာပြီး ထိကပါး ရိကပါး လာပြောတာလေ။

အဲဒါ သူ့ကြောင့်။

လာပါလေ့စေ။

နှင်းအကြောင်း သိရစေ့မယ် ရှင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ညနေဦး နေခြည်နုက နီစွေးစွေး လင်းဖြာလျက်။

ပန်းနှင်းဆီ တစ်ကိုယ်လုံးကို လွှမ်းပက်ထားသည်မှာ အလှတရားတို့ကို တောက်ပနေစေသည်။

ကောက်ကြောင်းပေါ်လွင်တဲ့ ခန္ဓာအလှတရားတွေက သဘာဝအလင်းနွေးနွေးတို့ ကွန့်မြူးနေတာမို့ သူ့အကြည့်တွေ ပိုလို့ပင် စူးစိုက်သွားလေသည်။

"နှင်း"

ရင်ခုန်လှိုက်ဖိုသော ခံစားမှုနဲ့ တိုးရှုရှု လှမ်းခေါ်လိုက်တဲ့ သူ့အသံနောက်မှာ နှင်းနဲ့ ဖျတ်ခနဲ အကြည့်ချင်းဆုံ၏။





သူ့အကြည့်က နွေးဖိုစေပေမယ့် နှင်းမျက်ဝန်းထဲမှာ ဒေါသငွေ့လေးများ ထောင်းထောင်းထလျက်။

သူ့ကိုမျှော်နေတဲ့အကြည့်ကို ချက်ချင်းလွှဲပြီး ခြေဖနောင့်လေးဆောင့်၏။ ပြီးတော့ စူမှုသောမျက်နှာလေးကို ဝင်းပစ်ကာ ဆိုးဆိုးဆတ်ဆတ် လျှောက်ထွက်သွားလေသည်။

"နှင်း နေဦးလေ"

သူ ခြေလှမ်းသွက်သွက်ကလေးနဲ့ လိုက်သည်။ နှင်းက နောက်လှည့်မကြည့်။ တစ်ဖက်လမ်းကို ဆိုးဆိုးဆတ်ဆတ် ဖြတ်၏။

"နှင်း"

ကားတွေတိုက်ကုန်မှဖြင့် သူ စိုးရိမ်လို့သွားသည်။ တစ်ဖက်လမ်းကိုရောက်သည်နှင့် ညာဘက်ချိုးကာ လမ်းသွယ်ထဲ ဝင်သွား၏။

ကားလမ်းကြောရှင်းမှ သူ ကမန်းကတန်း လမ်းဖြတ်ကူးပြီး နှင်းနောက် လိုက်ရပြန်သည်။ သူ့ခမျာ မကြီးမငယ်နဲ့ ကောင်မလေးစိတ်ကောက်တဲ့နောက် လိုက်နေရ အဖြစ်။

ပတ်ဝန်းကျင်က ကွက်ကြည့်ကွက်ကြည့်နဲ့။ ရှက်နိုင်ပါဘူးကွာ။ သူ့ကိုယ်သူ အားပေးရင်း ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်အားတော့ပါ။

စိတ်ကောက်နေတဲ့ ကောင်မလေးကို ချော့ဖို့သာ စိတ်စောနေသည်။ နေဝန်းလာမရှုပ်ရင် နှင်း စိတ်ကောက်နေမှာမဟုတ်။ ခုတော့ အချစ်အတွက် အားခဲလာခဲ့သမျှ ရင်မော်ရမှာလား၊ ကြည်နူးရမှာလား။



www.burmeseclassic.com

www.burmeseclassic.com



ထိုလမ်းဆုံးတော့ ခရေလမ်းဘက် ချိုးသွားတဲ့ နှင်းလေး။ စိတ်ကောက်နေတာက ခရေပွင့်လို ချစ်စရာကောင်းသလို နမ်းမွှေးဖို့လည်း ကောင်းလေစွ။

ဟုတ်တယ်လေ။ စိတ်ကောက်တယ်ဆိုပြီး တန်းမပြန်ဘဲ အချိန်း အချက်လုပ်ထားတဲ့အတိုင်း ခရေလမ်းကို သွားနေတော့ ကေရာဇ် ရင် ခုန်သံ မမြန်ဘဲ မနေနိုင်ပါ။

ခရေလမ်းက ကားသွားကားလာ ရှင်းလှသည်။ လမ်းတစ်ဖက် တစ်ချက်တွင် ခရေပင်ကြီးတွေ စီတန်းလျက်။ ထိုင်ခုံတန်းတွေရှိသလို အုပ်အုပ်ဆိုင်းဆိုင်းရှိတာမို့ မြိုင်တောထဲရောက်သွားသလို ခံစားရလေ သည်။

နေရောင်ခြည်နွေးနွေး အလင်းရောင်လေးဆမ်းထားတာကြောင့် ခရေပင်တန်းက အပန်းဖြေလမ်းလျှောက်လို့ ကောင်းသလို ငယ်ရွယ်သူတို့ အတွက် ရင်ခုန်စွာ လျှောက်လှမ်းဖို့ စိတ်ဝင်စားဖွယ်ကောင်း၏။

ဒီညနေမှ ခရေတန်းမှာ လူရှင်းလှသည်။ နှင်းက သွက်သွက် လေး လျှောက်သွားနေရာမှာ အခက်အလက်တွေအုံ့ဖြာနေတဲ့ ခရေပင် ကြီးအောက်မှာ ခြေဆောင့်ပြီး ရပ်ပစ်လိုက်သည်။

နှင်း ရပ်လိုက်တော့ သူ့ရင်မှာ လှိုက်ခနဲ မြူး၏။

"နှင်း"

သူ အနားရောက်လာသော်လည်း နှင်း လှည့်မကြည့်။ လက်





ကလေးပိုက်ကာ ခရေပင်ပင်စည်နဲ့ ကိုယ်ကိုမှီချကာ သူနဲ့ဝေးအောင် ရှောင်လိုက်သည်။

နှင်း ရှောင်လိုက်ခါမှ သူ့အတွက် အခွင့်အရေးရသလို ဖြစ်ပါ၏။ နှင်းပခုံးလေးနှစ်ဖက်ကို ဖွဖွဆုပ်ကိုင်ပြီး နှင်းမျက်နှာလေးကို တည့်တည့် ဆွဲယူလျှင် နှင်းမျက်နှာလေး အလိုက်သင့်ပါလာသည်။

"ကိုယ့်ကို စိတ်ကောက်နေတာလား"

"ကောက်တယ်၊ အများကြီးကောက်တယ်၊ ဟွန်း။ သူပဲ နောက် ကျနေပြီးတော့၊ မလာချင် မလာဘူးပြောပေ့ါ၊ ခုတော့ နောက်လည်းကျ သေး စိတ်ကောက်နေလားလို့ မေးသေးတယ်၊ အဲလိုမေးလေ ပိုကောက် လေပဲ၊ သိရဲ့လား၊ ဖယ် လွှတ်၊ နှင်းကို လာမထိနဲ့"

နှုတ်ခမ်းလေးစူချွန်ပြီး ဒလဟောပြောချသလို သူ့လက်တွေကို လည်း ဖယ်ချသည်။ ရှောင်ထွက်ဖို့လည်း ကြိုးစား၏။

ပြီးတော့ တစ်ဖက်အပင်ဆီ ကူးသွား၍ ပင်စည်နောက်က ခုံ တန်းမှာ လမ်းဘက်ကျောပေးရင်း ဝင်ထိုင်လေသည်။

ကေရာဇ် သဘောတကျပဲ ပြုံးမိ၏။ စိတ်ကောက်တဲ့ မိန်းကလေးက ဒီလိုလေလား။ ရတယ်လေ။

နှင်းဘေး ဝင်ထိုင်တော့ နှင်းကိုယ်လေး ရွှေ့မလို့ပြင်သည်။ ရွှေ့မလိုလုပ်တဲ့ ကိုယ်နေဟန်လေး ကြွလှုပ်သွားတဲ့ဟန်က သူ့စိတ်ကို ဆောင်ယူနေသည့်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်း"

နှင်းလေးကို သူ လွှတ်မထားရက်တော့။ ပခုံးလေးဖက်ကာ သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

"အို နှင်းကို ဘယ်လိုလုပ်လိုက်တာလဲ၊ ဆွဲလားရမ်းလားနဲ့၊ လွှတ်ပါဆိုနေ"

"မလွှတ်ဘူး။ စိတ်ကောက်နေတဲ့ကောင်မလေးကို အကောက်ပြေအောင် မောင်ချော့ပါ့မယ်"

"ဘာရယ်"

သူ့ရင်ခွင်ထဲကနေ နှင်းကိုယ်လေး တောင့်ကြွကာ ရန်စောင်ကြည့်နဲ့ မော့ကြည့်သည်။ ကေရာဇ် မြူးမြူးလေးပြုံး၍ နှင်းမျက်နှာ အစိတ်အပိုင်းအသီးသီးကို လက်ညှိုးလေးနဲ့ တို့ထိပြီး –

"မောင်ချော့ပါ့မယ်လို့"

"မောင် ဘယ်ကမောင်လဲ"

သူ့မျက်နှာလေးမော့ကာ ရယ်မောလိုက်ပြီး နှင်းကိုယ်လုံးလေးကို တင်းအောင် ပွေ့ဖက်ပစ်လိုက်သည်။

"ဘယ်က မောင်ရမှာလဲ၊ နှင်းချစ်သူ မောင်၊ ကေရာဇ်"

"အလို ရှင်က မောင်၊ ရှင့်ကိုယ်ရှင် မောင်တဲ့လား"

"ဟုတ်တယ်၊ နှင်းချစ်သူ မောင်"

"ကြည့်စမ်း၊ ပိုင်စိုးပိုင်နင်းနဲ့၊ ဘာ နှင်းချစ်သူလဲ"





နှင်း ရှက်စိတ်နဲ့ မောင့်ရင်ခွင်ကို တဒုန်းဒုန်း ထုမိသည်။

"ဖြည်းဖြည်းထုပါ နှင်းရဲ့၊ တော်ကြာ ရင်နှစ်ခြမ်း ကွဲနေဦးမယ်"

"ကွဲပေ့ါ၊ နှစ်ခြမ်းမကဘူး၊ ဆယ်ခြမ်းကွဲကွဲ၊ ကွဲချင်သလောက်ကွဲ၊ ဟွန်း"

"မောင် ရင်ကွဲသွားရင် နှင်းလေးကို ချော့ဖို့ နှောင့်နှေးသွားမှာပေ့ါ"

"အံမယ်၊ ခုမှ၊ နှင်းကစောင့်နေရတာ လေးနာရီဒေါင်ခနဲ မြည်ကတည်းက၊ မောင်ပဲ အဲ"

နှင်းစကားလေး ရင်ခုန်ခလုတ်တိုက်ကာ ရုတ်ခြည်းရပ်သွားလေသည်။

မောင်က သဘောတွေကျကာ သူ့ရင်ခွင်ထဲက နှင်းပါးပြင်ဖြူနုနုလေးကို ဖွဖွပွတ်၍ ရယ်မောလေသည်။

"ပြောလေနှင်းရဲ့၊ မောင် နောက်ကျတယ်လို့ ပြောမလို့ မဟုတ်လား၊ ဆက်ပြောလေ"

"သွား၊ ပြောဘူး"

နှင်း ရှက်ကာ မောင့်ရင်ခွင်ကျယ်ထဲ ခေါင်းလေးထိုးဝှက်မိသည်။ မောင်က နှင်းကျောပြင်လေးကို ဖွဖွပွတ်ကာ မောင့်နှုတ်ခမ်းလေးက နှင်းနားရွက်လေးနား ထိကပ်လာပြီး ဖိနမ်း၏။



www.burmeseclassic.com

www.burmeseclassic.com



"အိုး"

နှင်း ကိုယ်လုံးလေး ရှိန်းကြွမတတ် ဖိုသွား၏။ နားရွက်ကနေ ပါးပြင်။

အလိုလေ။

လေပြည်လေးလို နုလွှ၏၊ နေခြည်လေးလို နွေးသည်။

တလှိုက်လှိုက်လေး လှုပ်ကြွနေတဲ့ ခံစားမှုကို ပေးစွမ်းသော ပန်းတွေဟာ နှုတ်ခမ်းပေါ်မှာ ခရေပွင့်တွေလို တဖွေးဖွေး ကြွေလေသည်။

ထိုအခါ နှင်းနှုတ်ခမ်းလေးမှာ မွှေးမြမြခံစားမှုတွေ ဆွတ်ပျံ့လျက်။

မောင်ရယ်၊ စိတ်မကောက်တော့ပါဘူးလို့ နှင်း တိုးတိုးသဲ့သဲ့ ရွတ်ဆိုမိတာကို မကြားလေရော့သလားကွယ်။

ရှည်ရှည်လျားသော အနမ်းတွေကြားမှာ နှင်းဆိုတဲ့ ကောင်မလေး အရာရာကို မေ့လေသည်။

ချစ်တယ်ဆိုတဲ့ စကားလုံးထက် အနမ်းပွင့်တွေက လေးနက်နိုင်မှာနေတာမို့ ခရေပွင့်များပင် ပင်ယံထက်မှာ မနေနိုင်။

အုန်းခနဲ ရွာချ၏။

✿ ✿ ✿



## အခန်း (၂၂)

"ဘာတဲ့လဲ ကွ"

သမီးစိတ်နဲ့ တဖြည်းဖြည်း ဒေါသအုံကြွလာတဲ့ ဦးဇော်လင်းထွန်း။ နေဝန်း ညဉ့်နက်မှ ပြန်ခဲ့တာတောင် မအိပ်သေးဘဲ ထိုင်စောင့်ကာ၊ နေဝန်း တိုက်ထဲလှမ်းဝင်သည်နှင့် ဆီးမေး၏။

နေဝန်း စိတ်ပျက်စွာ ဆံပင်တွေဖွပစ်ရင်း မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ဒီရက်ပိုင်းအတွင်း ပိုလို့ပင် စိတ်နှလုံးမချမ်းမသာဖြစ်နေတဲ့ မမကိုယ်လေးက ပုံမှန်ထက် ပိန်သွယ်သွားသည်ကို သူ ကောင်းစွာ သတိထားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ မောင်လေးရယ်"

မမက မနေနိုင်မထိုင်နိုင်ဖြစ်ပြီး သူ့အပါးကပ်ပြီး မေးမြန်သည်။ ဒီအကြောင်း သူ မပြောချင်။ ဒါပေမဲ့ မပြောလို့ကလည်း မဖြစ်။

သူပြောလာမှာကို သိချင်စိတ်ပြင်းပြင်းနဲ့ စောင့်ကြည့်နေတဲ့ ဦးဇော်လင်းထွန်းကို သူ လွှန်ဆန်လို့ရမတဲ့လား။

ဒါကြောင့် မသိမသာအကြည့်လွှဲ၍ –

"ကေရာဇ်က ပန်းနှင်းဆီကို တစ်ခုခုနဲ့ သိမ်းသွင်းထားတယ်လို့ ကျွန်တော်မြင်တယ်"

"တောက်"

ဦးဇော်လင်းထွန်း တောက်ခတ်ကာ ဝုန်းခနဲထလေပြီး –

"ငါထင်တဲ့အတိုင်းပဲလားကွာ"

"ဆိုပါတော့"

နေဝန်း ပေါ့ပေါ့လေးပြောလိုက်ရသည်။ ဦးဇော်လင်းထွန်းက အံကြိတ်လိုက်လျှင် မျက်နှာကြီး နက်ပြောင်သွားလေသည်။

"ကိုကို"

ဥမ္မာလင်း ခင်ပွန်းသည်အနား ပြန်ရွှေ့လာသည်။ ဦးဇော်လင်းထွန်း လက်ကကာဟန့်ဘားပြီး အနားမလာခဲ့ဖို့ အသံတိတ်ဆိုသည်။

ဥမ္မာလင်း နေရာမှာတင် ရပ်သွားကာ မျက်ရည်တွေ ဝဲလေသည်။ နေဝန်းက အစ်မနဲ့ဦးဇော်လင်းထွန်းကိုကြည့်ရင်း ရင်မောလှသည်။





"ကေရာဇ်က သူတို့ သိမ်းသွင်းမထားဘူးလို့ ငြင်းတာတော့ ရှိတယ်၊ ငြင်းပေမယ့် ပန်းနှင်းဆီကို သူမက်မောနေမှန်း သိပ်သိသာနေတယ် အန်ကယ်"

နေဝန်းလည်း သူမြင်တဲ့အတိုင်း ပြောရမည်သာ။ နှစ်ယောက်သား ရင်ဆိုင်တွေ့စဉ်က တစ်မျိုး၊ ပြီးတော့ ချက်ချင်းပဲ ပန်းနှင်းဆီနဲ့ ခရေတောသွားပြီး ချစ်ပွဲဆင်တာ။ သူ့မျက်လုံးကိုတောင် သူ မယုံချင်။

အဲဒီအဖြစ်တွေ ဦးဇော်လင်းထွန်း မျက်မြင်တွေ့လိုက်ရရင် ဘယ်လောက်တောင် မီးလောင်ကုန်မလဲမသိ။ အခု ပြောလိုက်ရုံသာ ရှိသေးတယ်။

"မရဘူးကွ၊ သမီးကို ဘယ်သူမှ မက်မောစရာမလိုဘူး။ သမီးက အရွဲ့တိုက်နေတာ၊ သမီးအရွဲ့တိုက်တာကို ဟိုကောင်က အခွင့်အရေးရသလို ဖြစ်တာမျိုး၊ ဟုတ်တယ်၊ ကေရာဇ် အခွင့်အရေးရနေတာ တောက်"

ဦးဇော်လင်းထွန်း ဆောက်တည်ရာမရပြောရင်း တောက်ခတ်ပြန်သည်။ မမခမျာ ဦးဇော်လင်းထွန်း ပေါက်ကွဲလေ နေစရာမရှိဖြစ်လေ။ ဝဲနေတဲ့မျက်ရည်က ပြိုကျလာတာ တားချိန်မရလိုက်။ ပါးပြင်ပေါ် ပေါခနဲ ဖြတ်စီးသွားကာ နေဝန်း မကြည့်ရက်တော့ပါ။

မမပါးပေါ်က မျက်ရည်တွေကို တယုတယ သုတ်ပေးလျှင်–

"ဥမ္မာ"



www.burmeseclassic.com

www.burmeseclassic.com



အသံပြတ်ကြီးနဲ့ ဦးဇော်လင်းထွန်း ဖိခေါ်သည်။ မျက်ရည်သုတ်နေတဲ့ နေဝန်းလက်ချောင်းကလေးပင် တုန်ယင်သွားသည်။

မမက ကမန်းကတန်းပင် နေဝန်းလက်ကိုဖယ်ပြီး –

"ပြောပါ ကိုကို"

"မင်းနဲ့ကိုယ် ပေါင်းနေလို့ မဖြစ်တော့ဘူး"

"ဘုရားရေ"

ဥမ္မာလင်း အသက်မဲ့သလို ဖြစ်သွားချေသည်။ စိမ်းစိမ်းရှူးရှူး စိုက်ကြည့်နေတဲ့ ဦးဇော်လင်းထွန်းအကြည့်ကို နေဝန်းနားမလည်နိုင်တော့ပါ။

"ခင်ဗျား ဘာစကားပြောနေတာလဲ"

ကိုယ့်အစ်မကို ကိုယ့်ရှေ့မှာ မပေါင်းနိုင်တော့ဘူးပြောလာတော့ နေဝန်း ခံပြင်းသွားသည်။ လိုချင်တုန်းကတော့ သူပဲ ခခယယ ပြောပြီး ထားပြီးတော့ ခုမှ ဟင်းရွက်ကန်စွန်းလို တန်ဖိုးမထားဘဲ ပြောလာသည် လေ။ နေဝန်းလည်း ဒေါသနဲ့ကောင်ပါ။

ခံပြင်းစွာ မျက်နှာချင်းဆိုင် မေးချလိုက်သည်။ ထိုအခါ ဦးဇော်လင်းထွန်း မျက်နှာထားနဲ့ပင် –

"ဒီကိစ္စ မင်းဝင်မပါနဲ့ နေဝန်း၊ မင်းအစ်မနဲ့ ငါရှင်းမယ်"

"ဟာ"

သူ့ရင်ဘတ်ကို ဆောင့်တွန်းသလို အပြောခံရတဲ့နောက်မှာ





နေဝန်း နောက်လန်ကျမတတ် ဖြစ်ချေသည်။

"ဟင့် ဟင့် ဟင့်"

မမက ရှိုက်ငင်ငိုကြွေးတော့၏။ ဦးဇော်လင်းထွန်းက ဆုံးဖြတ်ချက်ကို နောက်ထပ်ပြုပြင်တော့ဖို့ စိတ်ကူးမရှိဟန်နှင့် တင်းမာလျက် မောင်နှမနှစ်ယောက်ကို တစ်လှည့်စီကြည့်၍ ပြတ်ပြတ်တောင်းတောင်း ပြောချ၏။

"ဥမ္မာ၊ မင်းနဲ့ကိုယ် ဆက်ပေါင်းနေရင် ပတ်ဝန်းကျင်က ကိုယ့်ကို ပို့ပြီးမေးငေါ့တော့မယ်၊ လက်ညှိုးငေါက်ငေါက်ထိုးတော့မယ်၊ အဲဒီဒဏ်တွေကို ကိုယ် မခံရဲဘူးကွ၊ မခံနိုင်တော့ဘူး၊ ဒါပဲ"

"ဟင်"

ရှိုက်ခနဲ ငိုချလိုက်တဲ့ မမအသံနောက်မှာ မမကိုယ်လုံးလေး ပျော့အိကာ ခွေယိုင်လို့ကျလေသည်။

☆ ☆ ☆

"မမ"

နေဝန်း ကမန်းကတန်း ပွေ့ထိန်းရင်း –

"ခင်ဗျားကြီး လူကြီးလူကောင်း ပီသစမ်းပါ"

"တောက်"

နေဝန်းစကားသံနောက်မှာ ဦးဇော်လင်းထွန်း နာကျင်ပေါက်ကွဲဟန် တောက်ခတ်ကာ လှည့်ထွက်သွားသည်။

"မမ"



www.burmeseclassic.com

www.burmeseclassic.com



ငိုရင်း သတိလက်လွတ်မတတ် ဖြစ်သွားရှာတဲ့မမကို သူ သနား
လှသည်။ တယုတယ ပွေ့မကာ ဆိုဖာပေါ်တင်ပြီး –

"မမရယ် ဒီလူကြီးကို မမ လုံးဝအလျှော့မပေးနဲ့"

လို့ မကျေမချမ်း ပြောလျက်။ ပြီးသနားကတော့ အမြန်ဆုံး
ရောက်နေပြီးလို့ ဥမ္မာလင်း သဘောပေါက်လိုသွားသည်။

ကိုကိုရယ် ကိုကို့စိတ် ကိုကို့သဘောပါလို့ ဥမ္မာ မျက်ရည်
တဝေါဝေါကျကာ ပြောမိသည်လား မသိတော့ပါ။

မုဆိုးဖိုတစ်ယောက်ကို လက်ထပ်ပေါင်းသင်းမိတဲ့ ဥမ္မာ့အဖြစ်
ပဲ ဥမ္မာနာကျင်လျက်။

ဘယ်ဘဝက ဝဋ်ကြွေးတွေကြောင့်လဲ။

ဥမ္မာရင်ကွဲနေရပြီ ကိုကို။

✿ ✿ ✿



## အခန်း (၂၃)

အချစ်ဟာ နှင်းစိတ်ကို ငှက်တောင်မွေးမျှင်လေးလို ပေါ့ပါး
နေစေသည်။ မြင်မြင်သမျှလည်း လှစေလျက် မြူလိုကြွလို့နေကာ။ နှင်း
လေးဟာ အရင်က ပန်းနှင်းဆီမဟုတ်တော့။

အချစ်သွေးလောင်းထားတဲ့ ပန်းနှင်းဆီလေး ဖြစ်လို့နေပေသည်။

အချစ်သွေးသစ်လောင်းထားလို့ ထင်ရဲ့။ နှင်းဟာ သာမန်ထက်
ထူးခြားတက်ကြွလို့နေသည်။

လောလောဆယ်မှာ ဒယ်ဒီတို့ကို မဆက်သွယ်တာကလွဲရင်
နှင်း လိမ္မာနေပြီလေ။

မနက်ကျရင် အန်တီထားနဲ့ ဈေးသွား။ ပြန်လာရင် ပိုင်းကူ



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြုတ်ပေးသေးသည်။ ပြီးမှ ဆိုင်ဖွင့်၏။

ဒီမနက်လည်း ထုံးစံအတိုင်း အန်တီထားနဲ့အတူ ဈေးကပြန်လာသည်။ နှင်းက ဈေးခြင်းကူဆွဲပေး၏။ ဈေးခြင်းလေးဆွဲပြီး ခြံထဲဝင်လာတဲ့ နှင်းကို စာဖတ်ခန်းပြတင်းပေါက်က မောင် ရပ်ကြည့်နေတာမြင်သည်။

အန်တီထား မရိပ်မိအောင် မောင် လက်ကလေးပြပြီး လာဦးလို့ အသံတိတ်လှမ်းခေါ်သည်။ နှင်း ခေါင်းလေးဆတ်ကာ လာမယ်လို့ အသံတိတ်ဆိုလျက်။

ဈေးခြင်းတောင်းကို မီးဖိုခန်းထဲအရောက် ပို့ပေးလိုက်သည်။

"ခဏလေးနော် အန်တီထား၊ နှင်း ဟိုဘက်ခဏသွားဦးမယ်"

လို့ ပြောလိုက်တယ်။ အန်တီထားက –

"သွားလေ နှင်းရဲ့၊ အန်တီထားပဲ လုပ်လိုက်မယ်"

အန်တီထားကလည်း ကြည်ဖြူလိုက်လျောစွာ ပြောသည်မို့ နှင်း မသိမသာလေး ပခုံးပင့်ကာ တိတ်တိတ်လေးပြုံး၏။

အန်တီထား ဈေးခြင်းစကိုင်တာနဲ့ နှင်း လှစ်ခနဲ ပြေးထွက်ခဲ့သည်။ ဘာလို့မှန်းမသိ အလိုလိုနေရင်း ရင်ခုန်မြူးထူးလျက်။

"လာ နှင်း"

မောင်က နှင်းလက်ဖျားလေးကိုဆွဲကာ စာဖတ်ခန်းထဲ ခေါ်သွင်းသည်။





"ပြောစရာရှိလို့လားဟင်"

နှင်း မောင့်လက်ကို ပြန်ဆုပ်ကိုင်ကာ ခေါင်းလေးက မောင့်ပခုံးပေါ် ငဲ့ချရင်း နွဲ့နွဲ့လေးမေး၏။

မောင်က နှင်းနဖူးပြေပြေလေးကို ချစ်စနိုးနဲ့ မွှေးကြူပြီး–

"ပြောစရာမရှိလည်း ခေါ်လို့မရဘူးလား နှင်းရယ်"

"အဟင့် အဲလိုပြောတာ မဟုတ်ပါဘူး။ နှင်းက အန်တီထားကို အားနာလို့ပါ၊ မောင်ခေါ်တာနဲ့ အန်တီထားကို ဝိုင်းမကူတော့ဘဲ လာခဲ့တာလေ"

"ရပါတယ် နှင်းရဲ့၊ နှင်းမကူရင်လည်း အန်တီထား ပြီးပြင်တာမှ မဟုတ်တာ"

"ဒါတော့ဒါပေါ့ မောင်ရဲ့၊ အန်တီထား မပြီးပြင်ပေမယ့် နှင်းက အလိုက်သိသိနဲ့ လုပ်ပေးချင်တာ"

"အဟင့်၊ အလိုက်သိချင်တဲ့ မိန်းကလေးကို ဆုချဖို့ ကောင်းနေပြီ"

မောင် သဘောတွေကျကာ ပြောရင်း နှင်းမေးဖျားလေးကို ဆွဲယူပြီး ခေါင်းလေးငုံ့ချသည်။ ကြက်သွေးရောင်ရင့်ရင့် ဆေးဆိုးထားတဲ့ နှင်း နှုတ်ခမ်းဖူးဖူးလေးကို ဘာလုပ်တော့မလဲဆိုတာ နှင်းရိပ်မိသွားသည်။

ဒါကြောင့် ချိုချိုသာသာပြုံးပြီး နှင်း လက်ချောင်းလေးတွေနဲ့ မောင့်ခေါင်းကို တွန်းဖယ်လျှင် –



www.burmeseclassic.com

www.burmeseclassic.com



"နှင်းကလည်း မောင်ဆုချချင်လို့လေ"

"ကြောက်လှပါတယ် မောင့်ဆုကြီးလက်ခံဖို့"

"ဘယ်လို"

"ဟုတ်တယ်လေ၊ မောင်က ချစ်လှူဆိုးလိုပြုတာကိုး"

နှင်း ချစ်စဖွယ်ပြောတော့ သူ ကြည်နူးသွားသည်။ ချစ်လှူဆိုးတဲ့။ အချစ်တွေပေးတာ ဆိုးနေလို့လား။

ညှို့တောင်ကာ ကာလာမှည့်နေသော နှုတ်ခမ်းလေးကို မွှေးခွင့်မရတော့ သူ ရင်ခုန်သံများ အားမလိုအားမရ ဖြစ်ရလေသည်။ ထိုအခါ ပခုံးလေးကို ဆုပ်ထားမိတဲ့ သူ့လက်တွေက နှင်းကိုယ်လုံးလေးကို ဖက်ပစ်လိုက်၏။

နှင်းက မရုန်းပေ။ ရင်ခုန်စွာပဲ ငြိမ်သက်ကာ။ ရင်ခွင်ချင်း နွေးနေတော့လည်း နှင်း ရှောင်ဖယ်မနေသာ။ မောင့်ခါးကို သိုင်းဖက်ရင်း နှင်းမျက်နှာလေးကို မော့၏။

မောင် သဘောတွေ စွတ်ကျကာ မျက်လွှာလေး စင်းချကာ စိုက်ကြည့်ပြီး –

"– – –"

မောင့်လိုအင်က နှင်းနှလုံးသားအတွက် တမ်းတမက်မောဖွယ် အတိ။ ပွင့်နွေးသွားတဲ့ နှင်းနှုတ်ခမ်းလွှာလေးဟာ ဟဟလေး ပွင့်လျက်။ နှင်း မျက်လွှာလေးစင်းချပြီး ကျေနပ်စွာ ငြိမ်သက်နေလိုက်သည်။





"နှင်း"

"ဟင်"

နှင်း နှုတ်ခမ်းလေး နွေးနေခဲ့ကို မောင့်ရင်အုံမှာ ကပ်ထားရင်း ရှူရှူလေး ထွေးသည်။ မောင်က နူးညံ့သိမ်မွေ့လှစွာ နှင်းကုပ်ပိုးနောက်က ဆံပင်ပျော့လေးများနဲ့ နှင်းလက်မောင်းဝင်းဝင်းလေးကို ရင်ခုန်လှိုက်မောစွာ ဖျစ်ကိုင်လျက် –

"မောင်တော့ ဒီအတိုင်း မနေနိုင်တော့ဘူးကွာ။ နှင်းကို လက်ထပ်ချင်ပြီ၊ နှင်းကို ပိုင်ပိုင်နိုင်နိုင် ချစ်ချင်စိတ် ကြွသောင်းကျန်းနေသလား အောက်မေ့ရတယ်၊ နှင်းကို မျက်စိအောက်က အပျောက်မခံနိုင်ဘူး။ ပေဘာဒိလိုပဲ အချိန်ပြည့် မောင့်ရင်ခွင်ထဲမှာ ထည့်ထားချင်တယ်"

"မောင်ရယ်"

နှင်းလည်း မောင့်လိုပါပဲလို့ မပြောရဲလို့သာ။ နှင်းကလည်း မောင့်ရင်ခွင်ထဲမှာ အချိန်ပြည့်နေချင်စိတ် ထက်သန်လို့ရယ်လေ။

"နော် နှင်းလေး။ အ[illegible]ိတ်ထားကို မောင် ဖွင့်ပြောဖို့ စိတ်ကူးထားတယ်၊ နှင်းသဘောကို အရင်မေးကြည့်တာ၊ နှင်း လက်ခံမယ် မဟုတ်လားဟင်"

နှင်း မျက်တောင်လေးခတ်ကာ ငြိမ်နေမိသည်။

"ပြောလေ နှင်း"

"မောင်ပြောချင်တယ်ဆိုတာ ဒါလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲပေါ့ နှင်းလေးရဲ့၊ မောင့်ရင်ထဲမှာ နေ့နေ့ညည ဒါပဲ တောင့်တနေတယ်၊ ပြီးတော့ ပူလည်းပူတယ်၊ နှင်းဒယ်ဒီ နှင်းကို မောင့် ရင်ခွင်ထဲက ဆွဲထုတ်သွားမှာကိုလေ"

"အို ရမတဲ့လား၊ ဒယ်ဒီက ဒယ်ဒီ့သဘောနဲ့ဒယ်ဒီ မဥမ္မာကို ယူခဲ့တာပဲ၊ နှင်းလည်း မောင့်ကို ယူခွင့်ရှိတယ်လေ"

"ဒါပေမဲ့ မောင်စိုးရိမ်တယ်၊ ပြီးတော့ နှင်းဒယ်ဒီက မောင်နဲ့ အန်တီထားအပေါ် လုံးဝ အယုံအကြည် မရှိဘူး"

"ဘယ်လို မောင်နဲ့ အန်တီထားကို ဒယ်ဒီမယုံဘူး ဟုတ်လား၊ မောင် ဘယ်လိုသိလဲ၊ မောင့်ကို ဘယ်သူက ဘာပြောလို့လဲ၊ မမလား, ကိုကြီးလား၊ ဒါမှမဟုတ် ဒယ်ဒီကိုယ်တိုင်လား"

နှင်း စိတ်လှုပ်ရှားစွာ တရစပ်မေးသည်။ တင်းနေအောင်ဖက် ထားမိတဲ့ နှင်းကိုယ်လေးကို ချစ်အသည်းယားဟန်လေးနဲ့ ပိုတင်းအောင် ဖက်ထားမိသည်။ သိချင်စိတ်နဲ့ တောက်ပနေတဲ့ နှင်းမျက်လုံးကို မောင့် နှုတ်ခမ်းလေးနဲ့ ဖွဖွထိကပ်လျက် ခပ်တိုးတိုးဖြေသည်။

"နေဝန်း"

"ဘာရယ် နေဝန်း"

နှင်း ကိုယ်လေးခံပြင်းစိတ်နဲ့ တောင့်မတ်လို့ သွားသည်။ မောင်က နှစ်သိမ့်ပေးလိုတဲ့ နှင်းလက်ဖဝါးလေးကို ကြင်နာစွာ ဖျစ်ကိုင် ပြီး –





"ဟုတ်တယ်၊ နေဝန်း မောင်နဲ့လာတွေ့တာလေ၊ မောင် အခုရောက် နောက်ကျတယ်ဆိုပြီး စိတ်ကောက်တာလေ၊ နှင်း မှတ်မိလား"

"ဟင်၊ ဒါဆို မောင်နောက်ကျတာ နေဝန်းကြောင့်ပေါ့"

မောင် ခေါင်းဆတ်တော့ နှင်း ရင်မှာတစ်မျိုးလေးဖြစ်ကာ စိတ်ကောက်မိတာလေးကို ပြန်ရှက်လို့နေသည်။

"အစကတည်းက ပြောပါတော့လား၊ နှင်းက မောင် တမင် နောက်ကျတယ်ထင်ပြီး ကောက်နေတာပေါ့"

"နှင်း စိတ်ကောက်တာလေးကိုပဲ မောင် ပိုချစ်သွားတယ်"

"ဖွန်း သူပို"

ဒါပဲပြောပြီး မောင့်ရင်ခွင်ထဲက နှင်း ရုန်းထွက်သည်။ မောင် ကလည်း အလိုက်သင့်ကလေး လွှတ်ပေး၏။ ဒါပေမဲ့ လုံးလုံးလျားလျား ဖြေလွှတ်ပေးတာမျိုး မဟုတ်။

နှင်းပခုံးလေးကိုတော့ ဖက်ထားသေးသည်။ ပြီးတော့ စာဖတ် စားပွဲရှေ့က ဆိုဖာထိုင်ခုံမှာ ထိုင်စေသည်။ နှစ်ယောက်သား နီးနီးကပ်ကပ် ထိုင်မိသည်နှင့် နှင်း စကားပြန်ဆက်သည်။

"နေဝန်းက ဘာတဲ့လဲမောင်"

"သူပြောတာတွေက နှင်းကို မောင်တို့က သွေးဆောင်ထားတဲ့ သဘောမျိုး"

"အောင်မာ၊ မောင် ပြန်ပြောလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်ပါတယ် နှင်းရယ်၊ ဒါပေမဲ့ မောင်သိတယ်၊ နေ့ဝန်းပြောစကားကတစ်ဆင့် နှင်းဒယ်ဒီ မောင့်အပေါ် ယုံကြည်မှုမရှိဘူးဆိုတာ ပိုသိသာတယ်၊ ဒါကြောင့်ပါ နှင်းရယ် နော်၊ အယုံကြည်ကင်းမဲ့နေတဲ့ နှင်းဒယ်ဒီ တစ်ခုခု ပြတ်ပြတ်သားသား မဆုံးဖြတ်ခင် မောင်နဲ့နှင်း လက်ထပ်ပြီးဖို့ အရေးကြီးတယ်"

အကျိုးသင့်အကြောင်းသင့် ပြောပြတော့ နှင်း ငြင်းပယ်ဖို့ စိတ်ကူးမရှိပါ။ မောင့်ကိုချစ်မိကတည်းက မောင့်ရင်ခွင်နဲ့ ဝေးမနေနိုင်တာ နှင်းကိုယ်တိုင်သိတယ်လေ။

မောင့်ရင်ခွင်ကျယ်ကြီးက နှင်းနှလုံးသားကို ချုကြွနွေးထွေးစေတယ် မဟုတ်လား။ ဒါကြောင့် –

"မောင့်သဘော"

လို့ နှင်း ခွင့်ပေးလိုက်၏။ ထိုအခါ မောင်က မျက်ခုံးပင့်ကာ ခေါင်းလေးငုံ့ပြုံးရုံမှက မောင့်မျက်လုံးတွေက နှင်းလည်တိုင်ဆီ ရောက်၏။ အနက်ရောင်အင်္ကျီလေးကြောင့် နှင်းအသားအရေကလေး ပို၍ ဖြူဝင်းနေကာ နှင်းလည်တိုင်မှတစ်ဆင့် မောင့်အကြည့်တွေက ဇာတွန့်လေးတွေပါတဲ့ ရင်ညွန့်ပေါ်က နှင်းအင်္ကျီလေးပေါ်အထိ ရောက်လို့သွားလေသည်။

ထိုနေရာအရောက်မှာ မောင့်အကြည့်တွေ ရပ်တန့်သွားသည်က နှင်းရင်ခုန်စိတ်ကို ကြက်သီးဖြန်းဖြန်းထစေသည်။

"မောင်တို့ လက်ထပ်ကြတာပေါ့"





လို့ ချစ်ရိပ်ရိဝေသောစကားလုံးတွေ မောင်ချွေသလို ကြင်နာသော မောင့်လက်ချောင်းလေးများလည်း။

မောင်ရယ် –

နှင်း သိပ်ချစ်ရတယ်ကွယ်၊

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

နှံ့သာရောင်ပေါ်မှာ ရွှေမှုန်စလေးတွေ ဖြန့်ကြဲထားတဲ့ မြန်မာဝတ်စုံလေးနဲ့ အစွမ်းကုန်လှနေတဲ့ မိန်းကလေး။

ပုံသွင်းကောက်ထားတဲ့ ဆံပင်လေးက ပခုံးထက်ဝဲကာ ဝတ်စုံနဲ့လိုက်ဖက်အောင် စိန်ထည်တွေချည်း ညှတ်နေအောင်ဆင်ထားသောကြောင့် လှုပ်ရှားလိုက်တိုင်း အလှတွေ တဖျပ်ဖျပ် လင်းလက်ကုန်သည်။

နုဖပ်စိုအိသော မျက်နှာလေးက မိတ်ကပ်ရောင်ကြောင့် လဲ့လဲ့ကြည်၏။ မျက်လုံးလေး ရွှန်းတောက်ကာ ရွှေရောင်ဆေးတင်ထားတဲ့ နှုတ်ခမ်းဖူးဖူးလေးကအစ အကြည့်မလွှဲချင်အောင် ညို့သွေးတို့ ဆောင်နေစေသည်။





"နှင်းရယ်"

အရမ်းလှတာပဲဆိုတာထက် ပိုလှနေပါတယ်လို့ နှင်းကို သူပြောခွင့်မရသေးခင် –

"နှင်း"

"ညီမငယ်"

ခေါ်သံနှစ်သံက ဟိုန်းခနဲ ပျံ့လွင့်လာသည်။

သူနဲ့အနိတီထား တိုင်ပင်ပြီး မင်္ဂလာလက်မှတ်ထိုးပွဲလေး အကျဉ်းချုံးလုပ်မလို့ အဆင်သင့်ဖြစ်ချိန်မယ် ခေါ်သံကြောင့် ရှေ့နေစုံတွဲနဲ့ အသိသက်သေ ဧည့်သည်တွေနဲ့အတူ သူနဲ့ နှင်းလည်း ဖျတ်ခနဲမော့ကြည့်လေသည်။ ဧည့်ခန်းဝရောက်နေပြီဖြစ်တဲ့ ကိုကြီးနဲ့ မမစံပယ်။

ရုတ်တရက်မို့ နှင်း ကြောင်တောင်တောင်လေးဖြစ်ကာ ထိုင်နေရာမှ ထပြီး –

"မမ ကိုကြီး"

"ဟုတ်တယ်"

ပန်းစံပယ် ခပ်ဆတ်ဆတ်ပြောပြီး ခြေလှမ်းရှေ့တိုးလာသည်။

"လာ နှင်း"

ဟုလည်းခေါ်ကာ မမခြေလှမ်း ရှေ့တိုးလာ၏။ ဒီတော့မှ အနိတီထားတို့လူကြီးတွေ အသိဝင်လာကာ လှုပ်လှုပ်ရွရွ ဖြစ်လာသည်။

"မမ နှင်းနဲ့မောင်က"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မပြောနဲ့၊ နှင်း ထင်တိုင်း ဘာမှလုပ်ခွင့်မရှိဘူး"

ပြောရင်း ညီမဖြစ်သူကို ညှို့သည့်တွေကြားက ဆွဲခေါ်သည်။ ထိုအခါ သူ မနေသာတော့ပါ။

"မပန်းစံပယ်"

"မင်း ဘာမှဝင်မပြောနဲ့ ကေရာဇ်"

ကိုကြီး ရှေ့တိုးလာရင်း မျက်နှာထားနဲ့ ဟန့်တားသည်။

"ကိုကြီး"

နှင်း သည်းမခံချင်တော့ပါ။ အသံမြှင့်၍ အော်ထည့်လိုက်သည်။

"နှင်းကို ဒီလိုမလုပ်ကြနဲ့၊ နှင်းစိတ်နဲ့နှင်းကိုယ်တိုင် ဆုံးဖြတ်ထားတဲ့ကိစ္စလေ"

လို့ ပြောရင်း မမလက်ကို ဖယ်ချ၏။

"ညီမငယ် ဒီကိစ္စကို ကိုကြီးတို့ ခွင့်မပြုဘူး၊ ငယ်ရွယ်တဲ့ မိန်းကလေးကို သွေးဆောင်ဖြားယောင်းတဲ့သူတွေကိုလည်း ခွင့်မလွှတ်ဘူး၊ လာခဲ့စမ်း"

ကိုကြီး ဘယ်မျက်နှာကိုမှမထောက်ထားပါ။ ပြောရင်း နှင်းကို အတင်းဆွဲပြန်သည်။

"နေကြပါဦးကွယ်၊ အန်တီထား ပြောပါရစေ"

ဒေါ်ထားထားနွယ် ကမန်းကတန်း ကြားဝင်ပြောပါ၏။

"ကျွန်တော်တို့ ရှင်းပြပါရစေ"





မောင်ကလည်း အသနားခံပြော၏။ ညှို့သည့်လူကြီးတွေကလည်း ကိုကြီးနဲ့မမကို ဝိုင်းဝန်းကြပြီး ဆိုသည်။

"ဟုတ်သားပဲကွယ်၊ ပြေပြေလည်လည် ပြောလို့ဆိုလို့ ရပါတယ်၊ ထိုင်ကြလေ"

"မင်္ဂလာလက်မှတ်ထိုးပွဲ အကျဉ်းချုံးလုပ်တာပေမယ့် ညှို့ခံပွဲကို ကြီးကြီးကျယ်ကျယ် လုပ်ပေးပါ့မယ်တဲ့"

"တော်ကြစမ်းပါ"

မမ အသံကျယ်ကျယ်ပြောလျှင် အားလုံး မျက်နှာတွေပျက်ကုန်သည်။ အခြေအနေ မလှမှန်းသိလို့ မောင် မျက်နှာပျက်ပျက်နဲ့ နှင်းကို လှမ်းကြည့်သည်။

မောင်စိုးရိမ်တဲ့အတိုင်း အခြေအနေက ဖြစ်လာချေသည်။ ဖြစ်လာတဲ့အခြေအနေကို နှင်း ရဲရဲရင်ဆိုင်ရမယ်လေ။

ဒီအချိန်မှာ နှင်း ဘယ်သူ့ကိုမှ မငဲ့နိုင်တော့ပါ။ မောင်တို့အားလုံး ရှေ့က နှင်းရပ်ကာ ကိုကြီးနဲ့မမကို တည့်တည့်ရင်ဆိုင်လေသည်။

"မမနဲ့ကိုကြီး၊ နှင်းမှာ စိတ်ကြိုက်ရွေးချယ် လက်ထပ်ပိုင်ခွင့်ရှိတယ်လေ၊ နှင်းကို မနှောင့်ယှက်နဲ့"

"ဘာပြောတယ် နှင်း"

ပန်းစံပယ် တင်းခနဲ ဖြစ်သွားသည်။ အမြဲတမ်း အစ်မတွေ ဩဇာနဲ့ ပိပိပြားပြားနေလာခဲ့တဲ့ ညီမငယ်။ ဒယ်ဒီ့ကိစ္စဖြစ်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



တင်းမာနေခဲ့သည်။ ဒါတင်မက ခုတော့ သူတစ်ပါးအားကိုးနဲ့ မျက်နှာထားတင်းပြီး ပြောဆိုနေတဲ့အဖြစ်။

လူအများကြားမှာ ကိုယ့်ညီမငယ်က ကိုယ့်ကို ပြန်ပက်ပြောဆိုနေတာဆိတွေကို မင်းမျိုးထွန်း လုံးဝလက်မခံနိုင်။

"ဒီမှာ ညီမလေး၊ ပါးစပ်ပိတ်ထား၊ လာခဲ့"

ဒါပဲပြောပြီး အားလုံးရှေ့ ဆွဲခေါ်ဖို့ပြင်လျှင် နှင်းက လျင်ပါပေသည်။ မောင့်လက်ကို ဆွဲပြီး ပြေးထွက်ခဲ့၏။

ရုတ်တရက်မို့ အားလုံးကြောင်သွားသည်။

မောင်ကလည်း သဘောပေါက်ကာ နှင်းလက်ကိုဆွဲပြီး ဧည့်ခန်းထဲက သုတ်ခံနဲ ပြေးထွက်ကာ ကားမောင်းပြေးဖို့ဆိုပြီး ကားဆီပြေးမလို့ ပြင်လျှင် ပေါ်တီကိုအောက်မှ ထိုးဆိုက်လာတဲ့ ကားခေါင်းနဲ့ ပိတ်မိသွား၏။

"သမီး"

အမိန့်အာဏာသံအပြည့်နဲ့ခေါ်ပြီး ကားပေါ်က ဆင်းလာတဲ့ ဒယ်ဒီ။ နှင်း မောင့်လက်ကို အားကိုးတကြီး ဆုပ်ထားလိုက်သည်။

မင်းမျိုးထွန်းနဲ့ ပန်းစံပယ် ညီမငယ်အပါး တိုးကပ်ဝန်းရံလာသည်။ ဒယ်ဒီရောက်လာပြီဆိုတော့ ညီမငယ် ဖွတ်လုပ်ခွင့်ရဖို့ မလွယ်တော့မှန်း သိသည်။

ဒေါ်ထားထားနွယ်နဲ့ ဂုဏ်သရေရှိလူကြီးတွေ ဒယ်ဒီ့ရှေ့ လျှောက်လာပြီး –





"ဦးဇော်လင်းထွန်း၊ လာပါရှင်၊ အေးအေးဆေးဆေး ပြောကြတာပေါ့နော်"

"ဘာမှ ပြောစရာမရှိဘူး၊ ကျွန်တော့်သမီး ကျွန်တော့်ကြောင့် သူတစ်ပါးရင်ခွင်ထဲမှာ ဖြစ်ချင်ရာဖြစ်ဖို့ စိုင်းပြင်းနေတာကို ကျွန်တော် လက်ပိုက်မကြည့်နိုင်ဘူး၊ အထူးသဖြင့် သမီးက ကျွန်တော် ဥမ္မာနဲ့လက်ထပ်တာကို စိတ်ကောက်ပြီး တိုက်ပေါ်က ဆင်းလာတာ၊ အေး သမီး ကျွန်တော့်ရင်ခွင်ထဲ ပြန်ရောက်ဖို့ တစ်နည်းပဲရှိတယ်၊ အဲဒါ ဥမ္မာ့ကို ကွာရှင်းဖို့ပဲ၊ ဒါကြောင့် ဥမ္မာနဲ့ ကွာရှင်းလိုက်ပြီ"

"ဟင်"

နှင်း မယုံနိုင်အောင် မျက်လုံးပြူးသွားသည်။

"ဟုတ်တယ် ညီမငယ်၊ မဥမ္မာနဲ့ ဒယ်ဒီ ကွာရှင်းလိုက်ပြီ၊ နှင်းကို ဒယ်ဒီ့ရင်ခွင်ထဲ ပြန်ထည့်ဖို့ ဥမ္မာ့ကိုကွာတာဆိုလည်း မမှားဘူး၊ ဒါကြောင့် ကိုကြီးတို့ လာခေါ်တာ"

"လာ နှင်း"

ကိုကြီးစကားအဆုံးမှာ ပန်းစံပယ်က ညီမလက်ကို ဆွဲယူလေသည်။ ကျောစ်ဆွဲကိုင်ထားတဲ့လက်က နှင်း ရုန်းခွင့်မရတော့တဲ့ အနေအထား။

"ကျွန်တော့်ဘဝအတွက် ကျွန်တော့်သမီး အရေးအကြီးဆုံးပဲ၊ ဒါကြောင့် ဥမ္မာ့ကို ကွာရှင်းလိုက်တယ်၊ မယုံရင် ဒီနေ့ထုတ် သတင်းစာ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကြည့်''

ဦးဇော်လင်းထွန်း ပြောဆိုရင်း ကားထဲအသင့်ပါလာတဲ့ ကြေးမုံသတင်းစာကို ဒေါ်ထားထားနွယ်လက်ထဲ ထည့်ပေးလိုက်သည်။

ဟုတ်ရဲ့လားကွယ်။ နှင်း မယုံချင်။

မမ ဆွဲကိုင်ထားတဲ့လက်ကို ဖယ်ချပြီး အနံတီထား ဖြန့်ကြည့်နေတဲ့သတင်းစာကြော်ငြာကို ကြည့်လျှင် –

ကွာရှင်းပြတ်စဲခြင်း

ကျွန်ုပ်တော် ဦးဇော်လင်းထွန်းနှင့် ကျွန်မ ဒေါ်ဥမ္မာလင်းတို့

တရားဝင် ကွာရှင်းပြီးဖြစ်ပါကြောင်း။

တဲ့။ အိုး –

နှင်းမျက်လုံးလေးမှာ ရုတ်ခြည်း မှောင်ကျလို့သွားလေသည်။ အားလုံးကလည်း အံ့ဩနေကြသည်။

ငယ်ငယ်ရွယ်ရွယ် ဇနီးချောလေးကို လက်ထပ်ပေါင်းသင်းတာ သုံးလေးလပင် ရှိသေးသည်၊ ခုတော့ ကွာရှင်းပြီး သတင်းစာမှာ အတိအလင်းကြော်ငြာပြီးမှ မယုံလို့လည်း မရတော့တဲ့အဖြစ်။

''သမီးငယ်၊ ဒယ်ဒီ့ဘဝအတွက် သမီးငယ် အရေးကြီးပါတယ်ကွယ်၊ ဒယ်ဒီကို အရွဲ့တိုက်ပြီး သမီး ဘာမှမလုပ်ပါနဲ့၊ ဒယ်ဒီ ခွင့်မပြုဘူး''

ဦးဇော်လင်းထွန်း ပြောရင်းဆိုရင်း သမီးကို ဆွဲယူလေသည်။ နှင်းခမျာ ခေါင်းမာမာနဲ့ ပေကတ်နေခွင့်မသာ။ မောင်နဲ့ မျက်လုံးချင်းဆုံ





လျှင် ထိခိုက်ကြေကွဲစွာ မျက်ရည်တို့ဝဲ၏။

''လာ ညီမငယ်''

ကိုကြီးနဲ့မမကလည်း နှင်းကိုဆွဲကာ ဒယ်ဒီ့ကားပေါ် ဦးဆောင်တင်ကြလေသည်။ နှင်းမှာ ငြင်းခွင့်ဆိုတာ ရှိသေးလို့လားကွယ်။

''နှင်းလေး''

သူ့ရင်ခွင်ထဲက နှင်းလေးကို ဆွဲယူခေါ်ထုတ်သွားတဲ့ ထိုမိသားစုကို သူ ရင်ဆိုင်ဖြေရှင်းခွင့် မရနိုင်တော့ပါ။

ဒါကြောင့် ကေရာဇ် ခြေလှမ်းတွေက တိုက်ပုလေးဆီ ရှေ့ရှုသွားကာ၊ ဒေါ်ထားထားနွယ် တူကြီးကို မကြည့်ရက်တော့၊ မျက်ရည်လေးတဖျောဖျောကျကာ မိသားစုရင်ခွင်ထဲ ပြန်ပါသွားပြီဖြစ်တဲ့ နှင်းလေးကို တစ်လှည့်၊ တူကြီးကိုတစ်လှည့် ကြည့်ရင်း ရင်ထဲမှာ တစ်ဆို့လို့သွားချေသည်။

ဖြစ်စေချင်ခဲ့တာက မင်္ဂလာလက်မှတ်ရေးထိုးပွဲ။

တကယ်ဖြစ်တာက တလွဲ။

အားလုံးရင်ထဲမှာ မကောင်းဖြစ်လို့သွားကာ ကေရာဇ်အတွက် ညှိုသည်တွေ ယူကျုံးမရဖြစ်လို့သွားသည်။

ကေရာဇ်ဘဝမှာ မိန်းကလေးတွေနဲ့ပတ်သက်ရင် ကံဆိုးတာနဲ့ချည်း ကြုံဆုံနေရတာ ဒါပဲဆို လေးကြိမ်မြောက်။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၂၅)

"ဒီတစ်ချီတော့ အန်ကယ့်ကို ချီးကျူးဖို့ကောင်းတယ်နော်"

"ဟုတ်ပါ့ သီရိရယ်"

"သရဖူက ယုံတောင်မယုံချင်ဘူး၊ ဒေါ်ဥမ္မာလင်းကို ကွာပစ်မယ်လို့လေ၊ နော့"

သူငယ်ချင်းတွေ အတိုင်အဖောက်ညီညီ ပြောနေကြသံက နှင်းရင်ထဲမှာ ကြည်လင်မနေသလို ခံစားရသည်။ နှင်း ငြင်းခဲ့တဲ့အချိန်က ဒယ်ဒီ ဥမ္မာ့ကို လက်မထပ်ခဲ့ရင် နှင်းလောက် ကျေနပ်ပျော်မြူးမည့်သူ မရှိတော့ဘူး ထင်ပါတယ်။ ခုတော့ –

"နော် နှင်း၊ နှင်းဒယ်ဒီက နှင်းဆို အဲလောက်အလေးထားတာ





နှင်း ကျေနပ်သင့်တယ်၊ ခုဆို ဒီတိုက်ကြီးမှာ နှင်းက ဘုရင်မလေးပဲ၊ နှင်းစိတ် နှင်းသဘောချည်းပဲလေ၊ နှင်း မပျော်ဘူးလား"

အလင်းစံ နှင်းပခုံးစွန်းလေးကို ဖက်ပြီး အားတက်သရော မေးသည်။ နှင်း မပျော်ဘူးလားတဲ့။

"လူက ပျော်ပါတယ်"

"အံမယ်၊ လူကပျော်ပါတယ်ဆိုတော့ ဘာက မပျော်နိုင်တာလဲ"

သီရိစစ် အချက်ကျကျ မေး၏။ နှင်း မဖြေသာ။ မသိမသာ ခေါင်းလေးငုံ့လွှဲကာ သက်မညည်းညည်းချသည်။

မထုံတက်တေးနဲ့ မြူစိစိဖြစ်နေတဲ့ နှင်းအမူအရာကို သူငယ်ချင်းတွေ အားမလိုအားမရ ဖြစ်ဟန်တူသည်။

"ပြောလေ နှင်းရဲ့၊ ဘာက မပျော်နိုင်တာလဲလို့"

နှင်းမေးဖျားလေးကို ဆွဲယူပြီး အလင်းစံ ဖွတ်မေး၏။ သူငယ်ချင်းတွေ ဒီလိုပဲ။ ဘာမဆို သိလိုက်ရမှ ဆိုတာမျိုး။

အရင်တုန်းက နှင်းက ဆိုးဆိုးဆတ်ဆတ်နိုင်လှသည်။ ခုမှ မှုန်တေတေဖြစ်နေတာ နှလုံးသားခံစားချက်ကြောင့်ဆိုတာ နှင်းကိုယ်နှင်း သိသည်။

ဟုတ်တယ်လေ။ မောင်နဲ့လက်မှတ်ထိုးခါနီးမှ အခွဲခံခဲ့ရတဲ့ နှင်းအဖြစ်။

"သရဖူထင်တယ်၊ ကောရာဇ်ကြောင့် မဟုတ်လား"

www.burmeseclassic.com



အကြောင်းသိနှင့်နေတဲ့ သူငယ်ချင်းတွေ အားမနာတော့ပါ။ ထဲထဲဝင်ဝင် မေးချသည်။ ထိုမေးခွန်းနောက်မှာ နှင်းရင်ထဲ မွန်းကျပ်လာတာမို့ -

"ဟုတ်တယ်"

လို့ မထိမ်ချန်ဘဲ ခေါင်းညိတ်ဝန်ခံလိုက်သည်။ ထိုအခါ သူငယ်ချင်းသုံးယောက် လက်ခုပ်လက်ဝါးတီးပြီး ရယ်မောကြသည်။

"အို ဘာလို့ရယ်တာလဲ၊ ရှင်တို့က"

နှင်း မျက်မှောင်လေးကုတ်ကြည့်ပြီး မနှစ်မြို့သလို မေးလျှင် သူငယ်ချင်းတွေ ရယ်နေသေးသည်။ သုံးယောက်ထဲက သီရိစစ် ဦးစွာ အရယ်ရပ်လေပြီး -

"ရယ်စရာကောင်းလို့ပေါ့ဟ"

"အံမယ်၊ မောင့်ကိုများ ရယ်စရာကောင်းသတဲ့"

"ဒါထက် ရယ်စရာကောင်းတာဘာရှိဦးမလဲ၊ နှင်းမို့လို့ ဧကရာဇ်ကို လက်ခံတာ၊ အံ့ပါဟယ်"

"အလိုလေး၊ နှင်းချစ်လို့ နှင်းလက်ခံတာလေ သရဖူရဲ့"

"အေး၊ အဲဒါကိုက နှင်းနှလုံးသားဂုဏ် ဦးကျိုးတာပဲ"

"ဘာ ဂုဏ်ဦးကျိုးတယ်၊ ဟုတ်လား၊ ဘာဂုဏ်ဦးကျိုးတာလဲ၊ ရှင်းအောင်ပြောစမ်းပါ"

နှင်းမခံချင်စိတ်နဲ့ ခပ်ဆတ်ဆတ်ကလေး မေးထည့်၏။ သူတို့





ပြောတဲ့ နှင်းနှလုံးသားဂုဏ် ဦးကျိုးတယ်ဆိုတဲ့ စကားအဓိပ္ပာယ်ကို နှင်း တကယ်နားမလည်ပါ။

နှင်းသိတာ မောင့်ကိုချစ်တယ်။ မောင်ကလည်း နှင်းကို ချစ်တယ်လေ။ ချစ်ကြလို့ ချစ်သူဖြစ်တဲ့ နှလုံးသားမှာ ဂုဏ်ဦးကျိုးတာက ဘာကိုရည်ညွှန်းပြီးတော့လဲ။

"ဒီလို နှင်းရဲ့"

အလင်းစံက နှင်းနားလည်လွယ်အောင် ရှင်းပြသလိုလေး ပြောလေသည်။ နှင်း စိတ်ဝင်တစားနဲ့ မျက်ခုံးလေးစုကျုံ့ကာ နားဆင်လျှင်-

"နှင်းရဲ့အချစ်တော် မောင်ဆိုတဲ့ ဦးဧကရာဇ်က မိန်းကလေးတွေနဲ့ပတ်သက်ရင် ဘယ်တုန်းကမှ အကြောင်းအရာ မလှခဲ့ဘူး၊ အထူးသဖြင့် ဧကရာဇ် စေ့စပ်တာတို့ကအစ လက်ထပ်ဖို့ ဘာညာစီစဉ်ပြီးရင် အဲဒီမိန်းကလေးတိုင်း အခွဲခံရတာချည်းပဲ"

"ဘယ် ဘယ်လို"

"ဟုတ်တယ်လေ၊ ဧကရာဇ်နဲ့ ဦးဦးဖျားဖျား ပတ်သက်ဖူးတဲ့ မိန်းကလေးတိုင်း ဧကရာဇ်နဲ့ ညားခွင့်မရဘူး"

"ဘာလဲ၊ နှင်းက မောင်နဲ့မညားနိုင်ဘူးလို့ ဆိုလိုတာလား"

"ဆိုတာမဟုတ်ဘူး၊ အတည်ပြောတာ"

သီရိစစ် အားပြည့်မာန်ပြည့်ပြောလျှင် နှင်း ဒေါသထောင်းခနဲ ထ၏။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ အတည်ပြောရလောက်အောင် ရှင်က ဘာမို့လဲ သီရိ"

"အဟင့်၊ နှင်းကလည်း ဒေါသကြီးပဲ၊ သီရိ အဆုံးအထိ ပြောပါရစေဦး နှင်းရယ်"

အလင်းစံက နှင်းကို သူမအနား ဆွဲထိုင်စေသည်။ နှင်းမထိုင်ချင်ထိုင်ချင်နဲ့ ထိုင်ချလျှင် သီရိစစ် ဆက်ပြောသည်မှာ –

"နှင်းရယ်၊ နှင်းသာ ကေရာဇ်နဲ့ ချစ်သူဖြစ်ပြီး ကေရာဇ်အကြောင်း ဘာမှမသိတာ၊ အဲဒီငနဲက ဘယ်တော့မှ မစွံတဲ့ လူပျိုသိုးကြီး။ ကေရာဇ်ခမျာ စွံချင်နေတာ တစ်ပိုင်းမကဘူး၊ တစ်ကိုယ်လုံး နှံ့နှံ့ထနေတာ၊ ဒါပေမဲ့ ဘယ်မိန်းကလေးနဲ့မှ ဆုံခွင့်မရတဲ့ ဂုဏ်ဦးကျိုးနေတဲ့ ငနဲ၊ နှင်းနဲ့တင် မကဘူး၊ စေ့စပ်ပြီးရုံမက ကြီးကြီးကျယ်ကျယ် ညည်းခံပွဲတွေ ဖြစ်ခါနီးမှ ပွဲပျက်သွားတာလည်း ရှိတယ်၊ နှင်းမပါဘဲ သုံးကြိမ် သုံးခါရှိပြီ နှင်းရဲ့"

"ဘယ်လို"

နှင်း ဒီတစ်ခါ အံ့ဩလို့သွားသည်။ သူငယ်ချင်းတွေက သိပြီးသားဆိုတဲ့ မျက်စလေးတွေနဲ့ ဝိုင်းကြည့်သလို သရဖူစိုးက ဆက်ပြောသည်။

"ပထမတစ်ယောက်က သင့်သင့်သာ၊ စေ့စပ်ပွဲနေ့မှ သင့်သင့်သာရဲ့အစ်ကိုတစ်ယောက် ဝင်ဖျက်လို့ ပွဲပျက်သွားတယ်"





နှင်းရင်မှာ နိမ့်ခနဲ ဟာသွားသည်။ ဘာကြောင့်ပါလိမ့်နော်။

"ဒုတိယတစ်ယောက်က တစ်ပွင့်သစ်၊ အဲဒီတစ်ယောက်က သီရိယောက်မရဲ့ သူငယ်ချင်း၊ သင့်သင့်သာတုန်းက ဂုဏ်ပျက်ထားဖူးတော့ စေ့စပ်ပွဲမလုပ်တော့ဘူး၊ တစ်ပါတည်း မင်္ဂလာစကား သေချာပြီးတယ်၊ ဖိတ်စာလည်း ရိုက်ပြီးပြီ၊ နှစ်ယောက်သား ဖိတ်စာဝေနေတုန်းမှာ တစ်ပွင့်သစ်ရဲ့ရည်းစားဦးက ကေရာဇ်လက်ထဲကနေ တစ်ပွင့်သစ်ကို ဆွဲပြေးတာတဲ့၊ လူကြီးမိဘတွေ ဘယ်လိုမှ ထိန်းချုပ်လို့မရလိုက်ဘူး၊ တစ်ပွင့်သစ်ရဲ့ ရည်းစားဦးကိုယ်တိုင် ခွဲလို့ ဒုတိယအကြိမ် မင်္ဂလာဦးကျိုးပြန်ရော"

နှင်းမှာ နားထောင်နေရင်း ရင်ထဲမှာ လေးလံဖိစီးလို့သွားသည်။ တကယ်ပါကွယ်။

"သုံးယောက်မြောက်အလှည့်ကျတော့ တစ်မျိုး"

နှင်း နားမထောင်ချင်ပါ။ ဒါပေမဲ့ သူငယ်ချင်းတွေအပါးက ခွာသွားလို့ မရပါ။ နားမဆင်ချင်ဘဲ ဆင်ရလေပြီ။

"တတိယတစ်ယောက်က သတို့သမီးအလှပြင်နေရင်းတန်းလန်း ပျောက်သွားတာတဲ့"

"အလို"

"ဟုတ်တယ်၊ အဲဒီသတို့သမီးကို သူညီက ကိုတ်ကြိုက်နေတာ၊ သူ့သတို့သမီးလောင်းကို ညီလုပ်သူက ခွဲပြီး နိုင်ငံခြားမပြေးတာ၊ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့မှ သူနဲ့ ညားတယ်မရှိဘူး၊ မင်္ဂလာဦးကျိုးနေတဲ့ သူ့အဖြစ်ကို ဘယ်သမီးရှင်မှ စိတ်မဝင်စားတော့လို့ လက်ရှောင်ပြီးနေခဲ့တာလေ၊ နှင်းနဲ့ကြုံရတော့ သူ့ဘက်က လက်ဦးအောင် နှစ်ဦးသဘောတူ မင်္ဂလာလက်မှတ်ရေးထိုးဖို့ လုပ်တာလေ၊ နှင်းနဲ့အလှည့်မှာလည်း ဘာထူးလဲ၊ အခွဲခံရတာပဲ မဟုတ်လား"

နှင်း မျက်လွှာလေးချကာ အကြည့်တွေ အောက်ပို့ထားလိုက်သည်။

"ကေရာဇ်နဲ့ စတင်အကြောင်းဆက်တဲ့ မိန်းကလေးတိုင်း ကေရာဇ်နဲ့ ညားခွင့်မရဘူး။ တခြားတစ်ယောက်နဲ့ ညားသွားတာချည်းပဲ"

"နေပါဦး၊ အဲဒါနဲ့ပဲ နှင်းက မောင်နဲ့မညားနိုင်ဘူး၊ တခြားတစ်ယောက်နဲ့ ညားမယ်လို့ ဆိုလိုတာလား"

"ဟုတ်တယ်လေ"

"ဟွန်း။ မဆိုင်လိုက်တာ"

"ဆိုင်,မဆိုင်တော့ မသိဘူး၊ နှင်း ဒယ်ဒီ, ကိုကြီးနဲ့ မမစံပယ်က နှင်းကို အန်တီဒေစီကျော်သားနဲ့ စီစဉ်နေပြီ"

"ဘာရယ်"

"အန်တီဒေစီကျော်သား အဂ္ဂလေ၊ အီတလီမှာ ကျောင်းသွားတက်နေတယ်ဆိုတာ၊ အခု ကျောင်းပြီးလို့ ပြန်ရောက်နေပြီ၊ နှင်းမာမီရှိတုန်းကတည်းက အန်တီဒေစီကျော် နှင်းကို ချွေးမတော်ဖို့ ကမ်းလှမ်း





ထားတာလေ၊ နှင်းမာမီ ဆုံးသွားပေမယ့် အဲဒီကိစ္စ အဟာည်ဖြစ်နေတယ်၊ နှင်းဒယ်ဒီကလည်း နှင်းမာမီလက်ခံထားတဲ့အတိုင်း ဆောင်ရွက်ပေးမှာ၊ ဒါကြောင့် ဒေါ်ဥမ္မာကို တရားဝင် ကွာပစ်လိုက်တာ၊ နှင်းအလိုကျဖြစ်အောင်လေ၊ တစ်ပါတည်းလည်း အဂ္ဂနဲ့ အကြောင်းပြန်ဆက်ပေးဖို့လည်း အဓိကပေါ့ဟယ်"

"အို။ ဒီလို တစ်ဖက်သတ် လုပ်လို့ရမတဲ့လား"

နှင်းရင်ထဲမှာ ထိနိုက်သွားကာ ငိုသံဝဲဝဲလေးနဲ့ဆိုမိ၏။

"နှင်းရယ် မင်္ဂလာဦးဂုဏ်ရည် အကြိမ်ကြိမ်ကျိုးနေတဲ့ ယောကျ်ားဟာ မိန်းကလေးတစ်ယောက်ရဲ့ဘဝထဲ ဝင်လာရင် အဲဒီမိန်းကလေးရဲ့ဘဝ ဦးကျိုးနိုင်တဲ့ အမင်္ဂလာတွေ ဖြစ်လာတတ်သတဲ့၊ ဟုတ်,မဟုတ် မသေချာပေမယ့် အန်ကယ်တို့က စိုးရိမ်တယ်၊ ဒါကြောင့် အန်ကယ်က အန်တီဒေစီကျော်နဲ့တိုင်ပင်ပြီး အစီအစဉ်ရှိတဲ့အတိုင်း လူကြီးချင်း ညှိနေကြတယ်လေ၊ ရှင့်မောင်တော်ကို ရှင် မေ့လိုက်ပါဟယ် နော်"

ဟွန်း၊ မေ့လိုက်ပါတဲ့။

မေ့နိုင်မတဲ့လား။ နှင်းရင်ထဲမှာ ပြောကာ အံကြိတ်လျက်။ လက်မခံချင်တဲ့စိတ်နဲ့ ခေါင်းလေးယမ်းကာ သူငယ်ချင်းတွေအပါးက ထထွက်ခဲ့သည်။

"နှင်း"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းသုံးယောက် မြို့င်တူခေါ်ရင်း ဆွဲတားပေမယ့် နှင်း အတားမခံ။ သူငယ်ချင်းတွေကို ဖယ်ရှားရင်း ထွက်ခဲ့သည်က ရင်ဆိုင်ဖို့။

ဟုတ်တယ်။

နှင်း ရင်ဆိုင်ရမယ်။

✿ ✿ ✿



## အခန်း (၂၆)

ကိုယ်တိုင်ပုံစံထုတ် ဆောက်လုပ်ထားတဲ့ တိုက်ပုလေးလိုပင် သူ့နှလုံးသားလေး အထီးကျန်။

မိန်းကလေးတွေနဲ့ပတ်သက်ရင် အမည်းစက်ထင်စေတဲ့အဖြစ် အပျက်ထဲမှာ ဒီတစ်ခါတင်တဲ့အမည်းစက်က နှလုံးသားဗဟိုတည့်တည့် ရယ်။

ပြင်းထန်လေးခြင်းလို့ ရေရွတ်ဖို့ သူ့ဘဝ ခွန်အားမရှိသလို ခံစားရလေသည်။

"ဖြစ်ရလေ သားရယ်"

ဒေါ်ထားထားနွယ် ပူကျူံးမရဆိုလျှင် ကောရာဇ် တစ်ခုခု ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့ ဆွံ့အသလို ဖြစ်လို့သွားသည်။

ကြုံလာသမျှက ထင်မှတ်မထားတာတွေချည်းပါ။ ဘယ်သူနဲ့ လွဲ၍ ဘယ်သူနဲ့ ကွဲရ ကွဲရ၊ သူ မတုန်လှုပ်ခဲ့ပါ။

ပထမဦးဆုံး သင့်သင့်သာနဲ့ မာမီတို့ စီစဉ်ကြသည်။ သူက အစဉ်အမြဲ မိဘသဘောဆန္ဒအတိုင်း ခေါင်းညိတ်နေလာသူ ပီသစွာ။

ထိုစဉ်က အန်တီထား ဝင်ပြောသေးသည်။

"သား စိတ်ဝင်စားတာလား၊ မမတို့ဆန္ဒမို့ ခေါင်းညိတ်တာလား သားရယ်၊ တော်ကြာ မမတို့စီစဉ်လို့ ကြိတ်မှိတ်လက်ခံတာမျိုးဆိုရင် တူကြီး စိတ်မချမ်းမသာဖြစ်နေမှာလေ၊ အဲဒါကို အန်တီထားစိုးရိမ်တယ်၊ ဒါကြောင့် မေးမိတာပါကွယ်၊ သင့်သင့်သာလေးကို သား တကယ်လိုချင်လို့လားဟင်"

"မာမီတို့ ကောင်းမယ်ထင်လို့ စီစဉ်တာပဲ၊ ကျွန်တော်ငြင်းလို့ သင့်မတော့လား အန်တီထားရယ်၊ ငြင်းမိလို့ ဒယ်ဒီနဲ့မာမီ စိတ်ဆင်းရဲနေရင် ကျွန်တော့်ဘက်က တာဝန်မကျေရာ ရောက်လိမ့်မယ်"

"မိဘစိတ်ချမ်းသာရင် ပြီးရောလို့ လက်ခံတာကို အန်တီထားက စိုးရိမ်လို့ပါကွယ်"

"ထား။ ညည်း သားနားကပ်ပြီး ဟိုပြောဒီမေးနဲ့ ပွဲပျက်အောင် လုပ်ဖို့ စိတ်မကူးပါနဲ့၊ သားနဲ့သင့်တော်မယ့်မိန်းကလေးမို့ မမတို့ စီစဉ်တာ ပါဟဲ့၊ တကတဲ မပြောလိုက်ချင်ဘူး။ ဒီတူတစ်ယောက်အတွက်ပဲ ညည်း





သည်းနေတာ အမြင်ကတ်တယ်"

အန်တီထားစကားမဆုံးခင် မာမီဝင်ပြော၏။ ထို့ပြင် အန်တီထားကို မျက်စောင်းပါထိုးလေသည်။ မာမီ ဒေါ်ထားထားစုရဲ့မျက်စောင်းနောက်မှာ အန်တီထားက -

"သားစိတ်ဝင်စားသလား မေးကြည့်တာပါ မမစုရယ်"

"ညည်းကလေ၊ အပျိုကြီးပီပီ ဟိုစပ်စပ် ဒီစပ်စပ်၊ သွားစမ်းပါအေ၊ ကိုယ့်အလုပ်ကိုယ် သွားလုပ်ချေ"

မာမီက မိသားစုအပေါ် ပါဝါရှိသူပီပီ အန်တီထားကို ဘယ်တုန်းကမှ မျက်နှာသာမပေးခဲ့။

မာမီ ခပ်ဟောက်ဟောက်လေးပြောလျှင် အန်တီထား စောဒကမတက်ရဲရှာ။ ဒီလိုနဲ့ မာမီတို့စီစဉ်သမျှ သူ ခေါင်းညိတ်ခဲ့ရသည်သာ။

နှစ်ဖက်မိဘလူကြီးစုံရာနဲ့ စေ့စပ်မယ့်နေ့မှာ ပြဿနာက ထင်မှတ်မထားစွာ။

"မေမေတို့ကို ကျွန်တော်ပြောထားရဲ့နဲ့ ဘာလို့ ဖွတ်လုပ်ရတာလဲ၊ ဧကရာဇ်နဲ့ ကျွန်တော် သဘောမတူဘူး။ ကျွန်တော့်သူငယ်ချင်းနဲ့ ညီမလေးကို ကျွန်တော်ကိုယ်တိုင် စီစဉ်ပြီးသား။ စိန်တစ်ဆင်စာတောင် ညီမလေးအတွက် ကျွန်တော်လက်ခံထားတာ၊ ဒီကိစ္စပျက်ရင် နှစ်ဆ အလျော်ပေးရမှာလေ၊ လာ ညီမလေး"

သင့်သင့်သာရဲ့အစ်ကို အာကာသင့် ပြောပြောဆိုဆို သူ့ညီမ



www.burmeseclassic.com

www.burmeseclassic.com



လက်ဆွဲကာ လူကြီးသူမတွေရှေ့က ဆွဲခေါ်သွားတဲ့အဖြစ်။

ညီမ,ဖြစ်သူကလည်း အစ်ကိုဆွဲခေါ်ရာ ကောက်ကောက်ပါအောင် လိုက်သွားရုံမကသေးပါ။ သူ့အစ်ကိုသူငယ်ချင်း သူရိန်စောနဲ့ တစ်ပါတည်း လိုက်ပြေးသွားလေသည်။

သူ့မှာ ရှက်လိုက်တာ ပြောမနေတော့နဲ့။

သင့်သင့်သာမိဘကလည်း ထိုသားဆန္ဒကို မလွန်ဆန်ရဲ။ အာကာသင့် စီရင်တဲ့အတိုင်း ဖြစ်သွားကာ၊ မာမီတို့ကိုတော့ တောင်းပန်စကားဆိုရင်း ထိုနေ့မှာတင် ပွဲပျက်လေသည်။

မာမီက မာနကလေးနဲ့ပင်။

"ဟွန်း စုသားနဲ့ သဘောမတူဘူးတဲ့၊ ဘယ်တူမလဲ သားနဲ့မှ ဂုဏ်ရည်မတူတာ၊ ရတယ်လေ၊ ဂုဏ်ရည်တူတဲ့မိန်းကလေးနဲ့ ချက်ချင်း လက်ဆက်ပေးမယ်၊ စောင့်ကြည့်လိုက်"

မာမီက အသိုင်းအဝိုင်းကြားထဲ ပြောတဲ့အတိုင်းပင်။

တစ်ပွင့်သစ်နဲ့ စီစဉ်ပြန်သည်။ ဖိတ်စာလိုက်ဝေနေဆဲ သူ့ရှေ့မှာတင် လက်ဆွဲကာ ကားပေါ်တင်ပြေးတဲ့အဖြစ်။

သူ့မှာ ကြောင်တောင်တောင်နဲ့ ခံလိုက်ရသည်။

"မမစုလုပ်တာတွေ တစ်ခုမှမဟုတ်ဘူး။ ဟော ခုတစ်ခါ ဖြစ်ပြန်ပြီ"

"ညည်းပါးစပ် ပိတ်စမ်းပါ ထားထားရယ်၊ ဒင်းတို့က သမီးရှင်၊





ဖဲသမား ဝဲစားနဲ့ သူ့သမီးပါသွားတာလေ၊ ခု တို့က သားရှင်၊ ဒင်ခနဲမြည်နေပြီးသား။ အချိန်မရွေး မိန်းမတစ်ခေါင်းခေါင်း ခေါက်ပေးစားလို့ရတယ်"

မာမီက မာနကို မလျှော့သေး။ သူ့မှာတော့ တစ်ကြိမ်မဟုတ် နှစ်ကြိမ်ဖြစ်လာတော့ မျက်နှာမပြရဲအောင် ရှက်လာသည်။

သူငယ်ချင်းတွေက ဘာဘာညာညာ နောက်ပြောင်တာတွေလည်း ခံရတာမို့ –

"မာမီရယ် နောက်တစ်ခါ မစီစဉ်နဲ့တော့ဗျာ၊ ခုတောင် သူငယ်ချင်းတွေ အတော်ဟားနေကြပြီ"

"အံမယ် ဂရုစိုက်စရာလား"

"စိုက်သင့်တာမျိုးဆို စိုက်ရမယ်လေ မမစုရဲ့"

"ညည်းပါးစပ် ပိတ်စမ်း ထားထား"

အန်တီထား မခံနိုင်လို့ ဝင်ပြောပါသည်။ ဒါပေမဲ့ မာမီက ပါးစပ်ပိတ်ခိုင်း၏။

အန်တီထားက မာမီ့ကို မလွန်ဆန်နိုင်သူပါ။ မာမီစီစဉ်သမျှကို စိတ်မသက်မသာနဲ့ စောင့်ကြည့်ရတဲ့အဖြစ်။ မာမီက မာမီသဘောကျတဲ့ ဝင်းရွှေစင်မိဘနဲ့ အပီအပြင်တိုင်ပင်ကာ မင်္ဂလာလက်မှတ်ထိုးပွဲနဲ့ ညစာခံပွဲ တစ်ပါတည်းလုပ်ဖို့ အားကြိုးမာန်တက် စီစဉ်ပြန်သည်။

ဝင်းရွှေစင်နဲ့ မစီစဉ်ကတည်းက ညီဖြစ်သူ ဝေရက် မူပျက်နေမှန်း သတိထားမိသော်လည်း ဒီလိုတွေ ဖြစ်လာမယ်လို့ မထင်ထားပေ။



www.burmeseclassic.com

www.burmeseclassic.com



သတို့သမီး အလှပြင်ပြီးမှာ ညီရောက်သွားကာ မင်္ဂလာဧည့်ခံပွဲ ဆီ သတို့သမီး ခေါ်မလာ။

သူတို့က ဧည့်ခံပွဲမှာ သတို့သမီးလာနိုးလာနိုးနဲ့ စောင့်ကာ ချွေးပြန်နေသည်။ နှစ်ဖက်မိဘတွေ ပျာယာခတ်ပြီး ဗျူတီပါလာလိုက်သွား သူ၊ ဖုန်းဆက်သူနဲ့ ရှုပ်လျက်။

ထိုအချိန်မှာ ညီနဲ့ဝင်းရွှေစင်က လေယာဉ်နဲ့ပါသွားလေပြီ။ ညီ့သူငယ်ချင်း ဖုန်းဆက်ပြောခါမှ အကြောင်းစုံသိရတဲ့အဖြစ်။

ဝင်းရွှေစင်နဲ့ညီက ကျောင်းတက်ကတည်းက ကြွေနေသတဲ့။ ဝင်းရွှေစင်က ကမူးရှူးထိုးနိုင်သောစရိုက်ကို မကြိုက်လို့ ငြင်းပယ်ခြင်းနဲ့ အဆက်ဖြတ်ထားသတဲ့။

မင်္ဂလာပွဲနီးခါမှ ဝင်းရွှေစင်က စိတ်ပြောင်းတာလား၊ ညီကပဲ ဘယ်လိုပုံစံနဲ့ သိမ်းသွင်းပြီး ခိုးပြေးသည်မသိ။

သူ့အဖြစ်က သုံးကြိမ်မြောက် အမည်းစက်ဖြစ်ကာ –

"မမစုရယ်၊ မမ ဘာလေ ဖြစ်ချင်တာပဲသိတယ်၊ ခုတော့ ဘယ်လောက်ရှက်ဖို့ကောင်းသလဲ၊ အစ်ကို့ဇနီးဖြစ်ဆဲဆဲ မိန်းကလေးကို ညီလုပ်သူ ခိုးပြေးလို့ ပွဲပျက်သတဲ့၊ နောက်တစ်ခါ ဘူကြီးအရှက်ကွဲအောင် မလုပ်ပါနဲ့၊ တော်ပြီ၊ လုပ်ခွင့်လည်း မပေးနိုင်တော့ဘူး၊ ဘူကြီးနဲ့ထား သီးခြားသွားနေမယ်၊ ဒါမှ နားအေးပါးအေးနဲ့ အရှက်ကွဲတာ သက်သာ မယ်"





အန်တီထား ထိုသို့ပြောကာ သူ့ကို ဧည့်ခံပွဲပျက်ကတည်းက ခေါ်ထုတ်ခဲ့လေသည်။ သူက အန်တီထားနဲ့တစ်ပါတည်း လိုက်ခဲ့သည်မို့ မာမီတို့ ဟန့်တား၍ မရတော့ပါ။

အန်တီထား အမွေဆိုင်ရထားတဲ့တိုက်ကြီးမှာ သူနဲ့အန်တီထား ပြောင်းနေကာ၊ အန်တီထားရဲ့ ပရိဘောဂစင်တာမှာ သူဝင်လုပ်၏။ ထို ကတည်းက မိသားစုအသိုင်းအဝိုင်းနဲ့ သူနဲ့အန်တီထား ရှောင်ကွင်းနေခဲ့ တာ ခုဆို သုံးနှစ်နီးပါးရှိလေပြီ။

သုံးကြိမ်သုံးခါ မင်္ဂလာပွဲပျက်ရတဲ့အတွက် သူ့ဘဝမှာ ရှက်တာ ပဲ သိသည်။ သူ့သတို့သမီး သူများပိုင်သွားလေခြင်းဆိုတဲ့ နှမြောတဲ့စိတ် လည်း မဖြစ်ပါ။

နှင်းကိုမြင်ကတည်းက သူ့နှလုံးသားမှာ ငြိခဲ့ရာက ကံကောင်း ထောက်မစွာ နှင်းနဲ့ပြန်ဆုံရတဲ့အဖြစ်။

ချစ်သူဖြစ်ပြီးခါမှ လွဲရပြန်သည်။ ချစ်သူနဲ့ မင်္ဂလာလက်မှတ် ထိုးအံ့ဆဲဆဲမှာ လေးကြိမ်မြောက် အခွဲခံရတဲ့ သူ့ဘဝအမည်းစက်ကြီး။ နှလုံးသားကိုပါ စွန်းလေပြီ။

"သားရယ်၊ သားဘဝမှာ ဘာကြောင့် ဒါမျိုးတွေချည်း ဖြစ်ဖြစ် နေရတာလဲကွယ်၊ သားအဖြစ်ကိုမြင်ရတာ အန်တီထား ရင်ကျိုးရပြီ၊ တကယ်၊ ဟင့် ဟင့် ဟင့်"

အန်တီထား ယူကျုံးမရပြောကာ စိတ်ထိခိုက်ပြီး ငိုရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာကို အပြစ်ပုံချရမှာလား။ သူ့နှလုံးသား ကံဆိုးတာလား။

သေချာတာက အမည်းစက် ထင်ကျန်နေတဲ့ နှလုံးသားဟာ ဟောဒီတိုက်ပုလေးလို အထီးကျန်။

နှင်းရယ် –

မောင် ဘယ်လို ရှင်းပြခွင့်ရမှာလဲ။

✿ ✿ ✿



## အခန်း (၂၇)

သမီးဆန္ဒပြင်းပြတာက ဒယ်ဒီရှာဖွေထားသမျှ သမီးမာမီပိုင်ဆိုင်ခွင့်ရတဲ့ စည်းစိမ်ဥစ္စာတွေကို သမီးလက်ဝယ်ပိုင်ခွင့်ရဖို့ မဟုတ်လား။ ဒါကြောင့် ဉမ္မာ့ကို ကွာရှင်းပြီး ပစ္စည်းဥစ္စာအားလုံး သမီးလက်ထဲ ဒယ်ဒီအပ်လိုက်တယ်၊ သမီး အရင်လို ပျော်ပျော်ရွှင်ရွှင်နေတော့ သမီးရယ် နော်၊ ဒယ်ဒီ့အတွက် သမီးငယ် အရေးကြီးတယ်၊ ဒါကြောင့် ဒယ်ဒီ ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်တာ၊ ဉမ္မာ့အပေါ် တရားသည့် မတရားသည် ဒယ်ဒီ ပြန်မသုံးသပ်ဘူး၊ ပြီးတာပြီးပြီ သမီး၊ ရှေ့ဆက်ပြီး သမီး ဒယ်ဒီ့စကားနားထောင်ဖို့ပဲ လိုတယ်''

ဒယ်ဒီက မီးခံသေတ္တာသော့ နှင်းလက်ထဲထည့်ပေးရင်း ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြောလေသည်။ ထိုသော့ နှင်းပိုင်ထားရလို့လည်း နှင်းရင်ထဲ မပျော်။ အရင်က ဥမ္မာနဲ့ယူတာကို မကျေနပ်လို့ အပြင်းအထန်ပေါက်ကွဲပြီး ဒယ်ဒီကို ကလန်ကဆန်လုပ်ခြင်းရယ်ပါ။

"အဂ္ဂနဲ့ သမီးကို"

"တော်ပါတော့ ဒယ်ဒီ၊ အဲဒီကိစ္စ မပြောပါနဲ့"

ရင်ထဲမှာ မပျော်ရွှင်ရတဲ့အထဲ အဂ္ဂကိစ္စ စကားစလာတော့ နှင်းရင်ထဲမှာ ကျောက်စိုင်လို တင်းမာသွား၏။

နှင်း ပုန်းခနဲ ထပြောတော့ ဒယ်ဒီ မျက်မှန်ပင့်လျက် မော့ကြည့်ကာ ထိုင်ရာမှ ထလေသည်။

"ဘာပြောတယ် သမီးငယ်၊ မပြောနဲ့ ဟုတ်လား"

နှင်းမျက်နှာထားနဲ့ ပြန်ပြောမလို့ ပြင်ရုံရှိသေးသည်။

"ညီမငယ်နှင်း၊ ဒယ်ဒီ့ကို နှင်းလေး ဘာမှပြန်ပြောစရာ မလိုဘူး၊ ဒီကိစ္စက မာမီရှိကတည်းက အစီအစဉ်ရှိနေတာ နှင်းလေးလည်း သိတာပဲ၊ ဘာ အခုမှ ထကလန်ချင်ရတာလဲ၊ သူစိမ်းတရံတွေ စီမံတဲ့ကိစ္စတော့ ခေါင်းငုံ့နာခံနေပြီးတော့ ဖအေစီစဉ်တော့ ပြန်ပက်ဖို့ တာဆူနေတာ မမ အံ့ဩတယ်"

ပန်းစံပယ် ပြောချတော့ နှင်းမျက်နှာလေး ကွက်ခနဲပျက်လေပြီ။

"အဂ္ဂကိုမှ နှင်းမလိုချင်တာ"

"ညည်းလိုချင်တဲ့သူက အင်မတန် သိက္ခာရှိတယ် မဟုတ်လား"





နှင်း နှုတ်ခမ်းကို ဖိကိုက်လိုက်သည်။

"ဘယ်သူတွေက သိက္ခာရှိအောင် နေနေလို့လဲ"

"ဟင်"

ထိုအမေးစကားက ဖခင်ကို စောင်းချိတ်ပြီး ပြောလိုက်မှန်း သိသာတာမို့ ပန်းစံပယ် မျက်လုံးပြူးသွားသည်။ ဒယ်ဒီ့ကို ငဲ့ကြည့်တော့ ဒယ်ဒီ့မျက်နှာကြီး ပြောင်တင်းလျက် –

"သမီးငယ်"

ဦးဇော်လင်းထွန်း နာကျင်သံနဲ့ ဖိခေါ်လေသည်။ နှင်း မျက်နှာလေး မဲ့လျက် မော့ထားလိုက်သည်။

"ဟုတ်တယ်လေ ဒယ်ဒီ၊ ဒယ်ဒီတောင် ဂုဏ်သိက္ခာကို တန်ဖိုးမထားဘဲ လုပ်ချင်ရာ လုပ်ခဲ့သေးတယ်၊ အခုလည်း မဥမ္မာကို ကွာသတဲ့ဒါလည်း သေချာလို့လား၊ နှင်းကို အဂ္ဂနဲ့ အတင်းစီစဉ်ပြီး ဒယ်ဒီတို့ချင်း ပြန်ပေါင်းဖို့ လမ်းဖွင့်လိုက်တာမဟုတ်လား"

"အလို"

ပန်းစံပယ် အံ့ဩလွန်းလို့ ပါးစပ်ပေါက်လေး ဟောင်းလောင်းပွင့်၏။

ဦးဇော်လင်းထွန်းမျက်နှာကြီး ရှက်စိတ်နဲ့ ရဲမှည့်သွားသည်။ ပြီးတော့ ရင်ထဲမှာလည်း ထိနိုက်စွာ။ ဒီလိုထင်ရလေခြင်းလို့လည်း ယူကျုံးမရ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ်၊ သမီး ဒယ်ဒီ့အပေါ် ဒီလောက်ထိ အထင်အမြင် သေးနေမယ်, ထိခိုက်နာကြင်အောင် ထိုးထိုးနှက်နှက် ပြောတတ်မယ်လို့ ဒယ်ဒီ မထင်ဝံ့ဘူး၊ ခုတော့ဟာ"

ဦးဇော်လင်းထွန်း ခေါင်းတယမ်းယမ်းနဲ့ စကားလုံးတွေ ရင်ထဲ ပြွတ်သိပ်ကျပ်ခဲကာ ဆက်ထွက်လာဖို့ ခဲယဉ်းလေသည်။

"ညီမငယ်ရယ်၊ ညီမငယ် ဒယ်ဒီ့အပေါ် ဒီလိုပြောထွက်တယ် ကွယ်၊ ဒယ်ဒီက ညီမငယ်ထင်သလို မဟုတ်ဘူး၊ မဉ္ဇူမွှာကို တကယ် ကွာရှင်းခဲ့တာ၊ နှင်းလေးထင်သလို အဂ္ဂနဲ့ ညီမငယ်ကိုစွန့်ပြီးရင် ပြန်ပေါင်း ကြမယ်ဆိုတဲ့ စိတ်ကူးနဲ့ မဟုတ်ပါဘူးကွယ်၊ ညီမငယ် ဘာဖြစ်လို့ ဒယ်ဒီ့ အပေါ် သံသယဖြစ်နေတာလဲ၊ ဘာလို့ အထင်သေးနေရတာလဲ ဟင်"

နှင်း လက်မောင်းကို တလှုပ်လှုပ်ခါရင်း ပန်းစံပယ် တရစပ် မေးလေသည်။ နှင်းက တင်းထားတဲ့အကြောင်းအရာကို လျှော့မချချင်။

"သံသယရှိတာလား, အထင်သေးတာလား။ ဒါတော့ နှင်း မသိဘူး။ နှင်းသိတာက လောလောဆယ် နှင်းကို မောင်နဲ့ခွဲပစ်ဖို့ ဒယ်ဒီက မဉ္ဇူမွှာကို ခေတ္တကွာရှင်းတာပဲလို့ နားလည်တယ်"

"ဖြစ်မှဖြစ်ရလေ ညီမရယ်"

ဒယ်ဒီခမျာ မျက်ရည်များ ဝဲသွားတဲ့အထိ ခံစားရလေသည်။ ဖခင်ပါဝါအပြည့်နဲ့ သမီးငယ်ကို ထိန်းချုပ်စီစဉ်မယ်လို့ မာန်တင်းထားတာ တွေ လျှော့ခနဲကျကာ ခန္ဓာကိုယ်က အရုပ်ကျိုးပြတ်နှယ်။ ဆိုဖာပေါ်





ဝုန်းခနဲကျသလို ထိုင်ချ၏။

ဒယ်ဒီ့ကိုကြည့်ရင်း ပန်းစံပယ် ရင်နင့်သွားသည်။ ညီမငယ်ရဲ့ စိတ်ကိုလည်း သဘောမတွေ့နိုင်တော့။

"နှင်းရယ်၊ နှင်းက ဒယ်ဒီ့အပေါ် အဲလိုထင်ရက်တယ်ဆိုရင် ထင်ရက်တဲ့အတိုင်း စောင့်ကြည့်လို့ရပါတယ်၊ တကယ်လို့ ဒယ်ဒီက နှင်း သံသယဖြစ်နေတာကို ခိုင်မာတဲ့ အထောက်အထားတွေ့တယ်ဆိုရင် ညည်းစိတ်ကြိုက် ညည်းဆုံးဖြတ်၊ အေး ခုတော့ ဒယ်ဒီ ဘယ်လောက် ကင်းရှင်းနေလဲဆိုတာ အချိန်ယူပြီးစောင့်ကြည့်၊ အရှင်းဆုံးပြောလိုက်မယ် နှင်း၊ ဒယ်ဒီ မဉ္ဇူမွှာနဲ့ ကင်းကင်းရှင်းရှင်းနေသရွေ့ ညည်းလည်း ကောရာဇ် နဲ့ ကင်းကင်းရှင်းရှင်း နေရမယ်၊ ကြားတယ်နော်"

"ဒယ်ဒီနေနိုင်ရင် နှင်းလည်း နေနိုင်ရမှာပေါ့"

ဖခင်ရယ်လို့ လေးစားစိတ်မရှိဘဲ ပြောလိုက်တဲ့သမီးငယ်ကို ဦးဇော်လင်းထွန်း မကြည့်ချင်လောက်အောင် စိတ်ထိခိုက်လို့သွားသည်။

နံရံမှာ ချိတ်ထားဆဲ ဇနီးသည်ဒေါ်ယဉ်ယဉ်ဝေဓာတ်ပုံကို မော့ ကြည့်ရင်း ဝေဒနာတို့သည်ကာ မျက်ရည်တို့ ပြိုကျလေသည်။

အပြုံးချိုချိုလေးနဲ့ စိုက်ကြည့်နေရှာတဲ့အတိုင်း အသက်ဝင်လှတဲ့ ယဉ့်ပုံလေးက မြင်လွှာမှာစွဲကာ –

"ကိုယ့်မှာအပြစ်ရှိရင် ခွင့်လွှတ်ပါ ယဉ်ယဉ်ရယ်"

လို့ မျက်ရည်တွေ ကြေသက်ရင်း တိုင်တည်ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သမီးလေး သံသယဖြစ်တာ ခံရတဲ့နာကျင်မှုလောက် ပြင်းရှတဲ့ဒဏ်ရာ ဘယ်မှာမှ ရှာတွေ့နိုင်မယ်မထင်ဘူး ယဉ်ယဉ်။

"နောက်တစ်ခုပြောဦးမယ်၊ အဂ္ဂနဲ့ကိစ္စ ဒီကြားထဲ မစီစဉ်ပါနဲ့၊ မမတို့ ဖွတ်စီစဉ်ရင်"

"ညည်း ပါးစပ်ပိတ်ထားစမ်း"

ပန်းစံပယ် ဆက်လက်သည်းမခံနိုင်တော့ပါ။ လက်တစ်ဖက် ခါးထောက်ရင်း ပန်းနှင်းဆီကို ရင့်ရင့်ကြီး ရင်ဆိုင်ပြောချသည်။

"သမီးငယ်သဘောပါကွယ်၊ စိတ်ချ၊ ကိစ္စတွေအားလုံး နောက်ဆုတ်ပေးပါ့မယ်၊ ဒါပေမဲ့ ဒယ်ဒီတို့ ခွင့်မပြုနိုင်တာကို သမီး လုပ်ခွင့်မရှိဘူး"

"စိတ်ချ ဒယ်ဒီ၊ နှင်းက ပြောတဲ့အတိုင်းပဲ၊ အခု မုန့်ဆီကြော်ခု စာကလေးကြော် မလုပ်ဘူး ဒါပဲ"

ဆိုးဆိုးဆတ်ဆတ်ပြောချပြီး အပေါ်ထပ်တက်သွားတဲ့ သမီးငယ်။

ဦးဇော်လင်းထွန်း မျက်ရည်ပြိုကျလျက်သားနဲ့ လှမ်းကြည့်ရှာသည်။ ပန်းစံပယ်က ဖခင်ကို စာနာစွာကြည့်ရင်း -

"ဒယ်ဒီရယ် ညီမငယ်ကို ဗွေမယူပါနဲ့၊ ညီမငယ်က မာမီ့အပေါ် စံပယ်တို့, ဒယ်ဒီတို့ ဂရုတစိုက် မရှိလှဘူးဆိုတဲ့အမြင်မျိုးနဲ့ မျက်မုန်းကျိုးနေတာလေ၊ မာမီ့ကို အထီးကျန်ဆန်ဆန် ထားလေခြင်းဆိုတဲ့အဖြစ်





မျိုးနဲ့ မကျေမနပ်တွေဖြစ်ပြီး ပေါက်ကွဲနေတာမျိုးပါ၊ ဒါကြောင့် လုပ်ချင်ရင် လုပ်မယ်ဆိုတဲ့ စိတ်မွေးပြီး ဒယ်ဒီကို ပစ်မှတ်ထားတာမျိုးပါ ဒယ်ဒီ"

ပန်းစံပယ် စကားမဆုံးခင် ဦးဇော်လင်းထွန်း ခေါင်းတဆတ်ဆတ်ညိတ်မိသည်။

"ဒယ်ဒီ မဉမ္မာကို ယူလိုက်တော့ ပိုဆိုးသွားတယ်၊ နှင်းလေး စိတ်ထဲမှာ မာမီရဲ့ပိုင်ဆိုင်မှုတွေကို မဉမ္မာတို့မောင်နှမ သိမ်းကြုံးယူမယ်လို့ သံသယရှိနေတယ်၊ ပြီးတော့ ဉမ္မာနဲ့နေဝန်း ရင်းရင်းနှီးနှီးနေထိုင်တာကို တစ်မျိုးမြင်နေမယ်၊ တကယ်တော့ မဉမ္မာ နားလည်မှုအပြည့် ရှိတယ်ဆိုတာ ညီမ အကဲမခတ်တတ်ဘူး၊ ရန်လိုနေတဲ့စိတ်နဲ့ မြင်မြင်သမျှ ပြဿနာရှာနေခဲ့တာက ခုချိန်ထိ ပြဿနာရှာနေသေးတာလေ"

"ဒယ်ဒီ နားလည်ပါတယ် သမီးရယ်၊ ဒါပေမဲ့ ဒယ်ဒီ့အပေါ် ရန်လိုနေသေးတာ ဒယ်ဒီ ဝမ်းနည်းတယ်၊ နောက်ပြီး သံသယဖြစ်နေတာ ဒယ်ဒီစိတ်ထိခိုက်ဆုံးပါပဲ"

ပန်းစံပယ် သက်မလေးချရသည်။

"ဒယ်ဒီ ဘယ်လောက်ကင်းရှင်းလဲဆိုတာ နှင်းလေး သိသွားတဲ့တစ်နေ့ ဒယ်ဒီ့အပေါ် ကြည်လာမှာပါ၊ မာမီ့ကို သည်းသည်းလှုပ်ချစ်သလို ဒယ်ဒီ့ကို ပြန်ချစ်လာမှာပါ ဒယ်ဒီရယ်၊ ဒယ်ဒီ စိတ်မကောင်း မဖြစ်ပါနဲ့၊ အလုပ်အသွားအပြန် ဒယ်ဒီ့ဆီ ဝင်နေတာပဲ၊ ဘာမှ အားမငယ်နဲ့၊ ဒယ်ဒီ့အလုပ်တွေ ဒယ်ဒီပြန်ဆက်လုပ်ဖို့ ကြိုးစားပါနော်၊ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ညီမငယ်ကြောင့် ထိခိုက်နေတဲ့ ဒယ်ဒီ့စိတ် သက်သာလာမှ ဒယ်ဒီရယ် နော်''

ဖခင်ကို တတွတ်တွတ် ချော့မော့ဖျောင်းဖျနေရှာတဲ့ သမီးကို ဦးဖော်လင်းထွန်း ရင်ခွင်ထဲထည့်ပြီး ပွေ့ပိုက်လိုက်သည်။

ဒီသမီးလို သမီးငယ်လေး နားလည်ပေးရင် သိပ်ကောင်းမှာပဲ။

ခုတော့ ဖခင်ကို အပြည့်အဝ အားပေးဖျောင်းဖျရှာတဲ့ သမီးကို ငဲ့ကြည့်ရင်း ရင်ထဲရှိတဲ့အတိုင်း ပြောမိသည်။

''သမီးစံပယ်ကို ဒယ်ဒီကျေးဇူးတင်ပါတယ်ကွယ်''

''ဒယ်ဒီရယ်''

ပန်းစံပယ်လည်း ဖခင်နည်းတူ ခံစားရကာ ဒီညီမငယ် စိတ်ပြောင်းလာပါစေလို့ ဆုတောင်းရင်းနေလေသည်။

ညီမငယ် စိတ်ပြောင်းလာမှပဲ မိသားစုအတွင်းရေး ပြေလည်လာမည် မဟုတ်လား။

✿ ✿ ✿



## အခန်း (၂၈)

''နှင်း ဟိုမှာကြည့်''

ဘဲကင် အားရပါးရ ဖွဲ့စားနေတဲ့ နှင်း၊ အလင်းစံ ပခုံးပုတ်ရင်း မေးထိုးပြသည်။ ဘဲကင်ဖွဲ့ရင်းတန်းလန်း ဆိုင်မျက်နှာစာဆီ နှင်း ခေါင်းထောင်ကြည့်၏။

တီရှပ်အဝါပေါ် ဝေ့စကုတ်လို တစ်ထပ်ပါသည့်အင်္ကျီနဲ့ ဂျင်းဘောင်းဘီရှည် ဝတ်ထားတဲ့ လူရွယ်။ အရပ်မြင့်မြင့်နဲ့ အသားအရေလှ၏။ လှဆို ပန်းရောင်ပြေးနေတဲ့ အသားအရေက ယောကျ်ားလေးတစ်ယောက်မှာ ရှိနေတာ မနာလိုစရာကောင်းပေသည်။

နဖူးပေါ် ဆံပင်ချောင်းလေး ခွေကျနေတဲ့ ဟဲလ်စတိုင်နဲ့ နား



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်လုံးမှာ စိန်နားကပ်ပန်ထားတဲ့ ထိုလူရွယ်။ မျက်နှာသွယ်ပြီး မေးဖျားလေးဝိုင်း၏။ နှင်း လှမ်းကြည့်လိုက်သည်နှင့် ရယ်ပြလျှင် ဘယ်ဘက်ပါးမှာ ချိုင့်ဝင်သွား၏။ တစ်ချက်ကြည့်မိရုံနဲ့ နှင်းအကြည့်တွေကို အားပြင်းတဲ့ သံလိုက်ဓာတ်နှင့် ဆွဲညှို့ထားသလို ရှိလေသည်။

"အဂ္ဂပေါ့ နှင်းရဲ့"

အလင်းစံ ပြောသံလေးနောက်မှာ နှင်းလက်ထဲက ဖွဲ့ကိုင်ထားတဲ့ ဘဲကင်တစ်စ လွတ်ကျလို့သွားသည်။

"ထိုင်မယ်နော် နှင်းဆီ"

အဂ္ဂပြောပြီး သူ့ဘာသာ ထိုင်ချသည်။ နှင်းကို ဘယ်သူမှ မခေါ်တဲ့ နာမည်ခေါ်သည်။ နှင်းဆီ တဲ့။

ပန်းနှင်းဆီ သို့မဟုတ် နှင်းလို့သာခေါ်လေ့ရှိကြပေမယ့် အဂ္ဂက နှင်းဆီလို့ ခေါ်လာတော့ နားထဲမှာ ထူးခြားသလိုလို ရှိ၏။

နောက်ပြီး ကိုင်လာတဲ့ ရိုးတံရှည်ပါ နှင်းဆီဝါဝါတစ်ပွင့် နှင်းကို အဂ္ဂကမ်းပေးသည်။

"ယူပါ နှင်းဆီ၊ ကိုယ်တို့ ဆုံတွေ့ခြင်းအထိမ်းအမှတ်"

"အဟင့်"

နှင်း အကြည့်လွှဲပစ်လိုက်သည်။

"ယူလိုက်လေ နှင်းရဲ့"

အလင်းစံက ယူလိုက်ဖို့ကို အားပေးသည်က အမြင်ကတ်စရာ။





နှင်း နှုတ်ခမ်းလှလှလေးကို မဲ့၍ –

"မယူနိုင်ဘူး"

နှင်း ယတိပြတ်ပြောလိုက်တော့ သူ့အပြုံးလေး ပျောက်ဆုံးသွားသည်။ ဒါပေမဲ့ ချက်ချင်းပဲ အပြုံးလေးဆွဲတင်၍ –

"နှင်း ကိုယ့်အပေါ် မကြည်မလင်ဖြစ်နေတာလား"

"ဘာဆိုင်လို့လဲ၊ ဘာမှ မကြည်စရာမရှိဘူး။ ကြည်ဖို့လည်း စိတ်မဝင်စားဘူး။ ဒီမှာ စကားကုန်ကုန်ပြောမယ်၊ လူကြီးမိဘ ဘယ်လိုပဲ သဘောထားထား နှင်းက ဆောရီးပဲ"

"ကိုယ်သိပါတယ်၊ မာမီတို့ အန်ကယ်တို့ကလည်း ဖွတ်မစီစဥ်ပါဘူး။ ဒါပေမဲ့ ယောကျ်ားတစ်ယောက်အနေနဲ့ ကိုယ့်မှာ ကြိုးစားခွင့်ရှိတယ်လို့ ယူဆတယ်၊ ဒါကြောင့် ကိုယ်ကြိုးစားတဲ့သဘော"

အဂ္ဂ ရှင်းပြသလိုပြောရင်း နှင်းဆီဝါဝါလေး ထိုးပေးပြန်သည်။ နှင်း ဆတ်ခနဲ ဆွဲယူလိုက်ပြီး ခပ်လှမ်းလှမ်းမှာရှိနေသော ဆိုင်ဘေးရှိ အသားကင်မီးဖိုထဲ ပစ်ထည့်လိုက်သည်။

"ဟင်"

မီးခံရဲရဲပေါ် နှင်းဆီဝါဝါလေး လောင်ကျွမ်းကာ အဂ္ဂနှလုံးသားသင်္ကေတလေး မီးကျွမ်းသွားတဲ့အဖြစ်။

"ရှင် ကြိုးစားချင်သေးရင် ကြိုးစားပေါ့၊ နှင်းကလည်း တုံ့ပြန်ဖို့ ဝန်မလေးဘူး။ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



နှင်း ပြောချပြီး ဆတ်ခနဲ ထထွက်ခဲ့သည်။

"ဟဲ့ နှင်း နေဦးလေ"

အလင်းစံ တားမြစ်သံကို နားမဆင်။

"နှင်းဆီ" လို့ ခံစားမှုပါတဲ့ အသံအောအောလေးခေါ်ဆိုကာ နောက်က ထလိုက်လာတဲ့ အဂ္ဂကို လည်ပြန်မကြည့်။

အသားကင်ဆိုင်ဘေး ကားပါကင်မှာရပ်ထားတဲ့ နှင်းရဲ့ ဖိမ်ခံကားလေးကို နှင်းတက်မောင်း၏။

အရွဲ့တိုက်ချင်စိတ်ကလေးနဲ့ ရပ်ကြည့်နေတဲ့ အဂ္ဂကို နှင်း လက်ပြနှုတ်ဆက်လိုက်သေးသည်။

မှတ်ထားစမ်းပါ အဂ္ဂရဲ့။

ယောကျ်ားတိုင်းမှာ ကြိုးစားပိုင်ခွင့်တော့ရှိပါတယ်။ ဒါပေမဲ့ ကြိုးစားခွင့်ရှိတယ်ဆိုတိုင်း နှင်းက အားနာပါးနာနဲ့ လက်ခံရမတဲ့လား။

ဝေးသေးတယ်ရှင့်။

ပန်းနှင်းဆီက ရှင်ကြိုးစားတိုင်း အလိုက်သင့်ပါသွားမယ့် မိန်းကလေး မဟုတ်ဘူးလေ။

နောက်ပြီး ပန်းနှင်းဆီရင်ခုန်နှလုံးသား ဘယ်သူ့ဆီမှာလဲ ဆိုတာ အလင်းစံကို မေးလိုက်ဦးရှင့်။

✿ ✿ ✿



အခန်း (၂၉)

နှင်း

မောင့်ဘဝမှာရှိနှင့်နေတဲ့ အမည်းစက်တွေဟာ မောင့်နှလုံးသား ဦးကျိုးနေတဲ့ အဖြစ်ဆိုးဆိုလည်း ဟုတ်နေတယ်။ အဲဒီအဖြစ်ဆိုးတွေဟာ နှင်းရဲ့ဘဝလှလှလေးကို အညွန့်ချိုးသလို ဖြစ်ခဲ့တယ်ဆိုရင် မောင့်ကို ခွင့်မလွှတ်ပါနဲ့။ နှင်းရဲ့မိသားစုဝင်တွေ တောင်းဆိုတဲ့အတိုင်း မောင် အရှုံးပေး ရှောင်ခွာသွားပါပြီ။

နှင်းကိုချစ်တဲ့ မောင်

တဲ့။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



စာသားလေးကို ဖတ်ရင်း နှင်း မျက်လုံးလေးပြူးကာ နား‌မလည်နိုင်အောင် ဖြစ်သွားသည်။

နှင်းရဲ့မိသားစုဝင်တွေ တောင်းဆိုတဲ့အတိုင်း မောင် အရှုံးပေး ရှောင်ခွာသွားပါပြီတဲ့။

ဒါ ဘာအဓိပ္ပာယ်လဲ။

နှင်းမိသားစုဝင်တွေက ဘာကိုတောင်းဆိုလို့ မောင်က အရှုံးပေး ရှောင်သွားရတာလဲ။

မောင်နဲ့နှင်းရဲ့ နှလုံးသားကိစ္စမှာ ဘယ်သူဝင်စွက်တာကိုမှ လက်မခံနိုင်။ လောလောဆယ် ဒယ်ဒီ့ရင်ခွင်ရိပ် နှင်းရောက်နေတာ မှန်သော်လည်း ဒယ်ဒီ့အခြေအနေကို နှင်း စောင့်ကြည့်နေတာဆို ပိုမှန် မယ်လေ။

မညမှာနဲ့ ဒယ်ဒီ အဆက်အသွယ်ပြတ်တာနဲ့ မောင့်ရင်ခွင်ထဲ ပြေးသွားဖို့ နှင်း အဆင်သင့်ပါပဲ။

ခုတော့ မောင်က ဦးစွာ ရှောင်ခွာသတဲ့။

ဟင့်အင်း။

ရှောင်ခွာတာကို နှင်းလက်မခံနိုင်ပါ။ ဒီကိစ္စ မောင်နားလည် အောင် နှင်းရှင်းပြရမယ်။

ဟုတ်တယ်။ နှင်း တွေဝေမနေတော့ပါ။ ခြေလှမ်းတွေက ဆုံးဖြတ်ချက်တွေနောက် ချက်ချင်းပါသွားကာ။





သို့သော်လည်း နှင်းထင်သလို ဖြစ်မလာ။

မောင်နဲ့အနီတီထားနေတဲ့တိုက်ကြီးနဲ့ နှင်းနေခဲ့ဖူးတဲ့ တိုက်ပုလေး ပါသော ထိုခြံဝန်းကျယ်ကြီးက သော့ခတ်ချိတ်ပိတ်လျက်။

တွေ့ချင်ဇောနဲ့မို့ ငွေလရောင်ပရိဘောဂစင်တာဆီ ရောက်ခဲ့ ပြန်သည်။

ငွေလရောင်ပရိဘောဂစင်တာသည်လည်း ထိုနည်းတူ သော့ ခတ်လျက်သာ။ မောင့်မိဘနဲ့ ဆွေမျိုးတွေ ဘယ်မှာနေထိုင်မှန်း မသိတော့ စုံစမ်းဖို့ မလွယ်တဲ့အဖြစ်။

ဒါတင်မက မောင့်ရဲ့ဖုန်းနံပါတ်ကလည်း ကိုင်မယ့်သူ မရှိ။ တိုက်ကြီးထဲရှိ ကြိုးဖုန်းလည်း ထို့အတူ။ နှင်း ဘယ်လောက်ပဲ စိတ်ရှည် ရှည်နဲ့ စောင့်ပြီးခေါ်ဆိုနေပါစေ တစ်ဖက်က ဖုန်းကိုင်မယ့်သူ မရှိတဲ့အဖြစ်။

နှင်း ရှေ့ဆက်ခြေလှမ်းတိုးဖို့ လမ်းစပြတ်လို့သွားသည့်နှယ်။

မောင်ရယ်၊ နှင်းကို ရှောင်ရှားမသွားပါနဲ့ကွယ်။ နော်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"နှင်းဆီ"

"မခေါ်နဲ့"

နှစ်ဖက်မိဘ မောင်နှမ စုံစုံညီညီနဲ့ ချစ်ကြည်ရေးဝိုင်းဖွဲ့နေကြတဲ့ အားလုံးကို နှင်း မျက်မှန်းကျိုးစွာ လှမ်းကြည့်လိုက်သည်။

ထို့နောက် ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ ငြည်ခန်းကို နှင်းဖြတ်လျှင် အဂ္ဂ ဆီးခေါ်ရင်း ထလာသည်။

နှင်း ဘုတောလျှက် ဆိုးဆိုးဆတ်ဆတ် ပြန်လှည့်ခဲ့တဲ့အဖြစ်။ အဂ္ဂ လိုက်ပါလာသေးတယ်။ နှင်း ဒေါသတကြီးနှင့် –

"လိုက်မလာနဲ့နော် ဒါပဲ"





ဟု အပြတ်ပြောပြီး ကားပေါ်တက်ပြီး ဂူးခနဲ မောင်းထွက်လျှင် အဂ္ဂနဲ့အတူ နှစ်ဖက်မိသားစုဝင်တွေ သက်မလေးချကြရှာသည်။

ဒါပေမဲ့ အပြစ်တော့မမြင်ကြ။

ပန်းနှင်းဆီ အစွဲတိုက်နေတယ်လို့ ယူဆတယ်မဟုတ်လား။ တကယ်တော့ နှင်း အစွဲတိုက်နေတာ မဟုတ်ပါ။

ဒယ်ဒီ၊ မမနဲ့ ကိုကြီးတို့အပေါ်မှာ ရန်လိုနေတာပါ။ ဒေါသနဲ့ ပေါက်ကွဲနေတာလည်း ပါတာပေါ့။ တကယ်ဆို မောင့်ဆီကို ဒယ်ဒီတို့ သွားပြီး နှင်းနဲ့အဆက်ဖြတ် ဘာညာပြောစရာ မလိုဘူး။

သွားပြောတော့ မောင်က အပြစ်ရှိသူပမာ အရှုံးပေးပြီး ရှောင်ခွာသွားတာလေ။ နှင်း ဘယ်လိုမှ စုံစမ်းလို့ မရခဲ့ပါ။

အန်တီထားကိုပါ ဆက်သွယ်လို့မရတာ ပိုဆိုးတာပေါ့။

ဒါကြောင့် နှင်း ဒေါသထွက်ပါသည်။ စိတ်ထဲရှိတဲ့အတိုင်း ပေါက်ခွဲပစ်ချင်စိတ် တာဆူနေချိန်မှာ ပစ်မှတ်က အဂ္ဂအပေါ် ပုံကျ၏။

နှင်းဆီလို့ခေါ်တာနဲ့ နှင်းဘက်က မုန်တိုင်းထန်ခဲ့သည်။ လိုက်မလာနဲ့လို့ အမိန့်ပေးပြီး ကားမောင်းထွက်ခဲ့တဲ့အထိ။

နှင်း စိတ်ပြင်းထန်နေမှန်းသိလို့ အဂ္ဂလိုက်မလာတာလား။ ဒါမှမဟုတ် နှင်းအမိန့်ကို နာခံတာလား။ ဘာလားညာလား နှင်း ခွဲခြားမသိပါ။ အဂ္ဂလိုက်မလာတာကို နှင်းကျေနပ်နေသည်။

ဟုတ်တယ်လေ၊ နှင်းဘေးမှာ ရှိစေချင်တာ အဂ္ဂမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မောင်လေ။

နှင်းချစ်ဦးသူ မောင့်ကိုပဲ ရှိစေချင်တာ။ ရှိစေချင်သူက အနားမှာ မရှိ၊ မရှိနေစေလိုသူက အနားမှာ လာဝဲနေတာ နှင်းမပေါက်ကွဲဘဲ နေမတဲ့လား။

စိတ်ပေါက်ပေါက်နဲ့ နှင်း တစ်ကိုယ်တည်း လမ်းမြင်သမျှ ကား လျှောက်မောင်းနေလိုက်သည်။

နှင်းစိတ်က အဲလိုရယ်။

အလိုမကျတော့ဘူးဆိုရင် တစ်ကိုယ်တည်း ထင်ရာစိုင်းနေတတ်သည်။ ခုလည်း ကားလျှောက်မောင်းနေလိုက်သည်။

ကားလျှောက်မောင်းရင်း ခရေပင်တွေ တောအုပ်ထနေတဲ့ ခရေလမ်းသွယ်ထဲ နှင်းကားလေး ရောက်လို့သွားသည်။

ခရေပင်တောကိုမြင်တော့ နှင်းစိတ်က မောင့်ကို ပို၍လွမ်းရသည်။ ဒီခရေတောမှာ မောင်နဲ့နှင်း ချစ်သူတွေ ဖြစ်ခဲ့သည်။

နေပြောက်ကလေးများပင် မထိုးနိုင်အောင် ပိန်းပိတ်အုံ့ဆိုင်းလှတဲ့ ဟောဟိုရှေ့က ခရေပင်ကြီးအောက်မှာ ခုံတန်းလေးမှာ နှင်းတို့ ရင်ခုန်စွာ ထိုင်လျက် ချစ်စကားတွေ ဆိုခဲ့ကြတယ်မဟုတ်လား။

ခုတော့ နှင်းတစ်ယောက်တည်းရယ်။

နေရာဟောင်းလေးကိုမြင်တော့ အချစ်စိတ်က သစ်လာသည်။ မောင် ရှောင်ခွာသွားပေမယ့် မောင်ထိုင်ခဲ့တဲ့ ခုံတန်းလေးမှာထိုင်ပြီး





အလွမ်းသည်လိုစိတ်လေး တဖွားဖွား ဖြစ်လေသည်။

ထိုအခါ နှင်းကားလေးကို ခရေပင်ကြီးအောက် ထိုးရပ်မိပြီး ကားပေါ်က ဆင်းသည်။

ပင်စည်ကြီးနဲ့ ခပ်ကွယ်ကွယ်မှာရှိနေတဲ့ နှင်းတို့ ထိုင်ခဲ့ဖူးသော ထိုင်ခုံတန်းဆီ နှင်းခြေလှမ်းလေး ဦးတည်ကာ။

ထိုစဉ် –

"မမညွှာက ဘာလို့ကွာပေးရတာလဲ နေဝန်းရယ်"

"ဟင်"

မညွှာနဲ့ နေဝန်း နာမည်နှစ်ခုလုံးပါတဲ့ စကားသံ။ နှင်း တစ်ခါမှ မကြားဖူးတဲ့ မိန်းကလေးအသံ။ ထိုအသံက နှင်း ခြေဦးတည်နေတဲ့ ပင်စည်ကြီးနောက်ကမှန်း သိသာသည်။

နှင်းနဲ့မောင် ထိုင်ဖူးတဲ့ခုံတန်းမှာ စုံတွဲတစ်တွဲ ရှိနေတာလား။ မိန်းကလေးမေးတာက နေဝန်းရယ်လို့ဆိုတော့ နေဝန်းလား၊ ပြီးတော့ ညွှာဆိုတာကရော နှင်းရဲ့မိတ္တွေးတော်လား

နှင်း သိလိုလှသည်။ ဒါကြောင့်မို့ ခြေလှမ်းလေးတန့်ကာ နားစွင့်၏။ ထိုအခါ နေဝန်းအသံ တဒိုင်းဒိုင်းကြားရလေသည်။

"အန်ကယ့်သမီးက မကြည်ဘူး၊ ကြာလေ အမုန်းပွားလေနဲ့ တိုက်ပေါ်က ဆင်းသွားတဲ့အထိဖြစ်တာ၊ ဘယ်လိုမှ ပြန်ခေါ်လို့ မရတော့ အန်ကယ်က မမနဲ့မပေါင်းနိုင်တော့ဘူးလို့ စကားစလာတယ်၊ မမ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကိုလည်း သိသိသားနဲ့ ကိုယ့်ဆန္ဒထက် သူများဆန္ဒကို ဦးစားပေးတတ်သူဆိုတော့ မမလည်း အန်ကယ်ဖြစ်စေချင်တဲ့အတိုင်း ချက်ချင်းပဲ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးလိုက်တယ်၊ ပြီးတော့ အန်ကယ် ဝယ်ထားပေးတဲ့ အဝတ်အစားတောင်မယူဘူး၊ အားလုံးထားခဲ့ပြီး မောင်နှမနှစ်ယောက် တိုက်ပေါ်က ဆင်းလာခဲ့တာပဲ''

''ဘာမှ မယူဘဲ ဆင်းလာခဲ့တယ်၊ ဘာလို့မယူတာလဲ၊ မမ ဘယ်လောက်နစ်နာသလဲ နေဝန်းရယ်၊ ပြီးတော့ ဦးဇော်လင်းထွန်းက ဟင်းရွက်ကန်စွန်းလို ကွာပစ်တာလေ၊ အဲဒါကို သီသီခံပြင်းတာ''

''သီသီထင်သလို မဟုတ်ပါဘူး၊ အန်ကယ်က မမကို လျော်ကြေးငွေ ပေးပါတယ်၊ မမကိုယ်၌က မယူတာ''

''ဘာလို့ မယူရတာလဲ''

ခပ်ဆတ်ဆတ်ကလေးမေးတဲ့ မိန်းကလေးအသံနောက်မှာ နှင်းပိုလို့ အာရုံစိုက်နားဆင်မိသည်။

''မမက မမဘဝလုံခြုံမှုအတွက် အန်ကယ့်ကို ယူတာလေ၊ ငွေမက်လို့မှ မဟုတ်တာ၊ ငွေမက်ရင် မမကို အသေအလဲကြိုက်နေတဲ့ ဦးခေတ်ထွန်းကို ယူမှာပေါ့၊ ဦးခေတ်ထွန်းက လူပျိုကြီး၊ ဒါပေမဲ့ ဦးခေတ်က ရှုပ်ရှုပ်ပွေပွေ ဖရိုတယ်၊ ပြီးတော့ စီးပွားရှာတဲ့ဆီမှာ တရားတာ မတရားတာ မသိဘူး၊ လောင်းကစားလည်း ကြူးတယ်၊ အဲဒါကြောင့် ဦးခေတ်ကို ငြင်းပြီး စရိုက်ကောင်းတဲ့ မုဆိုးဖိုကို ယူတာ၊ အေးအေးချမ်းချမ်း ရှိမလား





ဆိုပြီးတော့လေ''

''မုဆိုးဖိုယူခါမှ ပိုဆိုးနေတယ် မဟုတ်လား''

''အန်ကယ်က မမအပေါ် ကောင်းပါတယ်၊ အန်ကယ့်သမီးကြောင့် အန်ကယ်လည်း စိတ်ဆင်းရဲရရှာတယ်၊ အဲဒါကို မမ ကိုယ်ချင်းစာတာ၊ အန်ကယ်ရော အန်ကယ့်သမီးပါ ပြန်ပြီးသင့်မြတ်စေချင်တယ်၊ အဲလိုသင့်မြတ်ဖို့က မမနဲ့အန်ကယ် ပေါင်းမနေဖို့လိုတယ်လို့ အန်ကယ် ယူဆတယ်၊ ဒါကြောင့် မမ စိတ်ရှင်းရှင်းနဲ့ကွာပေးတာ၊ အန်ကယ် နစ်နာကြေး ဘာညာပေးတာတောင် လုံးဝမယူဘူးလေ၊ အရေးကြီးတာ အန်ကယ်နဲ့ သူ့သမီး ပြေလည်ဖို့''

နှင်းရင်ထဲ တစ်မျိုးလေးဖြစ်သွားသည်။ နှင်းနဲ့ဒယ်ဒီ ပြေလည်ဖို့တဲ့။ ဒယ်ဒီတောင်းဆိုတဲ့အတိုင်း မဥမ္မာ ကွာပေးသတဲ့။ ဘာနစ်နာကြေးမှမယူဘဲ ကွာပေးသွားတာ ဟုတ်ရောဟုတ်လို့လား။ မမတော့ ပြောဖူးပါတယ်။

''တခြားမိန်းမဆို ဘာလျော်ကြေးမှ မရရင် ကွာပေးမှာမဟုတ်ဘူး၊ မဥမ္မာက ဒယ်ဒီပေးတာတောင် တစ်ကျပ်တစ်ပြားမှ မယူဘဲ ကွာရှင်းပေးတာ၊ မယုံမရှိပါနဲ့ ညီမငယ်ရယ်''

တဲ့။ မမပြောတာကို နှင်းမယုံပါ။

''အခုတော့ အန်ကယ်နဲ့ ပန်းနှင်းဆီ ပြေလည်သွားပြီလို့ ကြားတယ်''



www.burmeseclassic.com

www.burmeseclassic.com



နေဝန်းပြောသံလေး နှင်းနားထဲ တိုးဝင်လာပြန်သည်။

"အေးလေ၊ ဟိုတက်ကပြေလည်ပေမယ့် မပြေလည်တာ မဥမ္မာဆိုတာလည်း ထည့်တွက်ဦး နေဝန်းရယ်"

ထိုမိန်းကလေး မခံချိမခံသာပြောလျှင် နှင်း မျက်မှောင်လေးကြုတ်ပြီး နားထောင်ရသည်။ မပြေလည်ဘူးဆိုတာ ဘာကိုလဲ။

ဒယ်ဒီ့ကိုမယူခင်က မဥမ္မာက စက်ချုပ်ဆိုင်ဖွင့်ထားတယ်၊ နေဝန်းက တက္ကသိုလ်မောင်းတယ်။ အိမ်ခန်းလေးငှားနေပြီး မွေးစားမောင်နှမနှစ်ယောက် အတူနေကြခြင်း။

အခုလည်း အဲလိုပဲ ဆက်နေပေါ့။

ဘာမပြေလည်စရာရှိလဲ။ နှင်း သိချင်စိတ်တွေ များလာသည်။ မပြေလည်ရင် ဒယ်ဒီ့ဆီ ပြန်ချဉ်းကပ်မှာပဲ နှင်းစိုးရိမ်သည်။

တစ်ဖက်က ဘာပြန်ပြောမလဲ။ နှင်း သိလိုလှစွာ အာရုံစိုက်နားထောင်လျက်။ တစ်အောင့်ကြာမှ နေဝန်းအသံထွက်လာသည်။

"ဒါလည်း အခိုက်အတန့်ပါ သီသီရယ်၊ မမ ကလေးမွေးပြီးရင်"

"ဘုရားရေ"

နှင်း နှုတ်ခမ်းလွှာလေး ပွင့်ဟသွားသည်။ ကလေးမွေးပြီးရင်ဆိုတာက ဘာလဲ။ မဥမ္မာမှာ ဒယ်ဒီနဲ့ ကိုယ်ဝန်ရနေတာလား။ နေဝန်းစကားတစ်ဝက်မှာတင် နှင်း နားမှာ ပွဲတင်ထပ်လို့သွားသည်။





နှင်း တိုက်ပေါ်က ဆင်းလာတဲ့အထိ မဥမ္မာကို ကိုယ်ဝန်နဲ့ပုံစံမျိုးမဟုတ်။ တိုက်ပေါ်ကဆင်းပြီးကတည်းက တစ်ခါမှ မဥမ္မာကို မမြင်ရပါ။ ခုတော့ ကလေးတောင် မွေးတော့မှာတဲ့။ ဟုတ်ရဲ့လားကွယ်။

"မမကလေးမွေးပြီးရင် နယ်ပြောင်းနေကြမယ်"

"ဟင်"

နှင်းမျက်ခုံးလေး ကြွတက်သွားသည်။

"နယ်ပြောင်းမယ်၊ ဘယ်ကိုပြောင်းမှာလဲ နေဝန်းရယ်"

"မပြောင်းလို့မရဘူး သီသီရဲ့၊ မမမှာ ကလေးရှိနေတာ အန်ကယ်မသိဘူး"

"အလို"

နှင်း ရင်ဘတ်ဖိမိသွားသည်။ ဒယ်ဒီတောင် မသိဘူးတဲ့။

"ဟုတ်တယ်၊ အန်ကယ်သိရင် ကွာဖြစ်မှာမဟုတ်ဘူး။ ဒီကလေးကြောင့် မမနဲ့အန်ကယ် ပေါင်းနေလေ ပန်းနှင်းဆီ အန်ကယ့်အပေါ် အမုန်းပွားလေ ဖြစ်နေမယ်၊ သားအဖချင်း ဘယ်လိုမှ ပြေလည်နိုင်မှာမဟုတ်ဘူး။ ပြီးတော့ မမကိုလည်း အန်ကယ့်စည်းစိမ်မက်လို့ အကြောင်းပြချက်ကောင်းကောင်းနဲ့ ကလေးယူတာလို့လည်း သူ့သမီးမြင်မှာစိုးတယ်၊ အဲဒါကြောင့် မမက အန်ကယ့်ကို အသိမပေးတာ၊ အန်ကယ်နဲ့ကွာရှင်းတဲ့အချိန်မှာ မမမှာ ကိုယ်ဝန်လေးလကျော်နေပြီ၊ ခုဆို ခုနစ်လရယ်၊ ကလေးမွေးပြီးရင် နယ်မှာရှောင်နေလိုက်တော့ အန်ကယ်နဲ့ ပိုပြီး အဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြတ်သွားမယ်၊ ရန်ကုန်ထဲ နေနေရင် တစ်နေ့မဟုတ်တစ်နေ့ သိသွားနိုင်တယ်လို့ မမ တွက်ဆထားတယ်၊ ဒါကြောင့် နယ်ပြောင်းဖို့ မမစီစဉ်ထားတယ်''

''ဒါဆို သီသီနဲ့ နေ ဝေးရပြီပေါ့''

ထိုမိန်းကလေးရဲ့ စိုးရိမ်တကြီးမေးသံနောက်မှာ နှင်းယုက်လုံးစုံမှိတ်ကာ ခေါင်းတွင်တွင်ယမ်းလိုက်မိသည်။

ဝေးရပြီပေါ့ဆိုတဲ့စကားက သာမန်သူငယ်ချင်း မဟုတ်နိုင်။ သီသီနဲ့နေဝန်းက ချစ်သူဆိုတာ ထိုစကားနဲ့တင် နှင်း ကောက်ချက်ချလို့ရနေသည်။

ချစ်သူနဲ့ ဝေးရခြင်း။

ဒီဝေဒနာကို နှင်းကိုယ်တိုင် မခံစားလိုပါ။

နှင်းဟာ ချစ်သူနဲ့ဝေးတဲ့ဝေဒနာကို စတင်ခံစားနေရတယ်မဟုတ်လား။ ချစ်သူနဲ့ဝေးနေရတာက ရင်မှာပူလောင်ကာ အရာရာကိုမကြည်လင်၊ ရန်စောင်သလိုလို၊ မကျေနပ်သလိုလိုနဲ့ မြင်မြင်သမျှကို ပြဿနာရှာနေခဲ့တဲ့အဖြစ်။

နှင်းကြောင့် ဒယ်ဒီနဲ့ မဥမ္မာ ဝေးကြပြီ။

တစ်ခါ နေဝန်းနဲ့ သီသီ ဝေးကြရတော့မယ်။

ပိုပြီးဝေးစေမှာက ဒယ်ဒီနဲ့ ဒယ်ဒီ့ရင်သွေး။ ဒယ်ဒီဟာ နှင်းကိုတောင် ပစ်မထားရက်ပါ။ နှင်းကို ပစ်မထားနိုင်လို့ မဥမ္မာကို မပေါင်းနိုင်





တော့ဘူးလို့ ထုတ်ပြောခဲ့တဲ့အထိ။

နှင်းကို ချစ်တဲ့စိတ်နဲ့ နောက်ထပ် ဒယ်ဒီရင်သွေးကို ဒယ်ဒီ ပစ်ထားရတော့မယ့်အဖြစ်။ ဒယ်ဒီ့ခမျာ ရင်သွေးလေးရှိမှန်းတောင် မသိရှာဘူးတဲ့။

သိများသိရင် –

နှင်း ရင်ထဲမှာ ထိခိုက်သွားချေပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ညီမငယ်က မာမီ့ကိုချစ်တဲ့စိတ် ပြင်းထန်တာ တစ်ခုတည်းနဲ့ အရာရာကို အမြင်လွဲနေတဲ့ သဘောမျိုးပါ၊ အဲဒီကနေတစ်ဆင့် မျက်မှန်းကျိုးပြီး ရန်လိုစိတ်တွေ တဖွားဖွားပေါ်လာတာလို့ ကိုကြီးယူဆတယ် စံပယ်"

"ဟုတ်တယ်၊ စံပယ်လည်း အဲလိုပဲမြင်တယ်၊ တကယ်ဆို မာမီက ကင်ဆာဆိုတာသိကတည်းက စိတ်ကိုတင်းပစ်လိုက်တာ၊ စံပယ်တို့ ကိုကြီးတို့ ဒယ်ဒီတို့ အလုပ်ကိုယ်စီမသွားဘဲ မာမီ့နားမှာ တရုန်းရုန်းနေတာကို မာမီ မလိုလားခဲ့ဘူး၊ ယဉ်ကို သေလူစာရင်းသွင်းပြီး မိသားစုဝိုင်းနေကြတာ ယဉ် ပိုပြီး စိတ်ချောက်ချားတယ်၊ ဒါကြောင့်





အရင်လိုပဲနေကြပါလို့ ဒယ်ဒီ့ကို မာမီ ထုတ်ပြောတာ၊ ဒါကို ညီမငယ် မသိဘူး၊ မာမီ့စိတ်အလိုအတိုင်း ဒယ်ဒီက မာမီနဲ့ ခပ်ခွာခွာနေသလို စံပယ်တို့ကိုလည်း မာမီ့နား မကပ်ကြဖို့ မှာထားတာလေ"

ပန်းစံပယ် ပြောစကားနောက်မှာ မင်းမျိုးထွန်း ခေါင်းတဆတ်ဆတ် ညိတ်လေသည်။ မာမီ့စိတ်ကို မင်းမျိုးထွန်း ကြိုသိထားတာမို့ပါ။

"ကိုကြီးတို့က မာမီ့စိတ်အလိုအတိုင်း အနားကပ်မနေတာကို ညီမငယ်က အပြစ်မြင်နေတယ်။ အဲဒီတုန်းက ဒယ်ဒီ ဘယ်လောက်တောင် ပျားပျာခတ်ဖြစ်ရသလဲ စံပယ်ရယ်"

"ဟုတ်တယ်လေ၊ ဒယ်ဒီ့ခမျာ ပါရဂူတွေဆီ ပြေးဟယ်လွှားဟယ်နဲ့၊ မာမီ့ရောဂါကောင်းဖို့ ဘယ်လိုကုရမလဲဆိုတာ တိုင်ပင်ရ၊ ဆွေးနွေးရနဲ့၊ ညီမငယ်က အဲဒါတွေကို ဘာမှမသိဘူးလေ"

ပြောဆိုနေရင်း မောင်နှမနှစ်ယောက်မျက်လုံးထဲမှာ မြင်ယောင်လို့လာသည်။ ဒယ်ဒီ့မိတ်ဆွေ ဦးခန့်လင်းက ကင်ဆာပါရဂူ။ နိုင်ငံခြားမှာ အခြေကျနေတယ်ဆိုလည်း မမှား။

ဒယ်ဒီက ဒီကပါရဂူတွေနဲ့ အားမရဘူး။ ဦးခန့်လင်းနဲ့ တိုင်ပင်ဆွေးနွေးရုံမက ဦးခန့်လင်းရဲ့ဆရာ ကင်ဆာသုတေသနပါမောက္ခ မစ္စတာဂျေပီအာနဲ့ ထပ်ဆင့်တိုင်တယ်။

မာမီ့အတွက် လိုအပ်တဲ့ ဆေးကုသမှုပုံစံနဲ့ သုံးစွဲရမယ့် ဆေးအမျိုးအစား၊ ဘာညာကအစ လိုအပ်တဲ့ ကောင်းပေ့ညွှတ်ပေ့ဆိုတဲ့ ဆေး



www.burmeseclassic.com

www.burmeseclassic.com



တွေကို အင်္ဂလန်က မှာယူတဲ့အခါ မှာယူတယ်။ ဦးခန့်လင်းကလည်း အမေရိကားက နောက်ဆုံးပေါ်ဆေးကောင်းတွေကိုလည်း ပို့ပေးတယ်။

အဲဒီဆေးတွေနဲ့ ဒီက ကျွမ်းကျင်တဲ့ပါရဂူတွေ တိုင်ပင်ညှိနှိုင်းပြီး မာမီ့ရောဂါကို ကုသကြတာ သူတို့အသိ။

ဒယ်ဒီ့ကြောင့် မာမီ ဆေးကောင်းဝါးကောင်းတွေ သုံးခွင့်ရတယ်။ ကျွမ်းကျင်တဲ့ပါရဂူတွေရဲ့ ကုသမှုကို ခံယူရတယ်။ ဒါကြောင့် မာမီဟာ တခြားကင်ဆာရောဂါသည်တွေလို ပြင်းထန်တဲ့ဝေဒနာ ခံစားရတာမျိုး မရှိခြင်းပါ။

သာမန်ကင်ဆာရောဂါသည်တွေထက်လည်း သက်တမ်းရှည်ရှည် နေခဲ့ရတယ်လေ။

ကင်ဆာဆိုတာ ကုသလို့ပျောက်တဲ့ရောဂါမဟုတ်လို့ ပျောက်ကင်းအောင်ကုသနိုင်ဖို့ ဒယ်ဒီ မစွမ်းဆောင်နိုင်ခဲ့ပါ။

မာမီ့ဆန္ဒကြောင့်သာ ဒယ်ဒီဟာ မာမီ့အပါး ကပ်မနေခဲ့တာပါ။ သူတို့လည်း ထို့အတူ။

အဲဒါကို ညီမငယ် မသိဘဲနဲ့ နားလည်မှုလွဲရာကစတဲ့ ဖာတ်လမ်း။ မာမီဆုံးပါးသွားတာတောင် နိဂုံးချုပ်မသွား။ ပို၍ပင် ဆိုးချေ၏။ အထူးသဖြင့် ဒယ်ဒီ မဥမ္မာကို ယူတဲ့ကိစ္စ။

ပြီးတော့ မဥမ္မာနဲ့ သူ့မောင်လေး အနေအထိုင်။

တကယ်တော့ ညီမငယ်ထင်သလို မဟုတ်မှန်း ဒယ်ဒီနဲ့ သူတို့





မောင်နှမ သိပါသည်။

ဥမ္မာ့မိဘနှစ်ပါးက သားလိုချင်လွန်းလို့ နေဝန်းကို ခြောက်လသားအရွယ်ကတည်းက မွေးစားခဲ့တာပါ။ ဥမ္မာနဲ့ ဆယ်နှစ်ကွာသည်။ အသက်ကြီးရှာတဲ့ ဥမ္မာ့မိဘနှစ်ပါး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ချိန်မှာ ဥမ္မာက ဆယ့်ခြောက်နှစ်၊ နေဝန်းက ခြောက်နှစ်သားအရွယ်။

မိဘမရှိရှာတော့ နေဝန်းကို ဥမ္မာက မိခင်သဖွယ်၊ အစ်မသဖွယ် ပြုစုထိန်းကျောင်းခဲ့တာမျိုး။ သွေးသားမတော်စပ်ပေမယ့် သံယောဇဉ်က သွေးသားရင်းအတိုင်း မြဲမြဲလုံသည်။

နေဝန်းက ငယ်ငယ်ကတည်းက အစ်မကို ချွဲနေနွဲ့နေကျ။ အဲဒီဗီဇက လူပျိုဖြစ်လာတဲ့အထိ မပျောက်။ တစ်သက်လုံးလည်း ပျောက်မှာမဟုတ်ပေ။ သူ့မှာလည်း ဒီအစ်မသာ အမိအရာ အားကိုးရာမဟုတ်လား။

ဥမ္မာကလည်း ဒီမောင်လေးအတွက်ပဲ အသက်ရှင်နေရတဲ့သဝ။ သူမ ကျောင်းထွက်ပြီး စက်ချုပ်သင်တန်းတက်၏။ စက်ချုပ်ဆိုင်လေးဖွင့်ကာ မောင်နှမဘဝ ရပ်တည်လာခဲ့တာလေ။

အစ်မလုပ်သူက နွေးနွေးညညစက်ချုပ်ပြီး ဒီမောင်ကို ကျွေးမွေး ပညာသင်လာတာ နေဝန်း ဆယ်တန်းအောင်တဲ့အထိ။

နေဝန်းကလည်း အစ်မကိုစာနာကာ တက္ကစီမောင်းပြီး အပိုဝင်ငွေပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်မက စက်ချုပ်၊ မောင်က အဝေးသင်တက္ကသိုလ်ရင်း တက္ကစီလေးနဲ့ မောင်နှမနှစ်ယောက်ဘဝ ငြိမ်းချမ်းနေခဲ့သည်။

ဒယ်ဒီက မာမီဆုံးစ စိတ်ထိခိုက်နေချိန် ဥမ္မာနဲ့ဆုံသည်။ ဆုံတာက နေဝန်းသူငယ်ချင်းသီသီက ဒယ်ဒီရဲ့အထည်ချုပ်စက်ရုံက အလုပ်သမား။

သီသီနဲ့ မဥမ္မာကို တွဲလျက်မြင်ရာက စိတ်ဝင်စားတယ်ဆိုပါတော့။

မာမီဆုံးပြီးကတည်းက ဟာတာတာဖြစ်နေတဲ့ ဒယ်ဒီ့ဘဝ အရွယ်ရှိသေးသလို စည်းစိမ်ဥစ္စာလည်း ပြည့်စုံ၊ သားသမီးတွေလည်း အိမ်ထောင်ကိုယ်စီနဲ့။ ညီမငယ်သာ ကျန်တယ်လေ။ ညီမငယ်လည်း တစ်ချိန် အိမ်ထောင်ပြုသွားရင် ဒယ်ဒီ့ဘဝ ပိုပြီးခြောက်သွေ့နေမှာပဲလို့ မင်းမျိုးထွန်းနဲ့ ပန်းစံပယ် မြင်သလို ဒယ်ဒီကလည်း မဥမ္မာနဲ့ အိမ်ထောင်ပြုချင်စိတ်ရှိနေတော့ သူတို့မောင်နှမနှစ်ယောက် ဒယ်ဒီ့ဆန္ဒအတိုင်း ဖြစ်ခွင့်ပေးလိုက်တာ။

အဲဒါကို ညီမငယ်က လက်မခံ။

မဥမ္မာနဲ့ နေဝန်း ပူးပူးကပ်ကပ် နေတာထိုင်တာကို မရှိသားဘူးလို့လည်း မြင်တာရှိသလို နေဝန်းကို ကားတစ်စီးစာ ငွေထုတ်ပေးလိုက်တဲ့ အပေါ် ညီမငယ်တစ်ယောက် ပေါက်ကွဲတော့၏။

တကယ်တော့ ဒီကိစ္စ အစကတည်းက ဒယ်ဒီ သူတို့မောင်နှမ





ကို တိုင်ပင်ပြီးသား။ နေဝန်း တက္ကစီမောင်းနေရာကနေ အမြင်ကျယ်လာတယ်။ ကားဝယ်ရောင်းလေး လုပ်ချင်တယ်။ ကားတစ်စီးစာလောက် ဒယ်ဒီထုတ်ပေးချင်တယ်။ သားနဲ့သမီး ကျေနပ်တယ်ဆိုရင် ဒယ်ဒီ ထုတ်ပေးမယ်၊ မကျေနပ်ရင် မထုတ်ပေးဘူးလို့ သားအဖအချင်းချင်း ပွင့်လင်းစွာ ထုတ်ပြောတယ်လေ။

စံပယ်နဲ့ ကိုကြီးက ထုတ်ပေးလိုက်ပါလို့ ခွင့်ပေးလိုက်တာပါ။

အဲဒါတွေကို မသိဘဲနဲ့ ညီမငယ်က ဒယ်ဒီ့အပေါ် ပိုပြီး နာကြည်းသွားသည်။ ပြီးတော့ မဥမ္မာကို သော့အပ်တဲ့ကိစ္စ။

မဥမ္မာက တိုက်မှာ အချိန်ပြည့်ရှိတဲ့သူ။ ဒါကြောင့် ဒယ်ဒီက သော့အပ်တာ။ ညီမငယ်က ကျောင်းသွားနေတော့ အပြင်မှာချည်း ဖြစ်နေတာလေ။ ညီမငယ် တာဝန်ကြီးမှာလည်း စိုးရိမ်တာပါသည်။

ဒီကိစ္စလည်း စံပယ်တို့ကို အသိပေးထားသည်။ ဥမ္မာတင်မက သော့ပိုတစ်ချောင်းစီ ကိုကြီးနဲ့စံပယ်ကိုပါ ပေးထားသည်။

မာမီရဲ့အတွင်းပစ္စည်းတွေ အချိန်မရွေး ဆင်ချင်ပြုချင်ရင် သားသမီးတွေ ယူလို့ရအောင်ပါ။ ဥမ္မာ့ကို သော့အပ်ထားတာက ဥမ္မာ လုပ်ချင်ရာ လုပ်ဖို့ ခွင့်ပေးတာမဟုတ်ဘူး။ ဖနီးမယားပီပီ စောင့်ရှောက်ထိန်းသိမ်းဖို့ တာဝန်ပေးတာ။ ညီမငယ်က စကတည်းက မကြည်တော့ တဖြည်းဖြည်း နာကြည်းသွားတဲ့အဖြစ်။

နောက်ဆုံး ဒယ်ဒီ့ခမျာ မဥမ္မာကို မကွာချင်ဘဲ ကွာနိုင်းရော့



www.burmeseclassic.com

www.burmeseclassic.com



အထိ။ ကွာရှင်းပြီးတာတောင် ဒယ်ဒီပေးတဲ့ နစ်နာကြေးကို မယူဘဲ ဒီအတိုင်း တိုက်ပေါ်က ဥမ္မာတို့မောင်နှမ ပြန်ဆင်းသွားရှာသည်။

အဲဒီအတွက် ပန်းစံပယ် စိတ်မကောင်းပါ။ မိန်းမချင်း ကိုယ်ချင်းစာသည်။ ကိုယ့်အဖေ မုဆိုးဖိုကြီးဆန္ဒအတိုင်း ပေါင်းသင်းနေရုံမက၊ ညီမစိတ်နဲ့ သောကတွေရောက်နေတဲ့ ဒယ်ဒီကို မငြိုငြင်ချင်သလို ဒယ်ဒီ မပေါင်းနိုင်တော့ဘူးပြောတာနဲ့ ကွာရှင်းပေးတာက သာမန် ဘယ်မိန်းမမှ လုပ်မှာမဟုတ်ဘူး။

မဥမ္မာက ဒယ်ဒီဖြစ်ချင်တဲ့အတိုင်း တကယ်လုပ်ပေးရှာတဲ့ ဖနီးကောင်းလေးပါ။ ပန်းစံပယ်သိတာပေါ့။

ဒယ်ဒီနဲ့ကွာရှင်းပြီးသွားတဲ့ မောင်နှမ အရင်လို ချို့ချို့တဲ့တဲ့ ရုန်းကန်နေရမှာကိုတွေးပြီးလည်း ပန်းစံပယ် စိတ်မကောင်းဖြစ်ရသည်။

ကိုကြီးနဲ့တိုင်ပင်ပြီး နေဝန်းကို ကားတစ်စီး အပိုင်ဝယ်ပေးဖို့ စိတ်ကူးကာ သွားခဲ့ပါသေးသည်။

သီသီတို့ရပ်ကွက်ထဲ မ႕ာဘူးတဲ့။ သီသီတောင် ကွာရှင်းတာ ဘာညာမသိရှာ။ ဘယ်ရပ်ကွက်မှာ သွားနေမှန်းလည်း သတင်းစုံစမ်းလို့ မရပေါ့။

သီသီကလည်း စိုးရိမ်ရှာသည်။ စုံစမ်းပေးပါ့မယ်၊ သတင်းရရချင်း အကြောင်းကြားမယ်၊ ဘာညာပြောတာပေါ့။

ဒါပေမဲ့ ခုချိန်ထိ ဘာသတင်းမှ မရတော့ တကယ် စိတ်မ





ကောင်းနိုင်။

ဒီကြားထဲ ညီမငယ်က ဒယ်ဒီ့ကို အရင်လို ချစ်ချစ်ခင်ခင် မဆက်ဆံပေ။ ကေရာဇ်နဲ့ ခွဲရကောင်းလား။ အဂ္ဂနဲ့ စီစဉ်ရကောင်းလား ဆိုတဲ့ စိတ်ရိုင်းလေးနဲ့ပါ။

ဒယ်ဒီ့ခမျာ ထင်သလို ဖြစ်မလာတော့ ပိုပြီး စိတ်ထိခိုက်ရှာသည်။ ဒယ်ဒီဖြစ်ချင်တာက မာမီစီစဉ်သွားတဲ့အတိုင်း နှင်းလေးကို အဂ္ဂနဲ့ အိမ်ထောင်ချပေးဖို့ပါ။

မာမီက အနိတ်ဒေစီကျော်တောင်းဆိုတာကို လက်ခံထားတယ် မဟုတ်လား။ မာမီ့ရောဂါကြောင့် ထိုစဉ်က ရှေ့မတိုးသာပေမယ့် မာမီ့ ဆန္ဒအတိုင်း ဒယ်ဒီ ပြီးပြီးမြောက်မြောက် ဆောင်ရွက်ပေါ်ချင်တဲ့သဘော နဲ့ပါ။

ကေရာဇ်နဲ့ ခရီးမလွန်ခင် အမြန်ဆုံးခွဲတာလေ။

ခုတော့ ဘာတစ်ခုမှ စီစဉ်တဲ့အတိုင်း ဖြစ်မလာ။ ဒယ်ဒီ့တိုက် ရိပ်အောက်မှာ နှင်းလေးရှိတာကလွဲပြီး ထင်တိုင်းနေ၊ သွားချင်ရာသွားနေ တဲ့ နှင်းလေးရဲ့ အရွဲ့တိုက်မှုတွေ နေ့စဉ် မြင်မြင်နေရတော့ ဒယ်ဒီ ဘယ်စိတ်ချမ်းသာမလဲ။

ကိုကြီးနဲ့ပန်းစံပယ်က တစ်လှည့်စီ ဒယ်ဒီ့နားမှာ နေပေးရင်း နှင်းလေးအခြေအနေကို စောင့်ကြည့်အကဲခတ်နေရတာလေ။

ခုလည်း ကြည့်။ အပြင်ကပြန်လာတာ မျက်နှာပျက်ပျက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်အဝဲသားနဲ့။ တစ်ခုခုပြောချတော့မယ်လို့ထင်တာ ဘာမှလည်း မပြောမဆို တောင့်တောင့်ကြီးရပ်လျက်။

ဒယ်ဒီ့ကိုကြည့်ပြီး အင့်ခနဲ ငိုရှိုက်လေသည်။

"သမီးငယ်"

ဒယ်ဒီ စိတ်ထိခိုက်စွာခေါ်ပြီး အနားသွား၏။ ဒါပေမဲ့ နှင်းက ငိုရင်း အပေါ်ထပ်ပြေးတက်သွားလေသည်။

ပြီးတော့ အခန်းတံခါးပိတ်ပြီး ဟီးခနဲ ငိုချ၏။

ဘာဖြစ်လို့လဲ နှင်းလေးရယ်။

ပြောစမ်းပါ ညီမငယ်ရယ်လို့ ပန်းစံပယ် ချော့မော့မေးချင်ပါတယ်။ တံခါးဖွင့်ဦးကွယ်။

✿ ✿ ✿



## အခန်း (၃၂)

"ဟဲ့ နှင်း ဘယ်လိုကြီးလဲ စကားလေးဘာလေး ပြောပါဦးလား"

သူငယ်ချင်းတွေ ဘယ်လိုမေးမေး နှင်း မဖြေ။ ငူငူငိုင်ငိုင်ကြီး ထိုင်နေတာ သစ်ငုတ်များ အောက်မေ့ရသည်။

ပခုံးနဲ့တိုက်တိုက်၊ လက်နဲ့လှုပ်လှုပ်၊ မလှုပ်တဲ့ သစ်ငုတ်အတိုင်း ထိုင်လို့လေ။ မေးတာမဖြေတော့ သူငယ်ချင်းတွေလည်း စိတ်ပျက်စပြု လာသည်။

"လွှတ်ထားလိုက် သီရိရယ်၊ မေးမနေတော့နဲ့"

"ဟုတ်သား၊ နှင်း ပြောချင်တဲ့အချိန်မှ ပြောပလေ့စေ"

အလင်းစံနဲ့ သရဖူတို့ စိတ်လျှော့သလိုပြောလျှင် သီရိစစ်လည်း



www.burmeseclassic.com

www.burmeseclassic.com



သက်မမျှင်မျှင်ချလျက်။ နှင်းဆီက အကြည့်ကို ပြန်ရုပ်သိမ်း၏။

ပန်းနှင်းဆီက စိတ်နဲ့ကိုယ်နဲ့ ကပ်မနေ။

လှိုင်းပြေပြေလေး အနားသပ်နေသော ချေပြင်စပ်က ကျောက်တုံးကြီးပေါ် ထိုင်လျက်။

ဝေးငေးနေရာမှ မျက်လုံးအိမ်မှာ မျက်ရည်တို့ ပြည့်လာသည်။ ထို့နောက် ဘာမပြောညာမပြောနဲ့ ရုတ်ခြည်း ထထွက်သွား၏။

သီရိစံက –

"နှင်း ဘယ်လဲ"

လို့ လှမ်းမေးမိသေးသည်။ ဖြေလည်းမဖြေ၊ ကားပေါ်တက်ကာ တစ်ရှူးထိုး မောင်းထွက်သွားသည်က စိတ္တဇဆန်နေသည်။

သူငယ်ချင်းတွေက နှင်းစိတ်နဲ့နှင်း နေပါစေဆိုပြီး လွှတ်ထားလိုက်သည်။ နှင်းကားလေး မြင်ကွင်းထဲက ပျောက်ကွယ်သွားမှ သီရိစံ အကြည့်သိမ်းကာ စားလက်စ ဘူးသီးကြော်ကို ဆက်စားနေလိုက်သည်။ သူငယ်ချင်းတွေလည်း နှင်း ဘာဖြစ်နေတာလဲ ခန့်မှန်းလို့ မရတဲ့အဆုံး တိတ်ဆိတ်စွာ ထိုင်လျက် ဘူးသီးကြော်တွေသာ တစ်ပွဲပြီးတစ်ပွဲ မှာစားနေ၏။

သီရိစံတို့ လူစုခွဲချိန်ထိ နှင်းပြန်ရောက်မလာ။ မလာတော့လည်း မျှော်မနေတော့၊ ကိုယ်စီ ပြန်နှင့်ကြ၏။

အလင်းစံပြောသမျှကို နားထောင်ရင်း ဦးဇော်လင်းထွန်း





သွေးမှုကာ သူငယ်ချင်းတွေဆီ ပြန်မလာသလို တိုက်ဆီလည်း မဝင်။ ခုပဲ ဘယ်အချိန်ရှိနေပြီလဲ သမီးရယ်။

ဖုန်းခေါ်တော့လည်း စက်ပိတ်ထားသတဲ့။

ညီမငယ်ကြောင့် အပူလုံးကြွနေတဲ့ ဒယ်ဒီ့ကိုမြင်ရတော့ ပန်းစံပယ်နဲ့ မင်းမျိုးထွန်း မနေသာ။ ညီမငယ် သွားတတ်လာတတ်တဲ့နေရာတွေ လျှောက်ရှာတော့လည်း မတွေ့ရ။

အရင်တစ်ခါလိုပဲ ညီမငယ် ဖွစ်လုပ်ပြီး တစ်နေရာရာမှာ သွားနေပြီလားဆိုတဲ့ အတွေးမျိုး ဝင်လာတာမို့ သားအဖသုံးယောက် ပိုပြီးပူပန်ရ၏။ ဒယ်ဒီဆို ရင်တွေပူပြီး ဂနာမငြိမ်တော့ပါ။

"နှင်းလေး နောက်တစ်ခါ ဒယ်ဒီ့ကို ရင်ကွဲအောင်လုပ်ပြန်ပြီ ထင်တယ်ကွယ်၊ ဘယ်ဆီသွားပြီး ဘယ်မှာနေနေပြီလဲ မသိဘူး"

"ဟုတ်တယ် ဒယ်ဒီ၊ နှင်းလေး စိတ်မူမှန်မှ ဟုတ်ရဲ့လား မသိတော့ဘူး"

ပန်းစံပယ်ပြောလျှင် ဒယ်ဒီ့မျက်လုံးကြီး မယုံနိုင်အောင် ကျယ်ဝန်းသွားသည်။ မင်းမျိုးထွန်းလည်း တွေးတွေးဆဆနဲ့ ခေါင်းတစ်ချက်ဆတ်ပြီးပြောသည်။

"ဟုတ်တယ် ဒယ်ဒီ၊ နှင်းလေးက ငယ်သေးတော့ ဘာကိုမှ သတိမထားတတ်ဘူး၊ အငယ်ဆုံးဆိုတဲ့စိတ်နဲ့ ငယ်ငယ်ကတည်းက ဖြစ်ချင်ရာ ဖြစ်ခွင့်ရခဲ့တာမျိုး၊ ခုနောက်ပိုင်းမှ ထင်သလို ဖြစ်ချင်သလိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မလာတော့ ထိခိုက်တဲ့စိတ်က အမြစ်တွယ်ပြီး စိတ်တွေ မူမမှန်များ ဖြစ်နေသလားပဲ၊ အဲဒီစိတ်ကြောင့် အလိုမကျတာတွေ ဖြစ်တဲ့အပေါ်မှာ စိတ်ဆူပွက်ပြီး တစ်ခုခု ဖြစ်သွားတာလည်း ဖြစ်နိုင်တယ်၊ ညီမငယ်ကို ဒီအတိုင်း လွှတ်ထားလို့ မရတော့ဘူး။ စိတ်ပိုင်းဆိုင်ရာ စစ်ဆေးကြည့်ဖို့ လိုလိမ့်မယ် ဒယ်ဒီ"

"လိုမယ်ထင်ရင် စစ်ကြည့်ရမယ် သားရယ်၊ ခုချိန်ထိ သမီး ပြန်မလာသေးတော့ ဒယ်ဒီ ရင်ပူလှတယ်၊ သမီးငယ်လေး ဒီလိုဖြစ်ရတာ ဒယ်ဒီကြောင့်ပါ သားရယ်၊ ဒယ်ဒီသာ သမီးငယ်ဆန္ဒအတိုင်း ဦးမှာ့ကို မယူခဲ့မိရင် ဒယ်ဒီ့သမီးငယ်လေး ဒီလိုဖြစ်မှာမဟုတ်ဘူးကွာ၊ ခုတော့"

ဦးဇော်လင်းထွန်း ယူကျုံးမရ ပြောချ၏။ မင်းမျိုးထွန်းနဲ့ စံပယ်လည်း ယူကျုံးမရဖြစ်ကာ ဒယ်ဒီ့ကို သူတို့မောင်နှမ ခွင့်မပြုခဲ့ရင် အကောင်းလို့ တွေးမိပြီး နှလုံးမသာမယာဖြစ်လို့သွားသည်။

ဒယ်ဒီ၊ ကိုကြီးနဲ့ စံပယ်တို့သုံးယောက် တစ်သဘောတည်း ဖြစ်သွားတာရဲ့နောက်မှာ ညီမငယ် စိတ်လိုက်မာန်ပါဖြစ်ရတယ်လို့ ယူဆမိပြန်သည်။

"ဒယ်ဒီမှားတာပါကွာ၊ ဒယ်ဒီမှားတာ သမီးငယ်ရယ်၊ သမီးဖြစ်ချင်တာကို ဒယ်ဒီ ဘာမဆို ဖြစ်ခွင့်ပေးပါတော့မယ် ကလေးရယ်၊ ယဉ်ယဉ်ရေ ကိုယ့်ကိုခွင့်လွှတ်ပါကွာ"





ဒယ်ဒီ့ခမျာ မာမီ့ကို တမ်းတရင်း တိုင်တည်ပြန်သည်။ ဓာတ်ပုံထဲက မာမီက ပြုံးပြုံးလေးရယ်။

ထိုပြုံးပြုံးလေးက စံပယ်တို့သားအဖသုံးယောက်ကို လှောင်ပြုံးပြုံးနေသလိုရယ်။ သမီးငယ်လေးကို စိတ်မချမ်းမသာဖြစ်အောင်လုပ်တဲ့သူတွေ သမီးငယ်လေး စိတ်မချမ်းမသာဖြစ်သလို သားအဖသုံးယောက်လည်း ဖြစ်ကရောလို့ ဟဟလေး ပြုံးပွင့်နေရှာတဲ့ မာမီ့နှုတ်ခမ်းကြားက ဖွင့်ပြောနေသလိုလို။

ဒီအချိန်မှာ သူတို့သားအဖသုံးယောက် အမြင်ချင်ဆုံး၊ အတွေ့ချင်ဆုံးက နှင်းလေးပါ။

တွေ့နိုင်ဖို့ ခေါင်းချင်းဆိုင်ပြောဆိုပြီး စောင့်နေကြရုံနဲ့ မရတော့ပါ။ နှင်းလေးကို မတွေ့တွေ့အောင် နောက်ထပ်ရှာရတော့မယ်။

ရှာတွေ့ရင် နှင်းလေးအလိုကျ ဖြစ်စေရမယ်လို့ ရင်ထဲမှာကတိတွေပေးကာ သားအဖသုံးယောက် တစ်ယောက်တစ်လမ်း ရှာကြလေသည်။

မတွေ့မချင်းရှာရမယ်။ ဟုတ်တယ် ရှာရမယ်။
ညီမလေးရယ် ရှောင်ပုန်းမနေပါနဲ့တော့ကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

ညအချိန်မတော်ဖြစ်လေ ဦးဇော်လင်းထွန်း သမီးငယ်အတွက် စိုးရိမ်လေ။ သမီးရယ် ဒယ်ဒီကို ရင်ကွဲအောင် မလုပ်ပါနဲ့။

ဖအေဆိုတဲ့ ပါဝါသုံးပြီး ပြုခဲ့မိသမျှ ဒယ်ဒီ အနူးအညွတ် တောင်းပန်ပါတယ် သမီးငယ်ရယ်။

နောက်နောင် သမီးအလိုကျ ဒယ်ဒီ နေထိုင်သွားပါ့မယ်။

ဒယ်ဒီ့ရင်ခွင်ထဲ ပြန်ဝင်လှည့်ပါ သမီးငယ်လေး။ ဒယ်ဒီ့ရင်ခွင် ရိပ်ကို ပြန်လာပါကွယ်။

ထိုစဉ် ...

"တီ တီ တီ"





လက်ကိုင်ဖုန်းမြည်သံမှ ဦးဇော်လင်းထွန်း ရင်ထဲကအသံတွေ တိတ်ကျသွားသည်။ မောင်းနေတဲ့ကားကိုပါ လမ်းဘေးချရင်း လက်ကိုင် ဖုန်း ချက်ချင်းကိုင်သည်။

"ဒယ်ဒီ"

"ဟင်"

ဖုန်းပင်မထူးရသေး ဒယ်ဒီလို့ လှိုက်လှိုက်လှဲလှဲ ခေါ်လိုက်တဲ့ သမီးငယ်အသံ နားထဲ တဒိုင်းဒိုင်းကြားရတဲ့အခါ ဦးဇော်လင်းထွန်း ကိုယ်ကြီး မြောက်တက်သွားမတတ် ဝမ်းသာလုံးဆို့တက်သွားသည်။

"သမီး၊ သမီးကို ဒယ်ဒီတို့ လိုက်ရှာနေတာ သမီးရယ်၊ ဒယ်ဒီ့ ကို ခွင့်လွှတ်ပါ သမီးငယ် နော်၊ သမီး အခုဘယ်မှာလဲဟင်"

"ဆေးရုံမှာ"

"ဟင် ဆေး ဆေးရုံမှာ၊ သမီးဘာဖြစ်လို့လဲ၊ ဒယ်ဒီ အခုလာခဲ့ မယ်၊ သမီး ဘာမှ အားမငယ်နဲ့နော်၊ ဒယ်ဒီ ခုချက်ချင်းလိုက်ခဲ့မယ် သမီးရယ်"

ဦးဇော်လင်းထွန်း ဝမ်းသာတာတွေနောက်မှာ ထိခိုက်ပူလောင် သွားလေပြီ။

သမီးဆေးရုံမှာတဲ့။ ဘုရားသခင် ကယ်တော်မူပါ။

ကျွန်တော့်သမီးလေးကို ကယ်တော်မူပါဗျာ။

ဦးဇော်လင်းထွန်း လက်ကိုင်ဖုန်း လွှတ်ချကာ လမ်းဘေးချရင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကားကို ပြန်မောင်းပြီး ဈေးရုံဆီ တစ်ပါတည်း ဦးတည်ခဲ့သည်။

ဈေးရုံရောက်တော့ စံပယ်နဲ့သားကြီးပါ အလူယားဖားယား ကားပေါ်က ကိုယ်စီဆင်းလာကြသည်။

သမီးငယ် ဈေးရုံရောက်နေတာ သိသွားပုံရသည်။ စိုးရိမ်စိတ် လွှမ်းကဲနေတာမို့ သားအဖသုံးယောက် စကားမဆိုသာ။

လက်တွေကိုယ်စီလှမ်းဆွဲကာ ဈေးရုံအဆောက်အအုံထဲ အပြေးတစ်ပိုင်း ပြေးဝင်ခဲ့သည်။ ပန်းနှင်းဆီနာမည်နဲ့လူနာ ဘယ်မှာလဲ။ အောက်ထပ်က စုံစမ်းရေးဌာနမှာ မေးကြည့်တော့ အပေါ်ထပ် အခန်းနံပါတ် ဆယ့်တစ်မှာတဲ့။

သားအဖသုံးယောက်လုံး ခြေလှမ်းတွေ ဘယ်သူ့ထက်ဘယ်သူမှ နောက်မကျပါ။ လှေကားထစ်တွေအပေါ် တဖျပ်ဖျပ်နဲ့ ပြိုင်တူနင်းပြီး အပေါ်ထပ် ပြေးတက်ခဲ့သည်။ အခန်းနံပါတ်တွေ ပြူးပြူးပြဲပြဲ ကြည့်ရင်း အခန်းဆယ့်တစ်လို့ မြားညွှန်ထားတဲ့ ထောင့်ခန်းဆီ သားအဖ ခြေလှမ်းတွေ ချိုးကွေ့လျှင် -

"ဟင်"

သုံးယောက်သား ခြေလှမ်းတွေ တစ်ပြိုင်နက် တန့်သွား၏။ ပါးစပ်ဟောင်းလောင်းပွင့်ကာ မျက်လုံးအပြူးသားနဲ့ ပြိုင်တူကြည့်မိသွားသည်။

အနီးပြာလေးနဲ့ ထုပ်ထားတဲ့ မွေးကင်းစကလေးကို ရင်ခွင်မှာ





ပွေ့ပိုက်ချီထားတဲ့သမီးငယ်။

"နှင်းလေး"

သားအဖသုံးယောက်ရင်ထဲမှာ အတော်ထိနိုက်သွားလေသည်။ သမီးငယ်လေး တကယ်စိတ်ဖောက်ပြန်နေပြီလားဆိုတဲ့ သံသယစိတ်နဲ့ပါ။

ဆံပင်တွေ ဖွာလန်ကြဲလျက် မျက်နှာမှာလည်း ပြောင်သလင်းခါနေသည်။ မွေးကင်းစကလေးကို ချီထားတဲ့ပုံစံက စိတ်မှန်တယ်လို့ ပြောဖို့ ခက်လှစွာ။

ဈေးရုံပေါ်မှာ ကလေးလေး ချီပွေ့ရောက်ရှိတဲ့ သမီးငယ်လေး စိတ် ဘယ်အတိုင်းအတာအထိ ဖောက်ပြန်နေပြီလဲ။ လက်ထဲက ကလေးကို ဘယ်ကသွားယူလာတာလဲ။

"ဘုရား ဘုရား"

သုံးယောက်သား ရှေ့မတိုးရဲအောင် ဖြစ်သွားသည်။ နှင်းလေးကလည်း ဘွားခနဲ ပက်ပင်းမြင်သွားတော့ ဒယ်ဒီ့ကိုစိုက်ကြည့်ပြီး ငိုချသည်။

"ဒယ်ဒီ"

"နှင်းလေး သမီးငယ်လေး"

ဦးဇော်လင်းထွန်း ယူကျုံးမရစိတ်နဲ့ နှင်းလေးကိုခေါ်ရင်း ရှေ့တိုးသွားသည်။ နှင်းလေးလည်း ရှေ့တိုးလာပြီး -

"ဒယ်ဒီ ဒီမှာ ကြည့်စမ်း၊ နှင်း ညီမလေးကို"



www.burmeseclassic.com

www.burmeseclassic.com



နီတာရဲနေတဲ့ မွေးစကလေးလေးကို ဒယ်ဒီ မျက်စိရှေ့ ထိုးပြရင်း ညီမငယ်ပြောလျှင် အားလုံး စိတ်ထိခိုက်စွာ မျက်ရည်ဝဲသွားသည်။

"သ သမီး၊ သမီးစိတ်ကို ငြိမ်ငြိမ်ထားပါကွယ်"

"ဟုတ်တယ် ညီမငယ်၊ ညီမငယ်စိတ်ကို ငြိမ်ငြိမ်ထားနော်၊ ညီမငယ် စိတ်မှန်တဲ့အထိ မမတို့ ဆေးကုပေးပါ့မယ်ကွယ်"

"အို ဘာတွေပြောနေတာလဲ၊ မမတို့ ဘာတွေ ပြောနေတာလဲ၊ နှင်းကို ရူးနေတယ်လို့ ပြောနေတာလား"

နှင်းလေး မျက်ရည်သောသောကျလျက် အသံကျယ်ကျယ်ပြောလျှင် –

"ညီမငယ်လေး၊ ကိုကြီးပြောမယ် နားထောင်နော်၊ ညီမငယ် စိတ်ကို လွှတ်မထားနဲ့နော်"

"ဟုတ်တယ် သမီး"

သားအဖသုံးယောက် ပိုလို့ပင် ထိခိုက်ကြေကွဲစွာ ဖျောင်းဖျောင်းဖျဖျ ပြောလေသည်။ နှင်းက ခေါင်းလေးတယမ်းယမ်းနဲ့ ဒယ်ဒီ့ကိုပဲ ကလေးလေးထိုးပေးရင်း ပြောရှာသည်။

"ဒယ်ဒီ နှင်းလေး မရူးပါဘူး၊ ဒါ ဒါ နှင်းညီမလေးလေ"

"မဟုတ်တာဘဲ သမီးရယ်၊ သမီးမှာ ညီမလေး မရှိဘူးလေ"

"အခု ရှိနေတယ်လေ ဒယ်ဒီ၊ ဒါ နှင်းညီမလေး၊ ဟင့် ဟင့် ဟင့်"





ပြောရင်း နှင်းလေး အသံထွက်ငိုပြန်သည်။ သားအဖ သုံးယောက် နှင်းလေး တကယ်ရူးသွားပြီဆိုတဲ့ အသိနဲ့ ကြေကွဲမျက်ရည်တွေကျကာ ခေါင်းတယမ်းယမ်းနဲ့ အစ်အစ်မို့မို့ ဖြစ်လို့နေလျှင် –

"တကယ်ပြောတာ ဒယ်ဒီ၊ နှင်းညီမလေးကို ကြည့်ပါဦး ဒယ်ဒီရဲ့၊ နှင်းအတွက် မဉမ္မာ မွေးပေးတာလေ"

"ဟင်"

"ဟာ"

"ဘုရားရေ"

အံ့သြသံတွေ ပြိုင်ထွက်ကုန်သည်။ ညီမငယ်က ငိုယိုရင်း ခေါင်းတညိတ်ညိတ် ပြောရှာသည်။

"ချီလေ ဒယ်ဒီရဲ့၊ နှင်းညီမလေးကို ချီပါဦး"

ဒယ်ဒီ မတ်တတ်သေသွားသလား အောက်မေ့ရကာ တောင့်တောင့်ကြီးဖြစ်လျက်၊ နှင်းထိုးထည့်ပေးတဲ့ ကလေးကိုတစ်လှည့် သမီးငယ်ကို တစ်လှည့်ကြည့်ရင်း မျက်ရည်တွေ သောသောကျလာသည်။

အံ့သြတာလား၊ ဝမ်းသာတာလား ဘာမှ ခွဲခွဲခြားခြား မသိပါ။ မျက်နှာလေး ရှုံ့တွကာ ငိုတော့မယ့်ဟန်လေးနဲ့ ရှန်းကန်လှုပ်လွန့်နေတဲ့ အနှီးထုပ်ထဲက ကလေးလေးကို ပွေ့ချီသလို သမီးငယ်လေးကိုပါ လက်တစ်ဖက်နဲ့ ပွေ့ဖက်ထားလိုက်သည်။

"နှင်းလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



လှိုက်ခါတုန်ယင်နေတဲ့ ဒယ်ဒီ့အသံလေးနောက်မှာ ဘာသံမှ ထွက်မလာတော့။ သားကြီးနဲ့ စံပယ်ကလည်း ဒယ်ဒီ့ရင်ခွင်ထဲက ကလေးနဲ့ ညီမငယ်ကို အံ့ဩစိတ်နဲ့ ကြည့်ရင်း မျက်ရည်တွေသာ စီးစီးကျလို့ နေသည်။

ညီမငယ်လေးက မဉ္စူမှာမှာ ကလေးရှိမှန်း ဘယ်လိုသိသွားတာလဲ။

ဒီကိစ္စ ဒယ်ဒီကအစ စံပယ်နဲ့ကိုကြီးတောင်မသိဘူးလေ။ ခုတော့ ကြည့်စမ်း။

အားလုံးအပေါ်မှာ အမုန်းပွားနာကျင်နေတဲ့ ညီမငယ်က စိတ်ဖောက်ပြန်ကာ ဘာတွေ လျှောက်လုပ်နေတာလဲလို့ ရင်မှာ မီးလောင်သွားတဲ့အဖြစ်။

ခုတော့ –

"ဒယ်ဒီ မဉ္စူမှာ အခန်းထဲမှာ ရှိနေတယ်တဲ့"

စံပယ်တို့နှလုံးသားတွေ လှုပ်ခါသွားသလား အောက်မေ့ရလေသည်။ ထို့နောက် နှင်းလေးက ဒယ်ဒီ့ရင်ခွင်ထဲက ခွာကာ သားအဖလေးယောက်ကို ကျောခိုင်းပြီး ဟီးခနဲငိုချကာ ခြေလှမ်းကျဲနှင့် ထွက်သွားလေသည်။

"သမီးငယ်"

"ညီမငယ်"





လို့ ဒယ်ဒီနဲ့ စံပယ်တို့ ခေါ်လိုက်ပေမယ့် အသံတွေ ရှုန်းထွက်မလာ။ လည်မျိုမှာ ဆို့အစ်ကာ ညီမလေး လှေကားထစ်တွေကို နင်းဆင်းကာ ကွယ်ပျောက်သွားတဲ့အထိ လည်ပြန်ကြည့်လေသည်။

"အူဝဲ အူဝဲ"

ကလေးငယ်လေး အော်ငိုသံထွက်လာမှ နှင်းလေးဆီက အကြည့်ရုပ်သိမ်းကာ ကလေးဆီ ပြန်ရောက်သည်။

နှင်းလေးရယ်။ နှင်းလေးကို ဒယ်ဒီ ဘယ်လိုကျေးဇူးတင်ရမလဲကွယ်။ မင်းမျိုးထွန်းက မဖုံးနိုင်˚မဖိနိုင် ဝမ်းသာလျက် အရိပ်လေးပျောက်သွားတာတောင် ညီမငယ်ကို ကြည့်နေဆဲ။

ထို့နောက် ဒယ်ဒီက ကလေးလေးကိုပွေ့ပိုက်ပြီး မဉ္စူမှာဆီ ခေါ်သွားလျှင် စံပယ်တို့ ခြေလှမ်းတွေ အလိုလို ရပ်တန့်လေသည်။

မောင်နှမနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်မိတဲ့ မျက်ဝန်းထဲမှာ တောက်ပတဲ့မျက်ရည်ဥတွေ သုတ်ခနဲကြွေကာ။ ဒီမျက်ရည်တွေ ဘာအတွက် ကြွေနေတာလဲ။

"အူဝဲ"

ညီမပိစိကွေးလေးရဲ့ ကြွေးကြော်သံက ညည့်ယံကို တယောထိုးလိုက်သည့်နှယ် ချိုချိုချွဲလို့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

အုတ်ဂူတွေကြားမှာ ဖြူဖွေးသောမာမို့အုတ်ဂူလေးက ထင်ရှားလို့နေသည်။ ဆေးသားဖြူလေးသုတ်ထားတာ ဆေးက ခြောက်ရုံတင်လေးမို့ အသစ်စက်စက်လေး ဖြစ်လို့နေသည်။

ခြံထဲက တစ်ပွေ့တစ်ပိုက် ခူးပြီး သယ်ယူလာတဲ့ ရောင်စုံနှင်းဆီပန်းခက်တွေကို မာမို့အုတ်ဂူတစ်လျှောက် ဖြန့်ထားသလိုတင်ကာ ပန်းစည်းလှလှကြီးကိုတော့ မာမို့ခေါင်းရင်းမှာ ထားသည်လေ။

ရောင်စုံနှင်းဆီပန်းတွေက မွှေးရနံ့လေးသင်းပျံ့စွာ မာမို့အုတ်ဂူဖြူဖြူလေးကို ရစ်ပွေ့လို့ထားသည့်နှယ်။

နှင်းဆီပန်းတွေ စိတ်ရှိတိုင်း ထားပြီးနောက် မာမို့ခေါင်းရင်း





ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်ကာ နှင်းလက်အုပ်ကလေး ချီလေသည်။

မာမီရယ်၊ နှင်းလေ နှင်းရင်ထဲ ဖြစ်တည်လာတဲ့အတိုင်း ပြုမိပါတယ်။ အဲဒါ နှင်းမှားလားဟင် မာမီ။

တစ်ဆိတ်ပြောပါနော်။

နှင်းလေ မာမို့နေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ပါဘူး။ ဒါပေမဲ့ မာမို့နေရာမှာ မဥမ္မာကို နှင်း နေရာပေးလိုက်မိပြီ။

အဲဒီအတွက် နှင်းကို ခွင့်လွှတ်ပါလို့ မာမို့ဆီမှာ နှင်းမတောင်းဆိုရက်ဘူး။

အဲဒီနေ့က နှင်း သည်းသည်းလှုပ်ငိုခဲ့တယ် မာမီ။

ဘာဖြစ်လို့လဲဆိုတော့ နှင်းကြောင့် ဘယ်သူ့ကိုမှ ကွဲကွာမနေစေချင်ဘူး။ ဝေးမနေစေချင်ဘူး။

နှင်း မာမီနဲ့ သေကွဲကွဲရတယ်။ မောင်နဲ့ ဝေးခဲ့ရတယ်။ အဲဒီဝေဒနာတွေကို နှင်း ခံစားရတာ ရှူးမတတ်ပါပဲ မာမီ။ နှင်းလိုဝေဒနာမျိုး ဘယ်သူ့ကိုမှ နှင်းမခံစားစေချင်တာကြောင့်ဆို ပိုမှန်လိမ့်မယ် မာမီ။

အကြောင်းကြောင်းကြောင့် မဥမ္မာကိုယူတဲ့ ဒယ်ဒီ့ကိုလည်း နှင်း မမုန်းချင်တော့ဘူး။ ဒယ်ဒီက နှင်းလေးကို မာမို့လိုပဲ သိပ်ချစ်တာ နှင်းလေးသိတယ် မာမီ။

နှင်းကြောင့် ဒယ်ဒီ၊ ကိုကြီးနဲ့ မမတို့ စိတ်သောကရောက်နေတာကို နှင်း သနားလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



မဉ္စမှာတို့ မောင်နှမရဲ့ ရိုးသားမှုကိုလည်း စာနာမိတယ်။ ပြီးတော့ နှင်းညီမလေးနဲ့ နှင်း ဝေးဝေးမနေရက်ဘူး။

ညီမလေးမွေးပေးတဲ့ မဉ္စမှာကို နှင်းကျေးဇူးတင်မိတယ်။ အဲဒီနေ့က နေဝန်းကိုလည်း နှင်း ရယ်ပြခဲ့တယ်။

မျက်ရည်တွေကြားက ရယ်ပြမိတဲ့နှင်းကို နေဝန်း တအံ့တသြ ကြည့်ရင်း အတန်ကြာ ငြိမ်သက်နေခဲ့တာလေ။

ဒယ်ဒီ့ကို ညီမလေးပေးပြီး ဆေးရုံထဲက နှင်းတစ်ယောက်တည်း ထွက်ခဲ့ချိန်ပေါ့။

ဆေးရုံအောက်ထပ်ရဲ့လှေကားမှာ နေဝန်းတို့စုံတွဲနဲ့ ဆုံလို့လေ။ တဟင့်ဟင့် ရှိုက်ငိုသံနောက်မှာ မျက်ရည်တွေ ချောင်းစီးကျနေပေမယ့် နှင်း လှိုက်လှိုက်လှဲလှဲ ရယ်ပြခဲ့တယ်။

သီသီ့ကိုလည်း နှင်း အသိအမှတ်ပြုကာ ပြုံးပြသေးတယ်။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ နှင်းကြောင့် သောကရောက်ခဲ့ရတဲ့ သူတို့ကို နှင်းနှလုံးသားနဲ့ နှစ်သိမ့်ပေးလိုက်တဲ့သဘောပါ။

နှင်းသဘောထားကို နေဝန်းနဲ့သီသီလည်း ခံစားလို့ရတယ်ထင်တယ်။

"နှင်းလေးရယ်"

လို့ ဝမ်းသာဝမ်းနည်း ရေရွတ်တာလေ။ မျက်ရည်တွေပါ ဝဲလာတဲ့အထိပေါ့ မာမီရယ်။





နှင်းလည်းလေ ဘာဖြစ်လို့မှန်းမသိဘူး မျက်ရည်တွေ တဝေါဝေါ ကျခဲ့တယ်။

အဲဒီနေ့က ကျခဲ့တဲ့ နှင်းမျက်ရည်တွေဟာ ရောဝတီမြစ်ရေတွေလို ချိုနေတယ်လို့ ထင်ပါတယ် မာမီ။

နှင်းမျက်ရည်တင်မကဘူး ဒယ်ဒီ၊ ကိုကြီး၊ မမ၊ နေဝန်း၊ သီသီတို့နဲ့ မဉ္စမှာတို့အားလုံးရဲ့မျက်ရည်တွေလည်း ချိုနေမယ်ထင်တယ်။

နှင်းရင်ထဲ အသည်းထဲက နှင်း အဲလိုပြုခဲ့တာ နှင်း တကယ်မှားနေလား မာမီရယ်။

မှားတယ်ဆိုရင် နှင်းကိုပဲ အပြစ်ပေးပါနော် မာမီ။

မာမီပေးတဲ့အပြစ်· နှင်းခံယူပါ့မယ်။

နှင်းကို အပြစ်ပေးလှည့်ပါတော့ မာမီရယ်။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

အဂ္ဂ။

သူ့နာမည်နဲ့လိုက်အောင် မီးလိုပူပြင်းရပြီလား။ အထူးသဖြင့် နှလုံးသားနဲ့အချစ်။

"ကိုယ့်ကြောင့် ကိုကို့ဘဝက ပိုပြီး အမည်းစက်ဖြစ်ရတာကွာ"

သူငယ်ချင်းဖြစ်သူ ဝေရက်ဆီက ကြားနေကျစကား။ အရင်က ဘာမှ မခံစားရပေမယ့် ခုတော့ မချိမဆံ့ရယ်။

"ကိုကိုချစ်နေတာ ပန်းနှင်းဆီတဲ့"

နှင်းဆီနာမည်လေးပါလာတော့ အဂ္ဂ ရင်သိမ့်သိမ့်တုန်သွားသည်။





"အဲဒါ မင်းကို ကိုယ်တောင်းပန်ပါရစေ အဂ္ဂရယ်၊ ပန်းနှင်းဆီကို မင်း မကြိုးစားပါနဲ့တော့ သူငယ်ချင်း၊ ပန်းနှင်းဆီက မင်းကိုလည်း မချစ်ဘူးဆိုတာ မင်းလည်းသိသားနဲ့"

ဝေရက် ဘာကိုဆိုလိုမှန်း အဂ္ဂ ဒက်ခနဲ သိလေသည်။

"ကိုကိုနဲ့ ပန်းနှင်းဆီက သိပ်ချစ်ကြတယ် သူငယ်ချင်းရာ၊ အကြောင်းကြောင်းကြောင့်"

"တော်ပါတော့ကွာ"

အဂ္ဂနှလုံးသားမှာ ချော်ရည်ပူတို့လျှံကာ မျက်ဝန်းအိမ်မှာ ချစ်မျက်ရည်တို့ ကြေကွဲစွာ ဝဲသွား၏။

"ကိုယ် အနူးအညွတ် တောင်းပန်တယ်ကွာ၊ ကိုယ့်ကြောင့် ကိုကို အရှက်အကွဲဆုံး ဖြစ်ခဲ့ရတယ်၊ အဲဒီအတွက် ကိုကို့နှလုံးသား ခံစားချက်ကို ကိုယ်ဖြည့်ပေးခြင်းနဲ့ သင်ပုန်းချေချင်တယ်၊ ဒါကြောင့် သူငယ်ချင်းရင်းမို့ မင်းကို ကိုယ်တောင်းပန်တာ၊ အသနားခံတာပါကွာ၊ မင်းလည်း ချစ်တတ်တဲ့သူပါ၊ အချစ်ရဲ့သောကကို မင်းနားလည်မှာပါ၊ ပန်းနှင်းဆီကို ကိုကို့ရင်ခွင်ထဲ ပြန်ပို့ပေးပါကွာ၊ မင်းကို ခြေထောက်ဖက် တောင်းပန်ဆို ကိုယ်တောင်းပန်မယ်"

ဝေရက် ပြောနေလေ အဂ္ဂရင်ကွဲလေ။

"နှင်းဆီ"ဆီက အချစ်ကို ပြန်မရရင်တောင် နှင်းဆီဘဝကို ရအောင် ကြိုးစားယူမယ်လို့ ပြင်းပြနေတဲ့ သူ့ရဲ့ချစ်စိတ်တွေ။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအရင်းကြီးက တောင်းပန်ခယပြောဆိုလာတော့ သူ့ရင်ထဲကအချစ်စိတ်ကို သူကိုယ်တိုင် မီးသဂြိုဟ်ပစ်ရတော့မလို။

နှင်းဆီရယ်၊ အချစ်ဆိုတာ သူက ချစ်ချစ်၊ ကိုယ်ကချစ်ချစ် ချစ်တာကချစ်တာပါပဲ။

ဒါပေမဲ့ နှစ်ကိုယ်တူရည်မှူတဲ့ ချစ်ခြင်းက တစ်ဖက်သတ်ချစ်နေတဲ့ ချစ်ခြင်းနဲ့တော့ အနှစ်သာရချင်း တူမှာမဟုတ်ပါဘူးနော်။

ဒါကြောင့် ချစ်နေလျက်နဲ့ ကျေကျေနပ်နပ် ကျောခိုင်းပေးပါ့မယ်။ ဒါပေမဲ့ သူငယ်ချင်းအလိုကျတော့ ပြုပါရစေကွယ်။

အဲဒါဘာလဲဆိုတော့ နှင်းဆီကို ကေရာဇ်ရင်ခွင်ထဲ အရောက်ပို့ပေးဖို့တဲ့။

သူငယ်ချင်းအရင်းကြီးက တောင်းဆိုရက်လေခြင်းလို့ အပြစ်မတင်ရက်။ အချစ်ကို ရင်နှီးထားတဲ့နှလုံးသားနဲ့ ဖြည့်ဆည်းပေးပါ့မယ် သူငယ်ချင်း။

"လာပါနှင်းဆီရယ်၊ နှင်းဆီကြောင့် ဘယ်သူမှ ကွဲကွာနေတာမျိုး မဖြစ်စေချင်သလို ကိုယ့်ကြောင့်လည်း နှင်းဆီတို့ချစ်သူနှစ်ဦး ကိန္နရာ ချောင်းခြား မဖြစ်စေရပါဘူး၊ ကိုယ့်အချစ်နဲ့ တံတားခင်းပေးပါ့မယ်၊ ကူးပါတော့ အချစ်ရယ်"

✿ ✿ ✿



# အခန်း (၃၆)

ကြာပန်းပွင့်ချပ်ကလေးများ ခြောက်ကြွပ်ကာ အရောင်အသွေး ပြောင်းလေပြီ။ တချို့ ဟိုနား ဒီနား ပဲ့ပဲ့ကြွေနေတာမျိုးနဲ့ အကျည်းတန်လှ၏။

ဖန်ပုလင်းထဲမှာ ထည့်ထားတဲ့အတိုင်း ငြိမ်သက်နေရှာတဲ့ အကျည်းတန်သော ပွင့်ချပ်ခြောက်ကလေးများကို ကြည့်ရင်း ကေရာဇ် နှလုံးသားမှာ တမြေ့မြေ့ ကျွမ်းလို့နေပါသည်။

အချစ်က ပူလောင်တာလား။ ဘဝက ပူလောင်တာလား။ ခွဲခြား ဖို့ခက်ခဲနေပါ၏။

သူ့ဘဝမှာ ဦးကျိုးတဲ့ အမည်းစက်တွေက များလွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဒဏ်ကို သူ မခံစားနိုင်တော့ပါ။

"မောင်ကေကရာဇ်ရယ် အန်ကယ့်သမီးဘဝနုနုလေးကို မင်းဘဝ အမည်းစက်တွေနဲ့ ဦးကျိုးအောင် မလုပ်ပါနဲ့တော့၊ အန်ကယ် တောင်းပန်တယ်၊ သမီးငယ်နဲ့ လုံးဝမဆက်သွယ်ပါနဲ့၊ တတ်နိုင်သမျှ ဝေးဝေးနေပေးပါတဲ့"

နှင်းဒယ်ဒီရဲ့စကားသံတွေဟာ မောင့်ဘဝနဲ့နှလုံးသားကို အဝေးဆုံးဆီ လွင့်စဉ်သွားစေခဲ့တယ် နှင်းရယ်။

နှင်းဘဝနုနုလေးတဲ့။ ဟုတ်တာပေါ့။ ပန်းနှင်းဆီဆိုတဲ့ မိန်းကလေးက ငယ်ငယ်ရွယ်ရွယ်၊ ဖူးဖူးသစ်သစ်ကလေး။ မောင့်ကြောင့် အစွန်းအထင်းတွေ ပေကျံနေမှာ မောင်မလိုလားဘူး နှင်းရယ်။

ဒါကြောင့် မောင် ရှောင်နေခဲ့တာပါ။

"သားရယ်၊ ဒီတစ်ခါတော့ သားစိတ်ကို အန်တီထား အားမပေးချင်ဘူး၊ နှင်းလေးက သားကို ချစ်နေတယ်ဆိုတာ ထည့်တွက်ဦး။ သား ရှောင်လိုက်ရင် နှင်းလေး ထိခိုက်ကြေကွဲသွားမှာလေ၊ ဒါကြောင့် ဘယ်သူက ဘာပြောပြော သားက ဂရုမစိုက်ပါနဲ့၊ နှင်းလေးနဲ့ အန်တီထား ချိတ်ဆက်ပေးမယ်၊ ဟုတ်ပြီလား"

အန်တီထား တွန်းအားပေးပြောပေမယ့် သူ ခေါင်းခါခဲ့သည်။

"နေပါစေ အန်တီထားရယ်၊ ကျွန်တော့်ဘဝမှာ ဝဋ်ကြွေးရှိလို့ ဒီလိုတွေကြုံရတာ၊ ကြုံလာတဲ့အတိုင်း ရင်စည်းခံပါ့မယ်၊ အရေးကြီးတာက





နှင်းလေး သူ့ဒယ်ဒီရင်ခွင်ရိပ် ပြန်ရောက်နေပြီဆိုတဲ့အသိနဲ့ ကျွန်တော် ဖြေသိမ့်နေလို့ရပါတယ်"

"သားရယ်"

ဒေါ်ထားထားနွယ် စိတ်မချမ်းမြေ့စွာ ရေရွတ်ရုံသာ တတ်နိုင်တော့သည်။ နောက်ဆုံးတော့ သားဆန္ဒအတိုင်း ရှောင်ရှားနေခဲ့တဲ့အဖြစ်။ ဖြေသိမ့်နေရခြင်းက မောင့်နှလုံးသားအတွက် အားဆေးလား၊ ဒါမှမဟုတ် အဆိပ်လေလား နှင်းရယ်။

အဲနေဝေးလေ မောင့်နှလုံးသား ရူးသွပ်လေပါပဲ။

နှင်းလေးကို လွမ်းလွန်းလို့ မောင်ဟာ နှင်းပုံစံ ဖယောင်းရုပ်တုလေး ထုထားတယ်လေ။

ကြည့်စမ်းပါဦး။ ဖယောင်းရုပ်တုလေးဟာ နှင်းလေးမှ နှင်းလေးအတိုင်း။ အသားအရေကအစ ဖြူဆွတ်ကြည်လဲ့ကာ မွေးညှင်းညိုညို စိမ်းစိမ်းလေးတွေကအစ နှင်းကိုယ်ပေါ်က မွေးညှင်းလှုလှလေးတွေ အတိုင်း။

တောက်ပရွှန်းလဲ့တဲ့မျက်လုံးကလေးက မောင့်နှလုံးသားကို စိုက်စိုက်ကြည့်လျက်။

ပါးပြင်နုနုပေါ်က သွေးကြောစိမ်းလေးတွေတောင်ပါသေး။ ပန်းထက်ဝဲနေတဲ့ ဆံပင်နက်နက်လေးက လက်ပြောင်ကာ ကိုယ်ဟန်ကြော့ပြီး နွဲ့နေပုံလေးကအစ တူအောင် မောင်ကိုယ်တိုင် ဖယောင်းပန်းပုဆရာနဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ပြီး ထုတ်လုပ်ထားတာလေ။

အထူးသဖြင့် နှင်းရဲ့ နှုတ်ခမ်းရူရူလေးပေါ့။ ပန်းသွေးရောင် လွှမ်းသလို ရူကြွရွှန်းလဲ့နေသည်က မောင့်အချစ်တွေကို တကူယ်ညှို့ အိလျက်။

ချစ်စိတ်တွေက တောင်းဆိုလာတဲ့အတိုင်း မောင့်ရင်ခုန်သံက နှင်းလေးကို သတိရတိုင်း ပေါဒီဖယောင်းရုပ်ကလေးကို မောင် မွှေ့ပိုက် ထားမိတဲ့အဖြစ်။

ခုလည်း မွှေ့ပိုက်ကာ အလွမ်းပြေစေဖို့ ဖယောင်းရုပ် နှုတ်ခမ်း ရူရူလေးကို မောင့်လက်ချောင်းလေးနဲ့ တယုတယ တို့ထိ ကျီစယ်နေမိ တယ်။

ဒါတင်မက ထိုနှုတ်ခမ်းလေးကို မွှေးချင်စိတ်ကလေးဖြစ်လာကာ တကယ့်မွှေးကြူဖို့ မောင့်နှုတ်ခမ်းလေး ရှုရှေ့မိ၏။

ထိုစဉ် -

"တူကြီးရေ၊ ဧည့်သည်တွေ ရောက်နေတယ်၊ ထွက်ခဲ့ဦး"

အခန်းတံခါးခေါက်ပြီး အန်တီထား သတင်းပေးသံလေး ကြား ရသည်။ ထိုအခါ မွှေးကြူလုဆဲဆဲ မောင့်နှုတ်ခမ်းလေး တန့်သွားရှာသည်။

ဧည့်သည်တဲ့။ ဘယ်က ဧည့်သည်လဲ။

မောင်နဲ့အတူ အန်တီထားပါ ရှောင်နေတဲ့ကာလမှာ ဘယ်က ဧည့်သည်မှ မလာစဖူး။





ဘာကိစ္စနဲ့ လာကြတာလဲ။

အန်တီထား လာခေါ်တာဆိုတော့ ထိုင်နေလို့ မဖြစ်တော့။ ခဏလေးစောင့်ပါ နှင်းဖယောင်းရုပ်လေးရယ်။

မောင်ပြန်လာတော့ မောင့်ချစ်သူကိုယ်စား မွှေးမွှေးပေးပါ့မယ်လို့ ကတိပေးရင်း အခန်းထဲက ထွက်ခဲ့သည်။

တဖက်ခန်းကို ဖြတ်ကျော်ပြီး ဧည့်ခန်းထဲဝင်လျှင် -

"ကိုကို"

လှိုက်လှိုက်လှဲလှဲ ခေါ်သံနဲ့ အနားရောက်လာတဲ့ ညီတော် ဝေရက်။ သူ့ကို မွှေ့ဖက်ရင်း ခွင့်လွှတ်ပါလို့ တောင်းပန်နေရှာသည်။

"သား"

မာမီ့ရဲ့ခေါ်သံကလည်း အဖြစ်အပျက်တွေကို မေ့ပါတော့လို့ တောင်းဆိုနေပြန်သည်။

"မောင်ကေရာဇ်"

နှင်းလေးဒယ်ဒီရဲ့ ခေါ်သံတွေပါ ပြိုင်တွက်လာလျှင် ကေရာဇ် တအံ့တဩနဲ့ တောင့်မတ်လို့သွားသည်။

အားလုံးရဲ့မျက်နှာတွေ ပြုံးကြည့်ကာ ကေရာဇ်ကို လှိုက်လှိုက် လှဲလှဲ ကြည့်ကြသည်။ ထိုအထဲမှာ အဂ္ဂလည်းပါသည်။

ဘယ်လိုတွေဖြစ်ကုန်တာလဲ၊ အခြေအနေက ဘာလဲ၊ ကေရာဇ် နားမလည်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့အတွက် အန်တီထားက ခုလို စီစဉ်ပေးတာလေ"

ဝေရက်က အစ်ကိုဖြစ်သူ ကျေနပ်စေဖို့ ပြောတဲ့အခါ အားလုံးက ခေါင်းလေးဆတ်၏။ အန်တီထားက ပြုံးလျက်ဆိုချေသည်။

"တူကြီးအဖြစ်ကို မကြည့်ရက်လို့ပါကွယ်" တဲ့။

"မာမီတို့ သားရဲ့မင်္ဂလာပွဲဖြစ်မြောက်စေဖို့ လိုက်လာခဲ့တာ သားရဲ့ နော် ဦးဇော်လင်းထွန်း"

မာမီ အားရဝမ်းသာပြောတဲ့နောက်မှာ ဦးဇော်လင်းထွန်း လိုလိုလားလား ပြုံးကာ ခေါင်းလေးဆတ်၏။ ထိုအခါ သူ့နှလုံးသားမှာ လှိုက်ခနဲ မြူးလျက်။

ဧည့်သည်အားလုံးကို ဖွေကြည့်ကာ နှင်းလေးကို ရှာကြည့်သည်။ နှစ်ဖက်မိဘနဲ့ မောင်နှမတွေကြားမှာ နှင်းလေးကို မမြင်။

"နှင်း နှင်း ဘယ်မှာလဲ"

ကေရာဇ် ဣန္ဒြေမဆယ်နိုင်တော့ပါ။ လွှတ်ခနဲ ထုတ်မေးလျှင် အငွ သူ့အပါး ကပ်လာပြီးပြောသည်။

"နှင်းဆီ၊ အဲ ပန်းနှင်းဆီ ပါပါတယ်"

"ဘယ်မှာလဲ"

အငွ မျက်စလေးနဲ့ အပြင်ဘက်ပြလျှင် ကေရာဇ်၏ မျက်လုံးက တိုက်အပြင်ကို ရောက်သလို ခြေလှမ်းတွေလည်း ပါသွား၏။

အန်တီထားနဲ့အတူ ဧည့်သည်အားလုံး ကြည်နူးစွာ ရယ်မောတဲ့





အသံများ သူ့နောက်ကျောမှာ ကျန်ခဲ့၏။

သူကတော့ နှလုံးသားနဲ့ သူ့အချစ်တွေ တောင့်တခေါ်ငင်ရာဆီ။

✿ ✿ ✿



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"နှင်းလေး"

သူ့ရင် သိမ့်သိမ့်တုန်ကာ။

အဖြူရောင်ဖက်ရှင်လေးနဲ့ နတ်သမီးလေးလို စင်စင်ကြယ်ကြယ် လှနေရှာတဲ့ နှင်းလေးကို လှိုက်လှိုက်မြူးမြူးခေါ်လေသည်။

ကားနောက်ခန်းတံခါး ဖွင့်ဆင်းလာတဲ့ နှင်းလေးဆီ သူ့ အပြေးကလေး ရောက်လို့သွားသည်။

"မောင်"

နှင်းလေး ရင်နင့်စွာခေါ်ရင်း သူ့ရင်ခွင်ထဲ ပြေးဝင်ကာ တရှိုက်ရှိုက် ငိုချလေသည်။



BURMESE CLASSIC .com



"နှင်းလေးရယ်၊ မောင့်ကိုခွင့်လွှတ်ပါနော်၊ နှင်းလေးကို အသည်းကွဲစေဆိုတဲ့အတွက်နဲ့ ရှောင်နေမိတာ မဟုတ်ပါဘူးကွယ်"

နှင်းလေးကို ရင်ခွင်ထဲမှာ မြူးမြူးလေးတွေ့မြက်ကာ ရှင်းပြ ယုံလိုက်လေး တောရာစ်ပြောရှာသည်။

"ဟင့် ဟင့် ဟင့်"

နှင်းလေးက ကြေကွဲမဆုံး သိမ့်သိမ့်ကလေး ငိုနေဆဲ။

"နှင်းကို မချစ်လို့မဟုတ်ပါဘူး နှင်းလေးရယ်၊ မောင့်ကို နားလည်ပေးပါ ကလေးရယ်၊ နော်"

နှင်းဆံပင်လေးကို တယုတယပွတ်သပ်ရင်း ချော့မြူရှာသည်။ မျက်ရည်ဥကလေးများကို တို့သုတ်ပေးရင်း နှင်းလေးကျေနပ်စေဖို့ ပါး ပြင်လေး ထိကပ်ထားလိုက်သည်။

ငိုရွှတ်သောမျက်ရည်များက ပါးပြင်နှစ်ခုကြားမှာ ရွှေပြာစီးကျ လျက်။

"နှင်းလေးကို နောက်တစ်ခါ ရှောင်ခွာမသွားပါနဲ့ မောင်ရယ်၊ နှင်း နှင်းလေ မောင်နဲ့ဝေးဝေးမနေနိုင်ပါဘူး။ မောင်နဲ့ဝေးနေရရင် နှင်း အသည်းကွဲပြီး သေသွားနိုင်တယ် မောင်ရယ်၊ ဟင့် ဟင့် ဟင့်"

"နှင်းရယ် မောင်လည်း နှင်းလိုပါပဲ"

ပြောရင်း ရင်ခွင်ထဲက နှင်းမျက်နှာလေးကို ဆွဲယူသည်။ မေး များလေးကိုကိုင်ပြီးလျှင် နှင်းမျက်နှာလေးက အလိုက်သင့်လေးမော့



www.burmeseclassic.com

www.burmeseclassic.com



ကြွလို့လာသည်။

ကြေကွဲမျက်ရည်လေးတွေ ခြောက်သွေ့စေဖို့ သူ့လက်ချောင်းလေးတွေနဲ့ မျက်ဝန်းအိမ်နဲ့ပါးပြင်ကို ရွရွလေး ပွတ်သုတ်ပေး၏။

ထိုအခါ မွတ်သိပ်စွာ တောင့်တသော အချစ်များက သူတို့နှစ်ဦးကြား လွှမ်းမိုးသွားလေပြီ။

မျက်ဝန်းချင်း၊ နှုတ်ခမ်းချင်း၊ ပါးပြင်ချင်းသာမက ရင်ခွင်ချင်း နားလည်သော အချစ်ဘာသာဗေဒတွေဟာ ကြာပန်းလေးနှယ် ညှို့ငင်လျက်။

"ဘယ်တော့မှ ဝေးမနေပါဘူးကွယ်" လို့ ကမ္ဘည်းတင်မယ့် စကားလုံးလေးတွေဟာ အနမ်းတွေနဲ့ သက်သေတည်ထူရာလေပြီ။

ထိုအခါ အချစ်ကောင်းကင်ကြီးပေါ်မှာ ရန်ခုန်တယောက်ကလေး ထိုးရှာတော့ လရောင်စဉ်လေး မချွဲဘဲမနေနိုင် ဖြစ်ရသည်လေ။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

ဗိန်းကလေး
တိုက်အမှတ် ၄၅ (6-A)၊
ဦးလွန်းလမ်း၊ အရှိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉၄၉၈၀၅၇၁၀, ၀၉၇၃၂၀၆၁၉၂

www.burmeseclassic.com